၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (မတ် ၂၄ ၊ ၂၀၁၁)


## ဆောင်းသီးနှံရိတ်သိမ်းချိန် မိုးရွာသွန်းခြင်းကြောင့် ပျက်စီးမှုများပြား

အောင်သူရ၊ ပြည်သိမ်း

လာနီညာရာသီဥတု၏ အကျိုးဆက်ကြောင့် မတ်လ ၁၁ ရက်မှစ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးအုံ့ခြင်းနှင့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ရာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသော ပဲမျိုးစုံ၊ ဂျုံနှင့် ကြက်သွန်များအပြင် ဆားကွင်းများလည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သတင်းရရှိသည်။

"ဒီအချိန် မိုးမိတာက မတ်ပဲပါ။ သူက အခုမှ စပေါ်ချိန်ဖြစ်နေတယ်။ ဧရာဝတီဘက်မှာ တစ်ဝက်လောက် ရိတ်သိမ်းပြီးပြီ။ ကွင်းထဲမှာ တစ်ဝက်လောက်ရှိသေးတယ်။ ပဲခူးအရှေ့နဲ့အနောက်က အခုမှ စပေါ်တာဖြစ်တဲ့အတွက် ၈ဝရာခိုင်နှုန်းလောက် မိုးမိတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူကပြောသည်။ စာ(၃၀)သို့

ပို့ကုန် ဆား

## တ ုတ်နိုင်ငံမှ ဆားဝယ်ယူမှု ုတ်တရက် မြင့်တက်လာခြင်းကြောင့် ဆားဈေးခုန်တက်

စိုင်းသာအောင်၊ ညီညီဇော်၊ မြတ်စုမွန်

သတင်းအပြည့်အစုံ စာ(၈)တွင်ရှု



အိုင်အိုဒင်းဆားသည် ဓာတ်ရောင်ခြည်အဆိပ်သင့်မှု လျော့ကျစေသည်ဆိုသော ကောလာဟလများကြောင့် ဆားဝယ်ယူလိုအား မြင့်တက်သွားခြင်း ဖြစ်သည်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စီးပွားရေး လေလံ

## ပဒုမ္မာ ကဇာတ်ရုံအား ကျပ်သန်းပေါင်း ၅၆,ဝဝဝကျော်ဖြင့် လုပ်ငန်းရှင်နှစ်ဦး လေလံအောင်

အားမာန်၊ သန်းထူး

ရန်ကုန်၊ မတ် - ၁၇

အဆောက်အအုံနှင့် မြေကွက် အများဆုံးပါဝင်သော ဖေဖော်ဝါရီ ၂၄ ရက်ကပြုလုပ်ခဲ့သည့် လေလံတွင် စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ ပဒုမ္မာကဇာတ်ရုံသည် ကျပ်သိန်းပေါင်း ၅၆,ဝဝဝ ကျော် (အမေရိကန်ဒေါ်လာ ၆. ၄ သန်းကျော်) ဖြင့် ဈေးအများဆုံးရရှိခဲ့ကြောင်း လေလံစီးပွားရေးလုပ်ကိုင်သော လုပ်ငန်းရှင်များကပြောသည်။

မြေအကျယ် ၄ ဒသမ ၄၃၅ ဧကရှိပြီး သွပ်မိုးနှင့် ပျဉ်ကာ ကဇာတ်ရုံတစ်ရုံပါသော အဆိုပါမြေနှင့် အဆောက်အအုံအား ဦးထွန်းရင်နှင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတို့က ကျပ်သန်း ၅၆,၇ဝဝ ကျော်ဖြင့် လေလံအောင်ခဲ့ကြောင်း လေလံအောင်သူများစာရင်းတွင် ဖော်ပြထားသည်။

စာ(၁၂)သို့

အင်တာဗျူး

## "တစ်နေ့တခြား အဖြစ်များလာတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေ ဂရုစိုက်ဖို့လိုတယ်"

မြန်မာနိုင်ငံရှိအထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် မြေငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်များခံနိုင်ရည်ရှိစေရန် ထည့်သွင်းတည်ဆောက်ထားမှု အခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံအထပ်မြင့်အဆောက်အအုံစီမံကိန်းများ အရည်အသွေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်၏ထင်မြင်သုံးသပ်ချက်များကို မေးမြန်းဖော်ပြလိုက်ပါသည်။ စာ(၂၈)သို့



ရန်ကုန်မြို့တွင်း တည်ဆောက်နေဆဲဖြစ်သည့် အထပ်မြင့်အဆောက်အအုံလုပ်ငန်းခွင် တစ်ခုအား မတ်လ ၂၁ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ငါးဖမ်းလှေများ နစ်မြုပ်မှုကြောင့် ဖျာပုံခရိုင်တစ်ခုအတွင်း၌ပင် ရေလုပ်သား ၃ဝဝဝကျော် ကယ်ဆယ်ရရှိ

အိဖြူလွင်၊ သန်းဌေး

ရန်ကုန်၊ မတ် - ၂၁

ပြီးခဲ့သည့်တစ်ပတ်အတွင်း နိုင်ငံတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခြင်း၊ နေရာကွက်၍ မိုးရွာသွန်းခြင်းတို့ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးဖမ်းလှေဖောင်များနစ်မြုပ်၍ ရေလုပ်သားများစွာ ပျောက်ဆုံးခဲ့ရာ အရေအတွက် အတိအကျကိုမူ မသိရှိရသေးကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်နေကြောင်း စုံစမ်းသိရှိရသည်။

ဖျာပုံခရိုင်အတွင်းတွင် ရေလုပ်သားအများဆုံးပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး၊ ယခုလ ၂ဝရက်အထိ ရေလုပ်သား ၃၃ဝဝဦးကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကာ ကျန်ပျောက်ဆုံးနေဆဲဖြစ်သည့် ရေလုပ်သားများအား ရှာဖွေကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်စိုးကပြောသည်။ စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မီးရထားဖြင့် ကုန်တင်ပို့ရာတွင် အာမခံစပေါ်ငွေ ကြိုသွင်းရသည့်စနစ်ပြောင်းလဲကျင့်သုံး

**သိမ့်သိမ့်စိုး**

ရန်ကုန်၊
မတ် - ၁၆

ကုန်တင်ယာဉ်များတွင် အာဆီယံကုန်ချိန်သတ်မှတ်လိုက်ခြင်းကြောင့် မြန်မာ့မီးရထားဖြင့် ကုန်တင်ပို့သူများလာသည့်နောက် တစ်နှစ်စာစပေါ်ငွေ ကြိုသွင်းပြီးမှ တင်ပို့နိုင်သည့်စနစ်သို့ ပြောင်းလဲလိုက်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မီးရထားဖြင့် ကုန်တင်ပို့ရာတွင် ယခင်က တန်းစီစနစ်ဖြင့် ကုန်တင်ပို့နိုင်သော်လည်း ယခုလဆန်းမှစ၍ ကုန်တင်ပို့သူများမှာ အာမခံစပေါ်ငွေ တင်သွင်းပြီးမှသာ အလှည့်ကျကုန်တင်နိုင်သော စနစ်ကိုပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

"အခုနောက်ပိုင်းမှာ ကုန်တင်ပို့တဲ့သူတွေများလာပြီး ကြားပွဲစားတွေ တိုးလာတယ်။ ပွဲစားတွေ မရှိတော့ဘဲ အမှန်တကယ်ကုန်တင်ပို့တဲ့သူတွေ အဆင်ပြေအောင်လို့ အခုလို စပေါ်ငွေနဲ့ တင်တဲ့စနစ်ကို ပြောင်းလိုက်တာ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အာမခံစပေါ်ငွေမှာ တစ်လလျှင် မိမိတင်လိုသည့် တွဲအရေအတွက်အလိုက် တစ်နှစ်စာကြိုတင်သွင်းရမည်ဖြစ်သည်။

ကြည့်မြင်တိုင် ကုန်ရုံမှ မုံရွာဘူတာသို့ ပြေးဆွဲလျက်ရှိသော အမှတ် ၉၂ အဆန်ရထားဖြင့် တစ်လလျှင် တစ်တွဲနှုန်း တစ်နှစ်စာအတွက် ကျပ်ငါးသိန်းစပေါ်ငွေပေးသွင်းရမည်ဖြစ်သည်။

စက်ဆန်းကုန်ရုံမှ မြို့ဟောင်းကုန်ရုံသို့ ပြေးဆွဲသည့် အမှတ် ၉၁၃ အဆန်ကုန်အမြန်ရထားဖြင့် တင်ပို့လိုသူများမှာ တစ်လတစ်တွဲ ကျပ်ငါးသိန်းနှုန်းဖြင့် တစ်နှစ်စာ ကျပ်သိန်းခြောက်ဆယ်ပေးသွင်းရမည်ဖြစ်သည်။

ထို့အတူ ဗိုလ်တထောင်ကုန်ရုံမှ မြစ်ကြီးနားဘူတာသို့ပြေးဆွဲသော အမှတ် ၉၃၃ အဆန်ကုန်အမြန်ရထားဖြင့် ကုန်တင်လိုသူမှာ တစ်လလျှင်ကျပ်ရှစ်သိန်းဖြင့် အနည်းဆုံး တစ်နှစ်စာအတွက် စပေါ်ငွေကျပ် ၉၆ သိန်းပေးသွင်းရမည်ဖြစ်သည်။

"အခုနောက်ပိုင်းမှာ ကားတွေက အာဆီယံသတ်မှတ်ချက်ကြောင့် ကုန်လျှော့တင်ရလို့ ရထားမှာ ကုန်တင်ရတဲ့သူတွေ များလာလို့ အခုလို စပေါ်ငွေနဲ့ တင်ပို့တဲ့စနစ်ကို ပြောင်းလိုက်တာ" ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် ကုန်အမြန်ရထားများဖြင့် ကုန်တင်ပို့မှုနှုန်းမှာလည်း ယခင်ထက် ထက်ဝက်ထိ ဈေးမြင့်သွားကြောင်း သိရသည်။ ယခုလက်ရှိ စက်ဆန်းမှ ၃၂ တန်တွဲ တစ်တွဲလျှင် ၄၇၇,၉၆၀ ကျပ်၊ မြစ်ကြီးနားရထားမှာ ၃၂ တန်တစ်တွဲလျှင် ၆၆၀,၈၅၀ ကျပ်၊ မုံရွာရထားမှာ ၆၄၈,၀၀၀ ကျပ်ကျသင့်မည်ဖြစ်သည်။

# အဆိုပြုချက်သုံးခုကို လွှတ်တော်က သဘောတူ

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန်အဆိုကိုလည်း ပြည်သူ့လွှတ်တော်က သဘောတူခဲ့သည်။**

**အားမာန်**

ရန်ကုန်၊ မတ် - ၁၇

နေပြည်တော်၌ ကျင်းပလျက်ရှိသော လွှတ်တော်နှစ်ရပ်တွင် အဆိုပြုချက်သုံးခုကို သဘောတူခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် အဆိုတင်သွင်းခြင်း၊ ပြန်လည်ရှင်းလင်းဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့သော မတ်လ၉ရက်မှ ၁၆ရက်အထိ လွှတ်တော်အစည်းအဝေးကျင်းပသည့် ခြောက်ရက်အတွင်း လွှတ်တော်နှစ်ရပ်၌ အဆိုစုစုပေါင်း ၂၀ ကျော် တင်သွင်းဆွေးနွေးခဲ့ရာမှ အဆိုသုံးခုကို သဘောတူနိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ 'မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန်'အဆိုနှင့် မြေပုံမြို့နယ်မှ ဦးဖေသန်း၏ 'သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှုပမာဏကြီးမားသောအခြေအနေတွင် တိုင်းဒေသကြီး/ပြည်နယ်အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သောအခါ နိုင်ငံတော်က အရေးပေါ်သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးပြန်လည်ထူထောင်ရေးကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက်ကူညီပေးပါရန်'အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ အမျိုးသားလွှတ်တော်တွင်လည်း ဦးပေါ်လျံလွင်၏ 'ချင်းပြည်နယ်တွင် ဆရာဝန်များလိုသောဒေသများသို့ စေလွှတ်ပေးပါရန်'ဟူသောအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# အင်တာနက်မှတစ်ဆင့် ဖုန်းခေါ်ဆိုသည့် ဝန်ဆောင်မှုများ မပြုလုပ်ရန် အင်တာနက်ဆိုင်များအား မြန်မာ့ဆက်သွယ်ရေးက သတိပေး

ငြိမ်းငြိမ်းနိုင်


ရန်ကုန်၊ မတ် – ၁၆

အင်တာနက်မှတစ်ဆင့် ပြည်ပသို့ တယ်လီဖုန်းခေါ်ဆိုမှုများကြောင့် မြန်မာ့ဆက်သွယ်ရေးလိုင်း အသုံးပြု၍ တရားဝင်ခေါ်ဆိုမှုများ ကျဆင်းလာသည့်အတွက် အင်တာနက်ဆိုင်များမှတစ်ဆင့် ပြည်ပသို့ဖုန်းခေါ်ဆိုမှုများကို တည်ဆဲဥပဒေများဖြင့် အရေးယူလာရန်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကြေညာချက်ထုတ်ပြန်ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များမှတစ်ဆင့် အင်တာနက်ဆိုင်များသို့ စာပို့အသိပေးအကြောင်းကြားလိုက်ကြောင်း သိရသည်။

"ဆက်သွယ်ရေးက ဒါတွေဟာ ဥပဒေနဲ့မညီဘူးဆိုတာကို သူတို့သိအောင် ပြောရုံပါပဲ။ ဒီဖုန်းခေါ်ဆိုမှုတွေကို လုပ်လို့မရအောင် ပိတ်ပစ်လို့ မရပါဘူး" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းနှင့်နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အင်တာနက်ဆိုင်များ၌ ပြည်ပသို့ တယ်လီဖုန်းခေါ်ရာတွင် Pfingo, Skype, Gtalk များမှတစ်ဆင့်ခေါ်ယူမှုများကို ဈေးနှုန်းသက်သာစွာပြုလုပ်နိုင်ပြီး မိနစ်အလိုက်၊ နာရီအလိုက် ဈေးနှုန်းသတ်မှတ်ကောက်ယူကာ အကြမ်းဖျင်းအားဖြင့် အနိမ့်ဆုံးတစ်မိနစ်လျှင် ၅၀ ကျပ်မှ ၁၅၀ ကျပ်ကြားရှိကြောင်း သိရသည်။

"ဆိုင်မှာ အင်တာနက်သုံးတဲ့ အဓိကလူအများစုက VOIP လို့ခေါ်တဲ့ အင်တာနက်အသုံးပြုတယ်လီဖုန်းခေါ်ဆိုမှုကို သုံးကြတာများတယ်။ နာရီနဲ့ ချိပြီးတော့ကို သုံးတယ်။ ပြည်ပကိုအလုပ်သွားလုပ်နေတဲ့လူတွေရဲ့ မိသားစုတွေလာတာများတယ်။ တချို့ကျတော့လည်း ဟိုမှာနေတဲ့ မိသားစုတွေနဲ့ အချင်းချင်း Web-camဗီဒီယိုကနေကြည့်ရင်း စကားလည်းပြောပေါ့လေ။ ဘယ်ဆိုင်မှာဖြစ်ဖြစ် VOIP သုံးခေါ်ဆိုမှုတွေက ဆိုင်ဝင်ငွေကို အဓိကဦးဆောင်နေတာ"ဟု ဒဂုံမြို့သစ်တောင်ပိုင်းရှိ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။


ဈေးသက်သာသည့် အင်တာနက်ဖုန်းများ အသုံးပြုသူများကြောင့် အင်တာနက်ဆိုင်တို့၏ ရပ်တည်ရေးကို များစွာအထောက်အကူဖြစ်စေသည်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

မတ် ၂ ရက်က ထုတ်ပြန်လိုက်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေညာချက်တွင် ယင်း VOIP ခေါ်ဆိုမှုများကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တရားဝင်နိုင်ငံခြားခေါ်ဆိုမှုများ ကျဆင်းလာကာ နိုင်ငံတော်ဝင်ငွေထိခိုက်မှုများ ဖြစ်ပေါ်လာနေကြောင်း ဖော်ပြထားသည်။

"စင်ကာပူကိုခေါ်မယ်ဆိုရင် တယ်လီဖုန်းက သုံးမိနစ်ကို ကျပ်တစ်ထောင်ကျတယ်။ Pfingoခေါ်ရင်နာရီဝက်လောက် အဝပြောမှ တစ်ထောင်လောက်ကျတာ။ ဆက်သွယ်ရေးကတစ်ဆင့်တော့မခေါ်ဖြစ်ဘူး။ အရင်ကဆို ဟိုဘက်ကပဲခေါ်တာလေ။ အခုတော့ ဒီဘက် Pfingo ကတစ်ဆင့် ကြိုက်တဲ့အချိန်မှာ ခေါ်လို့ရတယ်။ ပိုက်ဆံငါးရာ၊တစ်ထောင်နဲ့ မိသားစုနေ့တိုင်းထိတွေ့ခွင့်ရတယ်" ဟု စင်ကာပူနိုင်ငံတွင် အလုပ်လုပ်နေသော အမျိုးသားထံ တစ်ရက်ခြား အင်တာနက်အသုံးပြု၍ ဖုန်းခေါ်ဆိုသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

အင်တာနက်ဆိုင်များတွင် ဖုန်းခေါ်ဆိုမှုဆက်လက်ပြုလုပ်နိုင်သော်လည်းအင်တာနက်နှေးကွေးနေခြင်းကြောင့် နံနက်စောစောနှင့် ညဥ့်နက်ပိုင်းအချိန်များမှလွဲ၍ ကျန်အချိန်များတွင် ခေါ်ဆိုရန် အခက်အခဲရှိနေကြောင်း အထက်ပါ အင်တာနက်ဆိုင်ရှင်ကပြောကြားသည်။

## တစ်ပတ်၊ ဆယ်ရက်အတွင်း မိုးမရွာနိုင်တော့ဟု ခန့်မှန်း

အောင်သူရ

ရန်ကုန်၊ မတ် – ၂၁

ယနေ့ကစ၍ တစ်ပတ်၊ ၁၀ ရက်အတွင်း မိုးရွာသွန်းမှု မရှိနိုင်တော့ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မတ်လ ၂၁ရက်တွင် ခန့်မှန်းပြောကြားသည်။

"ဧပြီလထဲမှာတော့ မိုးရွာဖို့ရှိနိုင်တယ်။ အားလုံးကတော့ မတ်လကုန်မှာ အဖြေပေါ်မှာပါ။ လာနီညာဖြစ်ရင်တော့ သေသေချာချာပြောလို့ရပြီ"ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။

"မြေကြီးကပူနေတယ်။ လာနီညာဖြစ်လို့ရေငွေ့တွေပါလာပြီဆိုရင် မိုးတိမ်တောင်တွေ ဖြစ်တော့မှာ၊ မိုးတိမ်တောင်ဖြစ်ရင် မိုးရွာတာတို့၊ မိုးကြိုးပစ်တာ၊ လေပြင်းတိုက်တာ၊ လေဆင်နှာမောင်းတိုက်တာ၊ ဒီထက်ဆိုးရင် စိုက်ဆင်းလေပြင်း၊ အဆိုးဆုံးကတော့ မုန်တိုင်းပေါ့"ဟု ဒေါက်တာထွန်းလွင်ကပြောသည်။

ယခုမတ်လကုန်အထိ လာနီညာရာသီဥတုဖြစ်ပေါ်နေပြီး ထိုရာသီဥတု၏ အကျိုးဆက်ကြောင့် မတ်လအတွင်း မိုးရွာသွန်းမှုရှိခဲ့ကာ အဆိုပါလာနီညာရာသီဥတုမှာ ဧပြီလနှင့် မေလထိ ဆက်လက်ရှိမရှိကို မတ်လကုန်မှသိရမည်ဖြစ်သည်။

သို့သော် ဇွန်လနောက်ပိုင်း၏ ရာသီဥတုမှာ တရားဝင်ထုတ်ပြန်ထားချက်များ မတွေ့ရှိရသေးသော်လည်း တွေ့နေကျပုံစံအတိုင်း ရာသီဥတုမျိုးတွေ့ရှိထားကြောင်းပြောဆိုသည်။

"မုတ်သုံကတော့ မှန်မှာမဟုတ်ဘူး။ လျော့လိုက်တက်လိုက်မို့ မိုးတွေကလည်း ရွာလိုက်၊ မရွာလိုက်နဲ့ ပုံမမှန်တဲ့ ရာသီဥတုဆက်ဖြစ်မယ် ထင်ထားတယ်။ မုတ်သုံကနောက်ကျမှ ဝင်ပြီးစောထွက်မယ်" ဟုဒေါက်တာဦးထွန်းလွင်ကဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

## CRIME CORNER

## ကွမ်းခြံကုန်းဓားပြတိုက်မှု ကျူးလွန်သူများကို သေဒဏ်ချမှတ်

အိဖြူလွင်

ရန်ကုန်၊ မတ် – ၁၉

၂၀၁၀ ပြည့်နှစ် မေလအတွင်းက ကွမ်းခြံကုန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော ရွာသား ၃ဦးသေဆုံးခဲ့သည့် ဓားပြတိုက်မှုကို ကျူးလွန်ခဲ့သူ ၁၀ဦးအား သေဒဏ်အသီးသီးကျခံစေရန် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တရားရုံးက ယခုလ ၇ရက်တွင် စီရင်ချက်ချမှတ်လိုက်သည်ဟု သိရသည်။

အဆိုပါ ဓားပြမှုတွင် ကျူးလွန်သူ ၁၂ဦးရှိ၍ ၁ဦးကို တရားခံပြေးအဖြစ် ကြေညာထားကာ ခေါင်းဆောင်အေးသန်းမှာ ဖြစ်ပွားသည့်နေ့က ရွာသားများ၏ ရိုက်နှက်မှုကြောင့် ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီဟု သိရသည်။

ဓားပြမှုကို ကျူးလွန်ရာ၌ ငါးဦးထက်ပိုသည့်အပြင် တရားခံများသည် သေနတ်၊ လက်ပစ်ဗုံးတို့နှင့်ပစ်ခတ်သောကြောင့် ရွာသားများ သေဆုံးကြသဖြင့် တရားခံများအား စွဲချက်တင်ထားသည့်အတိုင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၆အရ ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရ၍ သေဒဏ်အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု သိရသည်။

ကျန်တရားခံ ၁၀ဦးမှာ ဘီးလင်းနှင့် ကွမ်းခြံကုန်းမြို့နယ်များအတွင်း နေထိုင်ကြသော ဆေးလုံး(ခ)သောင်းလွင်၊ သန်းမောင်(ခ)ညှပ်စိ၊ ကရင်(ခ)အေးလွင်၊ ခင်မောင်ဝင်း(ခ)မောင်ဝင်း၊ မြင့်ရွှေ၊ မြင့်စိုး၊ စိုးထုံ၊ မောင်ဆန်း (ခ)ငဆန်း၊ ဒေါ်မြင့်အုန်း(ခ) မမဲတူနှင့် မသန်းငွေ(ခ) မပုမတို့ဖြစ်သည်။

အမှုမှ သက်သေခံပစ္စည်းနှင့်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး AK-47 သေနတ်ပြောင်းရှည်နှစ်လက်၊ ကျည်ဘောက်နှစ်ခု၊ ကျည် ၂၇တောင့်၊ ကျည်ခွံငါးတောင့်၊ ပစ်ပြီးသေနတ် ကျည်ခွံ ၁၂တောင့်၊ လက်ပစ်ဗုံးလီဗာဘယ် တစ်ခုတို့အား သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အပ်နှံခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် မေလ ၁၆ရက်က ကွမ်းခြံကုန်းမြို့နယ်၊ ဒရယ်လူးကျေးရွာနေ ဒေါ်သိန်းမြင့်(ခ)ဒေါ်ကြွက်မအိမ်မှ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူ သုံးဦးနှင့် အရပ်ဝတ်တစ်ဦး ပေါင်းလေးဦးတို့က ငွေကျပ် ဆယ့်သုံးသိန်းနှင့် ရွှေတစ်မတ်သား လုယူသွားခဲ့ပြီး သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ယင်းရွာတွင်နေထိုင်သော ရွာသား အမျိုးသား ၁၂ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိကာ အမျိုးသားသုံးဦးသေဆုံးခဲ့ရသည်။

# တရားဝင်အလုပ်သမားပို့ထားကြောင်း သက်သေပြနိုင်မှသာ အလုပ်အကိုင်အေဂျင်စီများကို လိုင်စင်သက်တမ်းတိုးပေးမည်

အောင်သူရ

ရန်ကုန်၊ မတ် – ၁၆

**မလေးရှားနိုင်ငံသို့အလုပ်သမားစေလွှတ်ပေးနေသောပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအားတရားဝင်အလုပ်သမားပို့ဆောင်ထားကြောင်းအထောက်အထားပြနိုင်မှသာ ၂၀၁၁ ခုနှစ်အတွက် လိုင်စင်သက်တမ်းထပ်မံတိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

'ဆယ်ယောက်နဲ့အထက် ပြနိုင်ရင်သက်တမ်းတစ်နှစ်၊ တစ်ယောက်မှမပြနိုင်ရင်တော့ တိုးလို့မရတော့ဘူး'ဟု မတ်လဆန်းမှစ၍ လိုင်စင်သက်တမ်းတိုးခဲ့သူ အေဂျင်စီတစ်ခုမှတာဝန်ရှိသူတစ်ဦးကပြောသည်။ထို့ကြောင့် အေဂျင်စီအများစုမှာ သက်ဆိုင်ရာသို့ အလုပ်သမားခေါ်ယူခွင့် လျှောက်ထားလာကြပြီး အချို့သောအေဂျင်စီများမှာ အလုပ်သမားခေါ်ယူခွင့်ရရှိလာကြပြီဖြစ်ကြောင်းသိရှိရသည်။

သက်ဆိုင်ရာက ၂၀၀၆ ခု နှစ်မှစ၍ အလုပ်သမား ၁၀၀ဦးစေလွှတ်နိုင်သောအေဂျင်စီများကိုသာ လိုင်စင်တိုးပေးမည်ဟုသတ်မှတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် လူ ၃၀၀ပို့ထားကြောင်း အထောက်အထားရှိမှ လိုင်စင်သက်တမ်းတိုးပေးမည်ဟုသတ်မှတ်ခဲ့သည်။

ထိုကဲ့သို့ ပြောင်းလဲသတ်မှတ်သည့်နှစ်မှစ၍ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် အလုပ်သမားစေလွှတ်နိုင်ခဲ့ခြင်း မရှိသဖြင့် တစ်ဦးတစ်ယောက်မှ မပို့နိုင်သည့် အေဂျင်စီများကိုပင် လိုင်စင်သက်တမ်းတိုးပေးခဲ့သည်။

သို့သော် ၂၀၀၉ခုနှစ်နောက်ပိုင်းမှစ၍ မလေးရှားနိုင်ငံမှ အလုပ်သမားခေါ်ယူမှု ပြန်လည်မြင့်တက်လာခဲ့ပြီး မြန်မာနိုင်ငံမှ သွားရောက်သူများ အထူးများပြားခဲ့သည်။

စာ(၁၂)သို့

# ဂျပန်နိုင်ငံရောက် မြန်မာမိသားစုများ ဘေးကင်းမှုရှိမရှိ အခမဲ့ဆက်သွယ်ပေးမည်

သီဟ

ရန်ကုန်၊ မတ် – ၁၈

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံတွင် ဆွေမျိုးရှိသူများအား ငလျင်ဒဏ်ကြောင့် ဘေးအန္တရာယ်ကင်းမှု ရှိ၊ မရှိအား အခမဲ့ ဆက်သွယ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


Photo: AFP

**ဆူနာမီကြောင့်ပျက်စီးသွားသည့် လမ်းပေါ်တွင် သွားလာနေကြသော ဂျပန်နိုင်ငံသားများ**

မြန်မာနိုင်ငံရှိ မိသားစုဝင်များထဲမှ ဂျပန်နိုင်ငံတွင် ဆွေမျိုးရှိသူများအနေဖြင့် မိမိတို့၏ဆွေမျိုးများ ဘေးကင်းမှုရှိမရှိ သိလိုပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေး ယူနစ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အကူအညီတောင်းသူများ၏ မိသားစုဝင်များ ဘေးကင်းမှုရှိမရှိ သိစေရန် ဘေးကင်းရန်ကွာရှိနေသူများ၏ စာရင်းတွင်ရှာဖွေပေးခြင်း၊ မိသားစုနှင့်အဆက်အသွယ်ပြတ်နေသူများအား မှတ်ပုံတင်ခြင်း၊ မိသားစုသတင်းရရှိပါကသက်ဆိုင်သူများသို့ အကြောင်းကြားပေးခြင်း စသည်တို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ထို့ကြောင့် ဂျပန်ငလျင်ကြောင့် ဂျပန်နိုင်ငံရှိ ဆွေမျိုးများနှင့်အဆက်အသွယ်ပြတ်နေသူများ၊ အကူအညီတောင်းလိုပါက မြန်မာနိုင်ငံကြက်ခြေနီအသင်းမိသားစုပြန်လည်ဆက်သွယ်ရေး ယူနစ်ဖုန်း ၃၈၃၆၈၄၊ ၀၉၅၄၁၁၈၆၈ နှင့် ၀၉၈၆၂၇၇၉၆ သို့ရုံးချိန်အတွင်းဆက်သွယ် အကူအညီတောင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမိသားစု ပြန်လည်ဆက်သွယ်ပေးရေးယူနစ်သည် နာဂစ်ဆိုင်ကလုံး မုန်တိုင်းတွင် လူဦးရေ ၄၄၇ အားမိသားစုနှင့် ပြန်လည်ဆက်သွယ်ပေးခဲ့ပြီး ကလေးသူငယ် ၁၂ဦးအား မိသားစုနှင့် ပြန်လည်ဆက်သွယ်ပေးခဲ့သည်။ ထို့အပြင် ဂီရိဆိုင်ကလုန်းမုန်တိုင်းတွင်လူဦးရေ ၂၃ ဦးအား မိသားစုနှင့်ပြန်လည်အဆက်အသွယ် ရရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




TRI
LIVESBRILLIANTLY


i-MAX
COLLECTION
Ph:(01)-203166,200796
MY STYLE // MY DREAM
MEN'S AND LADIES' WEARS

7 DAY NEWS JOURNAL
Vol.10, No.3 ▪ MARCH 24, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုးဆက်တိုက်ရွာသွန်းသည့်ရက်များက အထူးသဖြင့်ရေချိုငါးများ ဝယ်ယူရန်ရှားပါးသွားခဲ့သည်။

## ရန်ကုန်မြို့တွင်းသို့ငါးပုစွန်ဝင်ရောက်မှုလျော့နည်း

သန်းဌေး

ရန်ကုန်၊ မတ် - ၁၉

မုန်တိုင်းဝင်ရောက်မည်ဆိုသော သတင်းများကြောင့် ရန်ကုန်မြို့တွင်းသို့ ငါးပုစွန်မျိုးစုံ ဝင်ရောက်မှုမှာ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ပိဿာချိန် သုံးသောင်းခန့် လျော့နည်းသွားကြောင်း ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးမှ သတင်းရရှိသည်။

မတ် ၁၁ ရက်က ရေချိုရေငန်ငါးများ ၁၇၁,၁၈၅ပိဿာခန့် ဝင်ရောက်ခဲ့ရာမှ မတ် ၁၉ရက်ဝင်ရောက်မှုမှာ ၁၄၀,၆၂၅ ပိဿာသို့ ကျဆင်းခဲ့သည်။

"ရာသီဥတုကြောင့် မိုးတွေရွာပြီး မုန်တိုင်းဖြစ်မယ်ကြားတော့ ငါးအဝင်နည်းလာတယ်" ဟု အဆိုပါငါးဈေးအတွင်းမှ ငါးဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။

လှေတစ်စီးလျှင် ငါးပိဿာချိန် ၅,၀၀၀ မှ ၁၀,၀၀၀အတွင်း ပါလာလေ့ရှိသော ငါးလှေအစီးရေ တစ်နေ့လျှင် ၂၀ခန့်ဝင်လေ့ရှိရာ ယခုရက်ပိုင်းအတွင်း လှေငါးစီးခန့်သာဝင်တော့ကြောင်း ၎င်းက ပြောသည်။ ထို့ကြောင့် လက်လီဈေးနှုန်းများတက်သွားပြီး ရပ်ကွက်ဈေးများတွင်လည်း ပုံမှန်ထက် ငါးရောင်းချရမှုနည်းသွားကြောင်း သိရှိရသည်။

## ဝက်နားရွက်ပြာရောဂါ ထိန်းချုပ်ရေးကော်မတီတစ်ရပ်ဖွဲ့စည်း

သန်းဌေး

ရန်ကုန်၊ မတ် - ၁၅

**ဝက်နားရွက်ပြာရောဂါထိန်းချုပ်ရေးအတွက် နည်းပညာကော်မတီတစ်ရပ်ဖွဲ့စည်းကာ ဆောင်ရွက် နေကြောင်း တိရစ္ဆာန်ရောဂါရှာဖွေထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာမောင်မောင်ကြင်က ပြောသည်။**

"နည်းပညာကော်မတီ ဖွဲ့ပြီး ကာကွယ်ဆေးထိုးသင့်၊ မထိုးသင့် လုပ်မယ်။ အက်ဖ်အေအိုနဲ့ ပူးပေါင်းပြီး မြို့နယ်ခုနစ်ဆယ်မှာ ဝက်တွေကို သွေးဖောက်ယူပြီး ဓာတ်ခွဲခန်းမှာ စစ်ဆေးနေပါတယ်။ ရှေ့လမှာ ရလဒ်ထွက်မယ်" ဟု ၎င်းက မတ် ၁၅ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၆ မြို့နယ်တွင် အဆိုပါရောဂါ စတင်ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်အချင်းချင်း ကူးစက်နှုန်းမြန်၍ သေဆုံးနှုန်းမြင့်သော ရောဂါဖြစ်ပြီး အာတီရီဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည်။ ရောဂါဖြစ်နေသော ဝက်၏ သုက်ပိုးရည်နှင့် အညစ်အကြေးများမှ ထပ်မံကူးစက်တတ်သောကြောင့် ယခုကဲ့သို့ အလျင်အမြန် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရောဂါရှာဖွေစစ်ဆေးခြင်းစနစ် နှစ်မျိုးဖြစ်သော ဗိုင်းရပ်စ်ပိုးနှင့် သွေးရည်ကြည်တို့ကို စစ်ဆေးသိရှိနိုင်ပြီး ဝက်မျိုးပွားဆိုင်ရာ လမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါဟုခေါ်ဆိုကြောင်းလည်း ၎င်းက ပြောသည်။

"ကျွန်တော့်ခြံက ဝက်တွေရဲ့ လည်ချောင်းသွေးကို ဖောက်ယူသွားပြီးပါပြီ။ အဖြေတော့ မသိရသေးဘူး"ဟု ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်မှ ဝက်မွေးမြူရေးလုပ်ငန်းရှင်ဦးမောင်မောင်လေးက 7 Day News သို့ပြောသည်။

၂၀၀၈ ခုနှစ်တွင် ဝက်တုပ်ကွေးခေါ် ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ချိန်မှ စတင်ကာ ဝက်မွေးမြူသူများက ဝက်ကောင်ရေ လျှော့ချမွေးမြူလာခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ ဝက်နားရွက်ပြာရောဂါ စတင်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် မတ် ၅ ရက်အထိ ဝက်မွေးမြူရေးခြံ ၁၇၄ ခြံမှ ဝက်ကောင်ရေ ၁,၀၅၂ ကောင် ရောဂါဖြစ်ပွားကာ ဝက်ကောင်ရေ ၃၉၀ သေဆုံးခဲ့ကြောင်း ၎င်းက ပြောသည်။

အဆိုပါရောဂါသည် ၁၉၈၇ ခုနှစ်က အမေရိကန် ပြည် ထောင်စုတွင် စတင်ဖြစ်ပေါ်ကာ ၂၀၀၆ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပွားခဲ့ပြီး မြန်မာ့အိမ်နီးချင်း နိုင်ငံများတွင်လည်း ယခုအခါ ရောဂါပိုးတွေ့ရှိနေသည်။ မြန်မာနိုင်ငံတွင်မူ ပထမဆုံးအကြိမ် ဖြစ်ပွားနေခြင်းဖြစ်ပြီး အခြားသော တိရစ္ဆာန်များနှင့် လူသို့ မကူးစက်နိုင်ရေးအတွက် ၉၀ ရာခိုင်နှုန်း ထိန်းသိမ်းထားပြီးဖြစ်ကြောင်း ၎င်းကပြောသည်။

"ဝက်နားရွက်ပြာရောဂါက လူကို မကူးစက်နိုင်သေးဘူး။ တိရစ္ဆာန်အချင်းချင်းတော့ကူးတယ်။ ဒါကြောင့် ရောဂါဖြစ်ပြီး သေတဲ့ဝက်ကို မစားသင့်ဘူး။ သက်ဆိုင်ရာကို သတင်းပို့ပေးပါ" ဟု ဒေါက်တာ မောင်မောင်ကြင်က အများပြည်သူတို့အား သတိရှိစေရန် အသိပေးပြောကြားသည်။

## ရာဘာဈေးတစ်ရှိန်ထိုးကျဆင်းကာ အရောင်းအဝယ်တန့်

ပြည်သိမ်း

ရန်ကုန်၊ မတ် - ၁၇

ဂျပန်နိုင်ငံတွင် မတ်လ ၁၁ ရက်ကလှုပ်ခတ်ခဲ့သောငလျင်ကြောင့် ကမ္ဘာ့ဈေးကွက်၌ ရာဘာဈေး တစ်ရှိန်ထိုးကျဆင်းနေကာ ပြည်တွင်းရာဘာလုပ်ငန်းရှင်များ အရောင်းအဝယ်ရပ်တန့်ပြီး ဈေးကွက်အခြေအနေကို စောင့်ကြည့်နေရကြောင်း ရာဘာလုပ်ငန်းရှင်များထံမှသတင်းရရှိသည်။

ရာဘာဈေးသည် အဆိုပါငလျင်မဖြစ်မီအထိ တစ်တန်လျှင် ကန်ဒေါ်လာ ၆,၃၀၀ကျော်ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ကန်ဒေါ်လာ ၄,၃၀၀ ထိဈေးနှုန်းကျဆင်းသွားကြောင်း၊ ယင်းကြောင့် ပြည်တွင်းရာဘာဈေးနှုန်းများမှာလည်း တစ်ပေါင်လျှင် ၇၀၀ကျပ်ဝန်းကျင်ထိ ဈေးကျလာကြောင်း ရာဘာလုပ်ငန်းရှင်များကဆိုသည်။

"မြန်မာ့ရာဘာက အဓိကသွားတာက တရုတ်ပဲ။ တရုတ်ကလည်း ဂျပန်ဈေးကွက်နဲ့ ချိတ်နေတော့ သူတို့ကလည်း အဝယ်ရပ်ပြီး စောင့်ကြည့်နေတယ်။ ဒါကြောင့် ပြည်တွင်းမှာလည်း ကုန်သည်တွေက အရောင်းအဝယ် ထိန်းနေကြတယ်"ဟု မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူကဆိုသည်။

လက်ရှိ ပြည်တွင်းရာဘာဈေးကွက်တွင် ရာဘာဈေးနှုန်းများ သည် RSS-1 မှာ တစ်ပေါင်လျှင် ၁,၂၀၀ ကျပ်သာဈေးရှိသည်။ ယင်းအမျိုးအစားသည် ဂျပန်ငလျင်မဖြစ်မီက တစ်ပေါင်လျှင် ၁,၉၀၀ ကျပ်ဈေးရှိသည်။

ထို့အပြင် ရာဘာစေးအထွက်နှုန်းမှာလည်း အချိန်အခါမဟုတ် မိုးရွာသွန်းနေမှုကြောင့် အစေးလှီးရက် ထပ်မံလျော့ကျမည်ဖြစ်သည်။ အစေးစတင်ခြစ်ယူသည့်ကာလတွင်လည်း မိုးမပြတ်ခဲ့သည့်အတွက် ရက် ၂၀ ကျော်နောက်ကျခဲ့ပြီး ယခုရက်ပိုင်း မိုးတိမ်တောင်များကြောင့် မိုးရွာသွန်းနေသဖြင့် အစေးလှီးမှုကို ရပ်ဆိုင်းထားရသည်။ ယင်းကြောင့် အစေးခြစ်ယူမှု တစ်လနီးပါးနောက်သွားသဖြင့် ရာဘာအထွက်မှာ လျာထားချက်ထက်လျော့မည်ဟု ခန့်မှန်းနေကြကြောင်းသိရသည်။

## ကုန်တင်ကားများအတွက် ကုန်တန်ချိန် သတ်မှတ်ချက်အသစ် ထွက်ပေါ်

သိမ့်သိမ့်စိုး၊ အောင်သူရ

ရန်ကုန်၊ မတ် - ၁၆

အာဆီယံကုန်ချိန်သတ်မှတ်ချက် ယာယီရပ်နားလိုက်ပြီးနောက် အဝေးပြေးကုန်တင်ယာဉ်များအတွက် တန်သတ်မှတ်ချက်အသစ် ထပ်မံထွက်ပေါ်လာပြီဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကုန်တန်ချိန် သတ်မှတ်ချက်များကို မတ်လ၁၅ ရက်ပြုလုပ်သော အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်၍ မတ်လ ၁၆ ရက်၌ ကားဂိတ်များကို ဖြန့်ဝေသွားမည်ဖြစ်ပြီး ထိုနေ့မှာပင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နောက်ဆုံးထွက်ရှိသော ကုန်တန်ချိန်သတ်မှတ်ချက်အသစ်မှာ ၆ ဘီးကားတစ်စီးလျှင် ၁၈ တန်၊ ၁၀ ဘီးကားတစ်စီးလျှင် ၂၅ တန်နှင့် ၁၂ ဘီးကားတစ်စီးလျှင် တန် ၃၀ တင်ဆောင်နိုင်သည်ဟု သတ်မှတ်ထားသည်။

ကုန်တင်ကားများအတွက် အာဆီယံသတ်မှတ်ချက်မှာ ၆ ဘီးကားတစ်စီးလျှင် ၁၆ တန်၊ ၁၀ ဘီး ကားတစ်စီးလျှင် ၂၁ တန်နှင့် ၁၂ ဘီးကားတစ်စီးလျှင်ယာဉ်နှင့်ကုန် ၂၅ တန်ဖြစ်သည်။

ထို့ကြောင့် ယခုသတ်မှတ်ချက်မှာ အာဆီယံစံနှုန်းနှင့်စာလျှင် ၆ ဘီးကားတစ်စီးတွင် ၂ တန်၊ ၁၀ ဘီးကားတစ်စီးလျှင် ၄ တန်နှင့် ၁၂ ဘီးကားတစ်စီးလျှင် ၅ တန် ပို၍တင်ဆောင်နိုင်သည်။

အာဆီယံစံနှုန်းအတိုင်း ကုန်တင်ဆောင်ခြင်းကို မတ် ၁၁ ရက်မှ စ၍ ယာယီရပ်ဆိုင်းထားပြီး ခြောက်ရက်အကြာတွင် ယခုနောက်ဆုံးကုန်တင်ယာဉ်များအတွက် ကုန်အများဆုံးတင်နိုင်သော သတ်မှတ်ချက်အသစ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အာဆီယံစံနှုန်းထက် ပိုတင်ဆောင်နိုင်ပြီး တင်ချင်သလောက် တင်ခွင့်မရှိသော ယခုသတ်မှတ်ချက် ထွက်ပေါ်လာခြင်းကို ပိုကြိုက်နှစ်သက်ကြောင်း လုပ်ငန်းရှင်များနှင့် ကုန်တင်ကားပိုင်ရှင်များက ပြောသည်။

ယခုသတ်မှတ်ကြောင့် ကုန်တင်ခနှင့် ကုန်စည်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ကုန်တင်ကားပိုင်ရှင်များက ခန့်မှန်းလျက်ရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့ကြောင့်ယခုသတ်မှတ်တန်ချိန်ထက် အစွန်းထွက်ပိုမိုတင်ဆောင်သော ကုန်တင်ယာဉ်နှင့် ကုန်တင်ဆောင်ပေးသော ကားဂိတ်အား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဟုကားဂိတ်များသို့ ပေးဝေသောစာတွင်ဖော်ပြထားသည်။

သို့သော် ယခုသတ်မှတ်သည့် နှုန်းမှာလည်း ကုန်စည်စီးဆင်းမှုများသော ကာလဖြစ်၍ ယာယီသတ်မှတ်ခြင်းဖြစ်ပြီး သကြၤန်ပြီးကာလကုန်စည်စီးဆင်းမှု နည်းသွားပါက အာဆီယံသတ်မှတ်ချက်ကို ပြန်လည်ကျင့်သုံးမည်ဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်-တစ် ဦးက ပြောသည်။

ယခုကဲ့သို့ ကုန်တန်ချိန် တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် ကုန်တန်ဆာခများမှာလည်း ကျဆင်းသွားကြောင်း သိရသည်။

ရန်ကုန်-ပုသိမ်လမ်းတွင် ဆန်တစ်အိတ်လျှင် ယခင် ၈၀၀ ကျပ်မှ ၅၅၀ ကျပ်သို့ကျဆင်း လာခဲ့သည်။ ရန်ကုန်-မန္တလေးလမ်း၌လည်း ယခင်တစ်ပိဿာ ၁၄၅ (တစ်တန် ၉၀၀၀၀ ကျပ်) မှ အာဆီယံပယ်ဖျက်ချိန်တွင် ၁၁၅ ကျပ် (တစ်တန် ၇၀၀၀၀ ကျပ်) သို့ ချ၍ ပြေးဆွဲရာမှ ယခုသတ်မှတ်ချိန်တွင် တစ်ပိဿာ ၁၀၀ ကျပ် (တစ်တန် ၆၁၀,၂၀၀ ကျပ်) ထိချ၍ ပြေးဆွဲပေးနေပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# ဟိမဝန္တာမှလေအေးများကြောင့် ဆောင်းရာသီကဲ့သို့ ရာသီဥတုကြုံတွေ့နေခြင်းဖြစ်

**ရန်ကုန် - မတ် ၁၇**

ရန်ကုန်မြို့အပါအဝင်မြန်မာနိုင်ငံ ဒေသ အတော်များများတွင် ဆောင်းရာသီကဲ့သို့ အေးမြသော ရာသီဥတုဖြစ်ပေါ်နေခြင်းမှာယခု ရက်ပိုင်းအတွင်း ဟိမဝန္တာတောင်ခြေမှလေအေးများသည် တရုတ်ပြည်မကြီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့တိုးဝင်နေခြင်းကြောင့်ဖြစ်ကြောင်း မိုးလေဝသ ပညာရှင် ဒေါက်တာထွန်းလွင်က ယင်း၏ဝက်ဘ်ဆိုက်တွင် ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် မတ်လမှာ နွေရာသီကာလ ဖြစ်သော်လည်း မိုးတွင်းကဲ့သို့ မိုးများရွာသွန်းကာ ဆောင်းရာသီကဲ့သို့အေးမြသော ရာသီဥတုကို ကြုံတွေ့ခံစားနေရပြီး ယင်းမှာမြန်မာနိုင်ငံအနေဖြင့် လာနီညာ၏ ဆိုးဝါးသောရာသီဥတုအကျိုးဆက်များကိုစတင်ခံစားနေရခြင်းကြောင့် ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က သုံးသပ်ထားသည်။

မတ်လ၁၁ရက်က စတင်ကာ မြန်မာနိုင်ငံတဝန်းတွင် မိုးများရွာသွန်းခဲ့ကာယင်းမှာလာနီညာ ရာသီဥတု၏ လက္ခဏာများဖြစ်ပြီး တစ်နိုင်ငံလုံးတွင်နွေကာလ၌ အေး၍စိုစွတ်ခဲ့ကြောင်း ဒေါက်တာထွန်းလွင်က ပြောကြားထားသည်။

နွေရာသီတွင်မိုးတွင်းကဲ့သို့ မိုးများ အဆက်မပြတ်ရွာသွန်းကာ ဆောင်းတွင်းကဲ့သို့ အေးသော ရာသီဥတုများဖြစ်ပေါ်နေခြင်းမှာ ရာသီဥတု ဖောက်ပြန်ခြင်းများ၏ အကျိုးဆက်များဖြစ်သည်။

ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားတွင်မိုးများ ရွာသွန်းနေသည်မှာ မတ်လ ၁၈ရက်အထိ ဆက်လက်ရွာသွန်းနိုင်ပြီး ရာသီဥတုမှာလည်း ဟိမဝန္တာမှလေအေးများကြောင့် ဆက်လက်အေးနေဦးမည်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က ပြောကြားထားသည်။



နွေဦးရာသီဖြစ်သော မတ်လလယ်တွင် ရုတ်ခြည်းအပူချိန်လျော့ကျသွားခြင်းကြောင့် အနွေးထည်များဖြင့် သွားလာနေကြသည့် ရန်ကုန်မြို့ခံများ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မတ်ပဲအထွက်နှုန်း ထိခိုက်မည်ကိုမှန်းကာ ဝယ်ယူစုဆောင်းမှုများကြောင့် ဈေးမြင့်တက်

**ပြည့်သိမ်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၇**

မိုးအဆက်မပျက် ရွာသွန်းမှုကြောင့် ပြည်တွင်း မတ်ပဲဈေးသည် ဆက်လက်မြင့်တက်လာကြောင်း ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

"အခုပေါ်တဲ့ ပဲအသစ်တွေက မိုးမိတာများရင် ပဲအရည်အသွေးတွေ၊အရောင်တွေ မကောင်းတဲ့အတွက် ဈေးကောင်းမရ နိုင်ဘူး။ ဒါကြောင့်ကုန်သည်တွေ က လက်ရှိဈေးကွက်ထဲမှာရှိတဲ့ မိုးလွတ်တာတွေ ဝယ်ထားကြလို့ ဈေးကဆက်တက်နေတာပါ" ဟု ဘုရင့်နောင်ရှိ ပဲကုန်သည်တစ်ဦးက သုံးသပ်ပြောသည်။

မတ်ပဲအသစ်မှာ နှစ်စဉ် ယခုလတွင် စတင်ပေါ်ပြီးသိုလှောင်သူများ၏ ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်လေ့ရှိသည်။ ယခုရက်ပိုင်း မိုးအဆက်မပျက် ရွာသွန်းနေမှုကြောင့် မတ်ပဲအထွက် ထိခိုက်နိုင်မည်ကို မှန်းဆ၍ ဝယ်ယူစုဆောင်းမှုများ ပိုမိုပြုလုပ်လာသောကြောင့် မတ်ပဲတစ်မျိုးတည်းသာ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း ပြည်ပသို့ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပုံမှန်အားဖြင့် ပဲပေါ်ချိန်ရောက်ပါက ဈေးကျလေ့ရှိသော်လည်း လက်ရှိကာလတွင် ရာသီဥတုအနေအထားရ၊ မိုးလွတ်သော ပဲအဟောင်းများကို ဝယ်ယူထားလိုသူများကြောင့် ယခုကဲ့သို့ ဈေးဆက်လက် မြင့်တက်နေခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

"ပြည်ပတင်ပို့မှုကတော့ နည်းတယ်။ FOB ဈေးထက် ပြည်တွင်းဈေးကမြင့်နေတယ်။ ဝယ်သူကလည်း ဈေးစောင့်နေတဲ့အတွက် ပြည်တွင်းသိုလှောင်သူတွေ ဝယ်ယူမှုများပြီး ပဲဈေးက မြင့်တာပါ' ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

လက်ရှိ ပြည်တွင်းဈေး၌ မတ်ပဲသည် FAQ အမျိုးအစား တစ်တန်လျှင် ခုနစ်သိန်းခွဲဝန်းကျင် ရှိ-ပြီး SQ အမျိုးအစားမှာ ၈၉၀,၀၀၀ ကျပ်ထိ ဈေးရှိကြောင်း ယခင်ရက်သတ္တပတ်က ဈေးနှုန်းသည် မတ်ပဲ FAQ အမျိုးအစားမှာတစ်တန်လျှင် ၇၁၀,၀၀၀ ကျပ် ကျော်သာ ဈေးရှိကြောင်း သိရသည်။

ယင်းသို့ ပြည်တွင်းဈေးမြင့်တက်သော်လည်း ပြည်ပသို့ တင်ပို့သည့် FOB ဈေးနှုန်းမှာ FAQ အမျိုးအစားကိုကန်ဒေါ်လာ ၉၀၀ မှ ၉၁၀နှင့် SQ အမျိုးအစားကို FOB ကန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်ဈေးရှိသည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲမှာ ဈေးမြင့်တက်နေသော်လည်း ပဲတီစိမ်းမှာ ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် တစ်တန်ကို ကျပ်တစ်သိန်းခွဲနီးပါး ဈေးကျလာသည်။ ဖေဖော်ဝါရီက တစ်တန်လျှင် ကျပ်ရှစ်သိန်းကျော်ရှိသော်လည်း ယခုရက်ပိုင်းတွင် ၆၇၀,၀၀၀ ကျပ်ဈေးရှိသည်။ ပဲစင်းငုံ၏ ပြည်ပတင်ပို့ နေသည့် FOB ဈေးမှာ တစ်တန်လျှင်ကန်ဒေါ်လာ ၈၆၀ မှ ၈၇၀သာဈေးရှိသည်။

ပဲတီစိမ်းမှာလည်း တရုတ်ဝယ်လိုအား မရှိတော့သဖြင့် ဈေးနှုန်းမှာ ပိဿာ ၆၀ တစ်အိတ်ကို ကျပ်တစ်သောင်းကျော်ဈေးကျလာသည်။ ဖေဖော်ဝါရီလက တစ်အိတ်ကို၁၂၅,၀၀၀ ကျပ် ရှိသော်လည်း ယခုလတွင် ၁၀၈,၀၀၀ ကျပ်သာဈေးရှိသည်။

စာ(၁၂)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

## ၂၀၁၁ ခုနှစ် မတ်လ ၂၄ မှ ၃၀ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုးအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂ရက်မှ ၃ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁ ရက်ခန့်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ရက်မှ ၅ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၂ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၃၀ စင်တီမီတာ (၁-ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)လက်ရှိ ရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## တ ုတ်နိုင်ငံမှ ဆားဝယ်ယူမှု ုတ်တရက် မြင့်တက်လာခြင်းကြောင့် ဆားဈေး ခုန်တက်

စိုင်းသာအောင်၊ညီညီဇော်၊မြတ်စုမွန်

မန္တလေး၊ မတ် – ၁၈

**တရုတ်နိုင်ငံဘက်မှ ဆားဝယ်ယူတင်သွင်းမှုမြင့်တက်လာသည့်အတွက် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ဆားဈေးမှာ ချက်ချင်းဆိုသလိုငါးဆကျော် မြင့်တက်သွားကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။**

ဂျပန်နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ဓာတ်ရောင်ခြည်ပျံ့နှံ့မှုကို စိုးရိမ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် အိမ်သုံးဆားဝယ်ယူစုဆောင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မန္တလေးမြို့ ရေခဲစက်ပိုင်ရှင်တစ်ဦးက "ရေခဲမှာလည်း ဆားကမရှိမဖြစ် ကုန်ကြမ်းတစ်ခုပါ။ မတ် ၁၇ ရက်က ဆားသွားဝယ်တော့ ဆားတစ်ပိဿာ မနက်ပိုင်း ၂,၀၀၀ ဈေးဖြစ်ပြီး ညနေပိုင်း ဆားတစ်ပိဿနာ ၃,၀၀၀ဈေးဖြစ်သွားတယ်။ ဘာ့ကြောင့်လဲတော့ မသိဘူး" ဟု ပြောသည်။

မန္တလေးမြို့ ဈေးချိုတော်ကိုင်းတန်းဈေးမှ ဆားကုန်သည်တစ်ဦးက "တရုတ်ပြည်ဘက်က အများဆုံးဝယ်တာပါ။ ဆားက အဆိပ်ဓာတ်ကို ကာကွယ်နိုင်တဲ့အတွက် တရုတ်နိုင်ငံက ဆားများဝယ်ယူပြီး ဂျပန်ကို တင်သွင်းတာကြောင့် ဆားဈေးတက်သွားတာဖြစ်နိုင်တယ်"ဟု ဆားဈေးရုတ်တရက် မြင့်တက်လာမှုအပေါ် ခန့်မှန်းသုံးသပ်သည်။

မန္တလေးမြို့ လက်ကားဆားကုန်သည်ကြီးတစ်ဦးက "မန္တလေးမှာဆားတွေ ရောင်းကောင်းတာ မတ်လ ၁၅ရက်ကပါ။ ဆားကွင်းတွေဆီကို ဆားတွေတင်ပို့ပေးဖို့ ဖုန်းဆက်တော့ ဆားကွင်းပိုင်ရှင်တွေကဖုန်းတွေအားလုံး ပိတ်ထားတယ်။ မန္တလေးမှာရှိတဲ့ ဆားတွေ တရုတ်ဝယ်လက်ကြောင့် အားလုံး ဈေးကွက်မှာ ကုန်သလောက်ဖြစ်နေပါပြီ"ဟု သူ၏ အမြင်ကိုပြောသည်။

တရုတ်နိုင်ငံတွင် ဆားဝယ်ယူစုဆောင်းမှုများ ရပ်တန့်သွားပြီဖြစ်ပြီး ဈေးကွက်ပုံမှန်ပြန်ဖြစ်သွားပြီဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတ် ၂၀ရက်က ထပ်မံထုတ်ပြန်ကြေညာခဲ့သည်။

အမှန်မှာ တရုတ်နိုင်ငံ၏ နှစ်စဉ်ဆားထုတ်လုပ်မှုမှာ တန်ချိန်သန်းပေါင်း ၈၀ရှိပြီး နိုင်ငံ၏စားသုံးမှုမှာ တစ်နှစ်လျှင် ၈ သန်းသာရှိသည့်အတွက် ပြည်တွင်းသုံးစွဲရန် အလုံအလောက်ရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံဘက်မှ ဆားဆွဲအား ကောင်းနေသော်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ယခုရက်ပိုင်းအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတုဆိုးရွားမှုဒဏ်ကြောင့်လည်း ဧရာဝတီတိုင်းဒေသကြီး၊ နာဂစ်သင့်ဒေသများရှိ နေလှန်းဆားလုပ်ငန်းအများစု ဆုံးရှုံးပျက်စီးခဲ့ကြကြောင်း ဟိုင်းကြီးကျွန်းဒေသရှိ သက္ကယ်သောင်တိုက်နယ်မှ ဆားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ထို့ကြောင့် ဆားဈေးက မြင့်တက်ဖွယ်ရှိနေခြင်းဖြစ်သည်။

သက္ကယ်သောင်ဒေသတွင် ဆားကွင်းဧက ၄၀၀၀ နီးပါးရှိပြီး ယခုနှစ်တွင် လာနီညာနှင့်ပတ်သက်သည့် မိုးလေဝသဆိုင်ရာ အသိပညာ ရရှိထားမှုကြောင့် လုပ်ငန်းရပ်နားထားသူများလည်း ရှိရာ ဆားဖိုအရေအတွက်မှာ ယခင်နှစ်ကထက် လျော့နည်းကြောင်းသိရသည်။

"ဆားဈေးက မကောင်းလို့ လျှော့ပြီး လုပ်ကြတယ်။ ဒီနှစ်က ရှုံးမှန်းသိပေးမယ့် လုပ်နေရတယ်။ ဆားကွင်းတွေက ပုံမှန်လုပ်နေမှ ကောင်းတာ။ နားထားရင်ပျက်တတ်လို့ လုပ်နေရတယ်။ တချို့က မနှစ်ကနေ အရမ်းပူခဲ့တုန်းက လက်ကျန်ဆားတွေ သိမ်းထားတာ ရှိလို့ မလုပ်ကြဘူး။ ဒါကရာခိုင်နှုန်းအနည်းစုပါ" ဟုဆားကွင်းဧက ၁၀၀ ဝန်းကျင်ပိုင်ဆိုင်သည့် အထက်ပါ ဆားလုပ်ငန်းရှင်က ဆက်လက်ပြောသည်။

ယခုကာလသည် ဆားရာသီ၏ အလယ်အလတ်ကာလဖြစ်ပြီး ထပ်မံ၍ လုပ်ငန်းလည်ပတ်ချိန် နှစ်ပတ်ကျော်သာ ကျန်တော့ရာ ရာသီဥတု ထပ်မံဆိုးရွားမည်ဆိုပါက ယခုနှစ်ဆားထွက်နှုန်း လျော့ကျဖွယ်ရှိကြောင်း ၎င်းက သုံးသပ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဆားကွင်းဧကပေါင်း တစ်သောင်းကျော်ရှိပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းဒဏ်ကြောင့် ရာနှုန်းပြည့် နီးပါးပျက်စီးခဲ့ကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အရစ်ကျစနစ်ဖြင့် ချေးငွေများဖြင့် ပြန်လည်လည်ပတ်ခဲ့ကြရသည်။ ဆားလုပ်ငန်းရာသီမှာ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်ဝန်းကျင်အထိဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဆားဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ယခင်ရက်ပိုင်းက အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ဆားလုပ်ငန်းများတွင် နေလှန်းထားသော ဆားကွင်းအချို့ မိုးမိကာ ဆားခဲများနှင့် ကုန်ကြမ်းများပျက်စီးသွားသည့်အပြင် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံနယ်စပ်မှတစ်ဆင့် ဆားများပိုမိုဝယ်ယူလာကြခြင်းတို့ကြောင့်ဖြစ်သည်ဟု ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိဆားရောင်းဝယ်ရေးလုပ်ကိုင်သူများကဆိုသည်



မတ်လ ၂၁ရက်နေ့လယ် နှစ်နာရီခန့်က အင်းစိန်မှမြို့ထဲသို့ အသွားအင်းစိန်လမ်းမပေါ် ဘာတာမှတ်တိုင်၊ လှိုင်ရဲစခန်းရှေ့တွင် ၄၈(အထူး)ယာဉ်နှင့် ကုန်ကားတစ်စီးတို့ တိုက်မိကြရာ ကုန်ကားဘေးစောင်းလဲပြီး ၄၈ယာဉ်မှာ မှန်များကွဲကြေသွားစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## 7Day News ဂျာနယ် ၉နှစ်ပြည့်အထိမ်းအမှတ် PSA မြန်မာနှင့်ပူးပေါင်းလှူဒါန်း

ရန်ကုန်၊ မတ်–၁၈

ဆဲဗင်းဒေးနယူးစ်ဂျာနယ်၏ ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုနှင့် ပူးပေါင်းလှူဒါန်းမှုတစ်ခုအား မတ်လ၁၈ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကံဦး တိုင်းရင်းသားလူမျိုးစုပရဟိတ ဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်ခဲ့သည်။

အဆိုပါ ပရဟိတ ဘုန်းတော်ကြီးကျောင်းသည် PSA မြန်မာမိသားစု၏ ယခုလအတွက်လှူဒါန်းရန် မဲပေါက်သည့် ကျောင်းတစ်ကျောင်းဖြစ်ပြီး အဆိုပါကျောင်းသို့ ဆဲဗင်းဒေးမိသားစုကလည်း ပူးပေါင်းလှူဒါန်းခြင်းဖြစ်သည်။



ထိုသို့ပူးပေါင်းလှူဒါန်းရန်အတွက် ဆဲဗင်းဒေးနယူးစ်၏ မိတ်ဆွေများထံမှလည်း အလှူငွေများ လက်ခံရရှိခဲ့ရာ ချိုချိုကုမ္ပဏီလီမိတက်က အလှူငွေကျပ် ကိုးသိန်း၊ Inforithm-Maze Co.,Ltd ကအလှူငွေကျပ် နှစ်သိန်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက အလှူငွေကျပ် တစ်သိန်း၊ ဦးမြင့်သူ ဥက္ကဋ္ဌ (Sunny International Co., Ltd)က ငွေကျပ် တစ်သိန်း၊(ဦးဝင်းအောင်)+ ဒေါ်စံယုံ သား/သမီးမြေး မိသားစုက အလှူငွေကျပ်ငါးသောင်း၊ ဆဲဗင်းဒေးမိသားစုက စုပေါင်းထည့်ဝင်ငွေ ခြောက်သောင်းသုံးထောင့် ခြောက်ရာကျပ်၊ဆဲဗင်းဒေးနှစ်ပတ်လည်နေ့အခမ်းအနားတွင် လက်ခံရရှိငွေကျပ် နှစ်သိန်းနှစ်ထောင်နှင့် FEC ခြောက်ဆယ်၊ စုစုပေါင်း အလှူငွေတစ်ဆယ့်ခြောက်သိန်း တစ်သောင်းငါးထောင့် ခြောက်ရာကျပ်အား လှူဒါန်းခဲ့သည်။

အလားတူ PSA မြန်မာ မိသားစုကလည်း အဆိုပါကျောင်းသို့ အလှူငွေ တစ်ဆယ့်ခုနှစ်သိန်းခြောက်သောင်းကျပ်အား လှူဒါန်းခဲ့ရာ စုစုပေါင်း လှူဒါန်းငွေကျပ် ၃,၃၇၅,၆၀၀တိတိနှင့် FEC ၆၀ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

PSA မြန်မာမိသားစုသည် လစဉ်မြန်မာနိုင်ငံအတွင်းရှိ ပရဟိတလုပ်ငန်းများသို့ အလှူငွေများ လှူဒါန်းလျက်ရှိရာ ပြီးခဲ့သည့်လကလည်း မရမ်းကုန်းမြို့နယ်ရှိ ပိတောက်ရွှေဝါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေကျပ်တစ်ဆယ့်ငါးသိန်းအားလှူဒါန်းခဲ့သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ် အတွဲ၁၀၊ အမှတ် (၁)၊ စာ-၆ မှ "ပင်ရင်းဖြတ်တောက်ခွန် အက်ဖ်အီးစီဖြင့်သွင်း၍မရတော့" သတင်းတွင် "ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစ၍ အက်ဖ်အီးစီဖြင့် ပေးသွင်းခြင်းကို လက်မခံတော့ကြောင်း" စာသားအစား "ဆက်လက်ပေးသွင်းနိုင်သည်"ဟု လည်းကောင်း "ပစ္စည်းတန်ဖိုး၏ ၃ဒသမ ၃ ရာခိုင်နှုန်း"အစား "၃ဒသမ၅ရာခိုင်နှုန်း"ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် ထိုသို့အချက်အလက်များ မှားယွင်းဖော်ပြမိခဲ့ခြင်းအတွက် သက်ဆိုင်ရာဌာနများနှင့် စာဖတ်ပရိသတ်များအား တောင်းပန်အပ်ပါသည်။

အတွဲ(၁၀) အမှတ်(၂) စာမျက်နှာ-၈၃ပါဝင်ခဲ့သော 'ပုဂ္ဂလိကကျောင်းစာရင်းတွင် ဘော်ဒါကျောင်းနှစ်ခုလျော့သွား'သတင်းတွင် ပုဂ္ဂလိကကျောင်းစာရင်းဝင် ဘော်ဒါဆောင်များစာရင်း၌ ဦးသိန်းစိန်အစား ဦးသန်းစိန်(သင်္ချာ)ဟူ၍လည်းကောင်း၊ ငွေစင်ရော်အား ဇင်ယော်ဟူ၍လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန်။

**အယ်ဒီတာ**

Life
7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011



# ကြွက်တွင်းများအလား ကျင်းများကြား လုပ်ကွက်သစ်ရှာသူများ

ဝေယံ

သုံးည ဒီဂရီအောက်ရောက်အောင် အေးလေ့ရှိသည့် မိုးကုတ်မြို့မှာ ညရှစ်နာရီခန့်ဆိုလျှင် လူခြေတိတ်နေပြီ။ သို့သော် မိုးကုတ်မြို့ အပြင်ဘက်နှင်းခဲလောက်အောင် အေးစက်နေသည့် တောင်ကြားလမ်းများမှာတော့ တောင်တက်လမ်းကို ရုန်းကန်အော်ဟစ်တက်နေရသော ဆိုင်ကယ်သံများက ဆောင်းညမှာ အဆက်မပြတ်ပဲ့တင်နေသည်။

'လမ်းကြောင်းအခြေ အနေမကောင်းဘူး။ ဒီညဝင်ဖို့မလွယ်လောက်ဘူး။ ည၁၀နာရီကျော်မှ ဝင်လို့ရနိုင်မယ်၊ ကျောက်ကတော့ ကံကောင်းတဲ့အဖွဲ့ဆို အိုးလိုက်ပဲ၊ ဒီညတွင်းဝင်ဈေးကတော့ တက်မယ်ထင်တယ်'. .

'ငါတို့က အခုညမှလာတာ၊ အခြေအနေလာကြည့်တာ အခြေအနေကောင်းရင်ဆင်းမယ်' . . .

'ဘော်လီဘောအဖွဲ့ကကောင်တွေတော့ တော်တော်ရလိုက်တယ်ကြားတယ်' . . . စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး သတင်းစကားဖလှယ်ပြောဆိုသံတွေ ဆိုင်ကယ်သံတွေနှင့်အပြိုင် ကြားနေရသည်။

ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးစီနှင့်တစ်ဖွဲ့လျှင် လေးယောက်မှ ရှစ်ယောက်အထိပါဝင်သည်။ ထိုအဖွဲ့များမှာ ဒေသအခေါ် လုပ်ကွက်သစ်ဟုခေါ်သော ကျောက်ထွက်ရာနေရာအသစ်များ ရှာဖွေတွေ့ရှိရာ မိုးကုတ်မြို့မှ ခြောက်မိုင်ခန့်အကွာတွင်ရှိသော ပိန်းမြစ်အနီးသို့ကျောက်တူးရန် သွားနေကြခြင်းဖြစ်သည်။ မိုးကုတ်နှင့်အနီးအနားရှိ ဒေသခံလူအများစုမှာထိုကဲ့သို့ ကျောက်ထွက်နိုင်ရာမြေနေရာလွတ်များ၌ စမ်းသပ်တူးဖော်ခြင်းများပြုလုပ်ကြပြီး ထိုမှ ရရှိသည့်ကျောက်များအား တရားဝင် ကျောက်ရောင်းဝယ်ခွင့်ရှိသော ကျောက်ကုန်သည်ကြီးများထံတွင် ရောင်းချခြင်းဖြင့်သာ အဓိက လုပ်ကိုင်နေကြရသည်။

'အရင်ခေတ်တွေတုန်းကတော့မိုးကုတ်ကလူတွေက ကျောက်တူးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြတယ်ဆိုပေမယ့် အခုဖက်စပ်ခေတ်တွေကျတော့ ဒေသခံတွေအနေနဲ့ လုပ်ကွက်တွေမရှိတော့ဘူး။ ကုမ္ပဏီတွေကပဲ အကုန်ရသွားတယ်။ အရင်ကိုယ်ပိုင်လုပ်ငန်းတွေလုပ်ကိုင်လာကြတဲ့ဒေသခံတွေအနေနဲ့က အစုစားအနေနဲ့ မလုပ်ချင်ကြဘူး။ ဒါကြောင့်များသောအားဖြင့် ဒေသခံတွေကတော့ ရွှေတွင်းဘက်တွေသွားပြီး ရွှေသွားတူးနေကြတယ်။ တချို့ကတော့ ဒီလိုပဲ လုပ်ကွက်သစ်ကျောက်ထွက်တဲ့နေရာတွေ ပေါ်ရင်လိုက်တူးကြတယ်။ တချို့ချို့တဲ့တဲ့လူတွေကတော့ ကုမ္ပဏီကလုပ်ကွက်တွေမှာခွင့်တောင်းပြီးပြုန်းဆေးတယ်။ ပြုန်းဆေးရေမှာ ကံအရမ်းကောင်းမှ အလွန်ဆုံးသောင်းတန်ကျောက်တွေပဲရတယ်"ဟု မိုးကုတ်ဒေသခံကျောက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကဆိုသည်။

မိုးကုတ်ဒေသခံများတွင် ရှမ်း၊လီဆူး၊ဗမာ၊ပလောင် တိုင်းရင်းသားများ အဓိကနေထိုင်ကြသည်။ ထိုဒေသခံများမှာ ဓားတစ်လက်၊ ဒူးလေးတစ်လက်ကိုင်ကာ တောထဲဝင်တတ်ကြပြီး ရွှေကြောရှာမရပါက အမဲလိုက်၍ ပြန်လာတတ်ကြသည့် လူမျိုးများအဖြစ်လည်းကောင်း ကြွက်များကဲ့သို့ တွင်းမတူးဘဲ မနေနိုင်သူများ အဖြစ်လည်းကောင်း ကျောက်တူးခြင်း လုပ်ငန်းကို အဓိကလုပ်ကိုင်နေထိုင်ကြသူများအဖြစ် ညွှန်းဆိုကြသည်။

စာ(၁၁)သို့

ဒီလိုလေး ချက်ကြရအောင် ■ဝိုက်ဇီ





## ငါးတန်ချဉ်ပေါင် ချဉ်စပ်ဟင်း

ဒီတစ်ပတ်တော့ ငါးဟင်းမကြိုက်တဲ့သူတွေအတွက် ပုံမှန်ချက်ပြုတ်နေကျ ငါးဟင်းတွေနဲ့ မတူဘဲ မြည်းစမ်းစားကြည့်ရင်း ငါးအရသာကို အကြိုက်တွေ့သွားစေ့မယ့် ငါးဟင်းချက်နည်းတစ်မျိုးကို ဝေမျှလိုပါတယ်။

ငါးအမျိုးအစားကိုတော့ ငါးတန်ကိုရွေးချယ်ထားပါတယ်။ ငါးတန်ဆိုလို့ အဆီတဝင်းဝင်း ငါးတန်ဟင်းတွေကို သွားမမြင်ယောင်လိုက်ပါနဲ့။ အဆီများလို့ချက်လိုက်ရင် အီစိမ့်သွားတဲ့ငါးတန်ကို ချဉ်ပေါင်၊ ငရုတ်သီးနဲ့ရောချက်မယ့် ငါးတန်ချဉ်စပ်ဟင်းပါ။

ငါးတန်ချဉ်စပ်ဟင်းချက်ဖို့ ငါးတန်ဗိုက်သား တစ်ဆယ့်ငါးကျပ်သား၊ ချဉ်ပေါင်ရွက် နှစ်စည်း၊ ငရုတ်သီးစိမ်းနဲ့ နံနံပင်တို့ပဲလိုပါတယ်။

ပထမဆုံးလုပ်ရမှာက အနေတော်တုံးထားတဲ့ ငါးတန်ဗိုက်သားလေးတွေကို ဒိုက်နဲ့ ပျောက်သွားအောင် ဗီနီဂါနဲ့ သေသေချာချာနယ်ဖတ်ပြီး ဆေးရပါမယ်။ ဗီနီဂါ၊ ရေတို့နဲ့ သေချာဆေးပြီးသွားပြီရင်တော့ ဆား၊ နနွင်းတို့နဲ့ နယ်ပြီးနှပ်ထားပါ။ စာ(၁၁)သို့




# အတာသင်္ကြန်အတွက် အသုံးအဆောင်တွေ စုံစုံလင်လင်ရှိတဲ့နေရာ

**အိဖြူလွင်**

၁၂ လရာသီပွဲတော်တွေထဲမှာ ပျော်စရာ အကောင်းဆုံးပွဲတော်တစ်ခုဖြစ်တဲ့ တန်ခူးလရဲ့ မဟာသင်္ကြန်ပွဲတော်ကြီးကို ရောက်ဖို့က တစ်ရက်ထက်တစ်ရက် နီးကပ်လို့လာပါပြီ။

သင်္ကြန်ပွဲဆိုတာ နှစ်သစ်တစ်နှစ်ကို ကူးပြောင်းတဲ့နှစ်သစ်ကူးပွဲတော်ဆိုပေမယ့် ရင်ခုန်စရာအပြည့်နဲ့ ပွဲတော်ဖြစ်လို့ သင်္ကြန်မှာပျော်ချင်သူတွေအားလုံးကတော့ခုချိန်ကတည်းကစပြီး ကြိုတင်ပြင်ဆင်နေကြတာပါ။

သင်္ကြန်မှာ ခရီးသွားမယ်၊ ရေပက်ခံထွက်မယ်၊ လျှောက်လည်မယ်၊ မဏ္ဍပ်ထိုင်မယ် စသဖြင့်ပျော်ဖို့ ရည်ရွယ်ထားသူတွေကတော့ပွဲတော်အတွက် ပြင်ဆင်ဖို့ အလုပ်ရှုပ်နေမှာ သေချာပါတယ်။

ကိုယ်ပေါ်မှာ ဝတ်မယ့်အဝတ်အစားအတွက်ရော ပွဲတော်မှာအသုံးပြုရမယ့် အသုံးအဆောင်တွေအတွက်ရော ပြင်ရဆင်ရ၊ ဝယ်ရခြမ်းရနဲ့ အလုပ်ရှုပ်နေသူတွေအတွက် အထောက်အကူပြုနိုင်အောင် ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍလေးကနေ လမ်းညွှန်ကူညီပေးပါရစေ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)







ရေပြွတ် ရေသေနတ်လို ကစားစရာတွေကနေ ငွေဖလား၊ သင်္ကြန်ပန်းကုံး၊ တက်တူး၊ လက်အိတ်တွေ၊ ရာဘာမျက်နှာဖုံးစွပ်တွေ မျက်မှန်နဲ့ ဦးထုပ်တွေ လေမှုတ်ဘူးတွေစတာတွေက ကလေးတွေ တင်မကပျော်တတ်သူ လူငယ်လူကြီး အားလုံးအတွက်ပါ အဆင်ပြေမယ့် ပစ္စည်းတွေချည်းပါပဲ။

သင်္ကြန်တွင်းမှာသုံးတဲ့ အသုံးအဆောင်တွေက များပြားလွန်းပေမယ့် အားလုံးက လိုချင်စရာတွေပဲမို့လို့ ကလေး၊ လူကြီးအားလုံးကသင်္ကြန်အသုံးအဆောင်တွေကို မက်မက်မောမောရှိလွန်းလှပါတယ်။

သင်္ကြန်အသုံးအဆောင်တွေကပေါများပေမယ့် ဈေးနှုန်းလည်းမကြီးဘဲ လူတိုင်းဝယ်ယူနိုင်တဲ့ပစ္စည်းတွေ ဖြစ်တာကြောင့် တစ်နှစ်မှတစ်ခါကြုံရတဲ့ လေးရက်တာနှစ်သစ်ကူးပွဲ ဖြစ်တာကြောင့် ရောအားလုံးက ကိုယ့်အတွက်မဟုတ်ရင်တောင် တူ၊ တူမ၊ သားသမီးတွေ သူငယ်ချင်းတွေအတွက်ဝယ်ပေးဖြစ်တဲ့ ပစ္စည်းတွေလို့ပြောလို့ရနိုင်ပါတယ်။

နှစ်သစ်ကူးပွဲအတွက် အသုံးအဆောင်တွေကို ဝယ်ယူမယ်ဆိုရင် လိုချင်တာအားလုံး တစ်နေရာတည်းမှာရနိုင်တဲ့ နေရာတွေများစွာထဲက နေရာတစ်နေရာက ဗိုလ်ချုပ်အောင်ဆန်းလမ်းမနဲ့ ပန်းဆိုးတန်းလမ်းထောင့်က Ruby Mart မှာပါ။

သင်္ကြန်အသုံးအဆောင်ပစ္စည်းတွေကို ကြိုတင်ဝယ်ယူရင်း မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ကြပါစေ။

7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# မျက်မမြင်ပ ိုဂရမ်မာရေးသားသည့် မျက်မမြင်ဘာသာပြန်ဆော့ဖ်ဝဲထွက်ရှိ

မြတ်စုမွန်

ရန်ကုန်၊ မတ် – ၁၆

မျက်မမြင်များ ရေးသားထားသည့် မျက်မမြင်လက်စမ်းစာများကို သာမန်လူများ ဖတ်ရှုနိုင်ပြီး၊ သာမန်လူများ ရေးသားထားသော မြန်မာစာများကို မျက်မမြင်များလည်း ဖတ်ရှုနိုင်ရန် ဘာသာပြန်ပေးမည့် မြန်မာနိုင်ငံ၏ ပထမဆုံး ဆော့ဖ်ဝဲအသစ်တစ်ခုကို မျက်မမြင် အိုင်တီပညာရှင်ကိုယ်တိုင် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးဌာနစိတ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးထံမှသိရသည်။

သာမန်လူများ ရေးထားသည့် အမြင်စာအုပ်များကို ဖတ်ရှုချင်သည့်မျက်မမြင်များ၏ အခက်အခဲများအား ဖြေရှင်းနိုင်ရန်နှင့် မျက်မမြင်များ ရေးသားထားသော လက်စမ်းစာများကို သာမန်လူများလည်း ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ယင်းဆော့ဖ်ဝဲကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်ဆော့ဖ်ဝဲရေးဆွဲသူ ကိုအောင်လွင်ဦးကပြောသည်။



**အင်တာနက်သုံးနေသည့် မျက်မမြင်ကျောင်းသားတစ်ဦး။** ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"မြန်မာစာကိုတစ်ခါမှ မမြင်ဖူးတဲ့ မျက်မမြင်တစ်ယောက် ကိုယ်တိုင် သူ့ရင်ထဲက ခံစားပြီး ရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံအတွက် မျက်မမြင်စာကနေ မြန်မာစာကို ပြောင်းလဲနိုင်တဲ့ ဆော့ဖ်ဝဲတစ်ခုပါပဲ။ အခုဆိုရင် မျက်မမြင်တစ်ယောက်က စာရေးဆရာဖြစ်ချင်ရင်တောင် သူတို့ဘာသာသူတို့ စာရိုက်ပြီး ရေးနိုင်ပြီ"ဟု အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ယုယုဆွေက ပြောသည်။ ယင်းဆော့ဖ်ဝဲတွင် ဇော်ဂျီနှင့်ယူနီကုတ်ကို အသုံးပြုရေးဆွဲထားပြီး၊ ယခုနှစ် ဇန်နဝါရီတွင် စတင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

"ဒီဆော့ဖ်ဝဲရှိလာတဲ့ အတွက် မျက်မမြင်တွေ ကျောင်းသင်ခန်းစာတွေ လေ့လာတဲ့နေရာမှာ အဆင်ပြေသွားမယ်။အရင်ကဆိုရင် အင်္ဂလိပ်လို ရိုက်ထားတဲ့ လက်စမ်းစာကိုပဲ အမြင်စာပြောင်းလို့ရတာ။ အခုဆိုရင် မြန်မာစာကိုလည်း ပြောင်းလို့ရပြီ။ ဆော့ဖ်ဝဲတွေကို အင်တာနက်ပေါ်မှာလည်း တင်သွားမှာပါ"ဟု အိုင်တီပညာရှင်ကိုအောင်လွင်ဦးကပြောသည်။

အဆိုပါဆော့ဖ်ဝဲသစ်ကို The Leprosy Mission International ၏ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ TLMI နှင့် ကိုအောင်လွင်ဦး(aunglan80@gmail.com) ထံတွင် အခမဲ့ရယူနိုင်ကြောင်းသိရသည်။ ထို့ပြင် လူမှုဝန်ထမ်းဝက်ဘ်ဆိုက်၊ TLMI ဝက်ဘ်ဆိုက်နှင့် www.aunglwinoo.net တို့တွင်လည်း ရယူနိုင်ကြောင်းသိရသည်။









## ရန်ကုန်နှင့်မန္တလေးမြို့တွင်ကျင်းပမည့် ဂျပန်ရုပ်ရှင်ပွဲတော်များအားဖျက်သိမ်း

ရန်ကုန်၊ မတ် – ၁၇

ယခုလ ၁၁ ရက်ကဂျပန်နိုင်ငံအရှေ့မြောက်ဘက်တွင် မြေငလျင်ကြီးလှုပ်ခတ်ခဲ့သဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့၏အစီအစဉ်ဖြင့် ကျင်းပမည့် ဂျပန်ရုပ်ရှင်ပွဲတော်နှင့် ဂျပန်ဂီတပွဲတော်ကို မကျင်းပဖြစ်တော့ကြောင်း ဂျပန်သံရုံးက သတင်းထုတ်ပြန်သည်။

ဂျပန်တေးဂီတဖျော်ဖြေပွဲကို ယခုလ ၃၀နှင့် ၃၁ ရက်၊ ရန်ကုန်ရှိ နေပြည်တော်ရုပ်ရှင်ရုံတွင် ယခုလ ၁၇ရက်မှ ၂၀ရက်အထိ၊ မန္တလေး ရှိဝင်းလိုက်ရုပ်ရှင်ရုံတွင် ယခုလ ၂၆၊ ၂၇ရက်တို့တွင် ရုပ်ရှင်ပွဲတော် ကျင်းပရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ယခုနှစ်အတွက် ဂျပန်ရုပ်ရှင်ပွဲတော်ကျင်းပရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

## ပန်းချီကားတစ်ကားကို ကျပ်ငါးရာဖြင့် ချက်ချင်း ရိုက်နှိပ်ဝယ်ယူနိုင်မည့်ပန်းချီပြပွဲကျင်းပမည်

ဥက္ကာကိုကို

ရန်ကုန်၊ မတ် – ၁၆

ပုံနှိပ်ပန်းချီကားများကို ငွေကျပ်ငါးရာဖြင့် ဝယ်ယူနိုင်မည့် ပန်းချီရဲမင်းနှင့် ပန်းချီမြင့်စံမြင့်တို့၏ Mother and Silence Two Men Show ပန်းချီပြပွဲကို ယခုလ ၂၁ရက်မှ၂၆ရက်အထိ ရန်ကုန်မြို့၊ လောကနတ်ပန်းချီပြခန်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပန်းချီမြင့်စံမြင့်၏ ဆေးဆိုးပန်းရိုက်နည်းစနစ်ဖြင့် အားပြုဖန်တီးထားသော Mother ပန်းချီကား ၁၄ကားနှင့် ပန်းချီရဲမင်း၏ Silence ပန်းချီကား ၁၁ ကားကိုပြသထားမည်ဟုသိရသည်။ မော်ဒန်ပန်းချီကားအများစုဖြစ်ပြီး အခရိုင်းလစ်၊ ပန်းပု၊ ပရင့်နှင့် Mix Media နည်းစနစ်များဖြင့် ရေးဆွဲထားကာပြပွဲကို နံနက် ၉နာရီမှ ညနေ ၅နာရီထိ ပြသထားမည်ဖြစ်ကြောင်းသိရသည်။

ပန်းချီမြင့်စံမြင့်နှင့် ရဲမင်းတို့၏ ပန်းချီကားများကို ၁၄ လက်မ× ၁၈လက်မအရွယ် ကင်းဗတ်စပေါ်တွင် ဝယ်ယူမည့်သူရှေ့မှာပင် ရိုက်နှိပ်ကူးယူပြီး ငါးရာကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်ဟု ပန်းချီမြင့်စံမြင့်ကပြောသည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## စိတ်ပိုင်းဆိုင်ရာပျိုးထောင်ခြင်းသဘောကို ဘာဝနာလို့ခေါ်တယ်. . .

ကိုယ့်ကိုယ်ကိုယ် တိုးတက်ပြောင်းလဲအောင် ပြုလုပ်တဲ့ဖြစ်စဉ်မှာ ထိုအသိဉာဏ်ရှိတဲ့လူသားဟာ နောက်ဘဝမှာ နတ်အဖြစ် ပဋိသန္ဓေတည်ပြီး နတ်စည်းစိမ်ချမ်းသာမျိုးကိုလည်း မလိုလားတော့ဘူး။ မတောင့်တတော့ပါဘူး။ အဲဒီအခါ လူသားဟာ နတ်စည်းစိမ်ထက် ပိုပြီးအဆင်မြင့်တဲ့ချမ်းသာကိုသာ ရည်မှန်းချက်ထားပြီး လုပ်ဆောင်တော့မှာဖြစ်တယ်။ သူဟာ မြတ်ဗုဒ္ဓကို စံနမူနာထားပြီးတော့ သဗ္ဗညုတဉာဏ်ရှင်ဘုရားဧကန်စင်စစ်ဖြစ်ရေးဆိုတဲ့ ဗောဓိဆုကြီးကိုပဲဖြစ်ဖြစ်၊ အရဟတ္တမဂ်ဉာဏ်ဖိုလ် ဉာဏ်ဖြင့် ရရောက်နိုင်တဲ့ သဉပါဒိသေသ၊ အနုပါဒိသေသနိဗ္ဗာန်ကိုပဲဖြစ်ဖြစ်၊ အဆင့်မြင့်မြင့် ရည်မှန်းချက်ထားပြီး ကြိုးပမ်းတော့မှာဖြစ်ပါတယ်။ လောဘတဏှာကို သုတ်သင်ရှင်းလင်းပြီး ကရုဏာနဲ့ပညာဖွံ့ဖြိုးရေးကိုကြိုးပမ်းရင်း သံသရာဝဋ်ကလွတ်အောင်ရုန်းထွက်ခြင်းဆိုတဲ့ ဝိမုတ္တိကိုရအောင် ရည်မှန်းချက်ထားပြီး လုပ်ဆောင်ပါတော့တယ်။

အဲဒီရည်မှန်းချက်နဲ့ မိမိရဲ့စိတ်ပိုင်းဆိုင်ရာပျိုးထောင်ခြင်းသဘောကို ဘာဝနာလို့ခေါ်တယ်။ ဘာဝနာအလုပ်က လူသားရဲ့စိတ်ကို နက်နက်ရှိုင်းရှိုင်းသိနိုင်စွမ်းကိုဖြစ်ပေါ်စေပြီး လူ့အတွေ့အကြုံတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိုးထိုးထွင်းထွင်းနားလည်စေတယ်။ မိမိအတွေ့အကြုံကိုသာမကဘဲ သဘာဝထဲက ရုပ်ဓမ္မ၊ နာမ်ဓမ္မများရဲ့ သဘောအမှန်ကိုရောဘဝဖြစ်တည်ပုံနဲ့တကွ စကြဝဠာလောကကြီးတစ်ခုလုံးကိုပါ သိနားလည်လာမှာဖြစ်ပါတယ်။

ရည်ညွှန်း – “ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက” ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## ဂျပန်နိုင်ငံမှပြန်လိုသည့်နိုင်ငံတကာကျောင်းသားများကို Re-Entryဗီဇာပြုလုပ်ပေး

မေဝင်းမွန်

ရန်ကုန်၊ မတ် – ၁၇

မိမိနေရပ်သို့ပြန်လိုသည့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေသည့် နိုင်ငံတကာကျောင်းသားများကို ဂျပန်နိုင်ငံရှိတက္ကသိုလ်များနှင့် လေဆိပ်များတွင် ဂျပန်နိုင်ငံသို့ အလွယ်တကူပြန်လည်ဝင်ရောက်နိုင်သည့် Re-entry ဗီဇာများ ပြုလုပ်ပေးလျက်ရှိကြောင်း ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေသူမြန်မာကျောင်းသားများထံမှသိရသည်။

“မြန်မာကျောင်းသားတွေ အတော်များများပြန်ကြတယ်။ ဗီဇာလုပ်တာက တစ်ရက်လောက်ပဲကြာတယ်။ ကျောင်းတွေကလုပ်ပေးသလို၊ လူဝင်မှုကြီးကြပ်ရေးရုံးတွေမှာလည်းလုပ်လို့ရတယ်။ အချို့ကလည်း Multiple ဗီဇာလုပ်ကြတယ်’ ဟုဂျပန်နိုင်ငံတွင် ပညာတော်သင်တက်ရောက်နေသောမြန်မာကျောင်းသူတစ်ဦးကပြောသည်။ Re-entry ဗီဇာအတွက် ယန်း ၃၀၀၀၊ Multiple ဗီဇာအ တွက်ယန်း ၆၀၀၀ ကုန်ကျပြီး ဗီဇာမရှိဘဲ နေထိုင်သူများမှာမူ နေရပ်ပြန်ရန်အခက်အခဲရှိသည်ဟုသိရသည်။ ယခုလ ၁၁ရက်က ဂျပန်နိုင်ငံအရှေ့မြောက်ဘက်တွင် ရစ်ချ်တာစကေး ၉ ဟုပင်ဆိုနိုင်လောက်သည့်ရစ်ချ်တာစကေး ၈ ဒသမ ၉အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်ကြီးလှုပ်ခတ်ခဲ့သဖြင့် လူထောင်ပေါင်းများစွာသေဆုံးကာ မိသားစုပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

## စာ – ၉၊ ငါးတန်ချဉ်ပေါင် ချဉ်စပ်ဟင်း မှ

ဟင်းချက်အနှစ်ကတော့ အခြားဟင်းတွေလို့ ကြက်သွန်ဖြူနီထောင်းကို ကြက်သွန်ဖြူခပ်ကဲကဲလေးထည့်ပြီး ထောင်းဖို့ပါ။ အညာဆန်ဆန်လေးစားချင်တယ်ဆိုရင်တော့ ခရမ်းချဉ်သီးလေးတစ်လုံးလောက်ကို ပါးပါးလှီးပြီးထည့်နိုင်ပါတယ်။

နောက်ပြီးတော့ ဒီဟင်းရဲ့အရသာကို အဓိကဖော်ဆောင်မယ့် ချဉ်ပေါင်ကို အရွက်တွေသီးသန့်ခြွေပြီး မီးဖိုပေါ်တင်ထားတဲ့ အိုးလွတ်တစ်လုံးထဲကို အဖုံးအုပ်ပြီးခဏတင်လိုက်ပါ။ အရွက်တွေနွမ်းပြီးပျော့ကျသွားပြီဆိုရင် ခဏချထားလိုက်ပါ။

အခုတော့ ငါးတန်ကိုဆီသတ်ရမယ့်အချိန်ရောက်ပါပြီ။ ဆီသတ်တဲ့အခါမှာလည်း နနွင်းလေးနဲ့ထည့်သပ်ပါမယ်။ ဟင်းအနှစ်ဆီသပ်တဲ့အခါ ငါးတန်ဗိုက်သားကို ဆီတွေစိမ့်ထွက်သွားတဲ့အထိ ဆီပူပူမှာ လှိမ့်ပြီးမှ ထက်ခြမ်းခွဲထားတဲ့ ငရုတ်သီးစိမ်းအတောင့် ၂၀ လောက်ကိုဆီသတ်တဲ့အထဲ ထည့်ရပါမယ်။ ငရုတ်သီးစိမ်းမထည့်ခင် ငံပြာရည်နဲ့နဲ လောင်းထည့်ပြီး အနံ့ပျောက်အောင်မွှေအပြီးမှာတော့ ရေနည်းနည်းထည့်ပြီး အုပ်ထားဖို့လိုပါတယ်။ ငါးတန်အရေပြားတွေနူးသွားလောက်မှ ခုနနွမ်းသွားပြီဖြစ်တဲ့ ချဉ်ပေါင်ရွက်တွေကို ထည့်ပြီး အလိုက်သင့်မွှေပါမယ်။ ချဉ်ပေါင်အချဉ်လေး ငါးတန်အသားထဲစိမ့်ဝင်သွားအောင် ရေနည်းနည်းထပ်ထည့်ပြီး ချဉ်ပေါင်ရွက်တွေလည်း ကြေမသွားအောင် ခပ်ဖွဖွမွှေပေးပါ။

အဲဒီနောက်ဆုံး ထည့်ထားတဲ့ ရေမခမ်းခင် ဆီကျန်ရေကျန် ငါးတန်ချဉ်ပေါင်ဟင်းလေးကို နံနံပင်လေးအုပ်ပြီး ချလိုက်လို့ရပါပြီ။ ဒါဆိုရင်တော့ အရင်က ငါးဆီပြန်တွေမစားချင်တဲ့ 7Day News ပရိသတ်ကြီး ပုံစံတစ်မျိုးနဲ့ငါးတန်ချဉ်စပ်ဟင်းလေးကို အရသာတွေ့မယ်လို့ မျှော်လင့်ပါတယ်။

## စာ – ၉၊ ကြွက်တွင်းများအလား ကျင်းများကြား လုပ်ကွက်သစ်ရှာသူများ မှ

မိုးကုတ်ကျောက်တွင်း လုပ်ငန်းမှာ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်တွင်စတင်ခဲ့ခြင်းဖြစ်ပြီးမြန်မာဘုရင်များအုပ်စိုးချိန်ကာလ၊ အင်္ဂလိပ်အစိုးရ အုပ်စိုးချိန်ကာလ၊ဂျပန်အုပ်စိုးချိန်ကာလမှစ၍ ယနေ့ထိခေတ်အဆက်ဆက်ကျောက်တူးဖော်ခြင်းပြုလုပ်ခဲ့ရာ ပတ္တမြား၊ နီလာ၊ က္ကန္ဒနီလာ၊ ဥဿဖရား၊ အညံ့ကျောက်၊ အညံ့နီလာ၊ ဥဒေါင်း၊ သလင်း၊ ပြောင်ဂေါင်းစိမ်း၊ ထပ်တရာ၊ ရွှေတွင်းဝါ၊ ဖရဲအူ၊ နဂါးသွဲ့၊ ပါလာဒုတ္တာ၊ မိုးကုတ်ပုလဲ၊ မျော၊ ထပ်ကွာစိမ်း၊ ဂေါ်မိတ်၊ မဟူရာ၊ မိုးကုတ်မြ၊ ခရိုင်ဆိုဘယ်ရယ်ကျောက်၊ ပိန်းနိုက်ကျောက်၊ ဂျိုဟာချီဒိုလိုက်၊ သီလဂုတ်ကျောက်၊ ရှိလိုက်နှင့်ပေါ်ဒရက်တိုက်ဟုကျောက်မျိုး ၂၀ကျော်အပြင် ကျောက်အမျိုးကွဲများစွာ ထွက်ရှိကြောင်း သိရသည်။

ကျောက်လုပ်ငန်းများကို မိုးကုတ်မြို့တွင် ယခု ဖက်စပ်နှင့် အကျိုးတူလုပ်ငန်းများအဖြစ် နိုင်ငံတော်မှ လေလံစနစ်ဖြင့် လုပ်ကွက်များ ချထားပေးခြင်းနှင့် ကုမ္ပဏီများအကျိုးတူ ပူးပေါင်းတူးဖော်ခြင်းများ ပြုလုပ်လျက်ရှိပြီးဖက်စပ်လုပ်ငန်းစတင်ချိန် ၁၉၉၀ ခုနှစ်မှ စတင်ကာ ၁၉၉၃ ခုနှစ် အထိ သတ်မှတ်လုပ်ကွက် ၅၆၆ ကွက်၊ ချမှတ်လုပ်ကွက် ၉၄၆ ကွက် စုစုပေါင်း ၁၅၁၂ ကွက်ဖြင့်လုပ်ကိုင်ခဲ့ကာ ၁၉၉၅ ခုနှစ်ဥပဒေသစ်ထုတ်ပြီးချိန် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှနိုင်ငံပိုင်ကျောက်မျက်တူးဖော်ရေးစခန်းကို လွှဲပြောင်းယူပြီးနောက် ကုမ္ပဏီများအလိုက် ယခုချိန်အထိသတ်မှတ်လုပ်ကွက် ၃၄၈ ကွက်၊ဖော်ထုတ်လုပ်ကွက် ၂၄၆ ကွက်ရှိခဲ့ကြောင်း မိုးကုတ်မြို့မှတ်တမ်းများအရ သိရသည်။

“အဲဒီလိုကုမ္ပဏီတွေ ဖက်စပ်လုပ်ငန်းတွေ၊ အကျိုးတူလုပ်ငန်းတွေ ချပေးတဲ့နောက်မှာ ကျွန်တော်တို့ဒေသခံတွေအနေနဲ့က အလုပ်တွေ ပါးသွားကြတယ်။ ဒါကြောင့် ကျောက်သွေးခြင်း၊ ကျောက်နဲ့ဆက်စပ်တဲ့ရွှေဆိုင်တို့၊ ကျောက်ကုန်သည်တို့ အဖြစ် လုပ်ကိုင်ကြတယ်။ ဒေသခံတွေကတော့ ဦးနုခေတ်ကလို တစ်ပိုင်တစ်နိုင်ကျောက်တူးလုပ်ငန်းတွေ ပြန်ချပေးစေချင်တယ်။ တတ်နိုင်တဲ့သူတွေကတော့ ကုမ္ပဏီတွေမှာ သူတို့ မကြိုက်တဲ့ မြေနေရာတွေ ယူပြီးအကျိုးတူပုံစံမျိုး မြေဝယ်ပြီးတူးကြတယ်။ ကျန်တဲ့ ဒေသခံတွေကတော့ အခုလိုပဲ လမ်းဘေးဟိုနေရာစမ်းတူး ဒီနေရာစမ်းတူး လုပ်ကြတယ်”ဟုဒေသခံ နေထိုင်သူတစ်ဦးကဆိုပါ သည်။

ထိုသို့ဒေသခံကျောက်တူးသမားများ တူး၍ကျောက်ထွက်ရာနေရာ ရှာဖွေတွေ့ရှိသည့်အခါ ထိုတွင်းမှကျောက်များ ရောင်းချရာမှတစ်ဆင့် တစ်ဦးမှတစ်ဦးသိရှိ သတင်းပျံ့နှံ့သွားလေ့ရှိသည်။ ထိုအခါ ယင်းနေရာအား လုပ်ကွက်သစ်ဟုခေါ်ဆိုကာ ထိုနေရာဒေသများသို့ ညပိုင်းအချိန်များတွင် သွားရောက်တူးဖော်ကြသည်။ နေရာသစ်ကိုလူသိများလာသည်နှင့်အမျှ လူ ၄ ဦးမှ ၈ ဦးအထိပါသော အဖွဲ့ပေါင်း ၁၀၀ ကျော်အထိသွားရောက်တူးဖော်ကြရာမှ သက်ဆိုင်ရာက လာရောက်ထိန်းသိမ်းရသည်အထိ ဖြစ်သွားတတ်သည်။ ထိုအခါ သက်ဆိုင်ရာက တစ်ညလျှင် ကျပ် ၃၀,၀၀၀ မှ ကျပ် ၁၅၀,၀၀၀ အထိတောင်းခံ၍ လူဦးရေစိစစ် လျှော့ချတားမြစ်သည်များလည်းရှိကြောင်း သိရသည်။ “ကျွန်တော်တို့ တစ်ညဆိုဝင်ကြေးထက် ရှုံးတာရှိသလိုတော်တော်ရတာတွေလည်းရှိတယ်။ ပြောမရဘူး၊ ကံတရားပဲ တစ်ညလုံးတူးပြီး မနက်ကျောက်ကောင်းမပါဘဲ အိပ်ရေးပျက်တာတွေလည်းရှိတယ်။ မိုးကုတ်ကလူတွေကကံတရားအပေါ်ပဲ ယုံကြည်တယ်။ ကျွန်တော်တို့ကဒီလိုအကွက်သစ်တွေရှာတယ်တွေ့တယ်ဆို ကုမ္ပဏီတွေက သိမ်းသွားတာပဲ။ ကျွန်တော်တို့က နောက်ထပ် လုပ်ကွက်သစ်ထပ်စောင့်ရှာကြရုံပေါ့။ ဒီအလုပ်က တရားဝင်မဟုတ်ပေမယ့် ကျွန်တော်တို့က ကျောက်တရားဝင်ရောင်းဝယ်ခွင့်ရှိတဲ့ ကုန်သည်ကြီးတွေဆီ ရောင်းတဲ့အတွက် တရားဝင်ကျောက်တွေအဖြစ် ရောက်သွားတယ်”ဟု ကြပ်ပြင်အနီးလုပ်ကွက်သစ်တွင် ကျောက်တူးရန် စောင့်ဆိုင်းနေသူတစ်ဦးကဆိုသည်။

မိုးကုတ်မြို့ရှိကျောက်ဈေးကွက်မှာ ကုမ္ပဏီမှအောက်ကျောက်များကိုတစ်ဆင့်ဝယ်ယူရောင်းချခြင်းနှင့် လုပ်ကွက်သစ်မှဒေသခံများမှလာရောက်ရောင်းချသော ကျောက်များသာလည်ပတ်လျက်ရှိပြီး အများစုသော ကျောက်များမှာ ကုမ္ပဏီများမှ ရန်ကုန်နှင့် မန္တလေးရှိ ကျောက်မျက်ပြပွဲများသို့သာ ပို့ဆောင်ရောင်းချကြကြောင်းသိရသည်။

‘ကျွန်တော်တို့ ဒေသခံတွေက ကျောက်နဲ့ပဲအသက်မွေးဝမ်းကျောင်းတတ်တာများတယ်။ ဒါကြောင့် တခြားလည်းမလုပ်တတ်တော့ မျိုးမျိုးမြက်မြက် လည်းရတဲ့ ကျောက်ကွက်သစ်တွေရှိတဲ့ အေးခဲနေတဲ့ နေရာတွေကို ညပိုင်းသွားကြတာပါ။ အန္တရာယ်တော့များတယ်ပေ ၅၀ လောက်အထိနက်တဲ့တွင်းတွေက ငါးပေအကွာတစ်တွင်း၊ ဂလိုင်ထိုးထားတာတွေကလည်းကြွက်တွင်းတွေထက်များတယ်။ ဘာအကာအကွယ်မှရှိဘူး ပြိုကျရင် မြေမြုပ်ပြီးသား၊ ဘယ်သူမှလည်း ပြန်ဖော်မှာမဟုတ်ဘူး” ဟု လုပ်ကွက်သစ်ရှာသူများ၏ သက်စွန့်ဆံဖျားဘဝကို ကျောက်ကွက်ရှာသူတစ်ဦးကရှင်းပြသည်။

တစ်ချိန်က မိုးရွာပြီး လမ်းဘေးတွင်ပင် ကျောက်များ ပေါ်နေတတ်ပြီး မိမိခြံမြေမှထွက်သည့် ငါးမူး၊ တစ်မတ်အရွယ် ကျောက်များကို အလှသိမ်းထားနိုင်ခဲ့သည့် တိုင်အောင် ပေါကြွယ်ခဲ့သည့် ပတ္တမြားမြေ မိုးကုတ်ဒေသရှိ ဒေသခံများမှာ ယခုအချိန်တွင်တော့ ညပိုင်းအေးခဲချိန်များတွင် ကြွက်တွင်းများကဲ့သို့ မြေဂလိုင်များ ပြန့်ကျဲနေသည့် အန္တရာယ်များလှသော တွင်းများအတွင်းဆင်းကာ ကျောက်တူးရှာဖွေရင်း တစ်ချိန်က ကာလများကို “ဟိုတုန်းကဆိုကွာ. . .’ဟု ပြန်ညွှန်းဆို တမ်းတရင်း. . . .။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

## စာ-၇၊ မတ်ပဲအထွက် ထိခိုက်မည်ကိုမှန်းကာ ဝယ်ယူစုဆောင်းမှုကြောင့် ဈေးနှုန်းမြင့်တက် မှ

နွေရာသီ ပဲပေါ်ရာသီ၌ ရွာသွန်းသော မိုးကြောင့် ပဲအများစုမှာ မိုးမိနိုင်သဖြင့် မိုးမိထားသော ပဲများဖြစ်ပါက ပုံမှန်ဈေးထက် လျော့နည်းနိုင်ပြီး မိုးလွတ်သော ပဲ များသာ ဈေးကောင်းရနိုင်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိဘုရင့်နောင် ကုန်စည်ဒိုင်၌ အရောင်းအဝယ်ပြုလုပ်သော ပဲများမှာ ယခုလဆန်းပိုင်းတွင် မတ်ပဲ RC မှာ တစ်တန်လျှင် ကျပ်၆၉၃,၀၀၀ မှ ယခုမတ် ၁၆ ရက်၌ ကျပ် ၇၅၃,၀၀၀ ထိ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ တစ်တန်လျှင် ကျပ်၆၀၀ ထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။



ရိတ်သိမ်းပြီးစ မိုးလွတ်မတ်ပဲများ။ ဓာတ်ပုံ - မျိုးမင်းဦး

ထိုအတူ မတ်ပဲ SQRC မှာလည်း တစ်တန်လျှင် ကျပ်၇၉၀,၀၀၀ ထိကျဆင်းသွားရာမှ ၈၁၀,၀၀၀ ကျပ်သို့ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ကျပ် ၂၀,၀၀၀ထိ မြင့်တက်လာခဲ့သည်။

သို့သော် လက်ရှိဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်မှုနည်းသော ပဲစင်းငုံနှင့် ပဲတီစိမ်းမှာ ဈေးနှုန်းများ ဆက်လက်ကျဆင်းနေခဲ့သည်။

ပဲစင်းငုံမှာ တစ်တန်လျှင် ကျပ်၆၈၀,၀၀၀ မှ ကျပ် ၆၇၄,၀၀၀ ကျဆင်းလာသကဲ့သို့ ပဲတီစိမ်းမှာလည်း တစ်တန် ကျပ်၁,၁၇၄,၀၀၀ မှ ကျပ်၁,၀၈၇,၀၀၀ ထိ ဈေးနှုန်းများကျဆင်းလာခဲ့သည်။

## မျက်နှာဖုံး-ပဒုမာ ကဇာတ်ုံအား ကျပ်သန်းပေါင်း ၅၆ ၀၀၀ကျော်ဖြင့် လုပ်ငန်းရှင်နှစ်ဦး လေလံအောင် မှ

ထိုပမာဏမှာ လက်ရှိပြင်ပငွေလဲလှယ်ရေးဈေးကွက်၌ ကန်ဒေါ်လာတန်ဖိုးဖြင့် တွက်ချက်ပါက ဒေါ်လာ ၆. ၄ သန်းကျော်သည်။ လက်ရှိ ငွေလဲနှုန်းမှာကန်တစ်ဒေါ်လာလျှင် ၈၈၀ ကျပ်ဝန်းကျင်ရှိသည်။

ပရီးမီးယားကော်ဖီလုပ်ငန်းပိုင်ရှင် ဦးထွန်းရင်နှင့်အတူ လေလံအောင်သူမှာ ဒေါက်တာကိုကိုကြီးဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက် စုစုပေါင်း ၂၆၈ ခု ပါဝင်သောလေလံတွင် လူစိတ်ဝင်စားမှုများသည့် ၁၉၉၀ ရွှေကောက်ပွဲကျင်းပစဉ် ရွှေကောက်ပွဲကော်မရှင်ရုံး ပြုလုပ်ခဲ့သော ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းရှိ အဆောက်အအုံများနှင့် မြေကွက်မှာ ကျပ်သန်းပေါင်း ၂၂,၅၀၀ ကျော်ဖြင့် ဦးသာထူးကျော်က လေလံအောင်သွားကြောင်းလည်း သတင်းရသည်။ အဆိုပါမြေကွက်မှာ ၁ ဒသမ ၉၀၆ ဧကကျယ်ပြီး၊ ငါးထပ်တိုက်တစ်လုံးနှင့် ဂိုဒေါင်သုံးလုံးပါဝင်သည်။ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၇၄မှ မြေနှင့်အဆောက်အအုံအား ဦးကျော်မြင့်က ကျပ်သန်းပေါင်း ၃၃,၆၀၀ ဖြင့် လေလံအောင်သည်။ ဦးထွန်းမြင့်နိုင်က ပုဇွန်တောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၄၄ရှိ တစ်ဧကကျော်ကျယ်သောမြေနှင့် အဆောက်အအုံနှစ်လုံးကို ကျပ်သန်းပေါင်း ၂၅,၆၀၀ဖြင့်လည်းကောင်း၊ သိမ်ဖြူလမ်း အမှတ် ၃၆ ရှိ ခြောက်ဧကကျော်ကျယ်သော မြေနှင့် အဆောက်အအုံနှစ်လုံးကို ကျပ်သန်းပေါင်း ၂၅,၂၀၀ဖြင့်လည်းကောင်း တစ်ဦးတည်းမှ လေလံအောင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ထားသော လေလံအောင်သူများ စာရင်းတွင်ဖော်ပြထားသည်။

ဓမ္မစေတီလမ်းရှိ အမှတ် ၂၅၃ကို ဒေါ်တင်လှိုင်က ကျပ်သန်းပေါင်း ၂၄,၁၀၀ ဖြင့်လည်းကောင်း၊ ရန်ကင်းမြို့နယ် စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ ခြောက်ဧကကျော်ကျယ်သော မြေနှင့်အဆောက်အအုံ ၅ လုံးကို ဦးရန်ချန်ဝင်းက ကျပ်သန်းပေါင်း ၂၃,၀၀၀ ဖြင့် လေလံအောင်ခဲ့သည်။

အခြား လူစိတ်ဝင်စားမှုများသော အမှတ် ၃၉၊ ပြည်လမ်းရှိမြေကွက်မှာ ကျပ်သန်းပေါင်း ၁၃,၅၀၀ ဖြင့် လုပ်ငန်းရှင်တစ်ဦးက လေလံအောင်သွားကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ အဆိုပါမြေကွက်မှာ ၀ ဒသမ ၈၂ ဧကကျယ်ဝန်းသည်။

“အစ်ကိုတို့ လေလံတော့ဝင်ဆွဲသေးတယ်။ ပေါက်ဈေးတွေကမြင့်လွန်းတော့ မအောင်ဘူး။ လေလံအောင်သွားတဲ့ဈေးတွေက အပြင်မှာ မပေါက်တဲ့ဈေးတွေနဲ့အောင်ကုန်တာ”ဟု လေလံဝင်ရောက်ဆွဲခဲ့သော လုပ်ငန်းရှင်တစ်ဦးက သူ၏အတွေ့အကြုံကိုပြောသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် အဆိုပြုလွှာများ တင်သွင်းရသော လေလံပွဲမှစ၍ သက်ဆိုင်ရာက လေလံအောင်သူများ ငွေပေးသွင်းရသောပုံစံကိုပြောင်းလဲခဲ့သည်။ လေလံအောင်သူများမှာ တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို နှစ်ပတ်အတွင်း (မတ်လ ၂၃ ရက်နောက်ဆုံးထား၍)ပေးသွင်းရန်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကျန် ၇၀ ရာခိုင်နှုန်းကို လေလံအောင်သောတန်ဖိုး ကျပ်သန်းတစ်ထောင်ကျော်ပါက ခြောက်လအတွင်း၊ ကျပ်သန်းတစ်ထောင်မကျော်ပါက သုံးလအတွင်း ပေးသွင်းရမည်ဖြစ်သည်။ ယခင်ငွေသွင်းရသောပုံစံမှာ လေလံအောင်သောတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို တစ်လအတွင်း ပေးသွင်းရပြီး၊ ကျန် ၉၀ ရာခိုင်နှုန်း ပေးသွင်းရသောပုံစံမှာ လက်ရှိ ၇၀ ရာခိုင်နှုန်းပေးသွင်းရသောပုံစံပင်ဖြစ်သည်။

ငွေပေးသွင်းရသောပုံစံပြောင်းလဲခဲ့ခြင်းကြောင့် လေလံအောင်ထားသော လုပ်ငန်းရှင်အချို့မှာ ငွေပေးသွင်းရန်ကြိုးပမ်းနေရကြောင်း သတင်းရရှိသည်။ သို့သော် လုပ်ငန်းရှင်အချို့မှာ လေလံအောင်ထားသော မြေကွက်နှင့် အဆောက်အအုံကို လက်ဆင့်ကမ်းပြန်ရောင်းရန်စီစဉ်နေကြောင်းလည်း သတင်းရရှိသည်။ ယခုနောက်ပိုင်း ပြုလုပ်သော အဆောက်အအုံလေလံပွဲများတွင် လေလံဝင်ဆွဲပြီး ပြန်ရောင်းသူများလာကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

မြေ၊ အဆောက်အအုံ၊ တိုက်ခန်းပေါင်း ၂၆၈ ခုပါသော လေလံတွင် ၃၀ ဝန်းကျင်မှာ လေလံအောင်သူမရှိခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

ဝန်ထမ်းအလိုရှိသည်
၁။ Marketing Manager တစ်ဦး (ကျား/မ)
Trading Company တစ်ခုခုတွင် လုပ်သက် (၃)နှစ်နှင့် အထက် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။
၂။ Admin / HR Officer တစ်ဦး (ကျား/မ)
လုပ်သက် (၅)နှစ်နှင့်အထက်ရှိရမည်။
Contact Person : Daw Yin Yin Win
Phone : 09-73066156
E-mail : Office@ovomyanmar.com
Subject : Job Application

## စာ-၂၊ အဆိုပြုချက်သုံးခုကို လွှတ်တော်က သဘောတူ မှ

မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ ‘မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်’ သန်းခေါင်စာရင်းကောက်ယူရန်’အဆိုကို မတ်လ၁၅ရက်၌ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးက အသေးစိတ်ရှင်းလင်းပြကာ ၎င်းအဆိုမှာ အချိန်ယူပြီး ဆက်လက်ဆောင်ရွက်သင့်သောကိစ္စဖြစ်ကြောင်းဆွေးနွေးသည်။ ၎င်းအဆိုကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အဆိုကိုလွှတ်တော်က သဘောတူခဲ့ခြင်းဖြစ်ကြောင်း မတ်လ၁၆ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းကို ၁၉၅၃၊ ၁၉၆၃၊ ၁၉၇၃နှင့် ၁၉၈၃ ခုနှစ်တို့တွင် ပြုလုပ်ခဲ့ပြီး ထို့နောက်ပိုင်းတွင် မပြုလုပ်ရသေးပေ။

သန်းခေါင်စာရင်းကောက်ယူရေးကိစ္စမှာ ဆောင်ရွက်သင့်၊ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြင်ဆင်အချိန်ယူဆောင်ရွက်ရမည်ဟု သဘောပေါက်ပါကြောင်း၊ ၎င်းအဆိုနှင့်ပတ်သက်၍ အချိန်ယူဆက်လက်ဆောင်ရွက်သင့်သောကိစ္စဖြစ်ကြောင်း ဦးမောင်ဦးက ဆွေးနွေးခဲ့သည်။

မတ်လ၉ရက်က ဦးဖေသန်း တင်သွင်းသောအဆိုကို မတ်လ ၁၀ရက်တွင် ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။ အမျိုးသားလွှတ်တော်တွင် မတ်လ၉ရက် ဦးပေါ်လျှံလွင်တင်သွင်းသော ချင်းပြည်နယ်တွင်ဆရာဝန်များလိုသောဒေသများသို့ စေလွှတ်ပေးပါရန်အဆိုကို လွှတ်တော်က မတ်လ၁၆ရက်တွင် အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

လွှတ်တော်တွင် ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းပါက အစည်းအဝေးမတိုင်မီ ၁၀ ရက်၊ အဆိုတင်သွင်းပါက ၁၅ ရက်ကြိုတင်၍ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရသည်။ လွှတ်တော်တွင် ကိုယ်စားလှယ်များ မေးမြန်းသော၊ တင်သွင်းသော မေးခွန်းနှင့်အဆိုများမှာ ၎င်းတို့ မေးမြန်း၊ဆွေးနွေးလိုသော အကြောင်းအရာများဖြစ်ပြီး ဖြေကြားမည့်သူနှင့် ကြိုတင်တိုင်ပင်ထားခြင်းလုံးဝမရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။

## စာ-၄၊ တရားဝင်အလုပ်သမားပို့ထားကြောင်း သက်သေပြနိုင်မှသာ အလုပ်အကိုင်အေဂျင်စီများကို လိုင်စင်သက်တမ်းတိုးပေးမည် မှ

ယခင်နှစ်များ၌ တရားဝင်အလုပ်သမားစေလွှတ်နိုင်ရေးအတွက် အေဂျင်စီတစ်ခုသို့ လုပ်သားတစ်ဦးလျှင် ငွေကျပ်၅၀,၀၀၀ ပေးသွင်းရသော်လည်း ၂၀၁၁ခုနှစ်မှစ၍ အဆိုပါအေဂျင်စီသို့ ပေးသွင်းစရာမလိုဘဲ အက်ဖ်အီးစီ၁၀၀ဖြင့် စာအုပ်ပြုလုပ်ရမည်ဟုပြောင်းလဲသတ်မှတ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင်အေဂျင်စီ ၁၀၀ကျော်အားလိုင်စင်သက်တမ်းထပ်မံတိုးပေးခဲ့သော်လည်း ဖျက်သိမ်းခံရမှုရှိခဲ့သဖြင့် ၁၀၀ အောက်သို့ ရောက်ရှိခဲ့ပြီး အေဂျင်စီအသစ် ၁၀ခုကျော်အား ထပ်မံချထားပေးခဲ့သည်။

## မျက်နှာဖုံး-ငါးဖမ်းလှေများ နစ်မြုပ်မှုကြောင့် ဖျာပုံခ ိုင်တစ်ခုအတွင်း ပင် ရေလုပ်သား ၃၀၀၀ကျော် ကယ်ဆယ်ခဲ့ရ မှ

မတ်လ ၁၄ရက်မှ ၁၈ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းလှေများ နစ်မြုပ်ကြောင်း မတ်လ ၁၅ ရက်နှင့် ၁၆ရက်တို့တွင် ဒေသအာဏာပိုင်များမှတစ်ဆင့် သတင်းရ၍ တပ်မတော်ရေမှ စစ်ရေယာဉ်သုံးစင်းနှင့် ပုဂ္ဂလိက ရေယာဉ်များက ရှာဖွေကယ်ဆယ်ယူခဲ့ရသည်ဟုသိရသည်။

ရေလုပ်သားများသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှဖြစ်ပြီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံ့တေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များတွင်လည်း ကြုံတွေ့ခဲ့သည်။ ဖျာပုံခရိုင်အတွင်းမှပင် ငါးဖမ်းထွက်သူ ရေလုပ်သား ၆၁၁ ဦးရှိကြောင်းသိရသည်။

ဖျာပုံခရိုင်တစ်ခုတည်း အတွင်းရှိ ရေလုပ်သားများသည် ၁၅ရက်တွင် ကမ်းခြေမှ ရေလံ ၁၀လံခန့်တွင် ငါးနှပ်(အာပဲ့ခြောက်) ကြီးပုစွန်များ ဖမ်းဆီးစဉ် အထက်ပါဖြစ်ရပ်မျိုး ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယခုကဲ့သို့ တပေါင်းလတွင် တစ်ကြိမ်မှမကြုံဖူးသည့်အပြင် ၂၀၀၈ခုနှစ် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ချိန်ကပင် ၎င်းရေလုပ်သားများသည် အန္တရာယ်မတွေ့ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးမျိုးမြင့်ကပြောသည်။

“စက်မဲ့ဝါးဖောင်တွေနဲ့မို့ ငါးဖမ်းရာသီကလည်း ကုန်ခါနီးဆိုတော့ ရာသီဥတုဆိုးရွားပြီး ဖောင်တွေပျက်ကုန်တယ်။ အနီးနားက စက်ပါတဲ့ မြှုံးထောင်နေတဲ့လှေတွေက ဆယ်ယူခဲ့တာ”ဟု၎င်းက 7Day News သို့ပြောသည်။ ကယ်ဆယ်ရရှိသူ ရေလုပ်သားအချို့အား ရန်ကုန်မြို့သို့ ၂၀ရက်တွင် ခေါ်ဆောင်လာ၍နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးပြီးဖြစ်ကြောင်းသိရသည်။

ရှာဖွေကယ်ဆယ်ရရှိသူ ရေလုပ်သားများထဲမှ ငါးဦးမှာ ဒဏ်ရာရရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်ထားကြောင်းသိရသည်။ ရေလုပ်သားများအား မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် လူမှုဖူလုံရေးအဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့က ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

# Health

7DAY NEWS JOURNAL

Vol.10, No.3 • MARCH 24, 2011




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အပူစံချိန်မတင်သေးသော်လည်း နွေအပူကို သတိပြုသင့်

သီဟ

ယခုအချိန်သည် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သော်လည်း လာနီညာ အကျိုးသက်ရောက်မှုကြောင့် မိုးများရွာသွန်းလျက်ရှိနေရာ နွေရာသီ၏သရုပ်ကို ပီပီပြင်ပြင်မခံစားရသေးသော်လည်း ယခုကဲ့သို့သော အခြေအနေသည် ကြာရှည်စွာတည်ရှိနေမည်မဟုတ်သဖြင့် ပေါ့ဆစွာမနေကြရန် လိုအပ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကနွေရာသီသည် စံချိန်တင်ပူပြင်းခဲ့သဖြင့် အသက်ကြီးပိုင်းအချို့ တိမ်းပါးခဲ့မှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါသင်ခန်းစာကိုယူ၍ ယခုနှစ်တွင်လည်း ပေါ့ဆ၍ မနေကြရန် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာခင်မောင်လွင်က ပြောသည်။

နွေရာသီ၏ ပူပြင်းမှုကို ခံစားလာရပါက အပူဒဏ်ခံနိုင်စေရန် ချည်ထည်ပွပွအဝတ်အထည်များကို ဝတ်ဆင်ကြရန်လိုအပ်ကြောင်း သိရသည်။

“ကလေးတွေအနေနဲ့က ဈေးပေါပေါနဲ့ရတဲ့ အလှအပအဝတ်အထည်ဆန်းတွေကိုပဲရွေးချယ်မနေဘဲ ချည်ထည်ရိုးရိုးလေးကိုပဲ ဝတ်နိုင်ရင်တော့ အကောင်းဆုံးပဲ” ဟု ဒေါက်တာ ခင်မောင်လွင်က ပြောသည်။

လူကြီးများအနေဖြင့်လည်း ပူလောင်သောရာသီဥတုနှင့် ကြုံတွေ့ရပါကလည်း ပေါ့ဆစွာမနေသင့်ဘဲ ပူအိုက်သည့် အခါတွင် အင်္ကျီချွတ်၍နေခြင်းမျိုးများမပြုလုပ်သင့်ကြောင်း သိရသည်။

ယခုကဲ့သို့သော ရာသီဥတုသည် နေ့ခင်းပိုင်းတွင် အလွန်အမင်းပူပြင်းတတ်သော်လည်း ညဘက်အေးလာပါက အအေးဓာတ်ပိုမိုတတ်သည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကလေးများ ဒုက္ခတွေ့နိုင်ကြောင်း သိရသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များသည် ယခုအချိန်ကပင် ပူပြင်းသည့် ရာသီဥတုအတွက် ကြိုတင်ပြင်ထားစေလိုကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

ထို့အပြင် လူလတ်ပိုင်း အရွယ် အတော်များများသည် အပူဒဏ်ကိုခံနိုင်သည်ဟု မိမိကိုယ်မိမိ အထင်ရှိကြသော်လည်း တကယ်တမ်းတွင် ခံနိုင်ရည် မရှိကြသည့်အတွက် နေ့လယ်ဘက် အပူပြင်းချိန်တွင် အပြင်ထွက်မည်ဆိုပါက အမိုးအကာ၊ ဥပမာ ဦးထုပ် (သို့မဟုတ်) ထီးတစ်ခုခု ယူဆောင်၍ သွားသင့်ကြောင်း သိရသည်။

အလားတူ ယခုကဲ့သို့သော ရာသီဥတုသည် ပူနေရာမှ ရုတ်တရက် မိုးရွာချခြင်းများဖြစ်ပေါ်တတ်သောကြောင့် မိုးရေစိုခြင်းမှ ကာကွယ် နိုင်ရန်အတွက် အပြင်ထွက်သွားလာချိန် သို့မဟုတ် အလုပ်သွားချိန်များတွင် အပန်းမကြီးပါက အဝတ်အစားတစ်စုံ အပိုယူသွားကြစေလိုသည်ဟု ဒေါက်တာခင်မောင်လွင်ကပြောသည်။

လူငယ်လူလတ်ပိုင်းများ အနေနှင့်လည်း ယခုကဲ့သို့သော အပူချိန်ပြင်းထန်ချိန်တွင် အရက်သေစာသောက်စားခြင်းအား ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း သိရသည်။

ဘီယာသည်ပင်လျှင် သောက်ချိန်တွင်အေးမည်ဖြစ်သော်လည်း အယ်လ်ကိုဟောပါဝင်သည့် အတွက် နောက်ပိုင်းတွင် အပူဓာတ်ကိုသာပေးမည်ဖြစ်သဖြင့် ဆင်ခြင်ကြရန် လိုအပ်ကြောင်းသိရသည်။

ထို့အပြင် နွေရာသီတွင် အစားအစာများအားလည်း အာဟာရပြည့်ဝစွာ စားသုံးရမည်ဖြစ်ပြီး ပြင်ပအပူရှိန်ကြောင့် ရေဓာတ်ခန်းခြောက်တတ်ရာ ရေဓာတ်အား အမြဲဖြည့်တင်းပေးရန်လိုအပ်ကြောင်း သိရသည်။ ထို့အပြင် ချွေးထွက်များသောကြောင့် အားပြတ်ခြင်းမဖြစ်ပေါ်စေရန် အတွက်လည်း ဓာတ်ဆားရည် သောက်ပေးရန် လိုအပ်သည်။

အသီးအနှံများ အနေဖြင့်လည်း အရည်ရွှမ်းသော အသီးအနှံများ၊ အစိမ်းရောင်အသီးအရွက်များကိုလည်း စားသုံးပေးရန် လိုအပ်သည်။

ထို့အပြင် ယခုရာသီသည် နေတစ်ပြိုက်၊ မိုးတစ်ပြိုက်ဖြစ်တတ်သည့် ရာသီဥတုဖြစ်သည့် အတွက် အစားအစာများတွင် ပိုးပွားမှုများပြားလာပြီး ပုပ်သိုးခြင်းဖြစ်ပေါ်တတ်သဖြင့် အစားအစာများအား လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးချက်ပြုတ်စားသုံးသင့်ကြောင်း သိရသည်။ အထူးသဖြင့် လက်သုပ်စာများသည် ချက်ပြုတ်လိုက်ခြင်း မဟုတ်သည့်အတွက် ပိုးများခိုကပ်နေထိုင်နိုင်သဖြင့် မစားသင့်ကြောင်းသိရသည်။

စာ(၁၄)သို့

## တိရစ္ဆာန်ရောဂါမှ လူဆီသို့...

ဝတ်ရည်

ကမ္ဘာတစ်ဝန်းလုံးတွင် ရာသီဥတုပြောင်းလဲမှုများ ကြုံတွေ့ခံစားနေကြရပြီး ထိုရာသီဥတုအပြောင်းအလဲများကြား၌ ရောဂါပိုးအမျိုးမျိုးလည်း ပေါက်ဖွားလာလျက်ရှိသည်။

ထိုရောဂါပိုးများသည် တိရစ္ဆာန်များတွင် စတင်ဖြစ်ပွားကူးစက်သည့် ရောဂါပိုးများရှိသကဲ့သို့ လူများတွင်သာ ဖြစ်ပေါ်ခံစားရသည့် ရောဂါပိုးအသစ်များ၊ တိရစ္ဆာန်များမှတစ်ဆင့်လူသို့ကူးစက်သည့် ရောဂါပိုးအသစ်များဖြင့် တိရစ္ဆာန်များနှင့် လူသားတို့၏အသက်အား ခြိမ်းခြောက်မှုများရှိလာသည်။

တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်သည့် ရောဂါပိုးများတွင် ဗိုင်းရပ်စ်များ မျိုးဗီဇကွဲပြားရာမှ ဗိုင်းရပ်စ်အသစ်များ ပွားလာပြီး လူသို့ ကူးစက်ခြင်းများရှိသကဲ့သို့ ရောဂါပိုးကူးစက်ခံ၍ သေဆုံးသွားသည့် တိရစ္ဆာန်များ၏ သွေးနှင့်အရည်များအား ထိတွေ့မိခြင်းများမှတစ်ဆင့် ကူးစက်သည့် ရောဂါပိုးများလည်းရှိသည်။

ရောဂါပိုးကြောင့် သေဆုံးသည့် တိရစ္ဆာန်များ၏ အသားများအား



ကိုင်တွယ်မိခြင်း၊ စားသုံးမိခြင်းတို့ကြောင့် ရောဂါကူးစက်မှုများရှိပြီး၊ အချို့ရောဂါပိုးများသည် လူသို့ကူးစက်မှုမရှိသော်လည်း စားသုံးမိသူများတွင် ဝမ်းပျက်ဝမ်းလျှောခြင်းများ ကြုံတွေ့ရနိုင်ကြောင်း ဝါရင့်ဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

“အချို့တိရစ္ဆာန်တွေမှာ ရောဂါတစ်ခုခုကြောင့် သေသွားတဲ့အခါ အဲဒီရောဂါက လူကို မကူးစက်နိုင်ပေမယ့် အဲဒီအသားကို စားမိရင် အကြီးအကျယ်ဝမ်းလျှောတာမျိုးတွေရှိတယ်။ ဥပမာ ကျွဲ၊ နွားတွေမှာ ခွာနာ၊ လျှာနာဖြစ်ရင် အနာဖြစ်တဲ့အသားတွေတင်မကဘူး၊ ရောဂါပိုးတွေက တစ်ကိုယ်လုံး ပြန့်နေတာလေ။ ရောင်းတဲ့သူတွေက အနာဖြစ်တဲ့ အသားတွေဖယ်ပြီးရောင်းပေမယ့် ရောဂါပိုးပါတဲ့အသားတွေစားမိရင် ဝမ်းလျှောတာမျိုးတွေဖြစ်တယ်”ဟု တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာရဲမြင့်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ဖြစ်ပွားနေသည့် ဝက်နားရွက်ပြာရောဂါသည် ဝက်များ၌ ဝက်မျိုးပွားဆိုင်ရာ လမ်းကြောင်းနှင့်အသက်ရှူလမ်းကြောင်းများမှတစ်ဆင့်ကူးစက်ပြီး ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသည့်ရောဂါမျိုးဖြစ်သော်လည်း ယခုအချိန်ထိ လူသို့ကူးစက်မှုမရှိသေးကြောင်းသိရသည်။

စာ(၁၄)သို့




7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

## စာ – ၁၃၊ တိရစ္ဆာန်ရောဂါမှ လူဆီသို့ မှ

ဝက်နားရွက်ပြာရောဂါသည် အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်ပွားနေသော်လည်း မြန်မာနိုင်ငံတွင် ယခုမှသာ ဖြစ်ပွားသောရောဂါဖြစ်ပြီး ရောဂါပိုးကူးစက်ခံရသည့်ဝက်များ ကိုယ်အပူချိန် မြင့်မားခြင်း၊ ခန္ဓာကိုယ်အရေပြားနီပြီးနားရွက်များ ပြာလာခြင်းတို့ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ရောဂါဖြစ်ဖြစ်ချင်းတုန်းကတော့ အသားတွေကိုပေါ်ပြီးရောင်းကြတယ်။ နောက်ပိုင်း သက်ဆိုင်ရာကနေ အဲဒီအသားတွေကိုမရောင်းရဘူး။ မစားရဘူးလို့ထုတ်ပြန်လိုက်တော့ တချို့တွေကအသားတွေကို ဝက်အူချောင်း လုပ်တာတွေနဲ့ အခြားအခြောက်တွေလုပ်ပြီး အခြားနေရာတွေမှာ ရောင်းတာတွေရှိတယ်"ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

အဆိုပါ ရောဂါပိုးသည်ရောဂါဖြစ်ဝက်နှင့် တခြားဝက်များ တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါဖြစ် ဝက်၏အရည်များမှ တစ်ဆင့်လည်းကောင်း၊ ရောဂါပိုးပါသော အစားအစာနှင့် ရေများမှတစ်ဆင့်လည်းကောင်း၊ ရေ၊ လေ၊ လူ၊ လုပ်ငန်းအသုံးအဆောင်ပစ္စည်းများမှ တစ်ဆင့်လည်းကောင်း၊ ရောဂါဖြစ်၍ သေဆုံးသွားသည့်ဝက်များနှင့် တိရစ္ဆာန်ထွက် ပစ္စည်းများမှတစ်ဆင့်လည်းကောင်း ကူးစက်မှုရှိကြောင်း သိရသည်။

"အခုအချိန်မှာ လူကိုကူးစက်မှု မရှိသေးဘူးလို့ ဆိုပေမယ့် ဗိုင်းရပ်စ်ကြောင့် ဖြစ်လာတဲ့ ရောဂါပိုးမွှားတွေက မျိုးဗီဇကွဲပြားသွားပြီးတစ်မျိုးနဲ့ တစ်မျိုးပေါင်းပြီး နောက်ဗိုင်းရပ်စ်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ရောဂါကြောင့် သေဆုံးသွားတဲ့ တိရစ္ဆာန်တွေကိုတော့ မစားတာ၊ မကိုင်တာကတော့အကောင်းဆုံးပါပဲ။ ဒါပေမဲ့ ဒီကလူတွေကတော့ အကောင်တစ်ကောင် ဘာကြောင့်ပဲသေသေ စားလိုက်ကြတာပဲ" ဟုဒေါက်တာထွန်းသိန်းက ပြောသည်။

နွားများ၊ ကျွဲများစသည့် ခွာကွဲနေသော တိရစ္ဆာန်များတွင်သာကူးစက်ဖြစ်ပွားလေ့ရှိသော ခွာနာ၊ လျှာနာရောဂါသည် လူအပါအဝင် ခွာမရှိသော တိရစ္ဆာန်များသို့ကူးစက်မှုမရှိနိုင်သော်လည်း ထိုရောဂါဖြစ်ပွားနေသော အသားအား ကျက်အောင်ချက်၍ စားသင့်ကြောင်း တိရစ္ဆာန်ကုဆရာဝန်ဒေါက်တာရဲမြကပြောသည်။

"မစားတာကတော့ အကောင်းဆုံးပါပဲ။ စားမိလို့ အခန့်မသင့်ရင် တစ်ခုခုဖြစ်နိုင်ပေမယ့် နွားတစ်ကောင်လုံးသေတာတော့ မြေမြှုပ်ပစ်တဲ့သူနည်းပါတယ်။ ဒီလိုပဲစားကြတာပဲ။ ဒါပေမဲ့ စားရင်တော့ ကျက်အောင်ချက်စားသင့်တယ်" ဟုအဆိုပါဆရာဝန်က ပြောသည်။

အသားများသာကမ ငါးများတွင်လည်း ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်စေ ပင်လယ်ပြင်အတွင်း အဆိပ်ရှိရေညှိပင်များကြောင့် အောက်ဆီဂျင်ပြတ်၍ သေဆုံးသောငါးများမှာ ပါးဟက်များမီးလောင်ထားသလို ဒဏ်ရာများရှိပြီး အစုလိုက်အပြုံလိုက် သေဆုံးခြင်းဖြစ်ပြီး ထိုငါးများအား စားသုံးမိသူများတွင် ကျန်းမာရေးထိခိုက်နိုင်ကြောင်း အဏ္ဏဝါသိပ္ပံပညာရှင်တစ်ဦးကပြောသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအများအပြားတွင် ဖြစ်ပွားသည့် ကမ္ဘာ့လူတုပ်ကွေးရောဂါသည် ဝက်များ၌ ဖြစ်ပွားသည့် ဗိုင်းရပ်စ်မှ မျိုးဗီဇပြောင်းလဲ၍ လူအချင်းချင်းကူးစက်သော ရောဂါပိုးအဖြစ် ပြောင်းလဲ၍ ကူးစက်မှုမြန်ဆန်ခဲ့ပြီး လူသေဆုံးမှုများရှိခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ ယခုဖြစ်ပွားနေသည့် ဝက်နားရွက်ပြာရောဂါအား ဖြစ်စေသည့်ဗိုင်းရပ်စ်ပိုးအတွက် ကာကွယ်နိုင်ရန် ကာကွယ်ဆေးမရှိကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ သိရသည်။

## ငှက်ဖျားရောဂါ ဆေးယဉ်ပါးမှု တဖြည်းဖြည်းများလာ

**ဝတ်ရည်**

**ရန်ကုန်၊ မတ် – ၁၆**

ဆေးယဉ်ငှက်ဖျားရောဂါသည် ယခုအချိန်တွင် ကုသရန် ဆေးဝါးများရှိသော်လည်း လူအများစုတွင် ဖြစ်ပွားပြီး လက်ရှိ အသုံးပြုနေသည့် ဆေးအားလုံးယဉ်ပါးလာပါက ကုသရန် မလွယ်ကူတော့ကြောင်း ငှက်ဖျားရောဂါ တိုက်ဖျက်ရေးမှ သိရသည်။

ငှက်ဖျားရောဂါအတွက် လက်ရှိတွင် ဆေးပုံစံသုံးမျိုး အသုံးပြုနေပြီး ရောဂါရှင်များမှာ နီးစပ်ရာ ဆေးဝါးများအား လွယ်လွယ်သောက်နေသောကြောင့် ဆေးယဉ်ပါးမှုများတဖြည်းဖြည်းများပြားလာကြောင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ဒေါက်တာမျိုးမင်းကပြောသည်။

"ဒီအချိန်မှာကတော့ ဆေးပုံစံ သုံးမျိုးရှိတော့ တစ်မျိုးယဉ်ရင် နောက်တစ်မျိုးနဲ့ ပြောင်းပြီး ကုလို့ရသေးတယ်။ နောက်ပိုင်း တစ်မျိုးပြီးတစ်မျိုး သုံးလို့ ယဉ်ပါးလာပြီး နောက်ကုစရာဆေးမရှိ ဖြစ်လာမှာစိုးလို့ ကာကွယ်ရေးနဲ့ ကုသရေးကို ပိုသတိထားပြီး လုပ်နေရတယ်" ဟု အဆိုပါ ဆရာဝန်က ပြောသည်။

မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ဆေးယဉ်ငှက်ဖျားလူနာများ တွေ့ရှိပြီး ငှက်ဖျားရောဂါသည် အသက်သေစေနိုင်သည့် ရောဂါဖြစ်သည့်အတွက် ဖြစ်ပွားရာနေရာများတွင် အခြားသူများသို့ ရောဂါမပြန့်ပွားစေရန် နှိုးဆော်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ဆေးဆိုင်များတွင် ရောင်းချသည့် ငှက်ဖျားရောဂါ ဆေးဝါးများသည် ဆေးတစ်မျိုးတည်း ကုသသည့် ဆေးဝါးများဖြစ်ပြီး လူအများမှာ ထိုဆေးဝါးများအား လွယ်လွယ်သောက်သုံးနေသောကြောင့် ဆေးယဉ်ပါးမှုများ ဖြစ်ပွားလာနိုင်၍ ထိုဆေးဝါးများအား FDAက တင်သွင်းခွင့် ပိတ်ပင်ထားကြောင်း သိရသည်။

"ဆေးတစ်မျိုးတည်းကြောင့် ဆေးမတိုးတာတွေ ဖြစ်ပြီး ဆေးယဉ်ကြတာ" ဟု အဆိုပါ ဆရာဝန်ကပြောသည်။



လက်ရှိတွင် ဆေးယဉ်မှု မဖြစ်စေရန် ဆေးသုံးမျိုးပေါင်းစပ်ထားသည့် ဆေးကိုအသုံးပြု၍ ကုသခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေပေးသည့် အဖွဲ့ (Globlal Fund)မှ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းတစ်သောင်းကျော်ရှိကြောင်း သိရသည်။

## စာ – ၁၃၊ အပူစံချိန်မတင်သေးသော်လည်း နွေအပူကို သတိပြုသင့် မှ

ထို့အပြင် အစားအစာများအားလည်း ယင်မနားစေရန် အထူးကာကွယ်ထားရန်လိုအပ်ကြောင်း သိရသည်။အလားတူ ဝမ်းရောဂါလည်းဖြစ်ပွားနိုင်သည့်အတွက် ဝမ်းနူးစေမည့် အစားအစာများ စားသုံးခြင်းအား ဆင်ခြင်ကြရန် လိုအပ်ကြောင်း သိရသည်။

ပြင်ပသို့သွားလာနေချိန်များတွင် ရုတ်တရက်မိုးရွာချခြင်းမှ ကာကွယ်နိုင်ရန်အတွက်လည်း အပြင်ထွက်သည့်အခါ အနည်းဆုံး ဦးထုပ်ဆောင်းကြရန် ဒေါက်တာခင်မောင်လွင်က တိုက်တွန်းပြောကြားသည်။

ခန္ဓာကိုယ်အတွင်း အပူချိန် ရုတ်တရက်ပြောင်းလဲသွားပါက ပြင်ပမှ တုပ်ကွေးဗိုင်းရပ်စ်ပိုးများ ဝင်ရောက်နိုင်သောကြောင့် ဂရုပြုကြရန်လိုအပ်ကြောင်း သိရသည်။

အပူချိန်များနေချိန်တွင် ရေချိုးခြင်းကိုလည်း ဆင်ခြင်ရန်လိုအပ်ပြီး ရေချိုးရန်အကောင်းဆုံးအချိန်မှာ နံနက် ခုနစ်နာရီမှ နံနက်ကိုးနာရီအတွင်း ကောင်းမွန်သည့်အချိန်ဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းချောင်းကမ်းခြေများတွင်ရေချိုးမည့်သူများသည်လည်း မိမိတို့၏ ခေါင်းပေါ်တွင် နေရောင်ကျရောက်နေချိန်များ၌ ရေချိုးရန်မသင့်ကြောင်း သိရသည်။

အိမ်တွင်း၌နေထိုင်သူများအတွက်လည်း တတ်နိုင်သူများသည် လေအေးပေးစက်များ တပ်ဆင်၍အိမ်တွင်း၌ အအေးပေးကာ နေတတ်ကြသော်လည်း အဆိုပါ ပုဂ္ဂိုလ်များ အပြင်ထွက်ပါက ပြင်ပအပူချိန်ကိုခံစားရမည်ဖြစ်၍ ပြင်ပအပူချိန်နှင့် သဟဇာတဖြစ်စေရန်အတွက် လေအေးပေးစက်များ၊ လေပန်ကာများကိုလည်း အချိန်ပြည့် မဖွင့်ထားကြဘဲ အခန်းတွင်း အပူချိန်နှင့် သင့်တင့်မျှတစွာ နေထိုင်ကြရန် လိုအပ်ကြောင်း သိရသည်။

အလားတူ သင်္ကြန်ကာလသည်လည်း အပူချိန်များပြားနေသည့် အချိန်ဖြစ်သည့်အတွက် အဆိုပါကာလအတွင်းလည်ပတ်မည်ဆိုပါကလည်း အဝတ်အစား၊ အစားအသောက်များကိုလည်း ဆင်ခြင်သင့်ကြောင်း သိရသည်။


သင်္ကြန်ကာလအတွင်း လည်ပတ်မည်ဆိုပါကလည်း နံနက် ဆယ်နာရီအထိသာလည်ပတ်သင့်ပြီး ညနေပိုင်းတွင် သုံးနာရီနောက်ပိုင်းမှသာ လည်ပတ်သင့်ကြောင်း သိရသည်။

နားနေချိန်များတွင်လည်း သဘာဝ အရိပ်ရသည့်နေရာများတွင်သာနားခိုသင့်ပြီး လေအေးပေးစက်၊ လေပန်ကာ စသည့်အရာများအားဖွင့်၍ အနားမယူသင့်ကြောင်း သိရသည်။

"ဆယ်နာရီကနေ သုံးနာရီအထိနားသင့်တယ်ဆိုတော့ သင်္ကြန်လည်ချိန်ကနည်းတော့နည်းသွားနိုင်တယ်။ ဆယ်နာရီနောက်ပိုင်းဆိုအပူချိန်က အရမ်းပြင်းလာပြီလေ။ ဆယ်နာရီက သုံးနာရီအတွင်းနေဆိုတာက ရောဂါပိုးတောင်သေနိုင်တယ်။ အဲဒီလိုရောဂါပိုးတောင်သေနိုင်တဲ့ အပူချိန်မျိုးမှာ လူကမထွက်တာကောင်းတယ်" ဟု ဒေါက်တာခင်မောင်လွင်ကပြောသည်။

ယခုအချိန်သည် ရာသီဥတုဖောက်ပြန် ပြောင်းလဲနေသည့် ကာလဖြစ်သည့်အတွက် ကိုယ်နေထိုင်သည့်ဒေသနှင့် ကိုယ့်ခံနိုင်ရည်အပေါ် လိုက်၍ ရာသီဥတုနှင့်လျော်ညီစွာနေထိုင်ကာ အပူအအေးမျှတသည့် အဝတ်အထည်များဝတ်ဆင်ခြင်းနှင့် သင့်တင့်မျှတသည့် အစားအသောက်အနေအထိုင်များဖြင့် မိမိကိုယ်ကို ကာကွယ်နေထိုင်ကြရန် လိုအပ်ကြောင်း ပညာရှင်များကပြောသည်။



# Regional

7DAY NEWS JOURNAL

Vol.10, No.3 • MARCH 24, 2011


# အာဆီယံစံနှုန်းဖြင့် ကုန်တင်ဆောင်ခြင်းယာယီရပ်နားလိုက်ခြင်းကြောင့် မန္တလေးမှ ကုန်တင်ခများသိသိသာသာကျဆင်း

**စိုင်းသာအောင်**

**မန္တလေး၊ မတ်-၁၈**

ပြည်တွင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် အာဆီယံစံနှုန်းအတိုင်း ကုန်တန်ချိန်သတ်မှတ်ချက်များဖြင့် တင်ဆောင်ခြင်းကို ယာယီရပ်ဆိုင်းလိုက်ခြင်းကြောင့် မန္တလေး-မူဆယ်၊ မန္တလေး-ရန်ကုန်၊ မန္တလေး -စစ်တွေ၊ မန္တလေး-ပြည်လမ်းကြောင်းများတွင် ကုန်တင်ခနှုန်းများ သိသိသာသာကျဆင်းသွားကြောင်း ကျွဲဆည်ကန်အဝေးပြေးကုန်တင်ကားဂိတ်များမှ သိရသည်။



*ရန်ကုန်-မန္တလေးအဝေးပြေးလမ်းပေါ်တွင် တွေ့ရသည့်ကုန်တင်ယာဉ်တစ်စီး။*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ကုန်တင်ကားကြီးဂိတ်၊ ဂိတ်တာဝန်ခံတစ်ဦးက "ကုန်တင်ခနှုန်းတွေ သိသိသာသာ ကျသွားတာကတော့ မန္တလေး၊ ပြည်ဘက်ပို့တဲ့ ကုန်တင်ကားတွေနဲ့ ရခိုင်ဘက်ပို့တဲ့ ကုန်တင်ကားတွေ သိသိသာသာ ကျသွားပါတယ်။ မန္တလေးပြည်လမ်းမှာ အာဆီယံစံနှုန်းကြောင့် ယခင်ကုန်တစ်ပိဿာ ၉၀ ကျပ်မှ ယခုတစ်ပိဿာ ၃၀ ကျပ်အထိ ဈေးကျသွားတယ်။ ရခိုင်ဘက်ကပိုပြီး ဈေးကျတယ်။ အာဆီယံစံနှုန်းကြောင့် ယခင်ကုန်တစ်ပိဿာ ၂၂၀ ကျပ်ထိ ဈေးတက်သွားတယ်။ ယခုတစ်ပိဿာ ၁၂၀ ကျပ်ပဲကုန်တင်ခရှိတော့တယ်" ဟုပြောသည်။ မန္တလေး-မူဆယ်ကုန်တင်ကားဂိတ်မှဂိတ်မှူးတစ်ဦးက "ကျွန်တော်တို့ မန္တလေး-မူဆယ်လိုင်းမှာ ၁၀ ဘီးကား၊ ၁၂ ဘီးကား၊ အစီးပေါင်း ၃၀၀ ခန့်ရှိတယ်။ အာဆီယံစံနှုန်းအတိုင်းသာ ကုန်တွေသယ်ရမယ်ဆိုရင် ကုန်တင်ကားကြီးနောက်ထပ် အစီး ၆၀၀ ခန့် ထပ်လိုပါတယ်။ ကျွန်တော်တို့ မူဆယ်ဘက်က ကားတွေက အိမ်ဆောက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနဲ့ ဓာတ်မြေဩဇာအိတ်တွေသယ်ရတယ်။ဓာတ်မြေဩဇာ အိတ်သယ်တဲ့ကားတွေက ပိုများပါတယ်။

*စာ(၁၇) သို့*

## ဆီစာအုပ် ထုတ်ပေးပြီးနောက် ဆိုင်ကယ်ဓာတ်ဆီခွဲတမ်း ထက်ဝက်လျှော့ချ

**ထူးသန့်**

**နေပြည်တော်၊ မတ်-၁၆**

ပုဂ္ဂလိကစက်သုံးဆီဆိုင်များက ဓာတ်ဆီဝယ်ယူခွင့်စာအုပ်များ ထုတ်ပေးပြီးနောက် ရက်အနည်းငယ်အတွင်း မော်တော်ဆိုင်ကယ်များသို့ ထုတ်ရောင်းသည့် ဓာတ်ဆီခွဲတမ်းကိုလည်း ထက်ဝက်လျှော့ချလိုက်ကြောင်း နေပြည်တော်ပျဉ်းမနားမြို့ရှိ မော်တော်ဆိုင်ကယ်အသုံးပြုသူများက ပြောသည်။ စက်သုံးဆီဆိုင်များမှ ဓာတ်ဆီဝယ်ယူခွင့် စာအုပ်များကို မတ် ၁၁ ရက်မှ စတင်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး မတ်လ ၁၅ ရက်မှစ၍ ယခင်တစ်ရက်တစ်ဂါလန်ဝယ်ယူခွင့်ပြုရာမှ ဂါလန်ဝက်သာ ဝယ်ယူခွင့်ပြုတော့ကြောင်း ကိုယ်တိုင်ဓာတ်ဆီဝယ်ယူခဲ့သူတစ်ဦးက ပြောသည်။

"တန်းစီလိုက်ရတာတော့ နှစ်နာရီလောက်ကြာတယ်။ ဂါလန်ဝက်ပဲဝယ်ခဲ့ရတဲ့အတွက် တွက်ခြေမကိုက်ပါဘူး" ဟူ၍ ၎င်းကဆက်လက်ပြောသည်။ နေပြည်တော်ပျဉ်းမနားမြို့နှင့် ဝန်းကျင်ဒေသတွင် ဆိုင်ကယ်အရေအတွက် သောင်းဂဏန်းရှိသော်လည်း ပုဂ္ဂလိကစက်သုံးဆီဆိုင်နှစ်ဆိုင်သာရှိသည့်အတွက် ဓာတ်ဆီဝယ်ယူခွင့်တန်းစီရန်ခက်ခဲပြီး ဆိုင်ရှေ့တွင်နေရာယူတန်းစီထားသူအများစုမှာလည်း အမှန်တကယ်အသုံးပြုသူများမဟုတ်ဘဲ နေရာရောင်းစားသူများသာဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ဆိုင်နားမှာရှိတဲ့ကလေးတွေက မိုးလင်းတာနဲ့သွားပြီးတန်းစီထားကြတယ်။ အချိန်မရလို့ သူတို့နေရာကိုလိုချင်ရင် နှစ်ရာပေးရတယ်။ ပျဉ်းမနားမှာ အမှန်တကယ်အသုံးပြုသူတွေကို အဆင်ပြေစေချင်တယ်ဆိုရင်ဆိုင်တွေထပ်ပြီး တိုးချဲ့ပေးသင့်သလို ဆီရောင်းချိန်ကိုလည်းထပ်တိုးပေးသင့်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ လက်ရှိစက်သုံးဆီရောင်းချပေးသည့်အချိန်များမှာ နံနက် ၇ နာရီမှ ၁၀ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီထိ ဖြစ်သည်။ အခြားစက်သုံးဆီ အမျိုးအစားဖြစ်သော ဒီဇယ်ဈေးကွက်တွင် ပြင်ပဈေးကွက်၌ တစ်ဂါလန် ၄၀၀၀ ကျပ်၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်တွင် ၄၂၀၀ ကျပ်ရှိ၍ ပြင်ပဈေးကွက်က ပို၍သက်သာနေသည်။ ဓာတ်ဆီမှာပြင်ပဈေးကွက်တွင် တစ်ဂါလန် ၅၀၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရှိသည်။

# ပထမဆုံးအကြိမ် ဇီဝလုံခြုံမှု ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသော ထနောင်းဝန်းကျေးရွာလမ်းများ မတ်လကုန် ပြန်ဖွင့်မည်

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၁၅**

မုံရွာမြို့နယ်အတွင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းအများဆုံးလုပ်ကိုင်လျက်ရှိသော ထနောင်းဝန်းစံပြကျေးရွာအဝင် ၊အထွက်လမ်းများအား ပထမအကြိမ်ဇီဝလုံခြုံမှုကန့်သတ်နယ်မြေအဖြစ်ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၅ ရက်က စတင်သတ်မှတ်ခဲ့ကာ ယခုလကုန်ရက်ပိုင်းတွင် ကျေးရွာအဝင်အထွက်လမ်းများအားလုံး ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ထနောင်းဝန်းကျေးရွာ မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အရှေ့ဘက် ၇ မိုင်ခန့်အကွာထနောင်းဝန်းမွေးမြူရေးစံပြကျေးရွာတွင် အိမ်ထောင်စု ၂၁၀ နေထိုင်ပြီး ကြက်မွေးမြူရေးလုပ်ကိုင်သူ ၇၅ ဦး၊ ကြက်ခြံပေါင်း ၁၄၀ ခြံ၊ ကြက်ကောင်ရေ ၈၇၁၅၀ ကောင်မွေးမြူလျက်ရှိပြီး နေ့စဉ်ကြက်ဥအလုံးရေငါးသောင်းခွဲ ဝန်းကျင်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၀၆ ခုနှစ်မတိုင်မီနှစ်များက ကြက်ခြံများ ရှင်းလင်းပြီးချိန်မှသာ ကြက်ခြံသန့်ရှင်းရေး ပိုးသတ်ဆေးဖျန်းစနစ်များကို ကျင့်သုံးခဲ့ရာမှ ၂၀၀၆ ခုနှစ်အ တွင်း မုံရွာမြို့ အနီးတစ်ဝိုက်ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကြက်ခြံသန့်ရှင်းရေးနှင့်ပိုးသတ်ဆေးဖျန်းစနစ်ကို ပုံမှန် နှစ်ပတ်တစ်ကြိမ်၊ ကြက်ငှက်တုပ်ကွေးဖြစ်ပွားလေ့ရှိသောကာလတွင် ၇ ရက် တစ်ကြိမ်ကြက်ခြံသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဇီဝလုံခြုံရေးကန့်သတ်နယ်မြေ သတ်မှတ်ပြီးတဲ့အချိန်မှာ ကြက်ရောင်းဝယ်ယူသူတွေကို ကျေးရွာအပြင်ဘက်က သတ်မှတ်နေရာမှာ ရောင်းဝယ်ခွင့်ပြုထားတယ်။ စက်ဘီး၊ ဆိုင်ကယ်၊ ကားတွေကိုလည်း ပိုးသတ်ဆေးဖျန်းပြီးမှ ဝင်၊ ထွက်ခွင့်ပြုထားတယ်။ ကြက်ခြံတွေကိုလည်း အရေးပေါ်ကာလအဖြစ် သတ်မှတ်ပြီး ကြက်ခြံသန့်ရှင်းရေးနဲ့ ပိုးသတ်ဆေးဖျန်းစနစ်ကို ငါးရက်တစ်ကြိမ် သတ်မှတ်ထားတယ်။ ဒီရက်ပိုင်းမှာ အအေးလျော့ပြီး နေပူရှိန်ကောင်းကောင်းရပြီဆိုတော့ ကြက်တွေအတွက် ပိုးမွှားကူးစက်မှု မရှိနိုင်တော့ဘူး" ဟု မုံရွာမြို့နယ် ထနောင်းဝန်းကျေးရွာ ကြက်မွေးမြူရေးလုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

ယခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုနှင့် မွေးမြူရေးအစားအစာများကြောင့် ကြက်၊ ဝက်နှင့်နွားအချို့ကူးစက်ရောဂါဖြစ်ပွားမှု ပိုမိုများပြားလာသည်။ မွေးမြူရေးလုပ်ငန်းများတွင်ရောဂါကူးစက်မှုမရှိရေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၏ ညွှန်ကြားချက်များနှင့်အညီ ဒေသဆိုင်ရာမွေးမြူရေးဆရာဝန်များကုသစောင့်ရှောက်မှုများအားလိုက်နာဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။




# မန္တလေးဘောလုံး အကယ်ဒမီဖွင့်လှစ်

စိုင်းသာအောင်


**မန္တလေး၊ မတ်-၁၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဂိုးပရောဂျက် စီမံကိန်းအရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတည်ဆောက်သည့် Myanmar Football Academy အဆောက်အအုံကို မတ်လ ၁၅ ရက်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာဂျိုးဇက်အက်စ်ဘလတ္တာနှင့်တာဝန်ရှိသူများကဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ဘောလုံးအကယ်ဒမီ အဆောက်အအုံသည် မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်အားကစားနှင့် ကာယပညာ သိပ္ပံအနီးတွင် တည်ရှိသည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းအတွင်းရှိ လေ့ကျင့်ရေးကွင်း၌ ကျောက်ဆည်ဆင်အကဖြင့် ဖျော်ဖြေမှု၊ ဘောလုံးကွင်း ၁+၂၊ သဲသောင်ပြင်ကွင်းနှင့် ဖူဆယ်ကွင်းတို့တွင် သင်တန်းသားများ၏ သရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် Myanmar Football Academy အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က မြန်မာနိုင်ငံ ဘောလုံးအားကစားဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဘလတ္တာက သူ၏ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။



ဓာတ်ပုံ - အောင်အောင်

မန္တလေးမြို့ရှိ Myanmar Football Academy သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဂိုးပရောဂျက် အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တည်ထောင်ထားပြီး ယခုအခါ အသက် ၁၁ နှစ် အောက် ၃၀ ဦး၊ အသက် ၁၃ နှစ်အောက် ၃၀ ဦး၊ အသက် ၁၅ နှစ်အောက် ၃၀ ဦး စုစုပေါင်း သင်တန်းသား (၉၀)ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကာ မြန်မာဘောလုံးနည်းပြ (၁၁) ဦး၊ ဒေးဗစ်ဘက်ခမ်း ဘောလုံးအကယ်ဒမီမှ နည်းပြဒီပလိုမာဘွဲ့ရရှိထားသူ ဘရာဇီးလူမျိုးနည်းပြ မစ္စတာမာကို၊ လက်ထောက်နည်းပြဦးသန်းလွင် (အေအက်ဖ်စီ၊ ဘီလိုင်စင်) တို့က စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း အဆိုပါဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီး ဦးစိုးညွန့်က 7Day News သို့ ပြောသည်။

## ဘင်္ဂလားဒေ့ရှ်တွင် ခေါင်းမဲ့ရေနံပုစွန်များကို ခေါင်းပါဈေးအတိုင်းပေးဝယ်

မောင်ကံ

**မောင်တော၊ မတ်- ၁၇**

မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့နေရသည့် ရေငန်ပုစွန်ခေါင်းပုစွန်ခေါင်းမဲ့များကို ဘင်္ဂလားဒေ့ရှ်ကုန်သည်များက ခေါင်းပါဈေးအတိုင်း ဈေးကောင်းပေးဝယ်ယူလာကြကြောင်း သိရသည်။ ယင်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဈေးကောင်းပေးဝယ်ယူသည့်အချိန်မှာ ရေငန်ပုစွန်အထွက်နည်းလာသည့် ပုစွန်ကန်ပြုပြင်ချိန်နှင့် သားပေါက်ထည့်သွင်းမွေးမြူချိန်တွင်ဖြစ်ပြီး ပုစွန်အထွက်ကောင်းရာသီတွင် ဈေးလျှော့ခံရကြောင်း ရေထွက်ပစ္စည်းတင်ပို့သူတစ်ဦးက ပြောသည်။

လက်ရှိမောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့နေရသည့် ရေငန်ပုစွန်များ၏ ဈေးနှုန်းများမှာ ညှိနှိုင်းဈေးသာဖြစ်သဖြင့် ပုစွန်အထွက်ကောင်းချိန်တွင် ဘင်္ဂလားဒေ့ရှ်မှဈေးလျှော့ဝယ်ယူတတ်ပြီး အထွက်နည်းချိန်တွင် ဈေးတင်ပေးဝယ်ယူကြကြောင်း သိရသည်။ လက်ရှိမောင်တောနယ်စပ်မှ တင်ပို့နေရသည့် ရေငန်ပုစွန်များ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါက်ဈေးမှာ Super Size တစ်ကီလိုလျှင် ၇၂၅ တာကာ၊ Grade 1 တစ်ကီလို ၆၃၅ တာကာ၊ Grade 2 ၄၈၅ တာကာ၊ Grade 3 ၃၇၅ တာကာ၊ Grade 4 ၂၇၅ တာကာ၊ Grade 5 ၁၇၅ တာကာနှင့် Pell အမျိုးအစားတစ်ကီလိုလျှင် ၅၀ တာကာဈေးရကြောင်း သိရသည်။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်၍ အရေးယူခံရသူများ စီမံခန့်ခွဲမှုဒဏ်ငွေ မပေးရတော့ဟုဆို



ဓာတ်ပုံ - ညီညီဇော်

မင်းဒင်

**မန္တလေး၊ မတ်-၁၄**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အရေးယူခြင်းအတွက် ဒဏ်ကြေးပေးဆောင်ရာတွင် ယခုလဆန်းပိုင်းမှစတင်ကာ တည်ဆဲမော်တော်ယာဉ်ဥပဒေတွင် ပါရှိသည့်ဒဏ်ငွေသာပေးဆောင်ခဲ့ရကြောင်း မန္တလေးမြို့ခံတစ်ဦးက ပြောသည်။ “အရင်လိုင်စင်မဲ့ကျန်ခဲ့တုန်းက တစ်သောင်းကျော်ဆောင်ခဲ့ရတယ်။ အခု ဦးထုပ်မဆောင်းခဲ့မိတာ တစ်ထောင်ကျော်ပဲဆောင်ရတော့ အံ့သြသွားတယ်။ နောက်ပိုင်းမှသိရတာ စီမံခန့်ခွဲမှုဒဏ်ငွေမပါတော့လို့ပါ”ဟု ကိုယ်တိုင်ဒဏ်ငွေဆောင်ခဲ့ရသူတစ်ဦးကပြောသည်။

တည်ဆဲမော်တော်ယာဉ်ဥပဒေများအရ ဥပဒေပုဒ်မများအလိုက် တရားရုံးပြစ်ဒဏ်အပါအဝင် ငွေဒဏ်အနေဖြင့် ကျပ် ၅၀၀ မှ ၁,၅၀၀ ကျပ် အထိ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

စီမံခန့်ခွဲမှု နည်းလမ်းအရ ပေးဆောင်ရမည့်ဒဏ်ငွေအနေဖြင့် ကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းအထိ ဥပဒေပုဒ်မများအလိုက် ဒဏ်ငွေများ အသီးသီးသတ်မှတ်ကာ စည်းကမ်းမလိုက်နာသူများအား ပေးဆောင်စေခဲ့သည်။

စာ(၁၇) သို့






# ၂၀၁၀အတွင်း စစ်ကိုင်းခရိုင်၌ ယာဉ်တိုက်မှု လျော့ကျခဲ့ဟုဆို

ရန်နိုင်ကျော်


**စစ်ကိုင်း၊ မတ် - ၁၇**

စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးစည်းရုံး လှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့သည့် နောက်ပိုင်း ၂၀၀၉ ခုနှစ်ထက် ၂၀၁၀ ခုနှစ်များတွင် ယာဉ်တိုက်မှုသိသိသာသာလျော့နည်းလာကြောင်း စစ်ကိုင်းမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ ထုတ်ပြန်ချက်များအရ သိရသည်။

"စစ်ကိုင်းခရိုင်အတွင်း မြို့နယ်သုံးမြို့နယ်မှာ ၂၀၀၉ ခုနှစ်ထက် ၂၀၁၀ ခုနှစ်မှာ ယာဉ်တိုက်မှုကတော့ သိသိသာသာကျဆင်းလာတယ်။ ဆိုင်ကယ်တွေကားတွေများပြားလာတာနဲ့အမျှ ယာဉ်တိုက်မှုတွေကြောင့် အသက်မဆုံးရှုံးသင့်ဘဲ အသက်သေဆုံးသူတွေ ဒဏ်ရာရသူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတာတွေ့ခဲ့ရတယ်" ဟု စစ်ကိုင်းမြို့ ဒေသခံ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ကားအချင်းချင်းတိုက်မှုများ၊ ကားနှင့်ဆိုက်ကယ်တိုက်မှု၊ ဆိုင်ကယ်ချင်းတိုက်မှု၊ ကားနှင့်စက်ဘီးတိုက်မှု၊ ဆိုင်ကယ်နှင့် စက်ဘီးတိုက်မှု၊ ကားနှင့်လူတိုက်မှု၊ ကားတိမ်းမှောက်မှု၊ ဆိုင်ကယ်တိမ်းမှောက်မှုစသည့် အမှုများ အများဆုံးဖြစ်ပွားပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူများကြောင့် ကြုံတွေ့ခဲ့ရသည်။ စစ်ကိုင်းမြို့နယ်အတွင်း ၂၀၀၉ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၃၂ မှု၊ ဒဏ်ရာရသူ ၁၅၇ ဦး၊ သေဆုံးသူ ၂၄ ဦးရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၁၉ မှု၊ ဒဏ်ရာရသူ ၂၅၃ ဦး၊ သေဆုံးသူ ၃၈ ဦး၊ မြင်းမူမြို့နယ်အတွင်း (၂၀၀၉) ခုနှစ်တွင် ယာဉ်တိုက်မှု ၄၆ မှု၊ ဒဏ်ရာရသူ ၆၅ ဦး၊ သေဆုံးသူ ၁၂ဦး၊ ၂၀၁၀ ခုနှစ်တွင် ယာဉ်တိုက်မှု ၃၈ မှု၊ ဒစ်ရာရသူ ၆၈ ဦး၊ သေဆုံးသူ ၅ ဦး၊ မြောင်မြို့နယ်အတွင်း ၂၀၀၉ ခုနှစ်တွင် ယာဉ်တိုက်မှု ၆ မှု၊ ဒဏ်ရာရသူ ၉ ဦး၊ သေဆုံးသူ ၁ ဦး၊ ၂၀၁၀ ခု နှစ်အတွင်း ယာဉ်တိုက်မှု ၂မှု၊ ဒဏ်ရာရသူ မရှိ၊ သေဆုံးသူ ၂ ဦးဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ ထုတ်ပြန်ချက်များအရ သိရှိရသည်။

# မန်း ပဲဈေးကွက်အေးစက်



ညီညီဇော်

**မန္တလေး၊ မတ်- ၁၇**

ယခုတစ်ပတ်မန်းကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ်အအေးဘက်၌ပြနေကြောင်း သတင်းရရှိသည်။

ပဲစင်းငုံ ဈေးငြိမ်ကာ အရောင်းအဝယ်အေးနေပြီး ပိဿာ ၆၀ ပါ တစ်အိတ်လျှင် ၆၂,၀၀၀ ကျပ်ဈေးပေါက်နေသည်။ ဗီတူးကုလားပဲမှာ မတ်လ ၁၂ ရက်ဝန်းကျင်က ၅၆ ပိဿာ ၂၅ သားတစ်အိတ်လျှင် (၅၆,၅၀၀) ဈေးရှိခဲ့ပြီး ယနေ့တွင် ၅၄,၀၀၀ ဈေးပေါက်နေကာ အရောင်းအဝယ်အေးနေသည်။ ပဲတီစိမ်းရွှေဝါမှာ ၁၀၆,၀၀၀ ကျပ်ဈေးပေါက်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေသည်။ ရိုးရိုးပဲတီစိမ်းများ အရောင်းအဝယ်မဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောသည်။ မြေပဲဆန်နှင့် နှမ်းဈေးကွက်ပုံမှန်ဖြစ်နေပြီး မတ်ပဲဈေး အနည်းငယ်တက်ကာ ပိဿာ ၆၀ ပါ တစ်အိတ်လျှင် ၆၈,၀၀၀ ဈေးပေါက်နေသည်။

ယခင်ရက်ပိုင်းက အရောင်းအဝယ်အေးခဲ့သော ဗီတူးကုလားပဲနှင့် ထိုင်ဝမ် ကုလားပဲတို့မှာ မတ် ၁၈ ရက်တွင် ဈေးအနည်းငယ်မာနေသည်ဟု ပဲနှမ်းကုန်သည်တစ်ဦးကပြောသည်။ ဗီတူး ကုလားပဲ ၅၆ ပိဿာ ၂၅ကျပ်သားဝင် တစ်အိတ်လျှင် ၅၅,၀၀၀ ဈေးပေါက်နေပြီး ထိုင်ဝမ်ကုလားပဲမှာ ကျပ် ၅၀,၅၀၀ ဈေးပေါက်နေသည်။

# မြောက်ဦးမြို့နယ်တွင် တစ်နေ့လျှင် ၁၆ နာရီကျော် လျှပ်စစ်မီးပေး

အောင်ကျော်ဖုံ

**မြောက်ဦး၊ မတ် - ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် တော်ဝင်ထူးလင်း ထုတ်လုပ်မှုကုမ္ပဏီမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ တစ်နေ့လျှင် ၁၆ နာရီခွဲကြာ ဓာတ်အားပေးဝေလျက် ရှိကြောင်းသိရသည်။

"အခုဆိုရင် တစ်နေ့ကို ၁၆ နာရီခွဲကြာ မီးပေးနေပြီ မနက် ၅ နာရီကနေ ညနေ ၃ နာရီထိကို တစ်ကြိမ်၊ ညနေ ၅ နာရီကနေ ည ၁၁ နာရီခွဲကို တစ်ကြိမ်ပေးနေတာပါ။ ခုလို မနက်အစောကြီးကနေ မီးလာနေပြီဆိုတော့ စာကျက်မယ့်ကလေးတွေရော၊ ဘုရားဝတ်ပြုမယ့် သက်ကြီးပိုင်းတွေရော၊ ဈေးထွက်မယ့် ဈေးသည်တွေရော အကုန်လုံးအဆင်ပြေပါတယ်။ ထမင်းချက်ရင်လည်း မီးလာနေတော့ ထမင်းပေါင်းအိုးနဲ့ ချက်ပြုတ်ရတာ အဆင်ပြေပါတယ်" ဟုမြို့မီးသုံးစွဲသူ ဒေသခံတစ်ဦးကပြောသည်။

"ခုလို မနက်အစောကြီးကနေ ညအထိ မီးလာနေတော့ ကောင်းပါတယ်။ ဒါပေမဲ့ မီတာခကတစ်ယူနစ်ကို ၅၀၀ ဆိုတော့ များလွန်းနေတယ်။ ယူနစ် ၁၀၀ လောက်သုံးလို့ရှိရင် ၅၀,၀၀၀ ဖြစ်သွားပြီ။ ပုဂ္ဂလိက ဗီဒီယိုရုံကပေးတဲ့မီးကတော့ ယူနစ် ၁၀၀ လောက်ကိုမှ ၂၀,၀၀၀-၂၅,၀၀၀ လောက်ပဲပေးရတယ်။ မနက် ၈ နာရီကနေ ညနေ ၃ နာရီထိတစ်ကြိမ်၊ ညနေ ၆ နာရီကနေ ည ၁၁ နာရီအထိပေးတော့ အဆင်လည်းပြေတယ်။ ဈေးလည်းသက်သာတယ်" ဟု ပုဂ္ဂလိကဗီဒီယိုရုံမှ မီးပြောင်းသုံးစွဲနေသူ ဒေသခံတစ်ဦးကပြောသည်။

# ကုလားတန်မြစ်ဝကို ရေစူးအနက် ၇ ဒသမ ၉ မီတာရှိအောင် တူးဖော်မည်

မောင်ကံ

**မောင်တော၊ မတ်- ၁၇**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းအကောင်အထည်ဖော်ရာတွင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်၊ ထွက်ဆိုက်ကပ်နိုင်ရန် ကုလားတန်မြစ်ဝကို ရေစူးအနက် ၇ ဒသမ ၉ မီတာရှိအောင် တူးဖော်သွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိကုလားတန်မြစ်ကြောင်းစီမံကိန်း၏ ပထမအဆင့်အဖြစ် စစ်တွေဆိပ်ကမ်းကို စတင်တည်ဆောက်နေပြီဖြစ်ပြီး ကုလားတန်မြစ်တစ်လျှောက် သောင်တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေကြပြီဖြစ်ကြောင်း သိရသည်။

စစ်တွေဆိပ်ကမ်းအကောင်အထည်ဖော် တည်ဆောက်ပြီးစီးသည်နှင့်တစ်ပြိုင်နက်တည်း ကုလားတန်မြစ်ကြောင်းစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ "စစ်တွေဆိပ်ကမ်း၊ကျောက်ဖြူရေနက်ဆိပ်ကမ်းနဲ့ ကုလားတန်မြစ်စီမံကိန်းတွေ အကောင်အထည်ဖော်ပြီးစီးလာလို့ရှိရင် ရခိုင်ပြည်နယ်ရဲ့စီးပွားရေးကလည်း တစ်မျိုးတစ်ဖုံပြောင်းလဲလာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ရခိုင်ဒေသမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ဆေးဝါး တင်သွင်းမှုရှိနေ

နနွေ

**မောင်တော၊ မတ် - ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်လုပ်သည့်ဆေးဝါးများမှာ မောင်တောနယ်စပ်မှတဆင့်မြန်မာနိုင်ငံသို့ဝင်ရောက်မှုများရှိနေကြောင်း သိရသည်။ ချောင်းဆိုးပျောက်ဆေးရည်များ၊ အားဆေးများနှင့် သန္ဓေတားဆေးများ ပါဝင်ပြီး မောင်တောမှတစ်ဆင့် စစ်တွေအပါဝင် အခြားမြို့များသို့လည်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခု ဖေဖော်ဝါရီလအတွင်း မောင်တောမြို့ အမှတ် (၁) ရပ်ကွက်နေအိမ်တစ်အိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ချောင်းဆိုးပျောက်ဆေးရည် (၁၀) လုံးပါကတ် (၂၀၀၀) တန်ဖိုး ကျပ် ၈၀,၀၀၀ ခန့်၊ ARIS TOFOKF အားဆေးအလုံး (၁၀၀)တန်ဖိုး (၅၀,၀၀၀)ခန့်၊ သန္ဓေတားဆေး (၂၀) လုံးပါကတ် (၉၀၀၀)၊ တန်ဖိုး (၁၅၀,၀၀၀) ခန့်ဖိုးနှင့် ဘိန်းစေ့အစိမ်းပိဿာ (၁၅၀) ခန့် (တန်ဖိုးကျပ် ၃၃၀,၀၀၀)ခန့်တို့အားဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ အဆိုပါအမှုအား မောင်တောရဲစခန်း (ပ) ၃၆/၂၀၁၁၊ သွင်းကုန်ထုတ်ကုန်ပုဒ်မ ၅ (၁) နှင့် ၅ (၃)တို့အမှုဖွင့်ရေးယူထားကြောင်း သိရသည်။

## စာ(၁၅) အာဆီယံစံနှုန်းဖြင့် ကုန်တင်ဆောင်ခြင်းယာယီရပ်နားခြင်းကြောင့် မနလေးမှကုန်တင်ခများကျဆင်း မှ

ယခုကျွန်တော်တို့ ကားတွေ ဓာတ်မြေဩဇာသယ်တဲ့ ရာသီရောက်လာတော့မယ်။ အာဆီယံစံနှုန်းအတိုင်းသာသယ်ရမယ်ဆိုရင် မူဆယ်-မန္တလေး မြေဆီတစ်အိတ် သယ်ယူခ စရိတ် ၃,၀၀၀ ကျပ်လောက်တက်မယ်။ နယ်အရောက် မြေဆီတစ်အိတ် ၅,၀၀၀ ကျပ်ထိတက်သွားနိုင်ပါတယ်။ ယခု နိုင်ငံတော်က အာဆီယံစံနှုန်းအတိုင်း ကုန်တင်တာ ယာယီရပ်ဆိုင်းလိုက်တာကောင်းပါတယ်။ ကျွန်တော်တို့ မူဆယ်- မန္တလေး လမ်းမှာ ယခင်ကုန်တစ် ပိဿာ ၁၅၀ ကျပ်မှ ယခု ၇၀ ကျပ်ပဲရှိတယ်"

အာဆီယံစံနှုန်းက ကျွန်တော်တိုင်းပြည်မှာရှိတဲ့ ကုန်တင်ကားတွေနဲ့ သိပ်မကိုက်ညီဘူး။ ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ပြည်တွင်းမှာ ပြေးဆွဲနေတဲ့ ကုန်တင်ကားတွေက ဝန်ပိုတင်နိုင်အောင်လေးတွေ ပိုးထားတယ်။ ဘော်ဒီတွေ ချဲ့ထားတယ်။ ဒါတွေက မြန်မာပြည်ကုန်တင်ကားကြီးတွေရဲ့ မူပိုင်ဟန်(House Style)ဖြစ် နေလို့ပါပဲ" ဟု သူ၏ အမြင်ကို ပြောသည်။ ရန်ကုန်-မန္တလေး ကုန်တင်ကားကြီး ဂိတ်တာဝန်ခံတစ်ဦးက "ကျွန်တော်တို့ ရန်ကုန်-မန္တလေး လမ်းပိုင်းက ပုံစံတစ်မျိုးဖြစ်နေတယ်။ ရန်ကုန်က မန္တလေးကို ကုန်ဝင်များပါတယ်။ အာဆီယံ စံနှုန်းအတိုင်း ကုန်တန်ချိန် သတ်မှတ်ချက်များ တင်ဆောင်ခြင်း ယာယီရပ်နားခြင်း သတင်းကြောင့် ယခင်ကုန်တစ်ပိဿာ ၁၅၀ ကျပ်မှ ၁၀၀ ကျပ်အထိ ဈေးကျသွားပါတယ်။ ဒါပေမဲ့ ရန်ကုန်မှ မန္တလေးဘက်လာတဲ့ ကုန်ကားတွေကို တချို့တန်ပိုစစ်ဆေးရေးဂိတ်တွေက ကျွန်တော်တို့ ဂိတ်တွေကိုတရားဝင် ညွှန်ကြားချက် မရောက်သေးဘူး။ ဂျာနယ်မှာ သတင်းတွေပါပေမယ့်၊ သိနေပေမယ့် ခွင့်တော့ပြုမယ်။ ဒါပေမဲ့ ကုန်တင်ကားအမှတ်၊ ယာဉ်မှူးအမည်၊ လိုင်စင်နံပါတ်တွေ ယူပြီး၊ ကုန်တန်ချိန် ဘယ်လောက်ပိုတင်ဆောင်တယ်မှတ်တမ်းယူပြီး လက်မှတ်ထိုးနိုင်တယ်။ ဒါကြောင့် မန္တလေး-ရန်ကုန်လမ်းပိုင်း ကုန်တင်ခဟာ တစ်ပိဿာ ၁၀၀ ကျပ်ထိဈေးချပြီးသားကနေ ယခုတစ်ပိဿာ ၁၂၀ ကျပ် ပြန်ယူနေရတယ်" ဟု သူ၏အတွေ့အကြုံကို 7Day News သို့ ရှင်းပြသည်။

## စာ(၁၆) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဖောက်၍ အရေးယူခံရသူများ စီမံခန့်ခွဲမှုဒဏ်ငွေမပေးရတော့ဟုဆို မှ

"မန္တလေးမှာ ဆိုင်ကယ်အစီးရေ သိန်းဂဏန်းကျော်ရှိတယ်။ ဒဏ်ငွေနည်းလို့များလို့ထက် မိမိအန္တရာယ်ကာကွယ်ဖို့ လုံခြုံစိတ်ချရတဲ့ ဦးထုပ်ဆောင်းသင့်တယ်။ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းထားတာဟာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တာပါပဲ" ဟု ဒဏ်ငွေထက် အသက်အန္တရာယ်အတွက် ဦးထုပ်ဆောင်းရန် မန္တလေးမြို့ခံတစ်ဦးက အကြံပြုပြောကြားသည်။

တည်ဆဲမော်တော်ယာဉ်ဥပဒေအရ ပေးဆောင်ရမည့်ဒဏ်ငွေသည် ယခင်ပေးဆောင်ခဲ့ကြရသည့်ဒဏ်ကြေးထက် လျော့နည်းသွားသော်လည်း ယာဉ်အစီးရေနှင့် ယာဉ်တိုက်မှုဖြစ်စဉ်တိုးလာနေသည့်မှတ်တမ်းများက ယာဉ်စီးနင်းသူအားလုံးကို သတိရှိကြရန်ညွှန်းဆိုနေသည်။




ဝန်ထမ်းအလိုရှိသည်

- B.Sc ဘွဲ့ရ ကျား (၃)ဦး

7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

**Free Classified**

# ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

(၁) Ticketing Staff (For Loacl and Oversea Ticketing) (Travel & Tour (လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိသူ ဖြစ်ရမည်) ကျား၊ မ (၂) ဦး။ (၂) Marketing Assistant ကျား၊ မ (၂)ဦး၊ (၃) ဥပဒေအကြံပေး ကျား(၂)ဦး (အိမ်ခြံမြေအကျိုးဆောင်အတွေ့အကြုံရှိသူ) (၄) Computer Operator ကျား၊မ (၂)ဦး၊ (၅) Food & Beverage ကျား၊မ (၂) ဦး၊ (၆) Driver ကျား (၂)ဦး၊

**ဖုန်း- ၀၉-၅၀၅၇၇၁၊ ၀၉-၄၃၀၁၈၁၂၆**

-----------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

(၁) Admin Manager ကျား၊မ (၁) ဦး (ဘွဲ့ရ၊ အသက် ၄၅ နှစ်အောက်၊ Admin အတွေ့အကြုံ ၅ နှစ် ရှိသူကို ဦးစားပေးမည်)၊ (၂) Admin မ(၁)ဦး (ဘွဲ့ရ၊ အသက် ၃၀ နှစ်အောက်၊ Admin အတွေ့ အကြုံ ၂ နှစ်ရှိသူ ဦးစားပေးမည်)၊ (၃) Accountant မ(၂)ဦး (B.com/ CPA ဘွဲ့ရ၊ အသက် (၃၀) နှစ်အထက်၊ စာရင်းကိုင်း အတွေ့အကြုံ ၃နှစ်) (၃) Sale Executive မ(၃)ဦး (ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်သွက်လက်ချက်ချာမှုရှိသူ၊ ဘာသာစကားတစ်မျိုးမျိုးပြောဆိုတတ်သူ၊ အသက် ၂၅နှစ်အောက်ရှိသူ၊ (တစ်ပတ်အတွင်း) **အမှတ် (၄၈)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။**

-----------------------------

**Classified Job Vacancy**

PHP Webdeveloper (4) F
Flash Developer (3) M/F
Web Designer (4) M/F
OJT Web Designer (4) M/F
Office Staff (2) F

***No. 72, Ground Floor, Sattwin Street, Ahlone Tsp, Yangon.***

-----------------------------

ရုံးအကူ -ကျား(၁) ဦး၊ အခြေခံပညာ (၁၀)တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ ကွန်ပျူတာအခြေခံနားလည်တတ်ကျွမ်းရမည်။ ဆက်သွယ်ရန်- အမှတ် (၁၆၂)၊ ပ-ထပ် (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။

**ဖုန်း-၃၇၁၉၉၀၊ ၃၇၂၇၁၂**

-----------------------------

ရုံးဝန်ထမ်း (၁) ဦး အလိုရှိသည်။ ဘွဲ့ရ၊ အမျိုးသား၊ ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင်သူ။ လျှောက်ထားလိုသူသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ်သို့(၃၁။ ၃။ ၂၀၁၁) ထိ လျှောက်ထားနိုင်သည်။

-----------------------------

Office Staff - 3 post (F)
Sore - 1 Post (M) Moon Bakery Cafe 125/ 127 သမိန်းဗရမ်းလမ်း၊ တာမွေ။ ဖုန်း-၅၅၄၄၀၄၊ ၇၀၀၅၅၉ တစ်ပတ်အတွင်း CV form ဖြင့် လျှောက်ထားနိုင်သည်။

-----------------------------

ဘူမိဗေဒဘွဲ့ရပြီး အသက်(၃၀)နှစ်အောက်ခရီးသွားနိုင်သူ၊ အမျိုးသားများမိမိတက္ကသိုလ် ဘူမိဗေဒဌာနမှူး၏ထောက်ခံချက်ဖြင့် လျှောက်ထားပါ။ **ဖုန်း- ၀၉ ၈၆၂၈၀၈၀**

-----------------------------

Accountant Audit မ(၂) ဦး။ B.Com, LCCI (3) အချိန်ပိုင်း၊ အချိန်ပြည့်။ စာရင်းစစ်အတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိရမည်။ ဆေးခန်းနှင့် နီးစပ်သောမြို့နယ်များမှလျှောက်ထားရန်။ ရွှေပုပ္ပါးအထူးကုဆေးခန်း W1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်။

**ဖုန်း- ၅၅၆၃၁၆၊**

(၂ ပတ်အတွင်းလျှောက်ထားရန်)

-----------------------------

ဘုရင့်နောင်ပွဲရုံတန်းတွင် ခန့်ရန် ယာဉ်မောင်း (၃) ဦးအလိုရှိသည်။ ဧပြီလကုန်အထိ လျှောက်ထားနိုင်သည်။ နံနက် (၉)နာရီမှ (၁၁)နာရီအတွင်း လာရောက်စုံစမ်းပါ။ ဃ/၂၃၊ အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်။

-----------------------------

အထွေထွေလုပ်သား ကျား(၃) ဦး၊ အသက် (၂၀-၃၅)နှစ်၊ ယာဉ်မောင်းကျွမ်းကျင် ကျား(၂)ဦး၊ အသက် (၂၅-၄၀)နှစ်၊ နေစရာပေးမည်။

**ဖုန်း- ၀၉-၇၃၀၂၇၇၃၃**

-----------------------------

production supervisor မ(၁)ဦး၊ အသက် (၂၅)နှစ်၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိရန်မလို၊ ကိုယ်ရေးမိတ္တူ၊ ပညာအရည်အချင်းမှတ်တမ်းမိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ မျှော်မှန်းလစာ၊ရဲစခန်းထောက်ခံစာနှင့်အတူ ၂၅။ ၃။ ၂၀၁၁ နေ့အထိလာရောက်လျှောက်ထားနိုင်သည်။ ဇာမဏီပလတ်စတစ်အိတ်ပါးလုပ်ငန်း။ ၁၉/၃၈၁ ကနောင်လမ်းသွယ် ၁၂လမ်းနှင့် ၁၃ လမ်းကြား၊ ရွှေပေါက်ကံစက်မှုဇုန်၊ **ဖုန်း-၆၉၅၁၂၆၊ ၀၉-၅၁၄၁၇၂၉**

-----------------------------

ယာဉ်မောင်း(၁)ဦး အလိုရှိသည်။ ကျား(၁)ဦး၊ အခြေခံပညာအလယ်တန်းအောင်၊ ယာဉ်မောင်းလိုင်စင်ရှိ၍လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ၊ အရက်သေစာသောက်စားမှုကင်းရှင်းသူ၊ လျှောက်ထားလိုသူသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်၊အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်သို့ (၃၁။ ၃။ ၂၀၁၁) ထိ လာရောက်လျှောက်ထားနိုင်သည်။

-----------------------------

ထိုင်းစားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်။ Bar Men ကျား(၂) ဦး၊ Cashier မ(၂)ဦး၊ Waiter ကျား(၃) ဦး၊ Driver ကျား(၁) ဦး၊ CV form အပြည့်အစုံဓာတ်ပုံ၊ မှတ်ပုံတင်၊ ရဲ စခန်းထောက်ခံစာ။ သန်းခေါင်းစာရင်းမိတ္တူ၊ အောင်သုခ ထမင်းဆိုင်ဘေး။ **အမှတ် ၁၂၆ အေ(၁) ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းထောင့်။**

-----------------------------

(၁) Secretary မ(၁)ဦး၊ အင်္ဂလိပ်၊ ကွန်ပျူတာ ကျွမ်းကျင်ပြီးလုပ်ငန်းအတွေ့အကြုံ(၅)နှစ်၊ အသက်(၄၀) နှင့်အထက်။ (၂) ကွန်ပျူတာကျွမ်းကျင် ကျား/မ (၃)ဦး၊ဆက်သွယ်ရန်လိပ်စာ No.18 (A/1), Tharyarwaddy Street, Sayarsan Qut; Bahan Tsp, Yangon,

**Ph: 542111, 400805**

-----------------------------

ဝန်ထမ်းအလိုရှိသည်

၁။ အရောင်းဝန်ထမ်း မ (၂) ဦး
၂။ အရောင်းတာဝန်ခံ မ(၂) ဦး
၃။ အထွေထွေလုပ်သား ကျား(၄) ဦး၊ ၄။ ယာဉ်မောင်း ကျား(၂) ဦး။ **အမှတ် (၆၃) မြေညီထပ်၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။**

-----------------------------

Sale & Marking Executive ကျား/မ (၂)ဦး။ ဘွဲ့တစ်ခုခုရရှိပြီး အသက် (၂၈) နှစ်အထက် ဖြစ်ရမည်။ Computer Degree/ Diploma (or) LCCI Level II/III ရှိသူဦးစားပေးမည်။ ကွန်ပျူတာကိုင်တွယ်အသုံးပြုနိုင်သူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ပညာအရည်အချင်းမိတ္တူ၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံနှင့် (၃၁။ ၃။ ၂၀၁၁) ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ iNTEGRA Systems Co.,Ltd အမှတ်- 42('D)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း-၅၅၇၆၃၈**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**

"မြိုင်မဟာ" အိမ်၊ခြံ၊မြေ အကျိုးဆောင် ကုမ္ပဏီအတွက် အလုပ်သင် Marketing ဝန်ထမ်းအလိုရှိသည်။ Marketing ကျား(၄)ဦး၊ မ(၄)ဦး။ ဆက်သွယ်ရန်လိပ်စာ- အမှတ် (၅၇ /၅လွှာ)၊ ခြေရင်းခန်း၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်။

**ဖုန်း- ၀၉ ၇၃၁၄၇၉၀၄**

-----------------------------

အလိုရှိသည်

ငါး၊ ပုစွန်အအေးခန်း ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် စက်မောင်းကျွမ်းကျင်သူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ GTI သို့မဟုတ် BE သို့မဟုတ် BTEC အောင်မြင်ထားသူ (၂) ဦးအလိုရှိသည်။ ဆက်သွယ်ရန်- SIN YANGON INTERNATIONAL CO.,LTD အမှတ် (၃)၊ သိပ္ပံလမ်း၊ (ဃ) ရပ်ကွက်။ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

**ဖုန်း- ၅၇၁၀၉၀၊ ၅၇၃၁၂၈**

-----------------------------

A.m.A Construction Co.,Ltd တွင်တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါရာထူးများ အလိုရှိပါသည်။ (၁) Engineer - M (2) Posts A.GTI (Civil) or B.Tech (Civil) or B.E (Civil) လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ လိုအပ်ပါကနယ်ထွက်နိုင်ရမည်။ (၂) Marketing F (2) Posts ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ လိုအပ်ပါက နယ်ထွက်နိုင်ရမည်။ မိမိကိုယ်တိုင်ဦးဆောင်၍ဈေးကွက်ကိုထိုးဖောက်နိုင်စွမ်းရှိရမည်။ Building (344), First Floor, East Baho Road, Ward (2), Mayangone Tsp, Yangon,

**ph: 09-5066632, 01-522688**

-----------------------------

**ဝန်ထမ်းအလိုရှိသည်**

Hardware & Network Engineer (M) 5 Posts,
Marketing (F) 5 Posts,
Web Developer (M/F) 5 Posts,
Contact: Next Generation Inc.

**Ph: 537563**

-----------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



7 DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

## ဖရဲစိုက်ပျိုးသူများ အရှုံးသက်သာစေရန် နယ်ဈေးကွက်ကိုအားထားလာ


ဆန်းညွန့်

**ကျောက်ဆည်၊ မတ်- ၁၅**

ကျောက်ဆည်မြို့နယ်ထွက် ဖရဲသီး နယ်စပ်ဈေးနှုန်း ကျဆင်းနေသည့်အတွက် ဈေးနှုန်းအပြောင်းအလဲရှိသော်လည်း ဖရဲစိုက်တောင်သူများ အရှုံးသက်သာစေရန်နယ်ဈေးကွက်ကို အဓိကထားရောင်းလာကြကြောင်း ဖရဲကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလလယ်က ဖရဲသီးတစ်လုံးလျှင်၁,၃၀၀ ကျပ်မှ ၁,၇၀၀ ကျပ် ဝယ်ရပြီး ဈေးကွက်အခြေအနေအရ ဖရဲကုန်သည်များ၊ မန္တလေး သစ်သီးဝလံပွဲစားများသည် ကျောက်ဆည်အထိ ကြိုပွဲငှ့်နှင့် ရောင်းရခြင်းမျိုးရှိခဲ့ကြောင်း ကုန်သည်တစ်ဦးကပြောသည်။

မတ်လဆန်းတွင် ဖရဲသီးတစ်လုံးလျှင် ၁,၀၀၀ ကျပ်သာရောင်းရပြီး နယ်ဈေးကွက်အဖြစ် နေပြည်တော် ပျဉ်းမနား၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်ဈေးကွက်သို့ ရောင်းချကြကာ အချို့ရက်များ၌ တစ်လုံးလျှင် ၁,၃၀၀ ကျပ်ထိရကြောင်း သိရသည်။



ဓာတ်ပုံ-အားမာန်

မူဆယ်နယ်စပ်ဈေးကွက်တွင် ဖရဲသီးတစ်တန်လျှင် ၂,၂၀၀ ယွမ်သာရောင်းဝယ်ရကြောင်း လက်ရှိဈေးကျသည်ဆိုသော်လည်း ယမန်နှစ်များကထက် ဈေးပိုရကြောင်း လက်ကားရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

## ဆင်အစာရှားပါးလာသဖြင့် သီးနှံစိုက်ခင်းများတွင် တောဆင်ရိုင်းများ ဝင်ရောက်စားသောက်

မောင်ကံ

**မောင်တော၊ မတ်- ၁၇**

တောရိုင်းဆင်အကောင်ရေအများအပြားနေထိုင်ကျက်စားလျက်ရှိသည့် မောင်တောမြို့နယ် မယုတောင်တန်းတစ်လျှောက်တွင် ဆင်အစာများရှားပါးလာမှုကြောင့် တောရိုင်းဆင်များမှာ ဒေသခံတောင်သူများ၏စိုက်ခင်းများမှ ဘူးသီး၊ ဖရုံသီးများကိုပါ ဝင်ရောက်စားသုံးလာကြကြောင်း မယုတောင်ခြေရင်းနေ တောင်သူဦးလှသိန်းကပြောသည်။ "အရင်တုန်းက စိုက်ခင်းတွေကို လာတယ်ဆိုပေမယ့်သီးနှံစိုက်ခင်းတွေကို ဖျက်ဆီးသွားတာပဲရှိပါတယ်။ အသီးစားတာမရှိပါဘူး။ အခုတော့ ဆင်စာတွေဖြစ်တဲ့ ဝါးနဲ့ငှက်ပျောပင်တွေရှားလာလို့ အငတ်မခံနိုင်တော့ဘဲ ဘူးသီး၊ ဖရုံသီးတွေကိုပါ စားလာကြတာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

တောတောင်များအတွင်း အစာရှားပါးမှုပြဿနာကြောင့် တောရိုင်းဆင်များမှာ လူတို့၏သီးနှံစိုက်ခင်းများကို စားကျက်နေရာများအဖြစ် ပစ်မှတ်ထားလာကြသဖြင့် ဒေသခံတောင်သူအချို့မှာ သီးနှံစိုက်သည့်အလုပ်ကိုလုပ်ရန် စိတ်ဝင်စားမှုနည်းပါးလာကြောင်း သိရသည်။

## လှိုင်ကော်တွင် တစ်လအတွင်း ကလေးအလောင်း ၃လောင်းတွေ့

ကြီးမြင့်နိုင်

**လှိုင်ကော်၊ မတ်- ၁၅**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်ရှိ ကန္တရဝတီနှစ်ထပ်ဈေးအနီး ဘီလူးချောင်းကမ်းစပ်တွင် တစ်လသားအရွယ်ကလေးသူငယ်အလောင်းတွေ့ရှိမှုကို လွိုင်ကော်ရဲစခန်းက ယခုလ ၁ ရက်က သေမှုသေခင်းဖွင့်လှစ်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာယခုလ ၁ ရက် ညနေ ၅ နာရီခွဲအချိန်ခန့်က လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်၊ ကန္တရဝတီနှစ်ထပ်ဈေးအနီး ဘီလူးချောင်းကမ်းစပ်တွင် တစ်လသားအရွယ် ကလေးသူငယ်အလောင်းတစ်လောင်းတွေ့ရှိရကြောင်း သတင်းအရ လွိုင်ကော်ရဲစခန်းမှ ရဲအရာခံသိန်းတန်က သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။ အမည်မသိတစ်လသားအရွယ်ယောကျ်ားလေးအလောင်းမှာ ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်၍ သေဆုံးသည့်လက္ခဏာရှိပြီး လွိုင်ကော်ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄/၂၀၁၁ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

၎င်းအပြင်ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၂ ရက်ကလည်း လွိုင်ကော်မြို့နယ်၊ ကြည်သာယာရပ်ကွက်ရှိ ဦးလှဖေရေကန်တွင် ကလေးသူငယ်အလောင်းနှစ်လောင်းတွေ့ရှိသဖြင့် သေမှုသေခင်းဖွင့်လှစ်စစ်ဆေးခဲ့ကြောင်းသိရသည်။ သေဆုံးသူများမှာ လွိုင်ကော်မြို့၊ ကြည်သာယာရပ်ကွက်နေ ဦးမောင်ဆန်း၏သားများဖြစ်ကြသောခြောက်နှစ်အရွယ်ရှိ မောင်လင်းထက်ဇော်နှင့်လေးနှစ်အရွယ်ရှိ မောင်လင်းထက်မောင်တို့ဖြစ်ကြပြီး ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သေဆုံးသည့်လက္ခဏာရှိ၍ သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၁ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။








BRAND'S
ခန္ဓာကိုယ်တွင်း ကျန်းမာခြင်း ကသာ ...
ထာဝစဉ် နုပျိုလှပခြင်းကို ပိုင်ဆိုင်စေမှာပါ
ဘရင်းငှက်သိုက်ရည်ကို သဘာဝငှက်သိုက်စစ်စစ်မှ ထုတ်လုပ်ထားသောကြောင့် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးပြီး ခန္ဓာကိုယ်တွင်း ပျက်စီးသွားသော ဆဲလ်များကို အသစ် ထပ်မံဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အသားအရေကို သန့်စင်ကြည်လင်ပြီး ရေရှည်တွင် ကျန်းမာ၍နုပျိုလှပမှုကို ဖန်တီးပေးပါသည်။ ဘရင်းငှက်သိုက်ရည်ကို ပုံမှန်သောက်ခြင်းဖြင့် အားကျနစ်သက်ဖွယ် ကျန်းမာနုပျိုသောအလှကို ထာဝရပိုင်ဆိုင် စေပါသည်။
Sugar Free Formula
BRAND'S
Bird's Nest
BRAND'S

# Education

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

## အမေရိကန်နှင့်နယူးဇီလန်နိုင်ငံများ၏ ယဉ်ကျေးမှုကို လေ့လာနိုင်မည့် သင်ကြားရေးအစီအစဉ်စတင်မည်

သီဟ

ရန်ကုန်၊မတ် – ၁၈

စင်ကာပူနိုင်ငံရှိ ERC Instituteတွင် ဟိုတယ်စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များနှင့် အခြားဘာသာရပ်များ သင်ယူနေသည့် ကျောင်းသားများအတွက် အမေရိကန်နှင့် နယူးဇီလန်နိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများ လေ့လာနိုင်မည့် သင်ကြားရေး အစီအစဉ်တစ်ခုကို မကြာမီစတင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အရ ဟိုတယ်စီမံခန့်ခွဲမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်များအတွက် ၁၂လနှင့် ကျန်ဘာသာရပ်များအတွက် ၆လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားမည့်ကျောင်းသားကျောင်းသူများသည် အသက်၁၈နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် Intermediate အဆင့်ရှိရန်လိုအပ်ကြောင်း သိရသည်။ ထို့အပြင် ERC မှစစ်ဆေးသည့် လူတွေ့အင်တာဗျူးလည်း ဖြေဆိုရမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်နှင့် ပတ်သက်၍ မတ်လ ၂၇ရက်တွင် Crown Education မှ Summit Park View Hotelတွင် ဟောပြောပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ဂျပန်နိုင်ငံသို့ သွားရောက်မည့် ကျောင်းသားများ ခရီးစဉ်ရက်ရွှေ့ဆိုင်း

နေလင်းထွန်း

ရန်ကုန်၊ မတ် – ၁၇

ဂျပန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ် အခြေအနေကြောင့် ပညာသွားရောက်သင်ယူရန်စီစဉ်နေသော မြန်မာကျောင်းသားအချို့ ခရီးစဉ်ရွှေ့ဆိုင်းရမှုများရှိနေကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

မြန်မာကျောင်းသား အများစုသည် တိုကျိုမြို့နှင့် အနီးတစ်ဝိုက်တွင် သွားရောက်ပညာသင်ယူကြခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့သွားရောက်ကြမည့်ကျောင်းသားအချို့ခရီးစဉ် ရွှေ့ဆိုင်းလိုက်ကြသည့်အပြင် ကျောင်းပိတ်ချိန်တွင် ပြည်တွင်းသို့ပြန်လာရန် စီစဉ်နေသော ကျောင်းသားအချို့လည်းရှိကြောင်း သိရသည်။

"ဧပြီလထဲသွားမယ့် ကျောင်းသားအချို့ကို မေလကို ရွှေ့ထားလိုက်တယ်။ ဟိုက ကျောင်းသားသုံးလေးယောက်လည်း ဒီကိုပြန်လာဖို့စီစဉ်နေတာရှိတယ်။ နွေဦးရာသီကျောင်းပိတ်ချိန်မှာ ဖြစ်တာပါ။ မြန်မာကျောင်းသားတွေ အ မိကသွားနေတဲ့နေရာမှာဖြစ်တာတော့မဟုတ်ပါဘူး။ သက်ရောက်မှုကတော့ တော်တော်ပြောရခက်မယ်။ ဒီကကျောင်းသားတွေသွားမယ့်ရက်ရွှေ့လိုက်တာကို ဟိုဘက်ကျောင်းကလည်း သဘောတူပြီးပါပြီ" ဟုဂျပန်ပညာရေး ဝန်ဆောင်မှုဆောင်ရွက်နေသူ တစ်ဦးကပြောသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မြန်မာ ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိမှု သတင်းထွက်ပေါ်လာခြင်း မရှိသေးကြောင်း ဂျပန်ရောက်မြန်မာကျောင်းသားများထံမှ သိရသည်။

"မြန်မာကျောင်းသား အထိအခိုက်သတင်းမကြားရသေးပါဘူး။ ကျွန်မတို့ကျောင်းတက်တဲ့နေရာနဲ့ ကဝေးပါတယ်။ အခုကျောင်းပိတ်ချိန်ရောက်နေပါတယ်။ ဒီနေရာမှာတော့ ပုံမှန်အတိုင်းပါပဲ။ ကျောင်းပိတ်တုန်း အလုပ်လုပ်နေတာအိမ်ကို ပိုက်ဆံပို့ဖို့ တိုကျိုက ငွေလွှဲတွေကတော့ ပိတ်ထားပါတယ်" ဟုဂျပန်ရောက် မြန်မာကျောင်းသူတစ်ဦးက အွန်လိုင်းမှ တစ်ဆင့်ပြောသည်။

ယခုကဲ့သို့ အခြေအနေများကြောင့် မြန်မာနိုင်ငံသို့ ပြန်လိုသောမြန်မာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ ကိစ္စရပ်များ အပူတပြင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေယာဉ်လက်မှတ်မရရှိသဖြင့် အခက်အခဲကြုံတွေ့နေသူများ ဆက်သွယ်ရန်တိုက်တွန်းပါကြောင်း မြန်မာသံရုံးက မတ် ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## တက္ကသိုလ်ဝင်တန်းအပြီးသင်တန်းများအတွက်ပြင်ဆင်

နေလင်းထွန်း

**တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ပြီးဆုံးချိန်တွင် ဘာသာစကားသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ ဂီတနှင့် အနုပညာဖန် တီးမှုသင်တန်းများစသည့် သင်တန်းများ ပိုမိုသက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်သည်။ အခြေခံပညာသင်ယူတတ်မြောက်ပြီးနောက် တက္ကသိုလ်ပညာမသင်ယူမီမှာပင် ပြင်ပသင်တန်းများသို့ တက်ရောက်ကြသော အလေ့အထမှာ ကျောင်းသားများအတွက် ပညာရေးရေစီးကြောင်းတစ်ခု ဖြစ်နေပြီဖြစ်သည်။**

နိုင်ငံတကာသုံး ဘာသာစကားတတ်ကျွမ်းမှု၊ ကွန်ပျူတာအခြေခံကျွမ်းကျင်မှုတို့သည် ခေတ်လူငယ်တို့ မတတ်မဖြစ်သော လိုအပ်ချက်ဖြစ်လာသည်။ လက်ရှိချိန်တွင် မြန်မာကျောင်းသားများ အဓိက လေ့လာသင်ယူနေသော ဘာသာစကားများမှာ အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားဘာသာစကားတို့သည် နောက်မှလိုက်နေသည်။

နိုင်ငံခြားဘာသာစကားလေ့လာလိုသောကျောင်းသားများအတွက် ငွေကြေးတတ်နိုင်မှုပေါ် မူတည်၍ သင်တန်းကျောင်းအမျိုးမျိုးကွဲပြားခြားနားလျက်ရှိသည်။ သင်တန်းကြေး ကျပ်ရာဂဏန်းပေးသွင်းရသော ပညာဒါနသင်တန်းများရှိသလို နာမည်ကြီး အင်္ဂလိပ်ဘာသာ စကားသင်တန်းဖြစ်သော ဗြိတိသျှကောင်စီ(မြန်မာ)တွင် တက်ရောက်လိုပါက သင်တန်းတစ်ခုလျှင် ကျပ်သုံးသိန်းနီးပါး ပေးသွင်းရမည်ဖြစ်သည်။

"ဧပြီ ၃၀ ရက်မှာ သင်တန်းတွေ အားလုံး ပြန်စပါမယ်။ ဘာသာစကားသင်တန်းကတော့ အလှူငွေ ၇၀၀ပဲထည့်ရပါတယ်" ဟု စမ်းချောင်းမြို့နယ်ရှိ မနောရမ္မပညာဒါနသင်တန်း ကျောင်းက ဆိုသည်။

အင်္ဂလိပ်ဘာသာစကားအား အချိန်ပြည့်တက်ရောက်လေ့လာလိုသူများအတွက် ကျောင်းသားရာဂဏန်းအား နေ့စဉ်တစ်နေကုန် သင်ကြားပေးနေသော သင်တန်းကျောင်းတစ်ခုမှာ ကမာရွတ်မြို့နယ်၊ ဆင်ရေတွင်းမှတ်တိုင်အနီးရှိ ဦးမြကြိုင် အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း ဖြစ်သည်။

စာ(၂၂)သို့

## ဩစတြေးလျ အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်မည်

နေလင်းထွန်း

ရန်ကုန်၊ မတ် – ၁၄

ဩစတြေးလျနိုင်ငံ အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းသင်ကြားရန် Myanmar Academy of Management & Technology သင်တန်းကျောင်း ကိုဖွင့်လှစ်သွားမည်ဟုသိရသည်။ ပြည်တွင်း၌ တက်ရောက်ရမည့်စီးပွားရေး စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းကို ဧပြီ ၂၅ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလ ၁၁လကြာမြင့်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့် ဖြေဆိုမည့်သူများ၊ တက္ကသိုလ်တက်ရောက်လျက်ရှိသောသူများနှင့် အင်္ဂလိပ်ဘာသာစကား အတွေ့အကြုံရှိသောသူများတက်ရောက်နိုင်ပြီး ဘာသာရပ်ယူနစ် ၁၇ခု သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။ ဩစတြေးလျမှ ချီးမြှင့်မည့် ဒီပလိုမာအတွက် သင်တန်းကြေးမှာ ကျပ်သိန်းလေးဆယ်ဖြစ်ပြီး ကျောက်တံတားမြို့နယ်ရှိ ပန်းဆိုးတန်းတာဝါတွင် သင်တန်းကျောင်းဖွင့်လှစ်ထားကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

# ဆရာ၊ ဆရာမများ အင်္ဂလိပ်စာသင်ကြားမှု ညီလာခံကျင်းပမည်

**ရန်ကုန်၊ မတ် - ၁၇**

ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာသင်ကြားမှုဆိုင်ရာညီလာခံကို မေ ၂၂ ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ် ညီလာခံတွင် ဦးစားပေးမည့်အကြောင်းအရာမှာ 'စာသင်ခန်းအတွင်း အရည်အသွေးပြည့်မီရေး၊ အကောင်းဆုံးသင်ကြားပို့ချပေး'ဟူသော ခေါင်းစဉ်ဖြစ်သည်။

ပုဂ္ဂလိကကျောင်းများ၊ အမေရိကန်စင်တာနှင့် ကမ္ဘာတစ်ဝန်းရှိ ဗြိတိသျှကောင်စီများ ဟောပြောမည့်သူများ၏ အလုပ်ရုံဆွေးနွေးပွဲပေါင်း ၅၀ ကျော်ကို ညီလာခံတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။ ညီလာခံတွင် ပညာရှင်တစ်ဦးက အရှေ့တောင်အာရှနိုင်ငံများမှ စာသင်ခန်းများတွင် မည်သည်တို့က ဆရာကောင်းတစ်ယောက်ဖြစ်စေသည်ဆိုသည်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ခဲ့သော ၎င်း၏ အတွေ့အကြုံများကို ဝေမျှသွားမည်ဖြစ်ကြောင်း သိရသည်။ အင်္ဂလိပ်ဘာသာစကား သင်ကြားမှုကွန်ရက်အစီအစဉ် (ELTeCS)အနေဖြင့် မြန်မာနိုင်ငံတွင် အသင်းဝင်တစ်ထောင်ကျော်ရှိပြီး လစဉ်တွေ့ဆုံပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများမှတစ်ဆင့် ဆရာ၊ ဆရာမများ၏ စာသင်ခန်းအတွင်းစွမ်းရည်များ ပိုမိုကောင်းမွန်စေခြင်း၊ နောက်ဆုံးပေါ် တိုးတက်မှုများနှင့် ထိတွေ့မှုရရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံအကူအညီပေးနိုင်ခြင်း စသည့် အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်းသိရသည်။

## စာ-၂၁၊ တကသိုလ်ဝင်တန်းအပြီးသင်တန်းများအတွက်ပြင်ဆင် မှ

"တစ်လ ကျပ်သုံးထောင်ပါ။ တစ်နေကုန်တက်လို့ ရပါတယ်။ စာအုပ်ဖိုးက လေး၊ ငါးထောင်ရှိပါတယ်။ လဆန်း တနင်္လာနေ့တိုင်း အတန်းသစ်ရှိပါတယ်" ဟု ဆရာကြီးဦးမြကြိုင်က ဆိုသည်။

တရုတ်၊ ဂျပန်နှင့် ကိုရီးယားဘာသာစကား သင်တန်းများသည် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားလေ့ရှိပြီး သင်တန်းကြေးမှာ ကျပ်နှစ်သောင်းမှ ကျပ်ငါးသောင်းထိရှိကြောင်း အဆိုပါသင်တန်းများမှ သိရသည်။

ပြင်သစ်ဘာသာစကား လေ့လာလိုသော ကျောင်းသားများအတွက် ပြင်သစ်ယဉ်ကျေးမှုဌာနမှ သင်တန်းဖွင့်လှစ်လျက်ရှိပြီး ဇူလိုင်လလယ်တွင် ပုံမှန်တန်းခွဲများ စတင်မည်ဖြစ်သည်။ သင်တန်းကြေးမှာ တစ်လလျှင် အမေရိကန် ဒေါ်လာ ၁၅ဒေါ်လာဖြစ်ပြီး စနေနှင့် တနင်္ဂနွေတန်းများမှာ အမေရိကန်ဒေါ်လာ ၂၀ကျသင့်မည်ဖြစ်သည်။

ကွန်ပျူတာအခြေခံသင်တန်းများသည် လစဉ်ဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလတစ်လခွဲအတွက် သင်တန်းကြေးမှာ ကျပ်နှစ်သောင်းလေးထောင်ဖြစ်ကြောင်း KMD ကွန်ပျူတာသင်တန်းမှ သိရသည်။

အခြေခံပန်းချီနှင့် တီထွင်မှုပန်းချီအား လေ့လာသင်ယူလိုသူများအတွက် "နှစ်လခွဲကို ပစ္စည်းအပါအဝင် ကျပ်ရှစ်သောင်းပါ။ မေလနောက်ပိုင်းလစဉ် သင်တန်းက တစ်လကိုကျပ်သုံးသောင်းပါ။ တစ်ပတ်နှစ်ရက်၊ တစ်ရက်တစ်နာရီခွဲ သင်ပါတယ်"ဟု ဦးမောင်မောင်သိမ်း(ပုသိမ်) သင်ကြားသော ဆန်းဖလားဝါးပန်းချီသင်တန်းမှတာဝန်ရှိသူကပြောသည်။

ဂီတပညာရပ်များ လေ့လာသင်ယူလိုသူများအတွက် အသင်းဝင်ကြေးကျပ်တစ်သောင်းခွဲ၊ လစဉ်ကြေး ကျပ်သုံးသောင်းပေးသွင်းရကြောင်း ဂီတမိတ်သင်တန်းကျောင်းမှ သိရသည်။

တယော၊ ဒရမ်၊ ပီယာနို၊ ပုလွေ၊ ဂီတာ၊ မြန်မာပတ္တလား၊ စောင်း စသည့် ဂီတတူရိယာများနှင့် အဆိုတို့အား မေ ၁ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ပတ်လျှင် နှစ်ချိန်လေ့ကျင့်သင်ကြားပေးကြောင်း ရန်ကင်းမြို့နယ် မိုးကောင်းရပ်ကွက်ရှိ ၎င်းသင်တန်းကျောင်းမှ သိရသည်။

ပညာရေးနှင့် အတတ်ပညာကျွမ်းကျင်မှု လိုအပ်ချက်မြင့်တက်လာနေသော အခြေအနေတွင် ပြင်ပသင်တန်းများ၏ အခန်းကဏ္ဍသည် အရေးပါလာလျက်ရှိသည်။ ထို့အပြင် ယင်းကဲ့သို့ သင်တန်းကျောင်းများဖွင့်လှစ် တည်ထောင်သူ အရေအတွက်မှာလည်း မြင့်တက်လာနေသည်။ ကျောင်းသားအများစု ငွေကြေးတတ်နိုင်မှုနှင့် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သော သင်တန်းကျောင်း အရေအတွက်မှာမူ နည်းပါးလျက်ရှိပါနေသေးသည်။

ပညာရေး သတင်းတိုများ

## ထိုင်းပညာရေးပြပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ် - ၁၈**

ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် သွားရောက် ပညာသင်ယူလိုသော ကျောင်းသားများအတွက် ထိုင်းပညာရေးပြပွဲကို မတ် ၂၆ နှင့် ၂၇ရက်တို့တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ထိုင်းနိုင်ငံမှ တက္ကသိုလ်များ၊ ဘာသာရပ်များအကြောင်းကို လေ့လာနိုင်ပြီး ၎င်းပြပွဲအား နံနက် ၉ နာရီမှ ညနေ ၅နာရီထိ ကျင်းပသွားမည်ဖြစ်သည်။

## ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ် - ၁၈**

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ CSR&Beyond ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ်လ ၂၆ရက်တွင် ကျင်းပမည်ဖြစ်သည်။ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမတွင် နေ့လယ်၁နာရီမှ ညနေ ၄နာရီထိကျင်းပမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

## အလုပ်ရှာနည်း အလုပ်လျှောက်နည်း ဟောပြောပွဲ ကျင်းပမည်


**ရန်ကုန်၊ မတ် - ၁၇**

ဆရာဦးအေးကျော်၏ အလုပ်ရှာနည်း၊ အလုပ်လျှောက်နည်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၆ ရက်တွင် ပြည်လမ်းရှိ ဒိုင်းမွန်းကွန်ဒို၊ CDEC ရုံးခန်းတွင် ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲကို နေ့လယ် ၁၁နာရီမှ ၁၂နာရီခွဲထိ ကျင်းပမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။



# Technology

7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011



## Intel 6 Series Express Chipset အသုံးပြု Motherboard များ ဈေးကွက်အတွင်းမှပြန်သိမ်း

ယုဇနကိုကို

ရန်ကုန်၊ မတ်- ၁၄

Windows စနစ်တစ်ခုလုံး အလုပ်မလုပ်တော့သည့်အထိ ချို့ယွင်းမှုများကိုတွေ့ရှိရသည့်အတွက် မကြာသေးမီကမှ Intel က အသစ်ထုတ်လုပ်ခဲ့သည့် Intel 6 Series Express Chipset အသုံးပြု Motherboard များကိုပြည်တွင်းဈေးကွက်မှ ပြန်လည်သိမ်းဆည်းခဲ့ရကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းကုမ္ပဏီများမှ သတင်းရရှိသည်။

Sandy Bridge CPU နှင့် တွဲဖက်အသုံးပြုထားသည့် အဆိုပါ Motherboard များ၏ Intel 6 Series Chipset အသုံးပြု 1155 မော်ဒယ်နံပါတ်များအားလုံးကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနေခြင်းဖြစ်ပြီး ပြည်တွင်းသို့ရောက်ရှိလုနီးပါးပစ္စည်းများကိုလည်းဆက်လက်တင်သွင်းခြင်းများမပြုလုပ်တော့ကြောင်း အထက်ပါကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောသည်။

SATA 3Gbs တွင် Port တစ်ခုထက်ပိုမိုအသုံးပြုပါက Windows စနစ်တစ်ခုလုံးရပ်နားသွားသည့် ချို့ယွင်းမှုပြဿနာများကိုတွေ့ရှိနေရသည့် Intel 6 Series Express Chipset များအား ယခုကဲ့သို့ နိုင်ငံတကာဈေးကွက်အတွင်းမှ ပြန်လည်ရုပ်သိမ်းရန်ကို Intel က ညွှန်ကြားထားခြင်းဖြစ်သည်။

သို့သော် အဆိုပါနည်းပညာဆိုင်ရာချို့ယွင်းမှုပြဿနာကို လက်တွေ့တွင် ဖြေရှင်းပေးနေရခြင်းမရှိသေးကြောင်း ကျောက်တံတားမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်ကြီးတစ်ဆိုင်မှ ဈေးကွက်မန်နေဂျာတစ်ဦးကပြောသည်။

Intel မှ အထက်ပါအတိုင်း နိုင်ငံတကာနည်းပညာဈေးကွက်သို့ ညွှန်ကြားချက်များထုတ်ပြန်ပေးခဲ့သဖြင့် ပြည်တွင်းဈေးကွက်အတွင်း နည်းပညာကုမ္ပဏီအချို့မှ ပြန်လည်သိမ်းဆည်းခြင်းများပြုလုပ်နေသော်လည်း အချို့သော ကုမ္ပဏီများမှာမူ ယင်းကဲ့သို့ပြန်လည်သိမ်းဆည်းခြင်းမပြုလုပ်ဘဲ ဝယ်ယူသူက အမှန်တကယ် ပြဿနာပေါ်ပေါက်လာမှသာ ဖြေရှင်းမှုများကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း အထက်ပါနည်းပညာ ကုမ္ပဏီများထဲမှ ကျွမ်းကျင်သူအချို့က ဆိုသည်။

Intelအနေဖြင့် အဆိုပါပြဿနာသည် Motherboard များ၏ Hardware များတွင်သာ ချို့ယွင်းမှုများဖြစ်ပေါ်နိုင်ပြီး Sandy Bridge CPU တွင်မူ အဆိုပါအခက်အခဲမဖြစ်ပေါ်နိုင်ကြောင်းနှင့် ယင်းပြဿနာကို ယခုနှစ်ဝက်မကုန်မီ ဖြေရှင်းသွားရန်စီစဉ်နေကြောင်း တရားဝင်ပြောကြားထားသည်။

## လက်ပ်တော့နှင့် နုတ်ဘွတ်ခ်များ သုံးစွဲသူပိုမိုမြင့်တက်

ယုဇနကိုကို

ရန်ကုန်၊ မတ်- ၁၅

မြန်မာနိုင်ငံ၏ လက်ပ်တော့သုံးစွဲမှုနှုန်းမှာ တဖြည်းဖြည်းခြင်းဖြင့် ပိုမိုမြင့်တက်လာခဲ့ကြောင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ကွန်ပျူတာနှင့်ဆက်စပ်အရောင်းဆိုင်ကြီးများနှင့် ကွန်ပျူတာပညာရှင်အချို့က ဆိုကြသည်။

အလွယ်တကူသယ်ဆောင်သွားနိုင်သောလက်ပ်တော့၊ နုတ်ဘွတ်ခ် အစရှိသည့် ကွန်ပျူတာပစ္စည်းများအား အများဆုံးသုံးစွဲလာသူများမှာ ကျောင်းသားများနှင့် ပုဂ္ဂလိကနယ်ပယ်မှ ကုမ္ပဏီဝန်ထမ်းလူငယ်များဖြစ်ကြောင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းအဝယ်ဆိုင်များမှ တာဝန်ရှိသူများက ဆိုကြသည်။

ပြည်တွင်း၏ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဈေးကွက်တွင် ပြီးခဲ့သည့် ၂၀၁၀ နှစ်ဆန်းပိုင်းကတစ်ကြိမ်၊ ယခုနှစ်ဖေဖော်ဝါရီလကတစ်ကြိမ် ဈေးနှုန်းများသိသာစွာကျဆင်းခဲ့ပြီး ယင်းသို့ကျဆင်းမှုက လက်ပ်တော့အသုံးပြုမှုများ ကိုပိုမိုမြင့်တက်စေခဲ့သည့် အဓိကအကြောင်းအရင်းဖြစ်နိုင်ကြောင်း လုပ်ငန်းရှင်များကဆိုကြသည်။

"ကွန်ပျူတာ သုံးစွဲမှုသိသိသာသာတိုးလာတာ တစ်နှစ်လောက်ရှိပြီ။ အဓိကတိုးတက်လာတဲ့ အချက်ကကွန်ပျူတာပစ္စည်းတွေ ဈေးကျတဲ့အချိန်မှာ ဝယ်လိုအား အများဆုံးဖြစ်သွားတာနဲ့ လူတွေနဲ့လုပ်ငန်းတွေရဲ့ မရှိမဖြစ်လိုအပ်ချက်တွေကြောင့်ပါ"ဟု စမ်းချောင်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကွန်ပျူတာအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကလည်း သုံးသပ်ပြောကြားသည်။

သုံးစွဲသူအဓိကများပြားသည့်မြို့များမှာ ရန်ကုန်မြို့တွင် အများဆုံးဖြစ်ပြီး မန္တလေးမြို့၏ လက်ပ်တော့သုံးစွဲမှုသည်လည်း ယခင်နှစ်များထက် မြင့်တက်နေကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောကြားကြသည်။



ရန်ကုန်မြို့ရှိ ကွန်ပျူတာအရောင်းဆိုင်တစ်ဆိုင်တွင်ပြသထားသည့် လက်ပ်တော့များ
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


"လူငယ်တွေရဲ့ ကွန်ပျူတာသုံးစွဲမှုက တော်တော်လေးတော့မြင့်လာတာကိုတွေ့ရတယ်။အတိအကျစစ်တမ်းကောက်ထားတာမျိုး မရှိသေးပေမယ့် အခုနောက်ပိုင်း ကျင်းပတဲ့နည်းပညာဆိုင်ရာဆွေးနွေးပွဲတွေမှာရယ်၊ ပုဂ္ဂလိကကုမ္ပဏီက လူငယ်ဝန်ထမ်းလေးတွေဆီမှာ တော်တော်များများတွေ့လာရတယ်။ လက်ပ်တော့မဟုတ်ရင်တောင်သူတို့လက်ထဲမှာ နုတ်ဘွတ်ခ်လို နုတ်ဘွတ်ခ်လိုအသေးစားလေးတွေရှိနေကြပြီ" ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးနေလင်းသန်းက သုံးသပ်ပြောကြားသည်။

လက်ပ်တော့အပါအဝင် အခြား အလွယ်တကူသယ်ဆောင်သွားနိုင်သည့် ကွန်ပျူတာ ပစ္စည်းများအားသုံးစွဲမှုတိုးတက်လာခြင်းကို အဓိကခန့်မှန်းနိုင်သည့်အချိန်မှာ ရန်ကုန်နှင့် မန္တလေးမြို့တွင် ပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် ဘားကမ့်ဆွေးနွေးပွဲများ ကျင်းပနေသည့်အချိန်တွင်ဖြစ်ကြောင်း ပညာရှင်အချို့ကဆက်လက်သုံးသပ်ပြောကြားသည်။


ယင်းကဲ့သို့ တဖြည်းဖြည်းချင်းသုံးစွဲမှုများတိုးတက်လာနေခြင်းနှင့် တစ်ချိန်တည်းမှာပင် ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှုစနစ်သည်လည်း ကောင်းမွန်ပြည့်စုံရန်လိုအပ်နေကြောင်း သုံးစွဲသူအချို့ကဆိုကြသည်။

"ငွေကြေးတတ်နိုင်လို့ဆိုတာထက် နည်းပညာကမရှိမဖြစ်လက်ရှိကာလမှာ လိုအပ်လာလို့သုံးလာကြတာ။ ဒီအချိန်မှာ အဓိကလိုအပ်တာကအင်တာနက်စနစ်ပဲ"ဟု ရန်ကုန်အခြေစိုက်နည်းပညာကုမ္ပဏီတစ်ခုတွင် ပရိုဂရမ်မာတစ်ဦးအဖြစ်လုပ်ကိုင်နေသည့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကဆိုသည်။

မည်သည့်နေရာမဆို အလွယ်တကူ သယ်ဆောင်သွားနိုင်သော အထက်ပါကွန်ပျူတာပစ္စည်းများသည် လွန်ခဲ့သည့် ၂၀၀၆ မှ ၂၀၀၉ ခုနှစ် ကာလများအထိ ဈေးနှုန်းမြင့်မားမှုများကြောင့် ငွေကြေးတတ်နိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားများနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်အချို့သာအသုံးပြုနိုင်ခဲ့ကြသည်။









Monkey
Coffee mix
30 Sachets
Money နှင့်
Monkey coffee
ရှိရင် ပြီးပြီ...
30g

# ရုပ်ကြည့်တာ ပရဟိတမဟုတ်ပါ

အာဝါသ



ကြင်နာသနားမှုနဲ့ ပေးဆပ်ကူညီမှုဟာ တစ်ဆက်တစ်စပ်တည်းလို့ထင်ရပေမယ့် တကယ်တမ်းကျတော့ အခါခပ်သိမ်း ထပ်တူကျနေတာမဟုတ်ပါဘူး။ လူတိုင်းမှာ သနားတတ်တဲ့စိတ် ပေါ်ပေါက်ချင်ပေါ်ပေါက်မယ်။ ဒါပေမဲ့ လက်ရောက်ကူညီမှုပြုဖို့အဆင့်အထိဆိုရင် ကြန့်ကြာနေတတ်တယ်။ တုံ့ဆိုင်းတွေဝေနေတတ်တယ်။ အဆိုးဆုံးက တစ်ခါတလေမှာ လုံးလုံးကိုမကူညီလိုက်နိုင်တာပဲ။ ဒါကြောင့် သနားတတ်သူတစ်ယောက်ဟာ ကူညီသူဖြစ်လာလိမ့်မယ်လို့ တစ်ထစ်ချပြောမရသလို အရေအတွက်သိပ်မများလှတဲ့ ပေးဆပ်ကူညီသူတိုင်းကျတော့ ဆန်းစစ်နေစရာမလိုဘူး။ ကြင်နာသနားစိတ်အပြင် စာနာစိတ်နဲ့ စွန့်လွှတ်အနစ်နာခံလိုစိတ်တွေပါတစ်တွဲတစ်ပေါင်းတည်းရှိနေတာ တွေ့နိုင်ပါတယ်။ မဟာကရုဏာရှင် 'မာသာထရီဇာ' ဟာ အဲဒီလိုကောင်းမြတ်တဲ့ ဂုဏ်အင်္ဂါတွေနဲ့ တင့်ရှန်းပြည့်လျှမ်းနေတဲ့စံပြပေးဆပ်သူကြီးဆိုရင် မှားမယ်မဟုတ်ဘူး။

ဘာပြောပြော ကြင်နာသနားစိတ်ကင်းမဲ့တာထက် ရှိနေတာကတော့ အများကြီးပိုကောင်းတာပေါ့။ ဒီနေရာမှာ လက်တွေ့ပါဝင်မကူညီနိုင်တဲ့အတွက် ကဲ့ရဲ့ပြစ်တင်ချင်စိတ်နဲ့ ပြောလိုရင်းလည်းမဟုတ်ပါဘူး။ အဓိကပြောချင်တာက လိုအပ်နေတဲ့အကူအညီကွက်လပ်တစ်ခုကိုဖြည့်ဖို့ ရုပ်လုံးပေါ်အောင် ဖော်ဆောင်ဖို့ဆိုရင် သနားနေရုံလောက်နဲ့ ဘယ်လိုမှကုစားနိုင်မှာ မဟုတ်ဘူးဆိုတာလေးနက်စေချင်လို့ပါ။(ပြောရင်းနဲ့ တစ်ခေတ်တုန်းက ရေပန်းစားခဲ့ဖူးတဲ့ သွားလေသူအဆိုတော်တစ်ဦးရဲ့ "သနားတယ်လို့ ပြောနေမယ့်အစား မောင်မောင်မုန်းဖို့ကြိုးစားပါလား. . . ကွယ်"ဆိုတဲ့ ခန့်တဲ့သီချင်းစာသားလေးကို သတိရမိသေးတယ်)။ တစ်နည်းအားဖြင့်တော့ ကူညီဖြည့်ဆည်းမှုတစ်ခုအရာထင်ဖြစ်မြောက်သွားဖို့ဆိုရင် အကူအညီလိုအပ်နေသူရယ်၊ ပေးနိုင်သူရယ်၊ ပေးမယ့်ကူဖွယ်ဝတ္ထုအရာတစ်ခုခုရယ် ရှိကိုရှိမှဖြစ်မှာကိုး။

ဒီလိုပြောတော့ အချို့က ကူဖွယ်ဝတ္ထုဆိုတာကို တရားသောအတွေးနဲ့ ထင်ယောင်ထင်မှားအကောက်လွဲကြဦးမှာအမှန်ပဲ။ ဒုက္ခရောက်နေသူ တစ်ဖက်သားကို ကူညီနိုင်ဖို့ဆိုရာမှာ ကိုယ်လည်း ကိုယ့်အခြေအနေနဲ့မို့ အမြဲတမ်းတော့ ငွေ၊ အသုံးအဆောင်၊ ဆေးဝါး၊ အစားအစာ စသည်ဖြင့်ဖြစ်ချင်မှဖြစ်မှာပေါ့။ နောက်တစ်ခုက ကိုယ်ကူညီရမယ့်လူ လတ်တလောလိုအပ်နေတဲ့ အခက်အခဲပေါ်လည်း မူတည်ပါသေးတယ်။ ဒါဆို ဘာကိုဘယ်လိုကူညီရမှာလဲလို့ မေးစရာရှိလာပြီပေါ့။ ဝေဝေဝါးဝါးဖြစ်မသွားစေချင်ဘူး။ ကျွန်တော်တို့မှာ အကောင်အထည်အရေအတွက်နဲ့မဟုတ်တဲ့ ကူညီနိုင်စရာတွေ တကယ်ပဲအများအပြားရှိနေပါတယ်။ မပြောကောင်းမဆိုကောင်း ကျွန်တော်တို့ကူညီရမယ့်လူဟာ မီးလောင်ပြင်က သူငယ်ချင်းတစ်ယောက်၊ စာမေးပွဲကျတဲ့ သွေးသားထဲက တူ၊ တူမလေးတစ်ယောက်၊ အလုပ်ပြုတ်သွားတဲ့မိတ်ဆွေတစ်ယောက်ဆိုတာတွေ တစ်ချိန်မဟုတ်တစ်ချိန်ချိန်မှာ မမျှော်လင့်ဘဲကြုံလာရနိုင်ပါတယ်။ ဒီလိုအခါမျိုးမှာ သူ့ကိုအိမ်တစ်လုံးပြန်ရအောင်၊ စာမေးပွဲရလဒ်ပြောင်းပြန်ဖြစ်သွားအောင်၊ အလုပ်တစ်ခုချက်ချင်းပြန်ရအောင် ကျွန်တော်တို့ ဘယ်လိုမှ စွမ်းဆောင်ကူညီနိုင်မှာမဟုတ်ပါဘူး။ ဒါကို သူကိုယ်တိုင်လည်း သိတာပါပဲ။ အရေးကြီးတာက လိုအပ်နေတဲ့အကူအညီအပြည့်အဝမပေးနိုင်မယ့်အတူတူ တစ်ဖက်သားအပေါ် သနားရာရောက်မယ့်အကူအညီမျိုးပေးတတ်ရပါမယ်။ အဲဒါက သူခံစားနေရတဲ့ လောကဓံဒုက္ခဝေဒနာတွေ လျော့ပါးသက်သာစေဖို့ စိတ်ပိုင်းဆိုင်ရာအကူအညီ(Psychosupport)တွေဖြစ်တဲ့ အကြံကောင်း၊ ဉာဏ်ကောင်းနဲ့ အားပေးနှစ်သိမ့်မှုတွေပါပဲ။ ယုတ်စွအဆုံး မိတ်ဆွေသူငယ်ချင်းတစ်ယောက် ဒုက္ခနဲ့ကြုံရလို့ စိတ်နှလုံးညှိုးချုံးနေချိန်မှာ လျစ်လျူရှုရှောင်ဖယ်မသွားဘဲ တင်းကျပ်နေတဲ့ သူ့ရင်ထဲက ဝေဒနာစကားကို စာနာလိုက်နားထောင်ပြီး သူနဲ့အတူ စကားတစ်ဖြုတ်လောက်ဖြစ်ဖြစ်နေပေးလိုက်နိုင်တာကိုက အဲဒါကူညီခြင်းတစ်မျိုးပဲပေါ့။

ဒါကြောင့်လည်း မြင်ရတဲ့ ရွှေငွေရတနာအဖိုးတန်ပစ္စည်းတွေထက် မမြင်ရတဲ့မေတ္တာတရားစွမ်းပကားက ပိုပြီးလေးနက်ထိရောက်တယ်လို့ စိတ်ဝါဒီမေတ္တာသမားစစ်စစ်တွေက ယုံကြည်လက်ခံထားကြတာဖြစ်ပါတယ်။

ကြုံဖူးမယ်ထင်ပါတယ်။ ခင်မင်ရသူတစ်ယောက် နေထိုင်မကောင်းလို့ ဆေးရုံတင်ထားကြောင်း လူကြုံက တစ်ဆင့်သိရတဲ့အခါ"ကျွတ်ကျွတ်ကျွတ်. . ဖြစ်မှဖြစ်ရလေတယ်၊ ဘယ်ကဘယ်လိုစဖြစ်တာတုန်း၊ သူ့ရောဂါကဘာတဲ့၊ အခုရောဘယ်လိုနေသေးလဲ. . ."စသည်ဖြင့် မေးမြန်းစုံစမ်းစစ်ဆေးပစ်လိုက်တာ စုံလို့မဟုတ်လား။ သူ့စကားမှာ သနားသံလေးပါ စွက်နေတာလည်းအမှန်။ တကယ့် တကယ်တော့ နောက်ဆုံး လူနာသက်သာလို့ ဆေးရုံကသာ ပြန်ဆင်းရော ကိုယ်ရေးကိုယ်တာတွေ ဦးစားပေးနေရတာနဲ့ တစ်ခေါက်မရောက်လိုက်ဘူး။

ဘတ်စ်ကားစီးရင်း ရံဖန်ရံခါ ကားပျက်စဉ်မှာ ကြုံရတာကျတစ်မျိုး။ "ယောက်ျားလေးတွေ ခဏလောက်ဆင်းတွန်းပေးပါခင်ဗျာ" စပယ်ယာက လှမ်းအော်အကူအညီတောင်းနေပါပြီ။ ချက်ချင်းမလှုပ်ကြသေးဘူး။ အခြေအနေကို အကဲခတ်စောင့်ကြည့်တယ်။ အများစုက သူလိုကိုယ်လိုလူတွေချည်းပဲဆိုတော့ မနေသာတဲ့အဆုံးအပေါက်ဝက သုံးလေးယောက်ရင်ခံခံနဲ့ပဲ မုန့်ဟင်းခါးစားဖို့ ဆင်းသွားရတော့တယ်။ ကြည့်မကောင်းပါဘူး။ ပြိုင်တူ လူညီညီမတွန်းနိုင်တော့ရွှေ့ဖို့ကိုမနည်းကြိုးစားရပါတယ်။ ဒီအဖြစ်မျိုးမှာ နေရာရထားတဲ့ထိုင်ခုံကလူတွေဆို အိပ်ငိုက်သလိုလို၊ မကြားမိလိုက်သလိုနဲ့ ရှူးချင်ဟန်ဆောင်ပြီး ဘယ်အခါမှ ဆင်းတွန်းတာ မတွေ့ရတတ်ဘူး။ နေရာဆိုတဲ့ 'အတ္တဟိတ' ကို ဖက်တွယ်ပြီး အများအတွက် မျက်ကွယ်ပြုနိုင်ကြတာပြောပါတယ်။

မထင်မှတ်ဘဲ 'ခွမ်' ခနဲဆို လမ်းသွားတစ်ယောက်ဆီက ပုလင်းတစ်လုံး ကျကွဲတော့လည်း အနီးနားဝန်းကျင်မှာရှိနေတဲ့ ကျွန်တော်တို့လူတွေ အများဆုံးလုပ်တာက "ဟာ. . ဒုက္ခပါပဲ၊ စူးကုန်တော့မယ်။ ဘယ်ဖြစ်မလဲ တစ်ခါတည်း ရှင်းသွား ရှင်းသွား၊ ဒီတိုင်းထားခဲ့လို့တော့ မဖြစ်ဘူးနော်" ဆိုတာက ပါသေးတယ်။ စဉ်းစားသာကြည့်ပေတော့။ ဘယ်သူက တမင်တကာလုပ်လို့လဲ။ မတော်တဆဖြစ်ရတဲ့ကိစ္စမှာ အမြင်မတော်ရင် ဝိုင်းဝန်းလိုက်ကြဖို့ကို လာဘ်မမြင်၊ အရင်သတိမရဘူး။ ပွဲကြည့်ပရိသတ်လို အခန့်သားရပ်ပြီး ဝေဖန်ဖို့ကျတော့ သူတို့လောက် ပါရဂူမြှောက် ထူးချွန်ကြတာ မရှိဘူး။ အားလုံးတော့ မဟုတ်ပါဘူး။ ဒီထဲမှာ တာဝန်သိသူ 'ပရသမား'အချို့ ရှားရှားပါးပါးရှိနေတတ်တယ်။ ဒါကြောင့် 'လူပြောမသန် လူသန်မပြော'တဲ့ဆိုပြီး စကားပုံက လိုအပ်ချက်အရ ပေါ်ပေါက်ခဲ့ရတာဖြစ်မယ်။

ပြောခဲ့သလိုပဲ တကယ့်အရေးကြုံလာတဲ့အခါ ပါးစပ်က၊ စိတ်ထဲကသနားတတ်သလို ကိုယ်နိုင်တာလေးနဲ့လည်း တစ်ဖက်တစ်လမ်းက သက်သက်သာသာကူညီလို့ရပါတယ်။ စိတ်စေတနာသာ အဓိကပါ။ တတ်နိုင်သူက တတ်နိုင်တဲ့ဘက်က ရှေ့ဆောင်ဦးရွက်ပြုနေချိန်မှာ လူမြင်ကောင်းအောင်ကဲ့ရဲ့၊ လွတ်အောင်ဆိုတဲ့ သဘောနဲ့ လူတတ်ဆန်ဆန် ဆူညံပူညံဝင်လုပ်တာမျိုးက ကူညီရာမရောက်တဲ့အပြင် တကယ်လုပ်နေသူတွေအတွက် နှောင့်ယှက်ရာတောင်ကျပါသေးတယ်။ သူ့ကိုယ်သူသာ မသိလိုက်ပေမယ့် ရပ်ကြည့်တာနဲ့ ဘာများခြားလို့လဲ။ ဆိုးရင်တောင် ပိုဆိုးဖို့ပဲရှိမှာပါ။

အများအကျိုး ဆောင်ရာမှာ စေတနာမှန်လို့ လိပ်ပြာလည်းသန့်နေသူတွေကျတော့ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်အားဘူး။ ပြန်ရှင်းပြချေပနေဖို့လည်း အမနာပတွေအတွက် အချိန်ကုန်မခံလိုကြဘူး။ ဒီထက်ပိုပြီး အံ့သြစရာကောင်းတာက ယုံကြည်မှုစူးနစ်ခိုင်မြဲနေတော့ တော်ရုံတန်ရုံလောက်ကို မဖြုံတဲ့အပြင် ခံနိုင်ရည်အားတွေပါ အလိုလိုများလာမြင့်လာရင့်ကျက်လာတာပါပဲ။

တစ်ခါက ကိုယ်တိုင်ပါဝင်ခဲ့ဖူးတဲ့ဖြစ်ရပ်တစ်ခုမှာတော့ စိတ်မကောင်းတာရော၊ ကျေနပ်ပီတိဖြစ်စရာရော ကြုံလိုက်ရပါတယ်။ အရင်ပြောချင်တဲ့ စိတ်မကောင်းဖြစ်ရခြင်းအကြောင်းက. . ကားတိုက်သွားလို့ လမ်းပေါ်မှာ တစ်ယောက်တည်း လဲကျန်ရစ်တဲ့လူနာကို ဝိုင်းအုံကြည့်နေကြသူ ပရိသတ်တွေ ဘယ်သူမှ မထိရဲမကိုင်ရဲကြတာပဲ။ အကြောင်းပြချက်က စိတ်မကောင်းဖြစ်ရတာထက် ရင်နာစရာပိုကောင်းပါတယ်။ အမှုပတ်မှာ စိုးလို့တဲ့။

အဲဒီအချိန်မှာ ကျွန်တော်နေထိုင်တဲ့ မြောက်ဥက္ကလာပ၊ မဓာဝီလမ်းဆုံဆိုတာ တစ်ညလုံး လူပြတ်တယ်လို့မရှိတဲ့နေရာ။ တစ်ညမှာ 'ဝုန်း'ခနဲဆို "လိုက်. လိုက်. လိုက်. လိုက်၊ တိုက်သွားပြီ"ဆိုတဲ့ အော်ဟစ်သံတွေ ဆူညံပေါ်ထွက်လာတယ်။ အချိန်က အိပ်ရာဝင်ခါနီးည၁၁ နာရီခွဲလောက်ရှိမယ်ထင်တယ်။ ကျွန်တော်လည်း ကြားကြားချင်း အိမ်တံခါးဖွင့်ပြီး အခင်းဖြစ်နေရာကို အပြေးရောက်သွားတော့ လမ်းဆုံအလယ်ခေါင်တည့်တည့်မှာ တစ်ယောက်တစ်ပေါက်အသံတွေနဲ့ လူအုပ်ကြီးဝိုင်းအုံနေတယ်။ သိချင်ဇောနဲ့ အတွင်းဘက်ကို တိုးကပ်ကြည့်လိုက်မှ သွေးကွက်တွေထဲ လဲနေတဲ့ ခပ်နွမ်းနွမ်းမိန်းမတစ်ယောက်ဆိုတာသိလိုက်ရတယ်။ ဆွဲခြင်းတစ်လုံး၊ ထမင်းချိုင့်နဲ့ ပိုက်ဆံအိတ်အပါအဝင်ပစ္စည်းအချို့က အနားမှာ ပြန့်ကျဲနေတယ်။ အဖြစ်ဆိုးပုံက တစ်ပြိုင်တည်းဆိုသလို လူအချို့ကလည်း တိုက်ပြီး မရပ်ဘဲ မောင်းပြေးတဲ့ အဲဒီကားနဲ့ အမျိုးသမီးရဲ့အဖော်ယောက်ျား တရွတ်တိုက်ချိတ်ပါသွားတာ မြင်လိုက်ရတော့ အော်လည်းအော် ပြေးလည်းပြေးလိုက်သွားကြတာပေါ့။ လူအုပ်ကြီးအလယ်ရောက်နေပြီဖြစ်တဲ့ ကျွန်တော့်အနေနဲ့တော့လဲနေတဲ့လူနာ ခပ်ဖြည်းဖြည်း လူးလွန့်နေတာမြင်ရလို့ "ဟာ. . ဆေးရုံအမြန်ပို့မှဖြစ်မယ်။ အသက်ရှိသေးတယ်။ ဒီတိုင်းကြည့်နေလို့ မဖြစ်ဘူး။ အမျိုးသမီးတွေ ထဘီပြင်ဝတ်ပေးကြပါ" ဆိုပြီး ကျွန်တော် လူအုပ်အပြင်ဘက် ထွက်လိုက်တယ်။ အနီးအနားမှာ တစ်ဦးတည်းသောဆိုက်ကားကိုတွေ့ရပေမယ့် လူကရှိမနေပြန်ဘူး။ ကျိုးကန်းတောင်းမှောက် လိုက်ကြည့်တော့ မိုးလင်းပေါက်ရောင်းတဲ့ ထမင်းကြော်ဆိုင်ထောင့်ထဲမှာ ဆိုက်ကားဆရာက ငြိမ်ကုတ်လို့။ ဘယ်ရမလဲ သူနဲ့ကျွန်တော်လည်း သိနေတာပဲ။ ကျွန်တော် တာဝန်ယူပါတယ်။ ဆေးရုံလိုက်ပို့ပေးပါလောဆော်တော့ သူမလိုက်ရဲဘူးတဲ့။ နောက်ဆုံးတော့ ဆိုက်ကားဆရာကို ပြန်ပေးဆွဲသလို ဖွတ်ခေါ်လာပြီး လူအုပ်ထဲ ကျွန်တော်ပြန်ဝင်လိုက်တယ်။ မြင်ကွင်းက အရင်အတိုင်းမို့ စိတ်ဓာတ်ကျချင်စရာပဲ။ ထဘီဝတ်ပေးမယ့်လူတောင်မရှိဘူး။ တော်သေးတာပေါ့။ ကျွန်တော့်နောက်က ထွက်လိုက်လာကြတဲ့ ဇနီး(ဝါဝါ) နဲ့ အိမ်ကို အလည်ရောက်နေတဲ့ သူ့ယောက်မပါ ပွေ့တင်ခိုင်းပြီး ဆိုက်ကားနဲ့ မြောက်ဥက္ကလာပဆေးရုံကြီး အရေးပေါ်ဌာနဆီ အချိန်မီပို့လိုက်နိုင်တယ်။


အဲဒါပါပဲ။ ဒီအဖြစ်အပျက်မျိုးမှာ တစ်မိနစ်၊ တစ်စက္ကန့်ဆိုတဲ့ အချိန်ဟာ တော်တော်တန်ဖိုးကြီးပါတယ်။ အလေးအနက်ထားပြီး ပြောချင်တာက တကယ်ဖြစ်မလာသေးတဲ့ အကြောက်တရားတွေ၊ အမှောင့်ပယောဂတွေကြောင့် မျက်စိအောက်က လူတစ်ယောက်ရဲ့အသက်ကို ဥပေက္ခာပြုလိုက်ကြမလားဆိုတာ စဉ်းစားကြည့်ရင် အဖြေက အထင်းသားရှိနေပါတယ်။ လူသားတွေဖြစ်တာနဲ့အညီ ကျွန်တော်တို့မှာ ရှိသင့်ရှိထိုက်တဲ့ လူရဲ့ ဂုဏ်သိက္ခာဆင်ခြင်တုံတရားတွေ မေ့မထားသင့်ကြဘူး။ အခွင့်အကြုံလို့ မကူညီလိုက်ရတာဝမ်းနည်းစရာမဟုတ်ပေမယ့် ကိုယ့်ပခုံးပေါ် တည့်တည့်ကျလာတဲ့ လူမှုတာဝန်ဝတ္တရားတစ်ခုကို မသိကျိုးကျွံပစ်ပယ်ပုတ်ထုတ်မယ်ဆိုရင် တစ်ချိန်မှာ တစ်သက်လုံး နောင်တရမဆုံးဖြစ်နေတတ်တယ်။

ပရဟိတဆိုတာ လူဖြစ်နေသ၍ လူတိုင်းနဲ့ဆက်စပ်ပတ်သက်နေမှာပဲ။ သူနဲ့ပဲဆိုင်တယ်၊ ငါနဲ့ဆိုင်တာမဟုတ်ဘူးဆိုရင် ငါလိုလူစားတွေချည်းများလာတော့ မခက်ဘူးလား။ ကိုယ်တောင်းတဲ့ အလှည့်ရှိနိုင်သလို ပေးရတဲ့အခါလည်းရှိချင်ရှိမှာပါ။ ခံယူတဲ့အခါ ရှိနိုင်သလို တုံ့ပြန်ဖို့ ကြုံလာရင်လည်း မပျက်ကွက်သင့်ဘူး။ ကြီးကြီးကျယ်ကျယ်လုပ်နိုင်မှ ပရဟိတအရာဝင်တာမဟုတ်ဘူး။ လှူတတ်ရင်မြတ်တယ်ဆိုတဲ့စကားရှိသလိုကူတတ်ရင်လည်း မြတ်တာပါပဲ။ ဘတ်စ်ကားပေါ်က ကိုယ်ဝန်ဆောင်တစ်ယောက်ကို ကိုယ့်နေရာပေးလှူလိုက်တာပဲဖြစ်ဖြစ်၊ လမ်းဖြတ်ကူးတဲ့ သက်ကြီးရွယ်အိုအဘိုးအဘွားတစ်ယောက်ကို ကူတွဲပြီး ပို့ပေးတာပဲဖြစ်ဖြစ် ကိုယ့်ကြောင့် သူတစ်ပါးအကျိုးရှိသွားတာ ပရဟိတပဲပေါ့။

တစ်ခုပဲ သတိထားရမှာက နေစိမ့်လွန်းတဲ့ အကျိုးမဲ့ရုပ်ကြည့်ခြင်းမျိုးဟာ ဘယ်မှာ ပရဟိတဟုတ်ပါ့မလဲ။

ရှိသင့်တဲ့'အတ္တ'နဲ့ ရှိရမယ့် 'ပရ'အချိုးလည်းမျှ၊ အကျိုးလည်းလှနိုင်ကြပါစေ။ ။

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011



# ကစားကွင်းထဲက စောင့်နေတဲ့မနက်ဖြန်တွေ

မောင်သာချို

(တစ်)

လောလောလတ်လတ် ရက်တွေထဲ၌ ဗလာစာအုပ်ကလေး တစ်အုပ်ကိုကောက်လှန်ဖြစ်ပါသည်။ ဖတ်ခဲ့သမျှ၊ ကြားခဲ့သမျှ မှတ်သင့်မှတ်ရာ တိုတိုထွာထွာကလေးတို့ကို အသာအယာ "တို့" ထား "တေး"ထားသည့် ကျွန်တော့် ဗလာစာအုပ်ကလေးများအနက်မှ တစ်အုပ်ပဲဖြစ်ပါသည်။ သည်ဗလာစာအုပ်ကလေးကို တောင်လှန်မြောက်လှန် လျှောက်လှန်နေခဲ့တုန်း ကျွန်တော့်ကို ဖမ်းစားလိုက်သည့် သတင်းမှတ်စု အတိုအထွာကလေး သုံးလေးပုဒ်ကို ကျွန်တော် သတိထားလိုက်မိပါသည်။ အကုန်လုံးလိုလိုက ကလေးသူငယ်လူရွယ်ကလေးများ၏ ဆော့ကစားခြင်းနှင့်ပတ်သက်သော မှတ်စုကလေးတွေချည်းပဲ ဖြစ်နေပါသည်။

ပထမမှတ်စုက အီရတ်နိုင်ငံ ပတ်သက်သော မှတ်စုဖြစ်ပါသည်။ အီရတ်နိုင်ငံ၏ ကလေးကစားစရာများကိစ္စ။ အီရတ်နိုင်ငံ၌ကလေးကစားစရာ သေနတ်မျိုးစုံကို ပိတ်ပင်လိုက်သည်ဆိုသော အကြောင်းအရာ။ အီရတ်ကျန်းမာရေး ဝန်ကြီးဌာန၏ အတိုင်ပင်ခံ ဒေါက်တာအီမက်အဗ္ဗဒူရာဇာတ်ကသည်သတင်းကို ထုတ်ပြန်ပြောဆိုကြောင်း "တေး" ထားသည့် ကျွန်တော့်မှတ်စု ဖြစ်ပါသည်။ ကစားစရာပစ္စည်းနှင့် ကလေး၏ စိတ်ပိုင်းဆိုင်ရာ ဆက်စပ်မှု။

ပညာရှင်တို့က ကလေးကစားစရာ ပစ္စည်းကိုသုံးမျိုး သုံးစားခွဲခြားပြီး မြင်ပါသည်။ Action Toys တဲ့။ Imitative toys တဲ့။ Imaginative Toys တဲ့။ သံပတ်ပေးလို့ ရွေ့လျားသွားလာနေသည့် ကားကလေး၊ ရထားကလေး၊ သင်္ဘောကလေးတွေ ၊ စက်ရုပ်ကလေးတွေဟာ Action Toys ပေါ့။ ဆရာဝန်လုပ်တမ်း ကစားဖို့ နားကြပ်ကလေးတွေ၊ သွေးပေါင်တိုင်းသည့် ကိရိယာကလေးတွေနှင့် ဆော့ကစားနေကြသော ကလေးတို့၌ မေတ္တာတို့ အကြင်နာတို့၊ ယုယမှုတို့က တွဲစပ်ကာပါဝင်လာကြပြီးသားဖြစ်ပါသည်။ သို့သော် သေနတ်တွေ၊ လက်ပစ်ဗုံးတွေ၊ ဓားမြှောင်တွေနှင့် လူသတ်တမ်းကစားနေကြသော ကလေးတို့မှာဖြင့် ရက်စက်ကြမ်းတမ်း၍ ခက်ထန်သော စိတ်သဘောထားတို့က တွဲစပ်ပါဝင်လာတတ်ကြပါသည်။ ဒါကို စိတ်ပညာရှင်များနှင့် ဉာဏ်ခံကြီးသော မိဘတို့က ရိပ်စားမိကြပြီးသားဖြစ်ပါသည်။ ကလေးတွေ ကစားနေကြရင်ပြီးတာပါပဲဟူ၍ သူတို့ သဘောမထားနိုင်ကြပါ။ အခု ကစားစရာ သေနတ်မျိုးစုံ ပိတ်ပင်သည်ဆိုသော အီရတ်သတင်းက သည်ရိပ်စားမိခြင်းအပေါ်၌ အခြေခံခြင်းပင် ဖြစ်ပါသည်။ နောက်တောင်ကျနေပြီလားမသိ။

(နှစ်)

ဒုတိယမှတ်စုက စင်ကာပူနိုင်ငံနှင့်ပတ်သက်သော မှတ်စုဖြစ်ပါသည်။ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက စင်ကာပူတွင် လူနေအဆောက်အအုံများ ဆောက်လုပ်ရာတွင် အားကစားလေ့ကျင့်စရာ နေရာထည့်သွင်းဆောက်လုပ်ခြင်းမရှိပါက မဆောက်ရဟု သတင်းထုတ်ပြန်ကြောင်း မှတ်စုဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲ၌ ဆရာဦးအောင်သင်းကို တစ်ဆက်တစ်စပ်တည်းဆိုသလို သွားသတိရနေမိပြန်ပါသည်။ "အင်္ဂလိပ်တွေ သိပ်တော်တယ်ကွာ. . . လူနေရပ်ကွက်တစ်ခုမှာ အားကစားကွင်းတစ်ခုအမြဲပါတယ်"ဟု ဆရာက ဆိုခဲ့ဖူးသည် မဟုတ်လား။ အားကစားကွင်းတွေက လူငယ်၊ လူရွယ်တို့ကို ကိုယ်ကာယ သာမက စိတ်ဉာဏ်ကိုပါ တည်ဆောက်ပေးသော နေရာတွေဟု ကျွန်တော်လည်း ယုံကြည်ပါသည်။

အင်္ဂလိပ် ဘာသာစကား၌ Outlet ဟူသော စကားရှိပါသည်။ ထွက်ပေါက်ဟုနားလည်ရပါသည်။ ကလေးတွေ လူငယ် လူရွယ်တွေမှာလည်း Outlet လိုအပ်ပါသည်။ သူတို့သည်လည်း လူသားထဲက လူတွေပဲဖြစ်ရာ ဖေဖေနဲ့၊ မေမေနဲ့၊ ကိုကိုနဲ့၊ မမနဲ့၊ ဆရာ ဆရာမနဲ့၊ သူငယ်ချင်းနဲ့ အဆင်မပြေ၍ မျိုသိပ်ထားရ၊ ပြေးရင်းလွှားရင်း ဘောလုံးကန်ရင်း လျှောစီးရင်း၊ ဖန်ခုန်ရင်း၊ အော်ရင်း၊ ဟစ်ရင်းကနေ ထွက်ပေါက်ရသွားပါလိမ့်မည်။ အားကစားကွင်းတွေက စိတ်ကိုလည်းတည်ဆောက်ပေးပါသည်။ ထုပ်ဆီးတိုးတာပဲဖြစ်ဖြစ်၊ ဘောလုံးကန်တာပဲ ဖြစ်ဖြစ်၊ ဂျင်ပေါက်တာပဲဖြစ်ဖြစ် စည်းနှင့်ကမ်းနှင့် ကစားနေကြရတာဖြစ်ပါသည်။ ထမင်းရည်ပူစည်းကို မနင်းနဲ့ဟု ဆိုလျှင် မနင်းရပါ။ ဘောလုံးကိုလက်နှင့် မထိနဲ့ဟုဆိုလျှင် မထိရပါ။ ထို့ပြင် ထိုအားကစားတွေက တစ်ယောက်တည်း ကစားနေကြခြင်း မဟုတ်ပါ။ အသင်းတွေအဖွဲ့တွေ၊ အုပ်စုနှင့် ကစားနေကြခြင်း ဖြစ်ပါသည်။ သည်တော့ မိမိမဟုတ်သောသူနှင့် အပေးတွေ၊ အယူတွေ၊ အဝေတွေ၊ အမျှတွေ ပါဝင်လာရပါသည်။ သည်မှာတွင် စည်းနှင့်ကမ်းနှင့်နေတတ်သော အလေ့အစုနှင့်၊ အဖွဲ့နှင့်နေတတ်သော အကျင့်တို့ကို အားကစားကွင်းတွေက ကျွန်တော်တို့၏ ကလေးတွေ လူငယ်၊ လူရွယ်တွေကို တည်ဆောက်ပေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်ငယ်က လထိန်ထိန်သာသော ညညများ၌ ရွာလယ်လမ်းမကြီး တစ်လျှောက် ဆော့ကစားကြရသော အရသာကို ခုထိ ကျွန်တော်အမှတ်ရနေဆဲဖြစ်ပါသည်။ ထုပ်ဆီးတိုးသူတွေကလည်း ချွေးတွေသံတွေနှင့်။ စိမ်ပြေးသူတွေကလည်း ချွေးတွေ သံတွေနှင့်။ ညောင်ပင်တစ္ဆေကစားသူတွေကလည်း ချွေးတွေ သံတွေနှင့်။ လိပ်ဥဝှက်တမ်းကစားတာမျိုးကျတော့ လူကဲခတ်တာတွေ သရုပ်ဆောင်ရတာတွေပါလာပါပြီ။ ဘယ်သူ့ပေါင်အောက်မှာ လိပ်ဥရှိလေမလဲဟု မျက်နှာရိပ်၊ မျက်နှာကဲကို ဖမ်းကာ အခဲခတ်ပေတော့။ လိပ်ဥမိမိဆီမှာ အဝှက်ထားခံရသူက မရှိသယောင် သရုပ်ဆောင်၍ မရှိသူကလည်း မိမိဆီမှာ ရှိနေလေသယောင် သရုပ်ဆောင်ကြရသည်မှာကလေးတို့၏ စိတ်တန်ခိုးစွမ်းရည်ပြိုင်ပွဲပင် ဖြစ်ပါသည်။ ခြေတစ်ပေါင်ကျိုးဖြင့် ခုန်ကာ၊ ခုန်ကာကစားရသော ကုလားမစည်းနင်းကစားနည်းကလည်း လူ့ခန္ဓာကိုယ်ထိန်းသိမ်းမှု (Body Control )ကို အထောက်အကူပြုပါပေ့။

(သုံး)

အခုခေတ်လူအဖွဲ့အစည်း၊ အထူးသဖြင့် မြို့ပြလူ့အဖွဲ့အစည်းမှာက ကစားစရာနေရာတွေက တော်တော် ရှားသွားပါပြီ။ ရပ်ကွက်တိုင်း၊ ကျောင်းတိုင်းမှာ ကစားကွင်း မရှိတော့။ ခေတ်မီကစားစရာတွေကလည်း ကလေးတွေ လူငယ် လူရွယ်တွေကြားထဲကို ထိုးဖောက်ဝင်ရောက်၍နေကြသည်။ ကွန်ပျူတာဂိမ်း ကစားနေသည့် လူငယ်တစ်ယောက်ကို ကျွန်တော် သတိထားကြည့်မိသည်။ ဓားတစ်ချောင်း၊ သေနတ်တစ်လက်နှင့် တွေ့ရာလူကို လိုက်လံတိုက်ခိုက်နေသော ဂိမ်း၊ စက်ဘီးကိုလုစီး၊ ကားကို လုမောင်းကာ တွေ့တွေ့သမျှ ထိုးနှက်တိုက်ခိုက်နေသော ဂိမ်း၊ စစ်ပွဲကြီးဆင်နွှဲနေသောဂိမ်းစသည်ဖြင့် လူကိုခက်ထန်ကြမ်းတမ်းစေ၍ ကိုယ်ကာယဖွံ့ဖြိုးမှုကို ဘာမှအထောက်အကူမပြုသော ဂိမ်းတွေရှေ့မှောက်မှာ လူငယ်အချို့ရောက်နေကြပါသည်။ အင်တာနက်ဆိုင်ထဲက ဂိမ်းမှာလည်း သည်အတိုင်း၊ အခန်းထောင့်တစ်နေရာရာမှာ လက်တစ်ဝါးစာ MP4 ကလေးနှင့် ကစားနေသည့်ဂိမ်းမှာလည်း သည်အတိုင်း။

ကလေးတို့ လူငယ်တို့ ကစားဖို့ လိုအပ်ပါသည်။ တစ်ယောက်တည်း ကစားနေခြင်းက အထီးကျန်စိတ်ဝေဒနာ(Autism) ကိုခံစားရစေသည်ဟု နိုင်ငံတကာကလေးဆေးရုံက ကလေးစိတ်ပညာရှင်ဒေါက်တာရှောက်ကီကပြောပါသည်။ ကလေးစိတ်ပညာပါရဂူ ဒေါက်တာသိန်းလွင်က ကစားခြင်းသည် ကျေနပ်မှုကို ရစေသည်ဟုပြောပါသည်။ ယေးလ်တက္ကသိုလ်က စိတ်ပညာရှင်ဒေါ်ရိုသီဆင်းဂါးက ကစားခြင်းသည် စိတ်ကူးစိတ်သန်းကို ဖွံ့ထွားစေသည်ဟု ဆိုပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့၏ သားတွေ၊ သမီးတွေ၊ လူငယ်တွေ၊ လူရွယ်တွေ များများကစားဖို့ ကစားကွင်းကြီးတွေ လိုအပ်ပါသည်။ ချွေးတွေ သံတွေက တရွှဲရွှဲ၊ အော်သံဟစ်သံတွေက စီစီညံညံ၊ ရယ်သံ မောသံတွေက ဝေဝေလွင်လွင်နဲ့ဘယ်လောက်များ ပျော်စရာကောင်းလိုက်လေမလဲ။ ကိုယ်ရောစိတ်ပါ ဖွင့်ဖွင့်ထွားထွား လန်းလန်းဆန်းဆန်းနဲ့ ဖွံ့ထွားလာမယ့် အနာဂတ်လူငယ်တွေ။ ရက်စက်ကြမ်းတမ်း ကျဉ်းမြောင်းသော စိတ်ဓာတ်နဲ့ သေးကွေးကြုံလှီသော မျိုးဆက်ကို အလိုမရှိဘူးဆိုလျှင်ဖြင့် သည်လူငယ်တွေအတွက် ကစားစရာနေရာတွေ ကစားကွင်းတွေ များများဖန်တီးပေးရပါလိမ့်မည်။ မနက်ဖြန်နေ့များကို စိတ်ဝင်စားလျှင်ဖြင့် သည်ကနေ့ကို နမော်နမဲ့မလုပ်သင့်ကြောင်း ယူဆမိပါသည်။ ။

## ပျူခေတ်သမိုင်းဝင် ရှေးဟောင်းစေတီတော်တစ်ဆူအား သီတဂူ သဲကုန်းဆရာတော်အရှင်ဉာဏိဿရ ဘက်စုံမွမ်းမံပြင်ဆင်ပူဇော်

**သဲကုန်း၊ မတ်-၉**

ပြည်ခရိုင် သဲကုန်းမြို့မှ ပျူခေတ်ရှေးဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သော "ကန်သာယာ ရေလယ်ကျွန်းစေတီတော်အား သီတဂူသဲကုန်းဆရာတော် အရှင်ဉာဏိဿရ၏ ဦးဆောင်မှုဖြင့် ဘက်စုံမွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်းကို တစ်နှစ်ကျော်ကြာမျှ ဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်စွာပြီးစီးပြီဖြစ်သဖြင့် ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၃ ရက် (၇. ၃. ၂၀၁၁) နံနက် ၈ နာရီ ၁၅ မိနစ်တွင် ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တင်မင်္ဂလာအခမ်းအနားကို သီတဂူသဲကုန်းဆရာတော်ကြီးကိုယ်တော်တိုင်တင်လှူပူဇော်ခဲ့သည်။



7DAY NEWS JOURNAL

# Current Affairs

Vol.10, No.3 • MARCH 24, 2011

## ကြားဖြတ်ရွေးကောက်ပွဲ ၂၀၁၁နှစ်ကုန်ပိုင်းတွင် ကျင်းပရန်ခန့်မှန်း

အားမာန်

ရန်ကုန်၊ မတ် – ၁၈

**ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် ၂၀၁၁ အောက်တိုဘာ၊ နိုဝင်ဘာလခန့်တွင် ကျင်းပနိုင်မည်ဟု ခန့်မှန်းပါကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောကြားသည်။**

မတ်လ ၁၄ ရက်တွင် ပြုလုပ်ခဲ့သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆီက “သမ္မတ၊ ဒုတိယသမ္မတ ရွေးချယ်ခံထားသူများ အပါအဝင် အုပ်ချုပ်ရေးအာဏာအတွင်းသို့ ရောက်သွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ နေရာတွင် အစားထိုးရွေးချယ်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် မည်သို့ ပြင်ဆင်ထားသည်၊ မည်သည့်အချိန်တွင်ကျင်းပမည်၊ လွတ်လပ်၍ တရားမျှတမှုရှိစေရန် မည်သို့စီမံထားသည်ကို သိလိုပါကြောင်း” မေးခွန်းကို ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဖြေကြားစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မတ်လ ၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဖြေကြားရာတွင် “ရွေးကောက်ပွဲအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ခန့်မှန်းအချိန်ကာလမှာ ပွင့်လင်းရာသီမိုးအကုန် ဆောင်းအကူးဖြစ်သော ၂၀၁၁ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလခန့်တွင် ကျင်းပနိုင်မည်ဟု ခန့်မှန်းပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေး ကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးခင်မောင်ဆွေက ကြားဖြတ်ရွေးကောက်ပွဲကျင်းပပါက ပါတီအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယနေ့အချိန်ထိ မည်သည့်ပြင်ဆင်မှုမျှ မပြုလုပ်ရသေးကြောင်း မတ် ၁၉ ရက်က ပြောသည်။

“လွှတ်တော်ထဲက ပါတီရဲ့ ရဲဘော်တွေကို အားဖြည့်နိုင်ဖို့ ဝင်အရွေးခံရမှာပေါ့။ ဒါပေမဲ့ ကြားဖြတ်ရွေးကောက်ပွဲအစီအစဉ်ကို ဘယ်နှနေရာလွတ်မယ်၊ ဘယ်တော့ ကျင်းပမယ်ဆိုတာ သေသေချာချာ မသိသေးတော့ ပြင်တော့ မပြင်ဆင်ရသေးဘူး”ဟု ဦးခင်မောင်ဆွေက ပြောသည်။ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှာ ၂၀၁၀ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်တွင် အမတ်နေရာ ၁၆ နေရာ၌အနိုင်ရရှိခဲ့သည်။

## ဂျပန်နိုင်ငံမှ ပြန်လာသူများကို ဓာတ်သတ္တုကြင်းစင်မှုရှိ၊ မရှိစစ်ဆေး

အောင်သူရ

ရန်ကုန်၊ မတ် – ၁၈



သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဂျပန်နိုင်ငံမှလာရောက်သောသူများအား ရေဒီယိုသတ္တိကြွဓာတ်များ ကင်းစင်မှုရှိ မရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မတ်လ ၁၈ ရက်က စတင်စစ်ဆေးနေကြောင်း သတင်းရရှိသည်။

“ဂျပန်နိုင်ငံသားတွေရော ဂျပန်နိုင်ငံကနေ တစ်ဆင့်ဖြတ်လာတဲ့သူတွေပါစစ်တယ်။ Air Asia လေယာဉ်နဲ့ ပါလာတဲ့ဂျပန်နိုင်ငံသားနှစ်ဦးကိုစစ်တာ တွေ့ရတယ်” ဟု ရန်ကုန်လေဆိပ်၌ ကိုယ်တိုင်မြင်တွေ့ခဲ့ရသူတစ်ဦးကဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင် ရာလေဆိပ်ရှိ ဆိုက်ရောက်ဘက်ခြမ်းတွင် ကောင်တာသီးသန့်ဖွင့်လှစ် စစ်ဆေးခြင်းဖြစ်ကြောင်းလည်း လေဆိပ်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက ဆိုသည်။

ဂျပန်နိုင်ငံ နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆပေါက်ကွဲမှုကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရေဒီယိုသတ္တိကြွပစ္စည်းများ ဝင်ရောက်လာပါက သိရှိနိုင်ရေးအတွက်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ရှာသွန်းသည့် မိုးရေတွင် ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်ခြင်းရှိ၊ မရှိစောင့်ကြည့်တိုင်းတာစစ်ဆေးလျက်ရှိကြောင်း မတ်လ ၁၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရွာသွန်းသည့် မိုးရေများ၌ ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်ခြင်း လုံးဝမရှိကြောင်းမတ်လ ၁၈ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ထပ်မံဖော်ပြထားသည်။

ပညာရှင်များ၏ အဆိုအရ နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆမှုများနှင့် အလွန်နီးကပ်သောနေရာဒေသများတွင် ရေဒီယိုသတ္တိကြွအန္တရာယ်ရှိသည်မှန်သော်လည်း အကွာအဝေး ၂၀ ကီလိုမီတာ ကျော်လွန်သွားပါက အများပြည်သူအတွက် အန္တရာယ်အဆင့်မရှိတော့ကြောင်း ယင်းနေ့ထုတ်သတင်းစာတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံကလည်း မတ်လ ၁၈ ရက်မှစ၍ ထိုင်းနိုင်ငံမှတင်သွင်းလာသော ပစ္စည်းများ ရေဒီယိုသတ္တိကြွဓာတ်များ ကင်းစင်မှုရှိမရှိ စတင်စစ်ဆေးနေပြီဖြစ်ကြောင်း အင်တာနက်သတင်းများအရသိရှိရသည်။

ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သောငလျင်နှင့် ဆူနာမီဒဏ်ကြောင့်ဖူကူရှီးမားလူထုအား နျူကလီးယားဓာတ်ပေါင်းဖိုနှင့် ၈၀ ကီလို မီတာအကွာအဝေးကျော်လွန်၍နေထိုင်ရန် သတိပေးထားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသည်အချို့ခရီးစဉ်ဖျက်သိမ်းမှု ရှိလာပြီး ဂျပန်ရောက်မြန်မာနိုင်ငံသား အချို့မှာလည်း ပြန်လာရန် လေယာဉ်လက်မှတ် စောင့်ဆိုင်းနေကြကြောင်းသိရှိရသည်။

### Delhi Dialogue III အိန္ဒိယ – အာဆီယံကုန်စည်ပြပွဲနှင့်အိန္ဒိယ – အာဆီယံ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများသို့ မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နယူးဒေလီမြို့တွင် မတ်၂ရက်မှ ၁၁ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် Delhi Dialogue III၊ အာဆီယံ-အိန္ဒိယကုန်စည်ပြပွဲနှင့် အာဆီယံ-အိန္ဒိယ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ မြန်မာမီဒီယာကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလှိုင်(ကိုကိုလှိုင်)၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးမြင့်မောင်(မျိုးမြတ်မြတ်မြင့်မောင်)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်း ဦးမြင့်စိုး(မြင့်မောင်စိုး)တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မီဒီယာအဖွဲ့ကိုယ်စားလှယ်များအဖြစ် မြန်မာနိုင်ငံအပါအဝင် အာဆီယံ(ASEAN) ၁၀နိုင်ငံမှ တစ်နိုင်ငံလျှင် ဂျာနယ်လစ်၃ဦးစီနှင့် အိန္ဒိယနိုင်ငံရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဖွဲ့ဝင်၂ဦး အပါအဝင် ၃၂ဦး ဖိတ်ကြားခဲ့ကြောင်း သိရသည်။

မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့မှာ မတ်လ၂ရက်မှ ၄ရက် နံနက်ပိုင်းအထိ နယူးဒေလီမြို့ Pragati Maidan တွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် မတ်လ၄ရက် နေ့လယ်မှ မတ်လ၅ရက်အထိ နယူးဒေလီမြို့ Hotel Meridian ၌ကျင်းပသော စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားများတွင် ပါဝင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အဓိကတာဝန်ရှိသူများအား သီးသန့်အင်တာဗျူးဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

## ကိုရီးယားမင်းသားနှင့် မင်းသမီးခေါ်ယူပေးမည်ဟုဆိုကာ ဒေါ်လာငါးသောင်းလိမ်လည်သည့် ကိုရီးယားတစ်ဦးကို အမှုဖွင့်

အေးသူစံ

ရန်ကုန်၊

မတ် – ၂၁

ကိုရီးယားနိုင်ငံမှ နာမည်ကျော် F4 မင်းသား ကင်မ်ဘမ်နှင့် မင်းသမီးဆောင်ယူရီတို့ကို မြန်မာနိုင်ငံသို့ခေါ်ဆောင်ပေးမည်ဟု ဆိုကာ အကျိုးဆောင်ခ ကန်ဒေါ်လာ ငါးသောင်းကို ရယူသွားသော ကိုရီးယားလူမျိုး Mr.Seuk Humkim အား တော်ဝင်ကုမ္ပဏီမှ တရားလိုပြုလုပ်၍ စမ်းချောင်းမြို့နယ်ရဲစခန်းသို့ လိမ်လည်မှုဖြင့် တိုင်တန်းအမှုဖွင့်ထားကြောင်း ယင်းကုမ္ပဏီမှ အကြီးအကဲ ဦးကိုကိုထွေးက ပြောသည်။

“သူက ကုန်သည်ကြီးများဟိုတယ်၊ Soul စားသောက်ဆိုင်ကပါ။ ဖေဖော်ဝါရီ ၂ ရက်က မင်းသား၊ မင်းသမီးကိုခေါ်ပေးမယ်ဆိုပြီး ဒေါ်လာငါးသောင်းကို စာချုပ်စာတမ်းနဲ့ လက်မှတ်ရေးထိုးယူသွားတယ်။ ၇ ရက်ပြန်ဆက်သွယ်မယ်ဆိုလို့စောင့်နေတာ။ ဘာမှကို အဆက်အသွယ်မရတော့ဘူး။ သူနေတဲ့နေရာတွေလိုက်စုံစမ်းတော့မှ မရှိတော့ဘူးသိရလို့ မတ်လဆန်းလောက်မှာ စမ်းချောင်းရဲစခန်းကိုသွားပြီး အမှုဖွင့်လိုက်တာပါ။ ဦးတို့ဆီ ဒီမင်းသားမင်းသမီးတွေလာမယ်လို့ ဂျာနယ်တွေမှာလည်း သတင်းတွေ ပါလာနေပြီ။ တကယ်မရောက်လာတော့ ကိုယ်က လိမ်သလိုဖြစ်နေမယ်လေ။ ဒါကြောင့် ကိုယ့်ရဲ့ ဂုဏ်သိက္ခာကြောင့် သူ့ကို အမှုဖွင့်လိုက်တာပါ”ဟု ၎င်းကပြောသည်။

အဆိုပါကိုရီးယားလူမျိုး Mr Kim ကို ဂျူမုံမင်းသား မြန်မာနိုင်ငံသို့ လာရောက်စဉ်က အတူပါလာခဲ့သည့် မစ္စတာဗြောင်နှင့် ဂျူမုံ၏လုံခြုံရေးကိုတာဝန်ယူခဲ့သည့် မစ္စတာဟန်တို့မှတစ်ဆင့် ဆီဒိုးနားဟိုတယ်တွင် တွေ့ဆုံခဲ့ပြီးနောက် မစ္စတာဗြောင်ပြန်သွားပြီးချိန်တွင် Mr.Kim တစ်ဦးတည်းက အဆိုပါပိုက်ဆံများကို စာချုပ်စာတမ်းဖြင့် တောင်းယူသွားခြင်းဖြစ်သည်။

“နောက်ပိုင်း အင်တာပိုလ်(နိုင်ငံတကာရဲတပ်ဖွဲ့) ကနေတစ်ဆင့် ဖမ်းခိုင်းဖို့အထိ ဦးတို့စီစဉ်ထားပါတယ်” ဟု ဦးကိုကိုထွေးက ဆက်လက်ပြောပြသည်။

အဆိုပါကိုရီးယားလူမျိုးအား စမ်းချောင်းရဲစခန်းတွင် (ပ) နံပါတ် ၈၅/ ၂၀၁၁၊ ပုဒ်မ ၄၂၀ ဖြင့် မတ်လဆန်းဝန်းကျင်က အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

မျက်နှာဖုံးသတင်း

# ‘သဘာဝဘေးအန္တရာယ်တွေတစ်နေ့တခြားများလာတဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေဂရုစိုက်ဖို့လိုတယ်’

**ပြည့်သိမ်း၊ ကျော်သီဟ**

ရန်ကုန်မြို့၌ ဆောက်လုပ်ရေးလုပ်ငန်းများသည် ပြန်လည်တိုးတက်အားကောင်းလာကာ အထူးသဖြင့် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လာကြသည်။ မြို့တွင်းများ၌သာမကမြို့ပြဆင်ခြေဖုံးရပ်ကွက်များ၌ပါ မြေရှင်နှင့် ကန်ထရိုက်များ ပူးပေါင်းပြီး အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လာသည်။ ယင်းကြောင့် မြန်မာနိုင်ငံရှိ တည်ဆောက်နေသည့် အဆောက်အအုံများတွင် မြေငလျင်၊ လေမုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်အပေါ် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများက မည်မျှအထိ အလေးထားဆောင်ရွက်နေသည်ကို မြန်မာနိုင်ငံ အထပ်မြင့်အဆောက်အအုံများ အရည်အသွေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်အား 7Day News မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ရန်ကုန်မြို့မှာ တည်ဆောက်နေတဲ့ အဆောက်အအုံတွေက မြေငလျင်၊ သဘာဝဘေးအန္တရာယ်ကို ဘယ်လောက်အလေးထား တည်ဆောက်ထားပါသလဲ။**

လက်ရှိတည်ဆောက်နေတဲ့ ၉ထပ်နှင့်အထက် အဆောက်အအုံတွေက မြေငလျင် ကာကွယ်ရေး (earthquake resistant design) နဲ့တည်ဆောက်ရတယ်။ ဒီလိုတည်ဆောက်တဲ့အခါမှာ ငလျင်ရဲ့ပြင်းအားအရှိန်ပေါ်မူတည်ပြီး တွက်ချက်ဒီဇိုင်း ပုံထုတ်ရပါတယ်။ ဘယ်လောက်ရှိရင်ဘာတွေထည့်ရမယ်၊ ပစ္စည်းတွေက အရည်အသွေး ဘယ်လောက်သုံးရမယ်၊ ဒီလို အသေးစိတ်တွက်ချက်မှုတွေ လုပ်ရပါတယ်။ ပြီးတော့ တည်ဆောက်ထားမှုကို စစ်ဆေးမှုတွေလည်း ရှိတယ်။ သတ်မှတ်ထားတဲ့ အရည်အသွေးစံချိန်စံညွှန်းတွေမီမှ အဆောက်အအုံကို ထောက်ခံချက်ပေးပါတယ်။

**ရန်ကုန်မြို့မှာ တည်ဆောက်နေတဲ့အဆောက်အအုံတွေကငလျင်ဒဏ် ရစ်ချ်တာစကေးကို ဘယ်လောက်ထိ ခံနိုင်ပါသလဲ။**

၉ ထပ်အထက် တည်ဆောက်ထားတဲ့အဆောက်အအုံတွေက ငလျင်ဒဏ်ခံနိုင်ဖို့ကို ရွေ့လျားမှု အရှိန် ၀ဒသမ၁၅(0.15) နဲ့ တွက်ထားတာပါ။ ငလျင်တိုင်းတာမှုရစ်ချ်တာစကေးနဲ့မပြောဘဲ Mercalli စကေး (မာကယ်လီစကေး) ၇ လောက်ထိပဲ ခံနိုင်ရည်ရှိတယ်။ (ရစ်ချ်တာစကေးတိုင်းတာမှုက ၁၀ထိပဲရှိတယ်။ မာကယ်လီစကေးတိုင်းတာမှုက ၁၂ထိရှိတယ်) ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်က ငလျင်ဒဏ်အန္တရာယ်က အခြားနေရာများနဲ့ယှဉ်လျှင် နည်းပါတယ်။ ငလျင်ဖြစ်နိုင်မှု အများဆုံးက စစ်ကိုင်းတိုင်းဒေသကြီး ပြတ်ရွေ့တစ်လျှောက်ပါ။ မြန်မာနိုင်ငံအထက်ပိုင်းက ငလျင်ဖြစ်နိုင်ခြေ အများဆုံးပဲ။ မကြာခဏလည်း အဲ့ဒီဒေသမှာ ငလျင်လေးတွေလှုပ်ခတ်မှုရှိတယ်။

**ရန်ကုန်က တည်ဆောက်နေတဲ့ အဆောက်အအုံတွေကရော သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ မုန်တိုင်းတို့၊ လေပြင်းတိုက်ခတ်မှုတို့ ဘယ်လောက်ထိ ခံနိုင်ပါသလဲ။**

ငလျင်ဒဏ်ခံနိုင်အောင် တည်ဆောက်ထားရင်တော့ သဘာဝဘေးအန္တရာယ်ကိုလည်း ခံနိုင်ပါတယ်။ လေတိုက်နှုန်းက တစ်နာရီ မိုင်၈၀၊ ၉၀ပဲခံနိုင်တယ်။

**လက်ရှိ တည်ဆောက်ဆဲ၊ တည်ဆောက်နေတဲ့ အဆောက်အအုံတွေက ငလျင်ဒဏ်၊ သဘာဝပတ်ဝန်းကျင်ဖောက်ပြန်မှုဒဏ် ခံနိုင်ရည်ရှိတယ်လို့ ဆိုလို့ရပါသလား။**

၉ ထပ်နဲ့အထက် အဆောက်အအုံတွေကို စတင်မဆောက်ခင်ကတည်းက စနစ်တကျနဲ့ တွက်ပြီးမှ ဆောက်တာပါ။ စစ်ဆေးမှုတွေကလည်းရှိတယ်။ တည်ဆောက်နေစဉ်မှာလည်း စစ်ဆေးမှုတွေရှိတယ်။ ဒါကြောင့် ဒီအဆောက်အအုံတွေက အထိုက်အလျောက်တော့ အရည်အသွေးမီတယ်လို့ ပြောလို့ရတယ်။

**အထပ်မြင့်အဆောက်အအုံတွေမှာ အသုံးပြုထားတဲ ဆောက်လုပ်ရေးပစ္စည်းတွေရဲ့ အရည်အသွေးကရော။**

အတိုင်းအတာတစ်ခုထိ ကောင်းပါတယ်။ အဆောက်အအုံ ခိုင်ခံ့မှုအတွက် ဒီဇိုင်နာပေါ်မှာလည်း မူတည်သလို သုံးစွဲတဲ့ပစ္စည်းတွေရဲ့ အရည်အသွေးနှင့် ဆောက်လုပ်သူလည်း အရေးကြီးတယ်။ လက်ရှိအထပ်မြင့်အဆောက်အအုံတွေမှာ သုံးစွဲနေတဲ့ သံချောင်းတွေအနေနဲ့ကတော့ psi 50,000 အထိရှိတယ်။ ကွန်ကရစ်အနေနဲ့ဆိုရင်လည်း psi 3,000 ကနေ 4,000 ကြားတွေ သုံးကြတယ်။

**အထပ်မြင့်အဆောက်အအုံငလျင်သဘာဝဘေးအန္တရာယ်ဒဏ်တွေခံနိုင်ရည်ရှိအောင် တည်ဆောက်ရင် ကုန်ကျစရိတ်က ဘယ်လိုရှိလဲ။**

ကုန်ကျစရိတ်က ပိုပါတယ်။ မများပါဘူး။ လျှပ်စစ်မီးတို့၊ အလှအပတို့တပ်ဆင်ခြင်းတို့ရဲ့ စုစုပေါင်းကုန်ကျစရိတ်တွေနဲ့ နှိုင်းယှဉ်ရင် ခန့်မှန်း ရာခိုင်နှုန်းအားဖြင့် အနည်းငယ်ပဲပိုပါတယ်။ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းလောက်ပဲ ပိုကုန်ပါတယ်။ ခိုင်ခံ့မှုနှင့်လုံခြုံမှုကတော့ များစွာပိုမိုရရှိပါတယ်။

**အထပ်မြင့်အဆောက်အအုံတွေကို ငလျင် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိဖို့ ဘယ်လိုတည်ဆောက်နိုင်ပါသလဲ။**

အမိကသတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း တည်ဆောက်ဖို့လိုတယ်။ ကောင်းကောင်းဆောက်မယ်။ လိုအပ်တဲ့ သံ၊ ကွန်ကရစ်စသည်တို့ကို အရည်အသွေးမီမီ၊ ပမာဏတိကျစွာ သုံးစွဲဖို့လိုတယ်။ တည်ဆောက်ရာမှာလည်း စနစ်တကျနဲ့ တိတိကျကျ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**လူအများနဲ့ ဆိုင်တဲ့ ကျောင်း၊ ဆေးရုံ၊ ရှော့ပင်းမောလ်တို့၊ ပလာဇာတို့ တည်ဆောက်မယ်ဆိုရင်ရော ဘယ်လိုလုပ်ဆောင်သင့်ပါသလဲ။**

အများပြည်သူ အသုံးပြုမယ့် အဆောက်အအုံမျိုးလို တည်ဆောက်မယ်ဆိုရင် အရည်အသွေးကို ပိုမိုထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဒီလိုအဆောက်အအုံတွေမှာ အထပ်ဘယ်လောက်ပဲရှိရှိ သဘာဝဘေးဒဏ်၊ ငလျင်ဒဏ်ခံနိုင်ဖို့ တည်ဆောက်ထားဖို့လိုပါတယ်။

**ပညာရှင်တစ်ဦးအနေနဲ့ လက်ရှိ တည်ဆောက်ရေးသမားတွေကို ဘယ်လိုအကြံပြုချင်ပါသလဲ။**

ကမ္ဘာမှာ ငလျင်တွေ မကြာခဏလှုပ်နေတယ်။ ဆူနာမီတွေဖြစ်တယ်။ သဘာဝဘေးအန္တရာယ်တွေက တစ်နေ့တခြား ပိုပြီးများလာတယ်။ ဒါတွေကို ဂရုထားပြီး တည်ဆောက်တဲ့အခါမှာ ဒီတိုင်းကောင်းကောင်းလုပ်ဖို့လည်း လိုပါတယ်။ ဒီတိုင်းကောင်းကောင်းလုပ်၊ကောင်းကောင်းတည်ဆောက်။ အရည်အသွေးပြည့်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေသုံးရမယ်။ စစ်ဆေးမှုအပိုင်းတွေလည်း လိုအပ်တယ်။ တည်ဆောက်မှုအပိုင်းမှာ စနစ်တကျရှိဖို့၊ ဒီဇိုင်းကောင်းကောင်းလုပ်ဖို့ ဒါတွေကို ပုံမှန်စစ်ဆေးနိုင်ရန် လိုအပ်ပါတယ်။

**အဆောက်အအုံများ၊ ကန်ထရိုက်တိုက်များကို ကောင်းမွန်သော အရည်အသွေးရရှိရန် မည်သို့ လုပ်သင့်ပါသလဲ။**

ငလျင်ဒဏ်ကတော့ အဆောက်အအုံနိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ ဒုက္ခပေးနိုင်တယ်။ အန္တရာယ်ရှိတဲ့အတွက် တည်ဆောက်ရာမှာ အထက်ပါဖော်ပြချက်များနဲ့ တည်ဆောက်သွားရန် လိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အအေးဆုံး နွေရက်များကို ကြုံခဲ့ရပြီးနောက်...

အားမာန်

**နံနက်** စောစောကတည်းက တဖွဲဖွဲ ရွာခဲ့သောမိုးမှာ ညနေပိုင်းတွင် တိတ်သွားသည်။ ကောင်းကင်၌ တစ်ပတ်လုံး အုံ့မှိုင်းနေသော မိုးတိမ်တို့ လွှင့်ပြယ်၍ နေရောင်ကို စတွေ့ရသည်။ စူးရှသော နေရောင်အောက်တွင်တော့ အနွေးထည်ကိုယ်စီနှင့်လူများ။

အချို့က ကိုရီးယားစတိုင်၊ အချို့က တရုတ်စတိုင်၊ဖက်ရှင်ကျကျစွာဖြင့် အနွေးထည်များဝတ်ထားသည်။ အချို့က ထိုင်းဖြစ်အနွေးထည်၊ အချို့က တရုတ်ဖြစ် အနွေးထည်များ ဝတ်ထား၍ အချို့က ဘေထုပ်အထည်များကို ဝတ်ဆင်လျက်။ သည်မြင်ကွင်းက မတ်လ ၁၇ ရက် ရန်ကုန်မြို့လယ်မြင်ကွင်းဖြစ်သည်။ ရန်ကုန်တွင် ဆောင်းရာသီ၌ပင်တွေ့ရခဲသော အနွေးထည်ကိုယ်စီနှင့် လူများမှာ နွေခေါင်ခေါင် မတ်လ ၁၇ ရက်မှာ မြင်တွေ့နေရသည်။

“ဦး တစ်သက် ဒီလိုမျိုးတစ်ခါမှမကြုံဖူးဘူး။ မိုးကလည်း ရွာသေး။ အေးကလည်း အေးသေး။ မိုးရာသီနဲ့ ဆောင်းရာသီ ပေါင်းထားတဲ့ ရာသီဥတုမျိုးကြီး” ခရမ်းမြို့နယ်အမှတ်(၉)ရပ်ကွက်မှ ဦးသန်းအောင်က ရာသီဥတုအပေါ် မှတ်ချက်ပြုခြင်းဖြစ်သည်။ ရပ်ကွက်လူကြီးတစ်ဦးဖြစ်ပြီး ဆန်စပါးပွဲစားဦးသန်းအောင်မှာ အသက် ၄၇ နှစ်ရှိပြီဖြစ်သည်။

ရန်ကုန်မြို့မှ တက္ကစီယာဉ်မောင်းဦးဘီမောင်ကလည်း မတ်လ ၁၀ ရက်မှ ၁၇ ရက်အထိကြုံတွေ့ခဲ့ရသော မိုးရာသီကဲ့သို့မိုးရွာပြီး ဆောင်းကဲ့သို့ အေးသော နွေကို သူ့တစ်သက်မတွေ့ခဲ့ဖူးဟု ဆိုသည်။ “တစ်ခါမှ ဒီလိုမျိုးမကြုံဖူးဘူး”ဟု အသက် ၅၅ နှစ်အရွယ် ဦးဘီမောင်က မှတ်ချက်ပြုသည်။

မတ်လ ၁၀ ရက်မှစတင်၍ ရွာသွန်းခဲ့သောမိုးမှာ မတ်လ ၁၇ ရက်အထိ ကြာခဲ့သည်။ မတ်လ ၁၆ ရက်နှင့် ၁၇ ရက်များတွင်တော့ မိုးရွာသည့်အပြင် ဆောင်းကဲ့သို့ပင် အေးစက်ခဲ့သည်။ “ဘာလို့ဒီလိုရာသီဥတုမျိုးတွေ ဖြစ်တာလဲဆိုတော့ မသိဘူး။ နာဂစ်နောက်ပိုင်းနှစ်တွေမှာတော့ ရာသီဥတု ပိုဖောက်ပြန်လာတယ်”ဟု ပထဝီဘာသာရပ်ဖြင့် ဘွဲ့ရထားသည့် ဦးသန်းအောင်က ဖောက်ပြန်သော ရာသီဥတုနှင့်သူ၏အမြင်ကို ဖွင့်ဟသည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ထံတွင်တော့ ထိုသို့ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပတ်သက်၍ အဖြေရှိနေသည်။ နွေရာသီတွင် ထိုကဲ့သို့ မိုးရွာသွန်းခြင်းမှာ လာနီညာရာသီဥတုကြောင့်ဖြစ်ပြီး၊ အေးလာခြင်းမှာ ဟိမဝန္တာမှ လေအေးစီးကြောင်းများကြောင့်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ နွေရာသီတွင် ယခုကဲ့သို့ ရက်ဆက်မိုးရွာ၍ ရန်ကုန်၌ ၁၆ ဒီဂရီစင်တီဂရိတ် ရှိသည့်တိုင်အောင် အေးခြင်းမျိုးမှာ ယခင်မကြုံတွေ့ခဲ့ဖူးကြောင်း မိုးလေဝသပညာရှင်ကပြောသည်။

အေး၍စွတ်စိုသော ရာသီဥတုကိုပေးသည့် လာနီညာ ရာသီဥတု၏ ဆိုးကျိုးမှာ မြန်မာနိုင်ငံတွင် ယခုမှ စကြုံတွေ့ရခြင်းဖြစ်နိုင်ကြောင်းအသက် ၆၄ နှစ်အရွယ် ဒေါက်တာထွန်းလွင်က ဆိုသည်။ ထို့ကြောင့် လာမည့်မေလကုန်အထိ ရာသီဥတုကိုအထူးဂရုပြုရန်လိုကြောင်းလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဟောင်းက အကြံပြုသည်။

ယခုနောက်ပိုင်းနှစ်များတွင် မြန်မာနိုင်ငံမှာ အစွန်းရောက်ရာသီဥတုများနှင့် ဆက်တိုက်နီးပါး ကြုံတွေ့နေရသည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်၊ ၂၀၁၀ တွင် ဂီရိ မုန်တိုင်းများနှင့် ၂၀၁၀ တစ်နှစ်တည်းမှာပင် နှစ်စပိုင်းက ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုနှင့် နှစ်ကုန်ပိုင်း၌ လာနီညာရာသီဥတုများကို ခံစားခဲ့ရ၍ဖြစ်သည်။

ထို့အပြင် ၂၀၀၆မှစ၍ ၂၀၁၀ အထိ ငါးနှစ်ဆက်တိုက် တစ်နှစ်တစ်လုံးစီမုန်တိုင်းဝင်ခဲ့သေးသည်။

၂၀၁၀ နှစ်ကုန်ပိုင်းမှ စ၍ ဖြစ်ခဲ့သော လာနီညာ ရာသီဥတုမှာ မပြီးသေးဘဲ ယခုနောက်ဆုံး မေလကုန်အထိ ဆက်ဖြစ်ရန်များနေသည်။ အယ်နီညိုနှင့်လာနီညာဖြစ်စဉ်များကို စောင့်ကြည့်နေသော အဖွဲ့အများစု၏ အဆိုအရ ယခင် မတ်လအထိသာ ဖြစ်နိုင်သည်ဟု ခန့်မှန်းထားသော လာနီညာမှာ မေလကုန်အထိ ဖြစ်ရန်များနေသည်ဟု ခန့်မှန်းနေကြ၍ ဖြစ်သည်။ လာနီညာ ဆက်ဖြစ်မဖြစ် ပို၍တိကျသောအဖြေမှာ မတ်လကုန်တွင် ထွက်လာတော့မည်ဖြစ်သည်။

“အဲဒါဖြစ်လာရင်တော့ အန္တရာယ်ပေါ့။ နွေက စွတ်စိုတော့မှာပေါ့။ မြေကပူမယ်။ ပူရင် လေကပွပြီး အပေါ်ကိုတက်တယ်။ အဲဒီလေတွေက လာနီညာဖြစ်လို့ ရေငွေ့ပါတဲ့ လေတွေနဲ့ တွေ့ရင် မိုးတိမ်တောင်တွေ မကြာခဏဖြစ်မယ်။ မိုးတိမ်တောင်ဖြစ်ရင်တော့သူ့ရဲ့ အစွယ်အပွားတွေဖြစ်တဲ့ မိုးကြိုးပစ်တာ၊ လျှပ်စီးလက်တာ၊ စိုက်ဆင်းလေပြင်းတွေ မကြာခဏဖြစ်မှာပေါ့။ ပိုဆိုးရင် လေဆင်နှာမောင်းပါဖြစ်မယ်။ နောက်ပြီးတော့ လာနီညာဖြစ်တဲ့နှစ်တိုင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းအဖြစ်များပြီး မြန်မာနိုင်ငံကို ဝင်တတ်တယ်”ဟုဒေါက်တာထွန်းလွင်က လာနီညာ၏ အကျိုးဆက်များကို ပြောသည်။

ထို့အပြင် ပို၍သတိပြုရမည်မှာ ၂၀၁၁ နှစ်ဆန်းပိုင်းရာသီဥတုဖြစ်စဉ်များမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံဝင်ရောက်ခဲ့သော ၂၀၀၈ နှစ်ဆန်းပိုင်းက ရာသီဥတုနှင့် ဆင်တူနေခြင်း ဖြစ်သည်။ မြန်မာ့သမိုင်းတွင် အဆိုးဆုံးသော နာဂစ်မုန်တိုင်းကြောင့် ပြည်သူပေါင်း တစ်သိန်းလေးသောင်းကျော် သေဆုံးခဲ့ရသည်။

လာနီညာရာသီဥတု၏ နောက်ဆက်တွဲဆိုးကျိုးများကို ၂၀၁၀ နှစ်ကုန်နှင့် ၂၀၁၁ နှစ်ဆန်းပိုင်းက ဩစတြေးလျ၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဘိုလစ်ဗီးယား၊ ပီရူးစသော ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းနှင့် အနောက်နိုင်ငံများမှာ ဆိုးရွားစွာ ခံခဲ့ရပြီးဖြစ်သည်။

စာ(၃၀)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

## မျက်နှာဖုံး-ဆောင်းသီးနံရိတ်သိမ်းချိန် မိုးရွာသွန်းခြင်းကြောင့် ပျက်စီးမှုများပြား မှ

ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် မတ် ၁၃ ရက်မှစ၍ မိုးအုံ့ဆိုင်းခဲ့ပြီး ၁၄ ရက်နှင့် ၁၅ ရက်များတွင် မိုးရွာသွန်းမှုရှိခဲ့သည်ဟု သိရှိရသည်။

"သဘာဝက ဖြစ်သင့်တာထက်ကျော်သွားပြီး သာမန်နှစ်တွေထက် ၃၀ ရာခိုင်နှုန်းလောက်အထွက်လျော့သွားဖို့ကို အတည်ပြုလို့ရသွားပြီ" ဟု ပဲခူးတိုင်းဒေသကြီးကဝမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးက ဆိုသည်။

ထို့ကြောင့် မိုးမိသော တလင်းနှင့် အပင်များတွင် ကျန်ရှိသော ပဲများမှာ မတ် ၁၇ ရက်မှစ၍ အပင်များ စတင်ပေါက်လာပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ရိတ်သိမ်းပြီးသော ပဲပမာဏမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး တလင်းနှင့် ကွင်းထဲတွင် ကျန်ရှိသော ပမာဏမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ရေကြည်မြို့နယ် ဒေသခံတောင်သူများကဆိုသည်။

"ဒီနေ့ မတ်လ၁၇ရက် တလင်းထဲမှာ မတ်ပဲတွေ အပင်ပေါက်လာပြီ။ ဒီနှစ်ဈေးနဲ့ဆို သိန်း၁၂၀ လောက်ရမယ့်ဟာကနေ သိန်း၂၀ ရဖို့ မနည်းလုပ်ရမယ်"ဟု ငသိုင်းချောင်းမြို့ဒေသခံ တောင်သူတစ်ဦးကဆိုသည်။

"ပဲတီရွှေဝါက မိုးမရွာခင်က တစ်တင်းကိုလေးသောင်းကျော်ကျော်ရှိနေတာ၊ ကနေ့သုံးသောင်းခြောက်ထောင်လောက်ထိကျသွားတယ်။ ပစ္စည်းပျက်ရင် ဈေးတက်ရမှာ၊ ဘာကြောင့် ဈေးကျသွားလဲမသိတော့ဘူး" ဟု ပဲခူးဒေသခံတောင်သူတစ်ဦးကဆိုသည်။

လက်ရှိဈေးကွက်အတွင်းရှိနေသော ဈေးများနှင့် မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော ပမာဏအား တွက်ကြည့်ပါက တောင်သူအများစုမှာ အရှုံးပေါ်နေပြီဖြစ်ကြောင်း သိရှိရသည်။

"မနှစ်က အထွက်လည်းကောင်းတယ်။ ဈေးကလည်း ပဲတီစိမ်းတစ်တင်းကိုလေးသောင်းကျပ်လောက်ရတယ်။ ထွက်တဲ့အချိန်မှာ နောက်ပိုင်း ငါးသောင်းခုနစ်ထောင်ကျပ်ထိ ဈေးရောက်သွားတယ်" ဟု ပဲစိုက်တောင်သူအချို့က ဆိုသည်။

မတ်ပဲ၊ ပဲတီစိမ်းအပြင် ရာသီကုန်အဖြစ် စိုက်ပျိုးကြသော ခရမ်းချဉ်နှင့် ဂေါ်ဖီထုပ်ပင်များ ပါသေကျေပျက်စီးသွားကြောင်း ညောင်လေးပင်ဒေသခံ တောင်သူများကဆိုသည်။

"ဆောင်းသီးနှံဆိုတာ သဘာဝကိုက ရေကြောက်တယ်။ ဂေါ်ဖီတွေဆို ကွဲကုန်တယ်။ ခရမ်းချဉ်ပင်က သေကုန်တယ်"ဟု ဒေသခံတောင်သူတစ်ဦးကဆိုသည်။

ထို့အပြင် သရက်၊ သီဟိုဠ်သရက်ပင်များမှာ အပွင့်များ ကြွေကျပျက်စီးကုန်ကြသည်။

ယခုနှစ် ပဲစိုက်ရာသီတွင် မိုးလွန်မိုးအပါအဝင် ဂီရိမုန်တိုင်းကြောင့် စိုက်ပျိုးချိန်နောက်ကျခဲ့သည်။ ပဲအပင်ဖြစ်ပြီး နှစ်ပတ်ခန့်တွင် မိုးရွာသွန်းခဲ့မှုကြောင့် ပဲပင်အချို့ ပျက်စီးခဲ့၍ ထပ်မံစိုက်ပျိုးခဲ့ရာ ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်တက်ခဲ့သည်။

ထိုကြောင့် တောင်သူများအနေဖြင့် ပဲများကို သတိထားရောင်းရန်လိုအပ်ပြီး မိုးမိသော ပဲနှင့် မမိသောပဲ ခွဲခြားရောင်းရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"တောင်သူတွေ အဓိက သတိထားရမှာက မိုးမိထားတဲ့ ပဲကို နေပူပူမှာလှန်းရင် တလင်းခြောက်ဖို့လိုတယ်။ အစိုဓာတ်ရှိတဲ့ တလင်းမှာ အမြန်အခြောက်ခံလိုက်ရင် ပဲရဲ့ အရည်အသွေးက ကျသွားမယ်"ဟု အထက်ပါပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

တလင်းခြောက်မှ ပဲကို အခွံချွတ်၍ နယ်မည်ဆိုပါက အရည်အသွေးကို အနည်းငယ်ထိန်းနိုင်ကြောင်း၊ မိုးမိပဲများကို နေလှန်းရန်အတွက် လက်ရှိအခြေအနေတွင် အလျင်စလို မပြုလုပ်သင့်ကြောင်းလည်းသိရသည်။

ထို့အပြင် တောင်သူများအနေဖြင့် ပဲများကို သိုလှောင်သိမ်းဆည်းလျှင်လည်း မိုးမိပဲနှင့်ပဲကောင်းကို မရောနှောမိစေရန် သီးသန့်သိုလှောင်ရန် လိုအပ်သည်၊ ရော၍ သိုလှောင်သိမ်းဆည်းရောင်းချမည်ဆိုပါက ပဲများ၏ အရည်အသွေး ကျဆင်းပြီး ပြည်ပသို့ရောင်းချရာတွင် မျက်နှာပန်းမလှဘဲ ဈေးနှိမ်ခြင်းခံရနိုင်သည်၊ ယင်းကြောင့် ပဲများကို အမျိုးအစားခွဲ ၍ သိုလှောင်သိမ်းဆည်းရန် လိုအပ်သည်၊ မတ်ပဲတွင် အရည်အသွေးကောင်းပဲ၊ အရည်အသွေးသင့်ပဲနှင့် မိုးမိအရည်အသွေးညံ့ပဲဟူ၍ အမျိုးအစားခွဲ ရောင်းသင့်ကြောင်းလည်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူက အကြံပြုသည်။

## ဇဝရတ်တောင်သို့ မြန်မာဓာတ်ပုံဆရာလေးဦး သွားရောက်မှတ်တမ်းတင်မည်

မေဝင်းမွန်


**ရန်ကုန်၊**
**မတ် - ၁၉**

နီပေါနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံးဇဝရတ်တောင်သို့ မှတ်တမ်းမည့်ခရီးစဉ်အဖြစ် လာမည့်ဧပြီလအတွင်း မြန်မာနိုင်ငံမှ ရှုခင်းဓာတ်ပုံဆရာလေးဦးသွားရောက်ကြမည်ဖြစ်ကြောင်းသိရသည်။

ဧပြီလ ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှစတင်ကာ ရက်သတ္တပတ် ၃ ပတ်ခန့်ကြာ သွားရောက်မည်ဖြစ်ကာဇဝရတ်တောင်၏ ထက်ဝက်အမြင့်ပေ ၁၅၀၀၀ ကျော်ရှိ တန်ဘိုချီစခန်းအထိ ခြေလျင်တက်ရောက်ရိုက်ကူးကြမည်ဖြစ်ပြီး အာနာပူရတောင်တန်းအခြမ်းတွင် အမြင့်ပေ ၇၀၀၀ ခန့်ရှိ စခန်းအထိတက်ရောက်မှတ်တမ်းတင်ကြမည်ဖြစ်ကြောင်းသိရသည်။

ဇဝရတ်တောင်ခရီးစဉ်ကို မန္တလေးအခြေစိုက်စီးပွားရေးလုပ်ငန်းရှင်၊ ရှုခင်းဓာတ်ပုံဆရာများဖြစ်သည့် ဇင်မင်းဆွေ (CAD Construction)၊ ဦးခင်မောင်ချို (KMC Education)၊ ဒေါက်တာကျော်လင်းဦး (Auto Plus Engine Oil) နှင့် ဖြိုးဝေအောင် (ရွှေမင်းသားဆပ်ပြာစက်ရုံ) တို့သွားရောက်မှတ်တမ်းတင်ကြမည်ဖြစ်သည်။




## စာ- ၂၉၊ အအေးဆုံး နွေရက်များကို ကြုံခဲ့ရပြီးနောက် မှ

ထို့ကြောင့် ၂၀၁၁ မေလအထိ လာနီညာဆက်လက်ဖြစ်မည်ဆိုပါက မြန်မာပြည်သူများအနေဖြင့် အထူးဂရုပြုရန်လိုသည်။

သို့သော်တိုးတက်လာသည့် အချက်တစ်ချက်မှာ ရာသီဥတုများ ပိုဖောက်ပြန်လာချိန်တွင် မြန်မာလူထုအနေဖြင့် ရာသီဥတုကို ပိုမိုဂရုတစိုက်နှင့် သတိရှိလာခြင်းဖြစ်သည်။

"လူတွေကတော့ ကြောက်တဲ့စိတ်လည်းပါတယ်။ ပိုပြီးသတိရှိလာတာလည်းပါတယ်။ နာဂစ်နောက်ပိုင်းမှာ ပိုသိသာတယ်"ဟု ဒေါက်တာထွန်းလွင်က ရာသီဥတုနှင့် မိုးလေဝသသတင်းများကို လူထု ပိုမိုစိတ်ဝင်စားလာခြင်းနှင့် ပတ်သက်၍ သုံးသပ်သည်။ ရာသီဥတုနှင့်ပတ်သက်၍ ဦးထွန်းလွင်တစ်ဦးတည်းကပင် တစ်နှစ်အတွင်း လူထုသို့ ဟောပြောပွဲပေါင်း ၅၀ ကျော်ပြုလုပ်ခဲ့ရသည်။ နမ့်ဆမ်၊ ကျောက်မဲ၊ မြစ်ကြီးနားကဲ့သို့ မြန်မာနိုင်ငံအထက်ပိုင်းဒေသများပါသလို မန္တလေး၊ ရေနံချောင်း၊ အမရပူရကဲ့သို့ အလယ်ပိုင်းဒေသများလည်းပါသည်။ နာဂစ်ဒဏ်အဆိုးဆုံးခံနေရသော ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသများ၊ ထားဝယ်ကဲ့သို့ အောက်ပိုင်းဒေသများလည်းပါသည်။

မတ်လနောက်ဆုံးပတ်မှာပင် မြင်းခြံ၊ ရန်ကုန်၊ ဝေါမြို့တို့၌ ဒေါက်တာထွန်းလွင် ဆက်တိုက်ဟောပြောရမည်ဖြစ်သည်။ "လူထုစိတ်ဝင်စားမှုအမြင့်မားဆုံးကတော့ ဘိုကလေးပဲ။ အလုပ်ရုံဆွေးနွေးပွဲလုပ်ဖို့သွားတာ။ ဟောပြောပွဲ လုပ်ပေးပါဆိုလို့ ပြောခဲ့ရတယ်"

လူထုက ရာသီဥတုနှင့်ပတ်သက်၍ စိတ်ဝင်စားပြီး၊ ရာသီဥတုဖောက်ပြန်လာပါက ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်းမှာ သဘာဝဘေးကို အကောင်းဆုံးတုံ့ပြန်သောနည်းလမ်းဖြစ်သည်။ မိုးလေဝသပညာရှင်များ၏ အဆိုအရ ၂၀၁၁ မိုးကြိုကာလ၊ မြန်မာနိုင်ငံသို့ သာယာသော ရာသီဥတုများလာဖွယ်မရှိဘဲ ဖောက်လွဲဖောက်ပြန်ရာသီဥတုကလာဖို့များနေသည်။ ရာသီဥတုဖောက်ပြန်မှုက လူထု၏ သတိရှိမှုနှင့် သက်ဆိုင်ရာအစိုးရဌာနများ၏ တာဝန်ယူမှုတို့အား အကဲစမ်းဖွယ်ရှိသည်။

"မုန်တိုင်း အန္တရာယ်ကို အကြောက်ဆုံးပဲ။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်မှာသေချာတယ်။ မြန်မာနိုင်ငံကိုဝင်မှာပဲ စိုးရိမ်တယ်"ဟု ဒေါက်တာထွန်းလွင်က တွေးတွေးဆဆနှင့်ပြောသည်။ သို့သော် မုန်တိုင်းနှင့်ပတ်သက်၍ ဒေါက်တာထွန်းလွင်၌ စောင့်ကြည့်၊ နှိုးဆော်၊ သတိပေးဟူသော အဆင့်သုံးဆင့်ရှိရာ ယခုအဆင့်မှာ သံသယရှိ၍ စောင့်ကြည့်နေဆဲသာဖြစ်ပြီး လူထုကအကြောက်မပိုရန်လည်း သတိပေးသည်။

"လူတွေကိုမှာချင်တာကတော့ မေလကုန်အထိ မိုးလေဝသသတင်းတွေကို ဂရုစိုက်စေချင်တယ်။ မတ်လကုန်ကနေ ဧပြီ ၂၀ အထိ မိုးတိမ်တောင်တွေကြောင့်ဖြစ်တဲ့ မိုးကြိုးပစ်တာ၊ လျှပ်တစ်ပြက်ရေကြီးတာ၊ စိုက်ဆင်းလေပြင်းတိုက်တာ၊ မြေပြိုတာတွေကို သတိထားစေချင်တယ်။ ဧပြီ ၂၀ နှင့် မေ ၂၀ အထိတော့ မုန်တိုင်းကို ဂရုစိုက်ဖို့လိုတယ်"။ ။

**တပေါင်းရယ်တဲ့ မိန်ရာသီ ရွက်ဟောင်းကို လေနှင်လို့ ပန်တော်ဝင် ရွှေအင်ကြင်းငယ် သင်းပျံ့ခဲ့ပြီ။ ။**

ဥသြတွန်သံကြားရလေပြီ။

တပေါင်းတန်ခူး ရာသီအကူးတွင် မြူးတူးရယ်သွမ်း နွေလက်သရမ်းကြောင့် မြေသက်ကျရောက်ရွက်ခြောက်နှင့်အတူ ပင်ယံထက်မှ ဥသြသံသည် ဖြည်းဖြည်းမှန်မှန်တွန်လေပြီ။ **ဆောင်းကျွတ်လုပြီ နွေရာသီလည်း မပီတတ်သေး ပိုးဝါးထွေး** ဟုရှေးစာဆိုတစ်ဦးစပ်ခဲ့သလို တောတောင်ရေမြေစိမ့်စမ်းကအစ ရှုဖွယ်မဆုံးသောမြင်ကွင်းတို့တွင် အရာရာတိုင်းသည် ရာသီစပ်ကူးမပ်ကူးကာလ၌ မပီပိုးတဝါး မြူများ ရစ်ဆိုင်းနေတတ်သည်။ ရာသီအားဖြင့် မိန်ရာသီမှ မိဿရာသီသို့အကူးဖြစ်သည်။ **ပန်းရွှေဖီကြိုင်လှောက်လို့ ပိတောက်ကယ်တဲ့သင်းချို** ဆိုသည့်အတိုင်း ရွှေဖီ(သရဖီ)နှင့် ပိတောက်ပန်းတို့ပွင့်ဖို့ အားယူကြလေပြီ။ အဝါရောင်ဝတ်ဆံနှင့် ပွင့်ချပ်ဖြူလွှသောကံ့ကော်ပန်းတို့ ပင်လုံးကျွတ်ဝေလေပြီ။ **နေ့ပူလို့ညချမ်း တပေါင်းလသရမ်း** ဆိုသလို နေ့ဘက်တွင် ပူပြင်းနေကို တရှိန်ရှိန် တညီးညီးခံစားရသလို ညရောက်ပြန်တော့ စောင်ခြုံကာကွေးရတော့သည်။ သို့ရာတွင် နေ့အပူရှိန်သည်ကား တဖြည်းဖြည်း မြင့်တက်လာပါပြီ။

ထိုအချိန်သည် တောသူတောင်သားတို့ စပါးပေါ်ပြီး ငွေရွှင်ချိန်၊ ပဲသိမ်းချိန်၊ ထန်းသီးချိုင်ပြီး ထန်းလျက်ချက်ချိန်လည်းဖြစ်သည်။ ကျေးလက်တောရွာများ၌ ဘုရားပွဲကျင်းပချိန်၊ သဲပုံစေတီပွဲကျင်းပချိန်လည်းဖြစ်၏။ မကြာမီတာသကြၤန်ကာလကျရောက်လာတော့မည်ဖြစ်ပါသည်။

**ဖက်ဆစ်တော်လှန်ရေးနိဒါန်း**

၁၉၄ဝ ပြည့်လွန်နှစ်များက ထိုသို့မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်မီးကြောင့် အမြဲတစေ အေးအေးလူလူနေတတ်သော တောသူတောင်သား မြန်မာပြည်သူအများစုသည် လယ်ထဲယာထဲကောင်းစွာထွန်ယက်မရ၊ စိုက်ပျိုးမရ၊ အနေအစားဆင်းရဲစွာဖြင့် ကျီးလန့်စာစားနေထိုင်ခဲ့ရသည်။ ရဲဘော်သုံးကျိပ်ဦးဆောင်မှုနှင့် ဘီအိုင်အေ(ဗမာ့လွတ်လပ်ရေးတပ်မတော်)သည် ဂျပန်တို့နှင့်အတူ မြန်မာပြည်အတွင်းသို့ စစ်ကြောင်းကြီးများခွဲကာ ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်းတစ်ရာကျော်ကြာ စိုးမိုးနေသော ဗြိတိသျှတို့အား မောင်းထုတ်တိုက်ခိုက်ခဲ့ပြီးနောက် အေးအေးလူလူနေရတော့မည်ဟု မြန်မာပြည်သူတို့ တွေးထင်၍မှမဆုံး ဖက်ဆစ်တို့က ဇာတိပြကြလေတော့သည်။ ၁၉၄၂ ခု ဇန်နဝါရီ ၃၁ ရက်နေ့တွင် မော်လမြိုင်၊ မတ်လ ၈ ရက်နေ့တွင် ရန်ကုန်၊ မေလ ၈ ရက်နေ့တွင် မြစ်ကြီးနားကို သိမ်းပိုက်ပြီးသော်လည်း ဂျပန်တို့သည် မူလက ထားရှိခဲ့သည့်ကတိအတိုင်း မြန်မာ့လွတ်လပ်ရေးကို ချက်ချင်းမကြေညာခဲ့၊ မြန်မာပြည်ကိုသိမ်းပိုက်ထားသော ဖက်ဆစ်ဂျပန်တို့၏ ကာနီဗို၊ ဂိုရှို၊ မစ်ဆူဘီရှိ အစရှိသော ကုမ္ပဏီကြီးများက ဗြိတိသျှတို့၏ ဘီအိုစီ၊ ရွိုက်စ်ကုမ္ပဏီများနေရာ အစားထိုးဝင်ရောက်ပြီး စီးပွားရေးလက်ဝါးကြီးအုပ်ရန် **အရှေ့အာရှ သာတူညီမျှရေး** ဟုကြွေးကြော်ကာ ကိုလိုနီပြုရန် ရုပ်လုံးဖော်လာကြသည်။ ထို့အပြင် ကင်ပေတိုင်ဟုခေါ်သော ဂျပန်စစ်ပုလိပ်တို့ကလည်း မြန်မာပြည်သူများအား ပါးရိုက်၊ နားရိုက်၊ နေပူလှမ်း၊ လက်သည်းခွာ၊ ကျင်စက်တို့လုံ့စွပ်ထိုး စသည့်ဖက်ဆစ်နည်းများဖြင့် အမျိုးမျိုးနှိပ်စက်ရုံမျှမက အမျိုးသမီးများနှင့် သံဃာတော်များကိုပါ တဖြည်းဖြည်းစော်ကားလာကြသည်။ ဂျပန်ဝင်စဉ်က သပြေပန်းနှင့် လှမ်းဆက်ခဲ့သော မြန်မာပြည်သူတို့မှာ အံ့သြကြေကွဲရလေသည်။ **တည်မိတဲ့ဘုရား လင်းတပင်နားနား** ဆိုရိုးစကားရှိသော်ငြား ဆရာကြီးသခင်ကိုယ်တော်မှိုင်းကပင် "မင်းတို့ ပင့်လာတဲ့ဘုရား မင်းတို့ပြန်ခေါ်သွား" ဟူ၍ မျိုးချစ်မြန်မာလူငယ်ခေါင်းဆောင်များအားပြောကြားခဲ့သည်။ ထိုအချိန်ကတည်းက ဗမာ့တပ်မတော်နှင့် မြန်မာပြည်သူ ပြည်သားတို့စိတ်ဝယ် ဂျပန်ကို ပြန်လည်တော်လှန်ရန် တအုံနွေးနွေး အံတကြိတ်ကြိတ် ဖြစ်နေလေပြီ။

၁၉၄၄ ခုဩဂုတ်လတွင်ဂျပန်က နှစ်သိမ့်သည့်သဘောဖြင့် ရွှေရည်စိမ်လွတ်လပ်ရေး ပေးသော်လည်း တစ်ဖက်၌ မြန်မာခေါင်းဆောင်များသည် **ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး** အဖွဲ့ကြီးကိုဖွဲ့စည်းရန် တိတ်တဆိတ်ပြင်ဆင်ခဲ့ကြသည်။ နောင်တစ်ချိန် ဖ. ဆ. ပ. လအဖွဲ့ချုပ်ကြီး အဖြစ်ပေါ်ပေါက်လာမည်ဖြစ်သော ဖ. တ. ပ. လ အဖွဲ့ချုပ်ကို ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် အာရှလူငယ်အစည်းအရုံးတို့ စုစည်း၍ဖွဲ့စည်းခဲ့ကြသည်။ ဂျပန်ဝင်စကပင် အိန္ဒိယသို့ တိတ်တဆိတ်ထွက်ခွာသွားသော သခင်သိန်းဖေနှင့် ရဲဘော်တင်ရွှေတို့ကလည်းမဟာမိတ်နှင့် ဆက်သွယ်ရန်ကြိုးစားကြသလို သခင်စိုး ဦးဆောင်သော မြေအောက်ပျောက်ကျားများကမြစ်ဝကျွန်းပေါ်ဒေသတွင်လူထုအားစည်းရုံးသိမ်းသွင်းနိုင်ခဲ့ကာ လက်နက်များကိုလည်း တိတ်တဆိတ်ဖြန့်ဝေပေးခဲ့သည်။ ရခိုင်ပြည်နယ်တွင် မြန်မာဘုန်းတော်ကြီးဦးပညာသီဟနှင့်ကိုညိုထွန်းတို့ကပြောက်ကျားစစ်ဆင်နွှဲရန် လယ်သမားတို့အား တိတ်တဆိတ်စစ်ပညာပေးလျက်ရှိသည်။

**ဗမာ့တပ်မတော်ကပြင်ဆင်ခြင်း**

အင်အားကြီးထွားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် အင်အားချည့်နဲ့အောင် ဖက်ဆစ်တို့က အင်အားလျှော့ချ ဖွဲ့စည်းပေးခဲ့သော်လည်း တပ်မတော်၏အမြုတေမှာ ပြည်သူလူထုပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း ခေါင်းဆောင်သော ဗမာ့တပ်မတော်သည် ပြည်သူတို့၏အားကိုယူ၍ လျှို့ဝှက်တပ်ဖွဲ့များ တိတ်တဆိတ်ဖွဲ့စည်းခဲ့ရာ ပြောက်ကျားအင်အား ရှစ်သောင်းကျော်ရှိလာသည်။ တအုံနွေးနွေး အံတကြိတ်ကြိတ်ဖြင့် အခြေအနေကောင်းကိုစောင့်ဆိုင်း၍ ဂျပန်အား ထချရန်သော ဂျပန်တပ်များနောက် တန်ပြန်ထိုးစစ်ဆင်လေသည်။ မဟာမိတ်နှင့် အဆက်အသွယ်ရခဲ့သော ဗမာ့တပ်မတော်သည် အချိန်အခါကောင်း အခွင့်အခါကောင်း ကျရောက်တော့မည်ကိုသိ၏။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့တပ်မတော်ခေါင်းဆောင်များသည် ဖက်ဆစ်တို့အား လိမ္မာပါးနပ်စွာ အယုံသွင်း၍ မဟာမိတ်တို့အား တိုက်ခိုက်ရန်အကြောင်းပြ




ခားသွေးနေကြပြီ။ ဗမာ့တပ်မတော်သည် ရှေးဦးစွာ သရက်မြို့တွင် အနောက်တိုင်းနှင့် မန္တလေးမြို့၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းက အထက်မြန်မာပြည်တပ်များကို ဗိုလ်မှူးဗထူး အုပ်ချုပ်၍ စစ်ကြောင်းဖွင့်တိုက်ခိုက်ရန်၊ စစ်ဌာနချုပ်အဖွဲ့နှင့် စစ်ဝန်ကြီးရုံးအဖွဲ့အားလုံးကို ဗိုလ်မှူးကြီးဇေယျအုပ်ချုပ်၍ သရက်စခန်းမှ မင်းတုန်းစခန်းသို့ ချီတက်ရန် စီမံခဲ့ပြီး အောက်မြန်မာပြည်၌ ဗမာ့တပ်မတော်က တိုင်း ၇ တိုင်းဖွဲ့စည်းကာ ဖက်ဆစ်တို့အား တိုက်ခိုက်ရန် လျှို့ဝှက်စွာ ကြံစည်ခဲ့လေသည်။

ယင်းသို့သော အခြေအနေတွင် ဥရောပ၌ဖက်ဆစ်ဂျာမနီနှင့် အီတလီတို့ရှုံးနိမ့်ကာ မြန်မာပြည်စစ်တလင်းပြင်၌လည်း ၁၉၄၄ ခု မတ်လ မဏိပူရ အင်ဖာတိုက်ပွဲတွင် စစ်ရေးချိန်ခွင်လျှာပြောင်းလဲသွားသည်။ ယင်းမှာ ထိုးစစ်ဆင်လာသော ဂျပန်တပ်မကြီးများကို မဟာမိတ်တို့က ကြံ့ကြံ့ခံ တွန်းလှန်လိုက်ပြီး မရှုမလှရှုံးနိမ့်ခဲ့ရကာ တစ်မျိုးသားလုံးလွတ်မြောက်ရေးအတွက် တော်လှန်ရန်ပြင်ဆင်လေသည်။

ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်အမည်ပေးကြရာ ဗိုလ်ချုပ်အောင်ဆန်းကို ဦးနောင်ချို၊ သခင်စိုးကို ဦးထွန်းဝေ၊ သခင်သန်းထွန်းကို ဦးဘမောင်ဟူ၍ သတ်မှတ်ခဲ့ကြသည်။

ခရေပွင့်လျှင်
ကြွေလွင့်ဝါဝါ မြေ၌မှာလျှင်
ရောကာပေါင်းယှက်
ဟောင်းသစ်ရွက်နှင့်
တစ်ဝက်မောင်းနီဝေ့လည်လည်ကို
လေချီသုတ်ဖြူး နီဝါကူးသည်
နွေဦးပေါက်မို့ ရော်ရွက်ကြွေ၊
ရင့်ကြွေညောင်းသည်
ရွက်ဟောင်းစွန့်ပစ် ဘဝသစ်သို့
သနစ်ပြောင်းမည် ဖူးသစ်မီသည်
အနီထဲက ကြယ်ဖြူပွင့်။ ။
(မတ်လတော်လှန်ရေးကဗျာ-
ဒဂုန်တာရာ)

**တော်လှန်ခြင်း**

ရှုပ်ထွေးနေသော အခြေအနေများကြားကပင် တော်လှန်လိုစိတ်ပြင်းပြလှသည့် မျိုးချစ်မြန်မာတိုင်းရင်းသားအများအပြားသည် ဂျပန်ကင်ပေတိုင်တို့၏ လက်ချက်ဖြင့် ရက်ရက်စက်စက်ညှင်းပန်းခံရကာ သွေးမြေကျအသက်ဆုံးရှုံးခဲ့ရသည်။ ထို့အထဲတွင် မြို့နေလူများသာမက ကျေးလက် တောရွာများမှ တာဝန်သိ တောင်သူလယ်သမားများ၊ တံငါကျေးလက်မှ တံငါရေလုပ်သားများ၊ မျိုးချစ်စိတ်ပြင်းပြလွန်းသော အမျိုးသမီးကြီးငယ်များအထိ ပါဝင်ခဲ့၏။ လူမသိ သူမသိ အညတြသေဆုံးခဲ့ရသော ဆင်းရဲသားပြည်သူများကား မနည်း။ သို့သော် တော်လှန်သွေးသစ္စာတိုင်တည်သံကား တိတ်ဆိတ်မသွား၊ ဘဝင်ညံအောင် ပဲ့တင်ထပ်လျက်နေလေသည်။ တစ်ခုသော တန်ခူးလတွင်ကား ကောက်ရိုးပုံထဲ၊ စပါးကျီထဲ ရိုင်ဖယ်သေနတ်များ ရောက်လာသည်။ တံငါသည်များ၏လှေဝမ်းဗိုက်ထဲ ငါးပိ၊ ငါးခြောက်များအောက် လက်နက်ခဲယမ်းများရောက်လာသည်။ လှေများ၊ လှည်းများဖြင့် အဆင့်ဆင့်လျှို့ဝှက်သယ်ဆောင်ကာ လက်နက်များ တစ်ပြည်လုံး ဖြန့်ဝေပြီးလေပြီ။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်မြောက်ဘက်ရှိ ကွင်းပြင်(ယခု တော်လှန်ရေးပန်းခြံ)၌ စစ်ရေးပြအခမ်းအနားတစ်ရပ်ကို ကျင်းပကာ စစ်သေနာပတိနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် **အနီးဆုံးရန်သူရှာပြီး တိုက်ကြဟူ၍** ရဲရဲတောက် စစ်ထွက်မိန့်ခွန်းပြောကြားပြီး ကိုယ်တိုင်လည်း သရက်ခရိုင် ပုဏ္ဏားကျွန်းတွင် ဖွင့်လှစ်ထားသော တပ်မတော်ဌာနချုပ်ဆီ စစ်ချီလေသည်။

ယင်းနောက် ၁၉၄၅ ခု မတ်လ ၂၇ ရက်(တန်ခူးလပြည့်နေ့) ည ၇ နာရီတွင် ဖက်ဆစ်ဂျပန်တို့အား မြန်မာတစ်မျိုးသားလုံးက တော်လှန်လိုက်ပြီဖြစ်ကြောင်း ကြေညာချက်တစ်စောင် အတိအလင်းထုတ်ပြန်ကာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲလေသည်။ ဗမာ့တပ်မတော်ကိုလည်းပြည်သူနှင့် တစ်သားတည်းဖြစ်အောင် "ပြည်သူ့တပ်မတော်" ဟုပြောင်းလဲသတ်မှတ်ခဲ့သည်။

စနစ်တကျ ဖြန့်ဝေပေးပြီးသော လက်နက်များ၊ အလံများနှင့် ပြောက်ကျားစစ်ဆင်နွှဲရန် အမှတ်တံဆိပ်တူ လက်ပတ်များတပ်ဆင်ဝတ်ဆင်ထားသည့် မြန်မာတစ်မျိုးသားလုံး၏ အုံကြွတော်လှန်မှုသည် တန်ခူးလပြည့်၏ လရောင်အောက်ဝယ် ရဲရဲဝံ့ဝံ့ရုပ်လုံးပေါ်လာသည်။ ဗမာ့တပ်မတော်သားများနှင့်အတူ လယ်သမား၊ အလုပ်သမား၊ ရေလုပ်သားအစရှိသော မျိုးချစ်မြန်မာတိုင်းရင်းသားများသည် အနီရောင်ပေါ်တွင် ကြယ်ဖြူပွင့်ကို တပ်ဆင်ထားသော အလံများ၊ လက်ပတ်များကိုယ်စီကိုယ်ငဆင်ယင်လျက် ဖက်ဆစ်ဂျပန်တို့အား ပစ်ခတ်တိုက်ခိုက်ကြလေသည်။ သမိုင်းဝင်တော်လှန်ရေး၌ မြန်မာလယ်သူမကြီးအများအပြားသည် အနီခံကြယ်ဖြူလက်ပတ်ပတ်ကာ တော်လှန်ရေးထဲ ဆင်နွှဲကြလေသည်။

ပြည်သူ့ တပ်မတော်သည် ရခိုင်ဘက်မှ ဖြတ်၍ ဆုတ်ခွာလာသော ဂျပန်တို့ကို သရက်ခရိုင်နှင့် ပြည်ခရိုင်မှ၊ မန္တလေးနှင့် မိတ္ထီလာတို့မှဆင်းလာသော ဂျပန်တပ်များကို ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးခရိုင်မှ၊ ဖရိုဖရဲကြွင်းကျန်သော ဂျပန်တပ်ခွဲတပ်ကျန်များကို မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ဒေသမှ၊ ယိုးဒယားလမ်းမကြီး၌ ခံစစ်တည်ဆောက်နေသော ဂျပန်တပ်များကို တနင်္သာရီတိုင်း အမှတ်(၅)တို့က အပြင်းအထန်တိုက်ခိုက်ကြလေသည်။

ယင်းသို့ တိုက်ခိုက်ခြင်းကြောင့် ဂျပန်ဘက်မှ ၈၈၂၆ ဦး ကျဆုံးကာ ၂၃၀၄ ဦး ဒဏ်ရာရပြီး ၂၁၅ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ၁၉၄၅ ခု ဇူလိုင်လ ၂၃ ရက်နေ့တွင်ကား ပြည်သူ့တပ်မတော်ကို **မျိုးချစ်ဗမာ့တပ်မတော်** အမည်ပြောင်းကာ ဖက်ဆစ်ဂျပန်တို့အား မြန်မာ့ မြေပေါ်မှ ရှုပ်ရှုပ်ချွံချွံ တိုက်ထုတ်နိုင်ခဲ့သဖြင့် ဂျပန်စစ်သား ၃၂၀၀ မှာ စစ်တောင်းမြစ်ဝှမ်း၌ မရှုမလှကျဆုံးခဲ့ရသည်။ ထို့အတူ တော်လှန်ရေးအတွင်း ဗမာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူ့ပြောက်ကျားတပ်ဖွဲ့ဝင်အချို့လည်း အသက်ကို အပ်နှင်းခဲ့ရလေသည်။

နီရဲရဲလျှင်. . .
ပေါက်လဲပွင့်ငုံ သရက်ထုံ၍
အစုံရောဖက် နီသစ်ရွက်တို့
နီလျက်နီကာ မြန်းလေပြီ။
သည်ချိန်ရောက်တိုင်း
သိုလက်နက်ဖြင့်
ချိန်းချက်ထကြွ ခုခံကြသည့်
ဖော်ပြသဏ္ဍာန် ကြေးမုံမှန်လျှင်
တော်လှန်ရေး၏နိမိတ်တည်း။ ။
(ဒဂုန်တာရာ)

ဖက်ဆစ်တော်လှန်ရေး၏ ရလဒ်သည်ကား လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သော စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအခြေခံအုတ်မြစ်မှစ၍ သမိုင်းဝင် ပင်လုံညီလာခံကို ကျင်းပကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထပ်မံတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ စင်စစ်တွင်မူကား မြန်မာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့သော အဆိုပါတော်လှန်ရေးသည် လူမျိုးတစ်မျိုးကိုသာတော်လှန်ခြင်းမဟုတ်၊ ထိုအချိန်က ကမ္ဘာ၌ အမြစ်စွဲခိုင်မာအောင်ဝါဒဖြန့်နေသော ဖက်ဆစ်စနစ်ကို တိုက်ဖျက်ခြင်းသာဖြစ်ပေသည်။ တော်လှန်ရေး၏ ဦးဆောင်ဦးရွက်ကဏ္ဍမှပါဝင်ခဲ့သော ဗမာ့တပ်မတော်ကို ဂုဏ်ပြုသောအားဖြင့် ၁၉၅၄ ခုနှစ်မှစတင်၍ နိုင်ငံတော်အစိုးရက တပ်မတော်နေ့ဟု ပြောင်းလဲခေါ်ဆိုခဲ့သည့် ဖက်ဆစ်တော်လှန်ရေး နေ့ရက်သည်ကား လာမည့်မတ်လ ၂၇ ရက်တွင် နှစ်ပေါင်း ၆၆ နှစ်တိုင်ခဲ့ပြီဖြစ်ပေသည်။ ။

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011



# တံတိုင်းလေးလား ပေတံလား

ခင်သန္တာ

ကျောင်းသား တစ်ယောက် အတန်း တစ်တန်းတက်ရန်အတွက် အရည်အချင်းစစ်ဆေးရာတွင် စာမေးပွဲဖြင့်ဆုံးဖြတ်ပါသည်။ ပညာခေတ်ဟုပြောရမည့် ယနေ့ကာလတွင်လည်း အလုပ်ခွင်အတွက် အရည်အချင်းစစ်ရာတွင် စာမေးပွဲဖြင့်သာဆုံးဖြတ်ကြပါသည်။ ထို့အပြင် အလုပ်ခွင်ရာထူးတိုးအတွက်လည်း စာမေးပွဲနှင့်လွတ်ကင်း၍ မရနိုင်ပြန်ပါ။ ထို့ကြောင့် စာမေးပွဲသည် ကျွန်မတို့ကျောင်းနေစ အရွယ်မှသည် လုပ်ငန်းခွင်ထဲ ရောက်သည်အထိ ရှောင်လွှဲ၍မရသော တံတိုင်းတစ်ခုဖြစ်နေပါသည်။ တစ်နည်းအားဖြင့် ကျွန်မတို့၏ ကိုယ်ပိုင်အရည်အချင်းကို စာမေးပွဲဟူသော ပေတံဖြင့်သာ တိုင်းတာလေ့ရှိကြပါသည်။

ကျွန်မတို့ငယ်စဉ်က လေးတန်းစာမေးပွဲသည် မြို့နယ်စစ်ဖြစ်ပြီး၊ ရှစ်တန်းနှင့် ဆယ်တန်းစာမေးပွဲသည် အစိုးရစစ်ဖြစ်ပါသည်။ ကျွန်မဘဝတွင် စာမေးပွဲနှင့်ပတ်သက်သည့် စိတ်လှုပ်ရှားမှုသည် လေးတန်းနှစ်တွင် စခဲ့ပါသည်။ မြို့နယ်စုပေါင်းရုံးကြီးတွင် တစ်မြို့နယ်လုံးရှိ လေးတန်းကျောင်းသား၊ ကျောင်းသူများ စာမေးပွဲသွားဖြေရပါသည်။ သက်ဆိုင်ရာ မူလတန်းကျောင်းအုပ်က ဦးဆောင်ကာ အတန်းပိုင်ဆရာ၊ ဆရာမများ အုပ်ချုပ်မှုဖြင့် နှစ်ယောက်တစ်တွဲစီ တန်းစီလမ်းလျှောက်ကာ စာမေးပွဲဖြေရမည့်နေရာသို့ စနစ်တကျသွားကြရပါသည်။ ကျွန်မတို့သွားရာ လမ်းတစ်လျှောက်တွင် အခြားကျောင်းများမှ စာမေးပွဲလာဖြေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆုံကြပါသည်။ ထို့ကြောင့် စီတန်းသွားသည့် စည်းကမ်းပိုင်းကို ကျောင်းအချင်းချင်း မသိမသာပြိုင်ကြပါသည်။

ပြီးလျှင် တန်းလုံးကျွတ် အောင်ချက်ကောင်းသည့် ကျောင်းအဖြစ် ဘယ်နှနှစ်မြောက်ထိန်းထားနိုင်သည်ကို ဂုဏ်ယူစွာ ပြောလေ့ရှိကြသည်။ ကျွန်မတက်ခဲ့ရသည့် မူလတန်းကျောင်းသည် နှစ်စဉ် တန်းလုံးကျွတ်အောင်သည့် ကျောင်းဖြစ်ပါသည်။ ကျောင်းအုပ်မှာ ဆရာမကြီးဖြစ်ပြီး ကျွန်မတို့ အတန်းပိုင်သည်လည်း ဆရာမဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း တန်းလုံးကျွတ်အောင်သည့် ဂုဏ်ကိုထိန်းထားနိုင်ရန်အတွက် စာမေးပွဲမဖြေခင်တစ်လလောက်အလိုတွင် ကျောင်းသား၊ ကျောင်းသူများကို စခန်းသွင်းထားပါသည်။ အတန်းပိုင်ဆရာမအိမ်တွင် စခန်းသွင်းထားပြီး ကျွန်မတို့အတွက် ညအိပ်စရာနေရာ၊ အစားအသောက်ကအစစီစဉ်ပေးထားကြပါသည်။ကျွန်မတို့မိဘများသည် ရံဖန်ရံခါမှသာလာတွေ့ကြရပြီး ကျွန်မတို့ စားသောက်ရေးအတွက် ပိုက်ဆံပေးရသည်ဟုလည်း မကြားမိခဲ့ပါ။ တချို့တလေ မိဘများကတော့ ဆန်အိတ်၊ ဆီပုံး၊ ငါးခြောက်များနှင့် မီးသွေးအိတ်များပေးသည်ကိုတော့ တွေ့ဖူးခဲ့ပါသည်။

ကျွန်မတို့ လေးတန်းဖြေမည့်နှစ်တွင် ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူသုံးဆယ်စာရင်းကို မြို့နယ်ပညာရေးမှူးရုံးသို့ ပေးပို့လိုက်ပြီးမှ ကျောင်းသူတစ်ယောက်သည် စာမေးပွဲ ဖြေဆိုခါနီးတွင် ညာလက်ဖျံရိုး ကျိုးသွားပါသည်။ ထိုကျောင်းသူ စာမရေးနိုင်၍ စာမေးပွဲဝင်မဖြေခဲ့လျှင် စာရင်းအရ လူသုံးဆယ်ရှိသည့် ကျွန်မတို့ကျောင်းသည် တန်းလုံးကျွတ်အောင်သည်ဟု စာရင်းမထုတ်ပြန်နိုင်တော့ပါ။ ထိုအခါ ကျွန်မတို့ကျောင်းအုပ်ကြီးက မြို့နယ်ပညာရေးမှူးထံသို့ ထိုကျောင်းသူ စာမေးပွဲဖြေဆိုနိုင်ရန် မည်သည့်နည်းလမ်းသုံးနိုင်သည်ကို မေးမြန်းပါတော့သည်။ ပညာရေးမှူးက ဖြေဆိုမည့်ကျောင်းသူက ပါးစပ်ကပြောပေးပြီး သူ့ထက် အတန်းငယ်သည့် ကျောင်းသူတစ်ယောက်ယောက်ကိုလိုက်ရေးခိုင်းလျှင် ခွင့်ပြုပေးနိုင်ကြောင်းပြောပါသည်။ ဖြေဆိုရမည့်နေရာကတော့ ပညာရေးမှူးရုံးခန်းထဲတွင်ဖြစ်ပါသည်။ ကျွန်မတို့ကို စခန်းသွင်းထားသည့် အတန်းပိုင်ဆရာမ၏ သမီးငယ်သည် သုံးတန်းစာမေးပွဲကို ဖြေဆိုထားသူဖြစ်ပါသည်။ ဆရာမက သူ့သမီးငယ်ကိုပါ လေးတန်းစာများ ကူကျက်ခိုင်းပါတော့သည်။

စာမေးပွဲဖြေဆိုသည့်အချိန်တွင်လည်း မိဘများ လိုက်ပါစရာမလိုဘဲ ကျွန်မတို့တက်သည့် မူလတန်းကျောင်းများတွင်သာ စောင့်ကျန်ရစ်ခဲ့ကြပါသည်။ ကျွန်မတို့မှာ ဖြေဆိုစရာ ခဲတံ အလုံအလောက်ရှိ မရှိ၊ ကျွန်မတို့ဖြေရမည့် သင်ခန်းစာတွေရ မရ စသည်တို့ကို ဆရာ၊ ဆရာမတို့ ဘယ်လိုဆောင်ရွက်ပေးခဲ့ကြသည်ကိုကျွန်မမမှတ်မိတော့ပါ။ သေချာသည်ကတော့ ကျွန်မတို့ကျောင်း တန်းလုံးကျွတ်အောင်ခဲ့သည်ချည်းဖြစ်ပါသည်။

ယနေ့အခါတွင် လေးတန်းနှင့်ရှစ်တန်းသည် အစိုးရစစ်စာမေးပွဲမဟုတ်တော့ပါ။ ဖေဖော်ဝါရီလသည် အစိုးရစစ်ဖြစ်သည့် ဆယ်တန်းများမှအပ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရသည့်လဖြစ်ပါသည်။ မိဘရော၊ သားသမီးများပါ စိတ်အလှုပ်ရှားဆုံးလလည်းဖြစ်ပါသည်။ ယခုအခါတွင် ပညာရေးစနစ်သည် Chapter End Test ဟုခေါ်သည့် အခန်းဆုံးစာမေးပွဲများဖြေရပါသည်။ ကျွန်မသမီးတက်သည့်ကျောင်းသည် တစ်နှစ်လျှင် စာမေးပွဲငါးကြိမ် ဖြေရပြီး ရရှိလာသည့်အမှတ်ကို ငါးဖြင့်စားကာ နောင်နှစ် စာသင်နှစ်အတွက် အခန်းခွဲပါသည်။ နောက်ဆုံးအကြိမ်ဖြေရသည့် စာမေးပွဲတွင် တစ်နှစ်လုံးသင်ကြားထားသည့်စာများကိုပြန်ကြည့်ရပါသည်။ ထို့ကြောင့် ကျက်ရသည့်စာများသည် အခြားကျောင်းများနှင့်မတူ ပိုများသည်ဟု မိဘများကဆိုကြပါသည်။

ကျွန်မတို့ ဖြေဆိုခဲ့သမျှ စာမေးပွဲများသည်လည်း တစ်နှစ်လုံးသင်ထားသည်ကို ကျက်ပြီး ဖြေဆိုအောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မတို့ မိဘနေရာရောက်တော့မှ သူတို့ကျက်ရသည့်စာများကိုများသည်ဟုထင်နေခြင်းမှာ ကျွန်မတို့ကိုယ်တိုင် ဝင်ကူကျက်ပေးနေရ၍ဖြစ်ပါသည်။ ဘယ်သူက စ၍ ဘယ်က စလိုက်သည်တော့မသိပါ။

သည်နေ့ခေတ်တွင် စာသင်ကျောင်း၊ ကျူရှင်နှင့် ဂိုက်ဟုခေါ်သည့် စာကူကျက်ပေးသည့်သူများနှင့် ထားရှိပေးထားသော်လည်း မိဘများပါ ဝင်ပါနေကြရသည်။ ကျွန်မ သမီးကို ကိုယ့်အားကိုယ်ကိုးစိတ်ရှိအောင် သင်ကြားပေးမည်ဟု ကြွေးကြော်နေသောကျွန်မကိုယ်တိုင်ပင် စာကူလုပ်ပေးနေမိပါသည်။

ကျွန်မ လေးတန်းစာမေးပွဲဖြေစဉ်က စိတ်လှုပ်ရှားခဲ့ရသူမှာ ကျွန်မဖြစ်နေပြီး သမီး လေးတန်းဖြေဆိုချိန်တွင်လည်း စိတ်လှုပ်ရှားရသူမှာ ကျွန်မသမီး မဟုတ်ဘဲ ကျွန်မသာလျှင် ဖြစ်နေပြန်ပါသည်။

ကျွန်မ စာမေးပွဲခန်းထဲတွင် ဖြေဆိုရန် ခဲတံကို မည်သူချွန်ပေးလိုက်သည်မသိသော်လည်း ကျွန်မသမီးဖြေဆိုရန်အတွက် ခဲတံများကို လိုသည်ထက်ပိုကာ အချောင်းနှစ်ဆယ်လောက် ချွန်ပေးလိုက်မိပါသည်။ ကျောင်းရှေ့တွင် ဖြေဆိုသူကျောင်းသားဦးရေထက် လိုက်စောင့်ပေးသူ မိဘဆွေမျိုးဦးရေကပိုများနေတတ်ပါသည်။ သားသမီးများ ကျောင်းထဲမဝင်ခင်အချိန်ထိ မိဘများက ကူကျက်ထားသည့်စာများကို နှုတ်မှရွတ်ရင်း သားသမီးများကို စာနွှေးပေးနေကြသည်။ စာရွတ်ပေးနေကြသည့်မိဘများကိုကြည့်ရင်း သည်အသက်အရွယ်၊ သည်ဉာဏ်ရည်နှင့်မှ သည်စာများက အတော်ဖြစ်နေသည်လားဟု ကျွန်မတွေးနေမိပါသည်။

စာသင်နှစ်တစ်ခု၏ စာမေးပွဲကြီးဖြေဆိုမပြီးခင် နောက်စာသင်နှစ်အတွက် ဘယ်ကျူရှင်ဝိုင်းက အစောဆုံးစနိုင်မည်ကို စုံစမ်းကြရသည်။

နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ ပန်းချီသင်တန်း၊ စန္ဒရားတီးသင်တန်းနှင့် ရေကူးသင်တန်းများအတွက်လည်း စုံစမ်းကြရပြန်သည်။ သင်ယူပြီးရင်း သင်ယူနေရသည့် သည်နေ့ခေတ်ထဲတွင် သမီးနှင့် ကျွန်မလည်း လိုက်ပါစီးမျောရင်း သမီးလေးဘဝတံတိုင်းများကို ဖြတ်ရမည့်အချိန်၊ အရည်အချင်းစစ်ပေတံဖြင့် အတိုင်းခံရမည့်အချိန်များကို ကျွန်မ စောင့်ကြည့်နေမိပါသည်။ ။

JOKE

## အဖြစ်ကဒီလို

အဘိုးကြီးတစ်ဦးသည် ၎င်း၏ ငယ်သူငယ်ချင်းက ဖိတ်ကြား၍ ငယ်သူငယ်ချင်း၏ အိမ်သို့ ညစာသွားစားသည်။

အဘိုးကြီး၏ သူငယ်ချင်းက သူ့မိန်းမအား တစ်ခုခုတောင်းဆိုချင်သည့်အခါတိုင်း "အချစ်ရေ" "ဒါလင်" "အသည်းရေ" "ကိုယ့်အချစ်ရေ" ဟု ခေါ်ဝေါ်ပြီးပြောဆိုနေသည်။

အဘိုးကြီးပြန်ခါနီးအချိန်တွင် ၎င်း၏ ငယ်သူငယ်ချင်းက တံခါးဝလိုက်ပို့သောအခါ အဘိုးကြီးက ညစာအတွက် ကျေးဇူးတင်ကြောင်းပြောကြားရင်း . . .

"မင်းတို့ လင်မယား ဒီလောက်နှစ်တွေအကြာကြီး ပေါင်းသင်းပြီးတာတောင် တစ်ယောက်နဲ့တစ်ယောက် နူနူရွရွခေါ်ဝေါ်နေကြတာဝမ်းသာတယ်ကွာ" ဟု ပြောပါသည်။ ဤတွင် ၎င်း၏ ငယ်သူငယ်ချင်းက "အမှန်ကိုပြောရရင် သူငယ်ချင်းရာ၊ ငါ့မိန်းမနာမည်ကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မေ့သွားပြီကွ" ဟု ပြောပါတော့သည်။

## ဖြစ်ရလေ

အိမ်တစ်အိမ်တွင် မိန်းမက မီးဖိုချောင်ထဲဝင်လာသောအခါ သူ့ယောကျ်ားမှာ တဆတ်ဆတ်တုန်ခါနေပြီးလက်မှလည်း ဝါယာကြိုးတစ်ချောင်း မီးပလပ်ပေါက်ဆီသို့ သွယ်တန်းနေသည်ကိုတွေ့ရသည်။ ထိုအခါ အမျိုးသမီးမှာ ဘာမှမစဉ်စားနေတော့ဘဲ အနီးတွင်တွေ့သော တုတ်တစ်ချောင်းနှင့် လျှပ်စစ်ကြိုးကို ကိုင်ထားသော ယောကျ်ားလက်ကိုရိုက်ချလိုက်သည်။ ယောကျ်ားမှာလက်ကျိုးသွားပြီး တဆတ်ဆတ်တုန်နေခြင်းလည်း ရပ်ဆိုင်းသွားသည်။ ထိုအချိန်မတိုင်မီအထိ ယောကျ်ားမှာ ပလပ်ပေါက်တွင် အားသွင်းထားသော အိုင်ပေါ့ဖြင့် စိတ်လွတ်ကိုယ်လွတ် စည်းချက်လိုက်၍ သီချင်းနားထောင်နေခဲ့ခြင်းဖြစ်သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ।

Business 7DAY NEWS JOURNAL

Vol.10, No.3 • MARCH 24, 2011

# ရေနက်ဆိပ်ကမ်းစီမံကိန်းက ထားဝယ်တစ်မြို့လုံးရှိ အိမ်၊ ခြံ၊ မြေဈေးကို အဆများစွာမြင့်တက်စေ

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၁၄**

ဒေသတွင်းခရီးသွားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေမည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းက မြို့တစ်မြို့လုံး၏အိမ်ခြံမြေဈေးကွက်ကို အဆများစွာ မြင့်တက်စေခဲ့ကြောင်း ထားဝယ်မြို့၏ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ သတင်းရရှိသည်။

လက်ရှိကာလတွင်ဟိုတယ်လုပ်ငန်းနှင့်အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသည့် ရန်ကုန်၊ မန္တလေးဘက်မှလုပ်ငန်းရှင်များက အများဆုံး ရင်းနှီးမြှုပ်နှံခြင်းများကို ပြုလုပ်နေကြကြောင်း အကျိုးဆောင်လုပ်ငန်းများကဆိုသည်။

ယခုကဲ့သို့ ထားဝယ်မြို့၏ အိမ်ခြံမြေဈေးကွက်ကို မူလပေါက်သည့်ဈေးနှုန်းများထက်ပမာဏများစွာ ထိုးတက်လာခြင်းတွင် အဓိကတွန်းပို့နေသည့်အကြောင်းရင်းမှာ ဒေသတွင်းခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာစေနိုင်သည့် စက်မှုဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းအပြင် ထိုင်းနိုင်ငံအထိ တိုက်ရိုက်ဖောက်လုပ်မည့် ရှစ်လမ်းသွားအမြန်လမ်းမဖောက်လုပ်မှုစသည့် အချက်တို့ကြောင့်ဖြစ်ကြောင်း စိုးသိန်းအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ဦးစိုးသိန်းကဆိုသည်။

"အိမ်ခြံမြေဈေးတွေ အခုတက်နေတာထက် ပိုပြီးတက်လာဖို့လည်းရှိနေတယ်။ စီမံကိန်းမစသေးတာတောင်မှ ဈေးတွေကအရမ်းတက်နေတာဆိုတော့ စီမံကိန်းသာ အကောင်အထည်ဖော်ဖြစ်ရင် ပိုကြောက်ဖို့ကောင်းလာမယ်"ဟု အခြားသောအိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် ဒေသခံများကိုယ်တိုင်ကလည်း မြို့တွင်းရှိအိမ်ခြံမြေများကို အပြိုင်အဆိုင်ဝယ်ယူမှုများရှိနေပြီး ထိုကဲ့သို့ပြုလုပ်နေမှုများက ထပ်မံတက်လာနိုင်သည့် ဈေးနှုန်းများ အပေါ်ကြိုတင်တွက်ဆကာ ဝယ်ယူနေကြခြင်းများ ဖြစ်ကြောင်းလည်း သိရသည်။

"ဒေသခံတွေကလည်း အပြိုင်အဆိုင်လိုက်ဝယ်နေတယ် ဆိုတာဈေးနှုန်းတွေဒီထက်တက်လာမယ်လို့တွက်ပြီးရင်းနှီးမှုတွေ လုပ်နေကြတာ။ အခုသိန်းတစ်ထောင်နဲ့ဝယ်ရင်နောက်သိန်းနှစ်ထောင်ဖြစ်လာမယ်လို့ တွက်ထားကြတာ"ဟု ထားဝယ်မြို့ အောင်မြင် အိမ်ခြံမြေလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခင်က ကျပ်သိန်းဆယ်ဂဏန်းမျှသာရှိခဲ့သည့်အိမ် (သို့မဟုတ်) မြေကွက်(သို့မဟုတ်) ဥယျာဉ်ခြံမြေတစ်ကွက်လျှင် ယခုအချိန်တွင် ကျပ်သိန်းရာဂဏန်းမှ ထောင်ဂဏန်း အထိမြင့်တက်နေပြီဖြစ်သည်။

ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်နေသော်လည်း အချို့သောအိမ်ယာခြံမြေပိုင်ရှင်များမှာ ထပ်မံတက်လာနိုင်သည့် ဈေးနှုန်းများကိုကြိုတင်တွက်ဆလျက်ရှိပြီး လက်ရှိကာလတွင် ရောင်းချခြင်းများမပြုလုပ်ကြဟုလည်း သိရသည်။

ဒေသခံအချို့ကမူ ယခုကဲ့သို့ မြို့၏ အိမ်ခြံမြေဈေးနှုန်းများ စံချိန်တင်ဖြစ်ပေါ်နေသည့် လှုပ်ခတ်မှုများမှာ အိမ်ခြံမြေအကျိုး

စာ(၃၄)သို့



ဖေဖော်ဝါရီလလယ်ပိုင်းက စံချိန်တင်မြင့်တက်ခဲ့သော ရွှေဈေးသည် အမြင့်ဈေးဖြင့် ဆက်လက်ရပ်တည်နေသည်။

## ကမ္ဘာ့ရွှေဈေး တက်ရိပ်ပြလာသောကြောင့် ရွှေရောင်းအားမြင့်တက်လာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၁၆**

မိုးရွာသွန်းမှုကြောင့် အရောင်းအဝယ်အေးနေခဲ့သော ရွှေဈေးကွက်တွင် ယခုရက်ပိုင်း၌ ကမ္ဘာ့ရွှေဈေး တက်ရိပ်ပြလာ၍ ရွှေရောင်းအား ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၆၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၇၀၂ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၉ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၅ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၂ | ကျပ် |

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၅၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၅၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၅၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၆၈၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၀၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၂၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၅. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉၀၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၃၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၇၀၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၈. ၄၃၁၉ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၁၆. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၉၃၀ |
| ငွေ | ၁ အောင်စ | ၃၅. ၀၅၈ |
| ကြေးနီ | ပေါင် | ၄၃၃. ၉၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၁၆၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မတ်လ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပုလဲထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာဟုဆို

**သဇင်ထွေး**

**ရန်ကုန်၊ မတ်- ၁၆**

မြန်မာ့ပုလဲထုတ်လုပ်ရေးမှ ပြီးခဲ့သည့်နှစ်အတွင်း ပုလဲအလုံးရေငါးသိန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

"တစ်နှစ်ထက်တစ်နှစ် ပုလဲအလုံးရေပိုထုတ်လာနိုင်တယ်။ မနှစ်ကထက် တစ်သိန်းကျော်လောက်ပိုလာတယ်။ ပုလဲမွေးမြူလိုတဲ့သူတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဒီနှစ်ကျောက်မျက်ပြပွဲမှာတင်ဒါရော ဈေးပြိုင်ရောနှစ်ခုလုံးရောင်းရတယ်"ဟုအထက်ပါ တာဝန်ရှိသူကဆက်လက်ပြောကြားသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးမှ ယခုနှစ်အစပိုင်းတွင်ပင် ပုလဲလုံးရေခြောက်သောင်းကျော်၊ အလေးချိန် ၃၁,၀၀၀၊ အရှေ့တိုင်း ပုလဲထုတ်လုပ်ရေးမှ အလုံးရေ ၈၉,၀၀၀ အလေးချိန် ၃၆,၀၀၀၊ နီနိုပုလဲထုတ်လုပ်ရေးမှ အလုံးရေ ၄၀,၀၀၀၊ အလေးချိန် ၁၅,၀၀၀ ကျော်၊ တာဆာကီ ပုလဲထုတ်လုပ်ရေးမှ အလုံးရေ ၂၂၀,၀၀၀ အလေးချိန် ၁၅၅,၀၀၀၊ အတ္တလန္တိတ်ပုလဲထုတ်လုပ်ရေးမှ အလုံးရေ ၃၃,၀၀၀



စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

## စာ(၃၃) - ကမာ့ရွှေဈေး တက်ရိပ်ပြလာသောကြောင့် ရွှေရောင်းအားမြင့်တက်လာ မှ

"မိုးရွာတုန်းက ဈေးကလည်း ငြိမ်တယ်ပြောရမယ်။ အရောင်း အဝယ်က တော်တော်အေးသွားတယ်။ ဝယ်တဲ့သူရော၊ ပြန်ရောင်းတဲ့သူရော နည်းနေတာ။ အခု ကမ္ဘာ့ဈေးတက်ရိပ်ပြတော့ ပြည်တွင်းအနေအထားကလည်း သင်္ကြန်နီးရင် တက်လေ့ရှိတာကြောင့် ဝယ်လာတဲ့သဘောပဲ"ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိ ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၃၈၅ ဒေါ်လာထိကျသွားရာ ယနေ့မတ်လ ၁၈ ရက်တွင် ၁၄၁၉ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။ ပုံမှန်အားဖြင့် ပြည် တွင်းရွှေဈေးမှာ သင်္ကြန်နီးကာလတွင် ဈေးတက်လေ့ရှိ၍ ရွှေဝယ်စုသူအချို့က ကမ္ဘာ့ရွှေဈေးယခုကဲ့သို့ တက်ရိပ်ပြလာသောကြောင့် ဝယ်လိုအားတက်လာခြင်းဖြစ်သည်ဟု ရွှေအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက သုံးသပ်ပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းအတွင်း ရွှေဝယ်လိုအားမှာ ၂၀ ရာခိုင်နှုန်းနီးပါး ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ပုံမှန်အားဖြင့် သင်္ကြန်နီးကာလ ရောက်ပါက ကျပ် ၁၀,၀၀၀ ခန့်မြင့်တက်လေ့ရှိကြောင်း သိရသည်။

သင်္ကြန်နီးကာလတွင် ရွှေဈေးအတက်ကို မျှော်မှန်းနေ၍ လတ်တလောကာလတွင် ပြန်သွင်းသည့်ဈေးကွက်၌ ဈေးအေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

ယခုမတ်လ ၁၈ ရက်ပေါက်သောရွှေ ဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၈,၀၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၃၂,၀၀၀ ကျပ်ရှိသည်။

## စာ(၃၃) - ရေနက်ဆိပ်ကမ်း စီမံကိန်းက ထားဝယ်တစ်မြို့လုံးရှိ အိမ်၊ ခြံ၊ မြေဈေးကို အဆမျှားစွာမြင့်တက်စေ မှ

ဆောင်လုပ်ငန်းများမှ ဈေးကွက်မငြိမ်သက်မှုများဖြစ်အောင်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြခြင်းလည်းဖြစ်နိုင်ကြောင်းသုံးသပ်ကြသည်။

လက်ရှိကာလအထိ ဆက်လက်မြင့်တက်နေဆဲဖြစ်သည့် မြေယာအဆောက်အအုံဈေးနှုန်းများအားသတိမှတ်ကြ သူများမှာ အိမ်၊ ယာ၊ ခြံမြေပိုင်ရှင်များကိုယ်တိုင်နှင့် ဈေးကစားလိုသည့် အကျိုးဆောင်လုပ်ငန်းများပင်ဖြစ်ကြောင်း ရန်ကုန်မြို့တွင် တည်ထောင်ထားသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ လုပ်သက်ဆယ်နှစ်ကျော်ကြာအတွေ့အကြုံရှိသည့် ဈေးကွက်မန်နေဂျာတစ်ဦးက ဆိုသည်။

ယင်းဒေသတွင် တည်ထောင်မည့် အဆိုပါရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် အထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်နေခြင်းဖြစ်ပြီး မြန်မာအစိုးရ၏ကမ်းလှမ်းချက်ဖြင့် အီတာလျံထိုင်းကုမ္ပဏီမှအဓိကဆောင်ရွက်နေခြင်းဖြစ်သည်။

## စာ(၃၃) - ပုလဲထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာဟုဆို မှ

အလေးချိန်၁၆,၀၀၀၊ အတမာန် ပုလဲထုတ်လုပ်ရေးမှ ၆၇,၀၀၀ အလေးချိန် ၃၆,၀၀၀ တို့ကို ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။

၂၀၀၉-၂၀၁၀ခုနှစ်တွင် ပုလဲလုံးရေ ၄၃၀၀၀၀ အလေးချိန် သုံးသိန်း ထုတ်လုပ်ခဲ့ကြောင်းသိရသည်။ နေပြည်တော်တွင် ဒုတိယအကြိမ်ကျင်းပသည့် (၄၈) ကြိမ်မြောက်ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးမှ တင်ဒါ စနစ်ဖြင့်အတွဲ ၂၂၅ တွဲ တင်ရာ၌ ၂၂၃ တွဲရောင်းချခဲ့ရပြီး ဈေးပြိုင်စနစ်နှင့် အတွဲ ၃၀ တင်ရာတွင် အတွဲ ၃၀ လုံးရောင်းချခဲ့ရကြောင်းသတင်းရရှိသည်။










7DAY BOOK REVIEW

# မောင်သွေးသစ် စာ မောင်သွေးသစ် ကဗျာ




မြန်မာစာပေလောကတွင် ကဗျာဆရာအဖြစ်လူသိများသလို အယ်ဒီတာကောင်းတစ်ဦးအဖြစ်လည်း လူသိများခဲ့သည့် မောင်သွေးသစ်၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာနှင့် အင်တာဗျူးအချို့ကို စုစည်းထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။ စာအုပ်ပါစာများသည် စာပေလောကဝန်းကျင်မှ လူများအကြောင်း၊ ဘဝများအကြောင်းကို ရောယှက် ရေးဖွဲ့ထားရာ စာရေးသူ မောင်သွေးသစ်၏ ဘဝတစ်စိတ်တစ်ဒေသအား ထင်ဟပ်စေသည့်အတ္ထုပ္ပတ္တိဆန်သောစာပေါင်းစုဟုဆိုနိုင်ပါသည်။

မောင်သွေးသစ်သည် ၁၉၆၉ ခုနှစ်က ထုတ်ဝေခဲ့ပြီး မြန်မာကဗျာလောကတွင် အထင်ကရ ပြောစမှတ်ဖြစ်ခဲ့သည့် "တော်လှန်ကဗျာ" စာအုပ်တွင် ပါဝင်သူတစ်ဦးဖြစ်ကာ 'မိုးဝေကဗျာခေတ်ရိုက်ချိုး' 'မိုးဝေခေတ်ရှိ မရှိ' ဟု ငြင်းခုံခဲ့ရသည့် မိုးဝေစာပေမဂ္ဂဇင်းကို ဆရာနတ်နွယ်နှင့်အတူ တာဝန်ခံအယ်ဒီတာအဖြစ် ကိုင်တွယ်ခဲ့သူဖြစ်သည်။

ထို့အပြင် ကဗျာဆရာအဖြစ် မချမ်းဘော သူမ၊ တတိယမျက်လုံး၊ အရှေ့အနောက် တောင်မြောက်ဝဲယာ၊ ကိုလံဘီယာသူမ စသည့် ကဗျာလုံးချင်း စာအုပ်လေးအုပ်ကိုလည်း ထုတ်ဝေခဲ့ဖူးသည်။

ယခုစာအုပ်အဖွင့်တွင် သူ၏ အယ်ဒီတာဘဝအစဟု ဆိုနိုင်သည့် ၁၉၈၂ ငွေတာရီမဂ္ဂဇင်းပါလမ်း ဝတ္ထုကို ဖတ်ရှုရမည်ဖြစ်သည်။ ၁၉၉၉ ချယ်ရီမဂ္ဂဇင်းပါ အင်တာဗျူးတွင် မော်ဒန်ကဗျာအပေါ် သက်ဝင်ယုံကြည်မှု အကြောင်း ကိုကိုပညာ(အမရပူရ)၊ ဦးချမ်းမြ(မြကေတု)၊ ခင်နှင်းယု၊ ဦးဖေမောင်တင်၏ သမီးဖြစ်သူတို့၏ အမြင်များ၊ ပြောစကားများမှတစ်ဆင့် ဦးဖေမောင်တင်၏ ဘဝအကြောင်းအချို့ကို စိတ်ဝင်စားဖွယ်ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်တွင် ဆောင်းပါးပေါင်း၁၈ ပုဒ်ပါဝင်ပြီး မောင်သွေးသစ်၏ စာပေဘဝအစ၊ အယ်ဒီတာဘဝဖြတ်သန်းမှု၊ စာပေဟောပြောပွဲခရီးအတွေ့အကြုံများကိုဝင်းနှင့် ပတ်သက်ဆက်နွယ်သူများ၏ပုံရိပ်များကိုပါ ဖျက်ခနဲ မြင်တွေ့နိုင်မည်ဖြစ်သည်။

ကိုယ့်စင်ကိုယ်ဖျက်သူများနှင့် အယ်ဒီတာဆောင်းပါးများတွင်အယ်ဒီတာတစ်ယောက်အဖြစ် ရပ်တည်မှု၊ အယူအဆ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ခွင့်၊ ငြင်းပယ်ခွင့်၊ ရွေးချယ်ခွင့်များအပြင် အယ်ဒီတာတစ်ယောက်၏ အရည်အချင်း၊ တန်ဖိုး၊ တာဝန်ယူမှု၊ စောင့်ထိန်းမှု၊ ကျင့်ဝတ်သိက္ခာများကို နှိုက်နှိုက်ချွတ်ချွတ်ရေးသားထားသည်မှာ အယ်ဒီတာများဖောင်းပွနေသော ယနေ့အချိန်အခါတွင် လေ့လာမှတ်သား၊ စဉ်းစားချင့်ချိန်ဖွယ်ကောင်းသော ဆောင်းပါးများအဖြစ် ဖတ်ရှုရမည်ဖြစ်သည်။

ဂယက် ဟူသော ခေါင်းစဉ်အောက်တွင် စိုးမြင့်သိန်း၊ မောင်သွေးသစ်၊ ဒီကနေ့ မုန်တိုင်း ဆောင်းပါးသည် ဂျာနယ်တွင် ပါခဲ့စဉ်ကပင် ဂယက်ထခဲ့ဖူးသော ဆောင်းပါးဖြစ်သည်။

ကဗျာကဏ္ဍတွင် ၂၀၀၈ နောက်ပိုင်း ရေးသားခဲ့သည့် ကဗျာ ၉ ပုဒ် ပါဝင်သည်။ "မောင်သွေးသစ်ဆုံးရှာပြီ" ကဗျာသည် ဘဝဖြတ်သန်းမှုများကို ကဗျာဖြင့် ရေးဖွဲ့သီကုံးရင်းသူ၏ အတ္ထုပ္ပတ္တိကို ရသတစ်မျိုးဖြင့် ခံစားရသည့် ကဗျာဖြစ်သည်။

ယခုစာအုပ်သည် ကဗျာသမား၊ စာသမား၊ အယ်ဒီတာတစ်ယောက်၏ ဘဝမှရင်ခုန်စရာ၊ ခံပြင်းစရာများအပြင် မောင်သွေးသစ်ကိုသိသူရော၊ မသိသေးသူများအတွက်ပါ အဓိပ္ပာယ်တစ်စုံတစ်ရာ ပေးစွမ်းနိုင်သော စာအုပ်ဟုဆိုချင်ပါသည်။ ဥတ္တရလမင်းစာပေမှ တန်ဖိုး၂,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကော်ဖီကို ပထမဆုံး အရသာခံသောက်သုံးခဲ့သူတွေ

အေဒီ ၁၀၀၀ ခန့်က အီသီယိုးပီးယားနိုင်ငံသားများသည် ကော်ဖီအသီးနှင့် အစေ့များကို လန်းဆန်းနိုးကြွစေသော အစွမ်းသတ္တိကြောင့်ဝါးစားခြင်းကို ပြုလုပ်ခဲ့ကြသည်။ ယင်းနောက်ကော်ဖီပင်များကို ယီမင်နိုင်ငံတွင် ပထမဆုံးစိုက်ပျိုးခဲ့ကြသည်။ ကော်ဖီတွင်ပါရှိသည့် စိတ်ကိုလန်းဆန်းနိုးကြားစေသည့်အစွမ်းသတ္တိမှာ သေချာစွာနှပ်ပြီးသောက်သုံးပါက ပိုမိုခံစားသိရှိနိုင်သဖြင့် ကော်ဖီစေ့ကိုလှော်ကာအမှုန့်အဖြစ် ပြုလုပ်သောက်သုံးလာခဲ့ကြသည်။ ယင်းနောက်အာရပ်ကမ္ဘာသို့ ယီမင်ဆိပ်ကမ်း Mocha မှတစ်ဆင့် ဈေးကွက်ဖြန့်ကြက်ခဲ့ပြီး ၁၇ ရာစုရောက်ကာမှ ဥရောပတွင် ကော်ဖီဈေးကွက်ဝင်လာခဲ့ခြင်းဖြစ်သည်။

—Source: Reader's Digest




### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ဥစ္စာတိုးပွားမည်။ အလုပ်အကြံအောင်မြင်မည်။ အမျိုးသမီးမိတ်ဆွေ အကြီးအကဲတစ်ဦးထံမှ အကူအညီကောင်းရမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသောသတင်းစကားများ ကြားသိရမည်။ ပျိုရွယ်သူများ စန်းကောင်းမည်။ မေတ္တာရေးကံ နှစ်မျိုးစလုံးကောင်းသည်။ အလျှုမင်္ဂလာကိစ္စများ ကြုံမည်။ အလုပ်သစ်၊ စီးပွားသစ်များ အောင်မြင်မည်။ လုပ်ငန်းတိုးတက်ခြင်း၊ ဘဝတိုးတက်ခြင်းကြုံမည်။ စိတ်ချမ်းမြေ့ရမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ပြောင်းလဲမှုနှင့် တိုးတက်မှုများ ပူးတွဲဖြစ်ပေါ်မည်။ မေတ္တာရေးအညံ့ရှိသည်။ ရင်းနှီးသူများနှင့် စကားအတိုက်အခံပြောရတတ်သည်။ ပြဿနာများဖြေရှင်းအောင်မြင်မည်။ ပညာကံအထူးကောင်းမည်။ လုပ်ငန်းခွင်မှသူများအဖို့ မိမိကိစ္စသာမက သူတစ်ပါးကိစ္စများကိုပါ အချိန်ပေးဆောင်ရွက်ရမည်။ စိတ်လောကြီးခြင်းကြောင့် အမှားအယွင်းများဖြစ်ပွားတတ်သည်။ ကြွေးဟောင်းများ ပြန်တောင်းနိုင်မည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အနှောင့်အယှက်များနှင့် ရင်ဆိုင်ရမည်။ သို့သော်အားလုံးကို ကျော်လွှားနိုင်မည်။ မိမိလုပ်ကိုင်သည့်လမ်းကြောင်းအပေါ် လိုက်လံတုပလုပ်သော သူများနှင့်ကြုံမည်။ အေးချမ်းစွာနေ၍မရ။ တစ်မျိုးပြီးတစ်မျိုး ကိစ္စများဖြေရှင်းနေရမည်။ မိသားစုငွေကြေးကိစ္စ၊ ကြွေးမြီဟောင်းကိစ္စများ ပြောဆိုဆောင်ရွက်၍ အကျိုးရှိမည်။ အရပ်ဝေးရောက်နေသောသူထံမှ သတင်းကောင်းကြားရမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ရင်းနှီးသောသူများနှင့် စကားအချေအတင်ပြောရမည်။ ပြဿနာအဟောင်းကို ပြန်လည်သုံးသပ်ရင်း စကားအတိုက်အခံပြောရမည်။ ဆွေမျိုး၊ မောင်နှမသား ချင်းများကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။ ငွေကြေးကိစ္စစကားပြောဆိုခြင်းများတွင် သတိနှင့်ဆောင်ရွက်ပါ။ ထိပ်တိုက်ရင်ဆိုင်မှုများကြုံပြီးအားလုံးကို ကျော်လွှားနိုင်မည်။ ပြောစကား၊ ဆိုစကားအောင်မြင်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

မမျှော်မှန်းထားသော ငွေရပေါက်ရလမ်းပွင့်မည်။ ရည်မှန်းချက်ကြီးကြီးကို အကောင်အထည်ဖော်နိုင်မည်။ ရည်မှန်းသမျှအထူးအကျိုးပေးမည်။ စွန့်စားသမျှ ထွန်းပေါက်အောင်မြင်မည်။ ငွေကုန်၊ အချိန်ကုန်ခံပြီး စေတနာသန့်သန့်နှင့် ဆောင်ရွက်သည့်ကိစ္စများအပေါ် ဝေဖန်တိုက်ခိုက်နှောင့်ယှက်ခြင်းကြုံမည်။ ကျန်းမာရေးအညံ့ရှိမည်။ မေတ္တာရေးတွင် အနည်းငယ်ရှုပ်ထွေးတတ်သည်။ ရေတွင် အပျော်ခရီးသွားခြင်းရှောင်ပါ။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အဆင်ပြေမှုများရှိမည်။ အရှေ့အရပ်၊ အရှေ့မြောက်အရပ်မှ စာ၊ လူ၊ ပစ္စည်းများ လက်ခံရရှိမည်။ ဆောင်ရွက်နေသောကိစ္စများတွင် အစီအစဉ်ပြောင်းလဲမှုများရှိမည်။ လုပ်ထုံးလုပ်နည်းသစ်များဖြင့် ဆောင်ရွက်အကျိုးပေးမည်။ လုပ်ငန်းများမှ စိတ်အနှောင့်အယှက်ကြုံမည်။ မိသားစုတွင် စိတ်ချမ်းမြေ့မှုများရမည်။ ပျော်ပျော်ရွှင်ရွှင် ညီညီညွတ်ညွတ်ရှိမည်။ အလှူအတန်းကောင်းများ ဆောင်ရွက်နိုင်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အရေးကြီးသော အလုပ်ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ စာရွက်စာတမ်းများ လက်မှတ်ရေးထိုးရမည်။ ဘဝတိုးတက်မည်။ စကားအောင်မည်။ ဉာဏ်ကိုအသုံးချပြီး အနိုင်ယူနိုင်မည်။ အိမ်တွင်းရေး၊ လူမှုရေး အနည်းငယ်အညံ့ရှိသည်။ ခရီးကိစ္စအောင်မြင်မည်။ အလွန်စန်းပွင့်မည်။ သူတစ်ပါးကိစ္စဝင်ရောက်ခြင်း ရှောင်ပါ။ အာမခံခြင်း မပြုပါနှင့်။ လူမျိုးကွဲအကျိုးပေးမည်။ စေတနာနှင့် ကူညီမှုများရှောင်ပါ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ပြတ်တောက်နေသော အဆက်အသွယ်များနှင့်ပြန်လည်ချိတ်ဆက်မိမည်။ ခါးပိုက်နှိုက်ခံရခြင်း၊ ပစ္စည်းပျောက်ခြင်းရှိမည်။ ဝေးလံသောအရပ်မှ သတင်းကောင်းကြားရမည်။ ကိုယ်ပိုင်လုပ်ငန်းရှင်များ တစ်ပါးသူမလုပ်ကိုင်သည့် ကုန်ပစ္စည်းဈေးကွက်ကို လုပ်ကိုင်၍ အကျိုးအမြတ်ကောင်းစွာရမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ဥပဒေနှင့်မကင်းသော အလုပ်များရှောင်ပါ။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ အကြီးအကဲမိတ်ဆွေထံမှ အကူအညီကောင်းရရှိမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အကျိုးရှိမည်။ ငွေကြေးလုပ်ငန်းရေးရာများတွင် အထူးအဆင်ပြေမည်။ သတင်းကောင်းများရရှိမည်။ ရပ်ဝေးနှင့်ပူးတွဲဆောင်ရွက်ရသည့် ကိစ္စများမှ အကျိုးကောင်းရရှိသည်။ အိမ်တွင်းရေး ပဋိပက္ခအနည်းငယ်ရှိသည်။ အစာအိမ်ဒုက္ခပေးတတ်သည်။ အစားအသောက် သတိရှိပါ။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

စိတ်ချမ်းမြေ့ဖွယ်ရာများ ကြုံမည်။ ဥစ္စာခနေတိုးပွားမည်။ မိတ်ဆွေအကြီးအကဲများထံမှ အကူအညီရမည်။ စန်းပွင့်မည်။ ရပ်တန့်ထားသည့် လုပ်ငန်းများပြန်လည် စတင်ရမည်။ မိမိအပေါ် အကျိုးပြုသောသူများနှင့် တွေ့မည်။အလှူမင်္ဂလာကိစ္စများ ပါဝင်ဆင်နွှဲရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ နေရာပြောင်းလဲ၊ ဦးတည်ချက်ပြောင်းလဲခြင်းဖြင့် ပိုမိုတိုးတက်မည်။ မြှုပ်နှံသည်များမှ အကျိုးရရှိမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

မူလစိတ်ကူးထားသည်နှင့် လက်တွေ့ကွာခြားမည်။ သူတစ်ပါးနားနေချိန် မိမိပင်ပန်းရမည်။ ခက်ခဲသောပြဿနာများဖြေရှင်းအဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားများမှ အကျိုးပေးမည်။ သံယောဇဉ်ရှိသူများနှင့် ခွဲခွာ၍ နေရတတ်ပါသည်။ ပေါ်လာသော အခြေအနေကို လိုက်လျောညီထွေစွာ နေရမည်။ ငွေဝင်လမ်းစသစ်နှင့်ငွေဝင်မည်။ မြှုပ်နှံထားသောငွေမှ အကျိုးကောင်းရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ရွေးချယ်စရာ လမ်းကြောင်းများမည်။ အခွင့်ကောင်းများ တစ်မျိုးပြီးတစ်မျိုးပေါ်တတ်သည်။ အခက်အခဲများ ရင်ဆိုင်ဖြေရှင်းနိုင်သည်။ ကျန်းမာရေးညံ့သည်။ မိတ်ဆွေရင်းများ ဒုက္ခပေးတတ်သည်။ သူတစ်ပါးအပေါ် အကူအညီပေးမှုကို လျှော့ရမည်။ မိမိကိုယ်ရေးကိုယ်တာအတွက် အချိန် ပေးသင့်သော ကာလဖြစ်သည်။ သူတစ်ပါးထံမှ အကူအညီရရန် မျှော်လင့်ခြင်းမရှိသင့်။ ကိုယ်လုပ်မှကိုယ်ရမည်။

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# ဖူကူရှီးမားမှ ပေါ်ထွက်လာသော နျူကလီးယား ပြဿနာ

ကြည်နေဝင်းမင်း



ဂျပန်ဘုရင်ကတောင် ထုတ်ဖော်ပြောကြားလာလေပြီ။

နိုင်ငံတွင် တွေ့ကြုံနေရသော နျူကလီးယား ပြဿနာအတွက် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ဂျပန်ဘုရင် အကီဟီတိုက တယ်လီဗေးရှင်းမှ ရှားရှားပါးပါး မိန့်ခွန်းပြောကြား၍ ၎င်း၏ စိုးရိမ်ပူပန်မှုကို နိုင်ငံသားများအားထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ ကြုံတွေ့ခဲ့သမျှအကြီးမားဆုံး မြေငလျင်နှင့်ဆူနာမီကြောင့် လူများသေကျေပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းအကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများကြားမှပင် မြေပူရာကင်းမှောင့်ဆိုသလို ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဆန်ဒိုင်းမြို့မှ ကီလိုမီတာ ၅၀ အကွာတွင် တည်ဆောက်ထားသော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံတွင် ဓာတ်ပေါင်းဖို နှစ်လုံး တစ်ရက်သာခြား၍ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။

မတ်လ ၁၃ ရက်တွင် ဓာတ်ပေါင်းဖို အမှတ် ၁ ပေါက်ကွဲခဲ့ရာ ဓာတ်ပေါင်းဖိုကို ဖုံးအုပ်ထားသော အမိုးနှင့်အကာများ ပျက်စီးလွင့်စဉ်သွားခဲ့ပြီး မီးခိုးများလွင့်ပါးသွားချိန်တွင် ဓာတ်ပေါင်းဖို ၄ လုံး ရှိနေကျ နေရာ၌ ဓာတ်ပေါင်းဖို ၃ လုံးကိုသာ မြင်တွေ့နိုင်တော့သည်။ ဓာတ်ပေါင်းဖို အမှတ် ၁ နေရာတွင် ဓာတ်ပေါင်းဖို၏ အင်ဂျင်ခန်းဟုဆိုနိုင်သော နျူလောင်စာတောင့်များကို ဖုံးအုပ်ထားသည့်သတ္တုအကာ အဆောက်အအုံကိုသာ မြင်တွေ့ရသည်။

နောက်တစ်ရက်ခြား မတ်လ ၁၅ ရက်တွင် ဖူကူရှီမားဒိုင်အိချိနျူဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖို အမှတ် ၃ တွင် ထပ်မံ၍ အလားတူပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ရာ လေထဲသို့ မီးခိုးလုံးကြီးတက်လာသည်ကို မြင်တွေ့လိုက်ရပြီး ယင်းပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဓာတ်ပေါင်းဖိုအတွင်း ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ထုနှင့်ထည်နှင့် ဖြစ်တည်လာ၍ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ရေဒီယိုသတ္တုကြွဓာတ်များ ယိုစိမ့်မှုမှာ ဥပဒေအရ အကျုံးဝင်သောအတိုင်းအတာသာရှိသေးသည်ဟု ယင်းစက်ရုံလည်ပတ်သူများက ပြောကြားခဲ့သော်လည်း ဆန်ဒိုင်းဒေသမှ ကယ်ဆယ်လာသော ကလေးငယ်များကို ကျန်းမာရေးတာဝန်ရှိသူများက ဓာတ်ရောင်ခြည်အကာအကွယ် ဝတ်စုံများဝတ်ဆင်၍ စမ်းသပ်စစ်ဆေးခဲ့သည်။ စက်မှုဖွံ့ဖြိုးတိုးတက်မှု အလွန်ရှေ့ရောက်နေသည့် နိုင်ငံတွင် ၂၁ ရာစုအတွင်း အဆိုးဝါးဆုံးနျူကလီးယား ဘေးဒုက္ခနှင့် ထင်ထင်ရှားရှား ရင်ဆိုင်နေရပြီ။ သမိုင်းတွင် အဆိုးဝါးဆုံး ငလျင်နှင့်လည်း ကြုံတွေ့ခဲ့ရာ တိုင်းပြည်မှာ မုဆိုးမသွားလေရာ မိုးလိုက်လို့ရွာအနေအထား ကြုံတွေ့နေရသည်။

ဂျပန်နိုင်ငံတွင် ယင်းသို့ အရေးပေါ်အခြေအနေ ကြုံတွေ့နေရစဉ်မှာပင် ကမ္ဘာတစ်လွှား အထူးသဖြင့် ဥရောပနိုင်ငံများတွင် နျူကလီးယား စွမ်းအင်နှင့် ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုများ တစ်ဖန်နိုးထလာခဲ့သည်။

ဂျာမန်နှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရများက ၎င်းတို့၏ နျူကလီးယားအစီအစဉ်များအတွက် ဆုံးဖြတ်ချက်ချရန် ဆိုင်းငံ့ထားလိုက်ပါသည်။ ဥရောပကော်မရှင်ကလည်း ဝန်ကြီးများ၊ ကျွမ်းကျင်သူများနှင့် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပါသည်။ နျူကလီးယားဆန့်ကျင်ပြီး ၎င်းနှင့်ကပ်လျက်ဆိုဗီယက်ပြည်ထောင်စုနိုင်ငံဟောင်းများရှိ နျူကလီးယားစက်ရုံများ၏ ဘေးကင်းလုံခြုံမှုကို စိုးရိမ်နေသော ဩစတီးယားနိုင်ငံမှဝန်ကြီးတစ်ဦးကလည်း ဥရောပတိုက်တစ်ဝန်းရှိ နျူဓာတ်ပေါင်းဖိုများအား ဘေးကင်းလုံခြုံမှုစစ်ဆေးမှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ၌ မတ်လ ၁၃ ရက်တွင် နျူကလီးယား ဆန့်ကျင်ရေးလူထုချီတက်ပွဲပြုလုပ်ခဲ့ရာ လူပေါင်းထောင်ပေါင်းများစွာ ပါဝင်ခဲ့သည်။ ဟမ်းဘတ်မြို့တွင် လူပေါင်း တစ်သိန်းနှစ်သောင်းက ၎င်းမြို့ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံကို လူတန်းဖြင့် ချိတ်ဆက်၍ ဆန္ဒပြခဲ့ကြသည်။ ယခုဆန္ဒဖော်ထုတ်ပွဲမှာ ဂျပန်နျူစက်ရုံပေါက်ကွဲမှု မဖြစ်ပွားမီက စီစဉ်ထားခဲ့ခြင်း ဖြစ်ပါသည်။ အရေးပါသော ပြည်နယ်ရွေးကောက်ပွဲများလည်း ရှိနေသေးရာ ဂျာမနီ နျူကလီးယား ဓာတ်အားပေးစက်ရုံများအား သက်တမ်းတိုးရန် သဘောတူညီမှုအတွက် ဆုံးဖြတ်ချက်ကို ဂျာမန်အဓိပတိ အန်ဂျလာမာကယ်က ဆိုင်းငံ့ထားလိုက်ပါသည်။ ဂျပန်တွင် နျူအကျပ်အတည်း ကြုံတွေ့မှုကြောင့် ခါတိုင်းကဲ့သို့ ပုံမှန်အလုပ်လုပ်ရန် မဖြစ်နိုင်ကြောင်း မစ္စမာကယ်လ်က ဝန်ခံပြောကြားခဲ့ပါသည်။

ရူပဗေဒပညာရှင်တစ်ဦး ဖြစ်သူ မစ္စမာကယ်လ်သည် ပင်ကိုအားဖြင့် နျူကလီးယား သိပ္ပံပညာကိုစိတ်ချယုံကြည်သူ ဖြစ်သည်။ ထို့အတွက်ကြောင့် နျူကလီးယားစက်မှုလုပ်ငန်းအပေါ်တွင်လည်း ယုံကြည်စိတ်ချသူ ဖြစ်ပါသည်။ သို့သော် သူမသည် နိုင်ငံရေးသမားတစ်ဦးလည်း ဖြစ်ရာ နျူကလီးယားစွမ်းအင်ကို ထောက်ခံခြင်းမှာ ဂျာမနီနိုင်ငံတွင် လူကြိုက်မများသောရပ်တည်ချက်ဖြစ်သည်ကိုလည်းသိရှိပါသည်။ နျူကလီးယားစွမ်းအင်အား "ပေါင်းကူးနည်းပညာ" ဟု သတိထား၍ ပြောဆိုသည်။

စာ(၄၅)သို့

Myanmar Exchange Business Information SMS Service
Mobile Network (GSM, WCDMA, CDMA 450 Mhz, CDMA 800 Mhz) Short Message Service (SMS) SMS
Customer
Customer

စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
Foundation Course of Business and Professional Education for International University
Diploma
LCCI-EDI (UK) CITY & GUILDS (UK)
D.A (Diploma in Accounting)
DMA (Diploma in Management Accounting)
D.Com.Acc (Diploma in Computerised Accounting)
DBS (Diploma in Business Studies)
Diploma for IT Users (IVQ) CGI IT Program
Diploma
1-4-2011 - 30-4-2011
5-5-2011
IT Computer
CITY & GUILDS (UK) Diploma
(A-5/6)
09-73009869-73028433-73013432-5118647

4 Star Mafraq Hotel

| | | |
|---|---|---|
| 1. Housekeeping Attendants | (13)Posts | AED 900 |
| 2. Public Area Attendants / Cleaners | (9)Posts | AED 900 |
| 3. Waiters | (9)Posts | AED 900 |
| 4. Bellman | (8)Posts | AED 900 |
| 5. Steward | (8)Posts | AED 900 |
| 6. Cafeteria Attendant | (1)Posts | AED 900 |

Service Money
CV
www.mafraq-hotel.com
ARABIAN CENTERS EMPLOYMENT SERVICES
JOBS GLOBAL.COM



Gold Roast
နှင့်
ထပ်မံပေါ်ထွက်လာသော ကျပ်ဆယ်သိန်း နှင့် ကျပ်တစ်သိန်းကံထူးရှင်များ
(၁၅-၃-၂၀၁၁) ထိ
ဆယ်သိန်း
ဆယ်သိန်း
ဆယ်သိန်း
ဆယ်သိန်း
Gold Roast
Lucky Number in Sachet!


Cool Environment...
Cool Life Style...
Super Compact Air Conditioner
T.Home
Ideal for your family ...
Indoor Unit
Outdoor Unit


SHINE Construction Co.,Ltd.
Member of Shine Group of Companies
25-3-2011 မှ 3-4-2011 အထိ "ရှိုင်း" ရုံးချုပ် Show Room တွင် ကျင်းပပြုလုပ်မည့်
မြန်မာ့နှစ်သစ်ကူးအကြို အိမ်ရာအရောင်းပွဲတော် တွင်
10% to 25 % Discount
လစဉ်ငွေကျပ် (၁၈)သိန်း ရင်းနှီးမြှုပ်နှံရုံဖြင့် (၂၄)နာရီ ရေ မီး လုံခြုံရေး Internet ကားပါကင် ပါရှိသော အဆင့်မြင့်ကွန်ဒို (၁)ခန်း ပိုင်ဆိုင်နိုင်မည့်အခွင့်အရေး
လစဉ် ငွေကျပ် (၉)သိန်း ရင်းနှီးမြှုပ်နှံရုံဖြင့် Apartment (၁)ခန်း ပိုင်ဆိုင်နိုင်မည့်အခွင့်အရေး
ရင်းနှီးမြှုပ်နှံလိုသူများအတွက် လွန်စွာအကျိုးအမြတ်ရရှိနိုင်စေမည့် လစဉ်ငွေပေးချေမှုနှုန်းဖြင့် (၉)လမှ...(၂၅)လ အထိရရှိနိုင်မည့်အခွင့်အရေး
လက်ငင်းငွေပေးချေမှုနှုန်းအတွက် Special Discount ထပ်မံရရှိနိုင်မည့်အခွင့်အရေး
Laptop, Aircon, Electric Oven, ရေခဲသေတ္တာ, LCD (40")
လက်ဆောင်(၅)မျိုးရရှိနိုင်မည့် အခွင့်အရေး
ဒီလို...ဒီလို...အခွင့်အရေးတွေကို လက်မလွှတ်တမ်းပိုင်ဆိုင်နိုင်ဖို့ "ရှိုင်း" နဲ့ အမြန်ဆုံးဆက်သွယ်ကြပါစို့...
ပြပွဲကျင်းပမည့်နေရာ - "ရှိုင်း" ရုံးချုပ် (Show Room) Tel : Pilot No. 01-385344, 01-385340~4
အမှတ်(၂၉)၊ မြေညီထပ်၊ ရိုးမြွလမ်း၊ ရိုးမြွကွန်ဒို (အောင်ဆန်းကွင်းအရှေ့တန်းရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.3 · MARCH 24, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 62,800 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,300 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 125,600 |
| Intel P4 Core i5 3.06 GHz (540) (1156) Processor | 115,600 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 274,800 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 55,500 |
| MSI P43-C51 (775) Motherboard | 71,900 |
| MSI H55M-E32 (1156) Motherboard | 86,500 |
| MSI H55M-E33 (1156) Motherboard | 96,500 |
| ASUS P7P55D-ELX (1156) Motherboard | 141,000 |
| ASUS P7H55-MLX (1156) Motherboard | 81,900 |
| ASUS P5G41T-MLX (775) Motherboard | 56,400 |
| Gigabyte P41-ES3G (775) Motherboard | 68,300 |
| Gigabyte EP43-UD3L (1156) Motherboard | 91,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 20,000 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| 4 GB DDR3 (1333) Kingston Memory | 42,800 |
| **Harddisk** | |
| 500 GB Seagate SATA | 41,000 |
| 1 TB Seagate SATA | 59,200 |
| 1.5 TB Seagate SATA | 80,000 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 76,400 |
| MSI 8400GS 512MB PCI Express Card | 40,000 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 88,300 |
| ASUS EAH 5750 Formula 1GB PCI Express Card | 143,800 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 51,900 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 73,500 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte 8400STC 512I 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba16 GB | 32,000 |
| Memory Stick SanDisk16 GB | 24,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick HP 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 10,000 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| Power Tree (650 VA) | 38,000 |
| Power Tree (1.2 KVA) | 65,000 |
| SVC (600 VA) | 30,000 |
| SVC (1.2 KVA) | 58,200 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 30,900 |
| EAST (1.2 KVA) | 59,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 27,300 |
| ASUS DVD Writer (SATA) | 29,100 |
| Liteon DVD Writer (SATA) | 24,600 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ မတ်လ (၁၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,15.6″ | 632,000 |
| Intel Core i5 2.67Ghz 2GB DDR3, 640GB HDD,14.0" | 791,000 |
| **Apple** | |
| Intel Core 2 Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,040,000 |
| **HP** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 691,000 |
| **Sony** | |
| Intel Corei5 2.53Ghz 4GB DDR3,500GB HDD,15.5″ | 1,001,000 |
| **Toshiba** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0″ | 637,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 586,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၇)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၈၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀-၆၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၂၀,၀၀-၂,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၂၀၀-၂,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀-၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၁၉) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၆၀၀-၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀-၂၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀- ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀-၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀-၆,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၇၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၈၀၀-၄,၇၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၆၀၀-၂,၉၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၉,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀-၂,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၂၂,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |

မတ်လ (၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း (အပြာ) | လ၊ သအ | ၄ဂ | ၁၅၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီး R+ | - | ၁ဂ/၂ဂ | ၂၀၀ |
| ကော်ရိုလာဗင် | ၉၂ | ၄ဂ | ၄၅၀ |
| စူပါရှဲဖ် | ၈၆ | ၄ဂ | ၂၀၀ ဝန်းကျင် |
| မတ်ခ်တူး | ၉၉ | ၄ဂ | ၆၅၀ |
| မတ်ခ်တူး၂ | ၀၀၂ | ၄၈ | ၉၀၀ |
| အက်စီးလီမိတက် | ၉၀ | ၄ဂ | ၃၅၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄ဂ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၈၅၀ |

မတ်လ(၁၉) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Mar(12) | Mar (13) | Mar (14) | Mar(15) | Mar (16) | Mar (17) | Mar (18) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |

Tourism
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.3 ▪ MARCH 24, 2011

# နှစ်သစ်ကူးပိတ်ရက် ဂျပန်သွားမည့်သူများ ခရီးစဉ်ဖျက်သိမ်း

အောင်သူရ၊ ပြည့်သိမ်း

**ရန်ကုန်၊ မတ်-၁၉**

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသူအားလုံးလိုလို ခရီးစဉ်များ ဖျက်သိမ်းလိုက်ကြပြီဖြစ်ကြောင်း ခရီးသွားကုမ္ပဏီများက ဆိုသည်။

ဂျပန်နိုင်ငံတွင် မတ် ၁၁ ရက်က ပြင်းအား ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ ငလျင်လှုပ်ခတ်ပြီးနောက် ဖူကူးရှီးမားရှိ နျူကလီးယားဓာတ်ပေါင်းဖိုတတိယအကြိမ်ပေါက်ကွဲမှုဖြစ်ပွားကာရေဒီယိုသတ္တိကြွဓာတ်အန္တရာယ်စိုးရိမ်ကြသဖြင့် ခရီးစဉ်ကိုဖျက်သိမ်းကြခြင်းဖြစ်ကြောင်း သိရသည်။

"အခု ငလျင်လှုပ်တဲ့ဒေသတွေကတော့ မြန်မာနိုင်ငံက သွားလည်တဲ့သူတွေ အသွားနည်းတဲ့ ဒေသတွေပါ။ ဒါပေမဲ့ တိုကျိုပတ်ဝန်းကျင်မှာ ရေဒီယိုသတ္တိကြွအန္တရာယ်ရှိနေနိုင်တယ်ဆိုတော့ သွားဖို့မကောင်းဘူး" ဟု ငလျင်လှုပ်ခတ်စဉ် ဂျပန်နိုင်ငံ၌ရှိနေပြီး ယခုမှပြန်လာခဲ့သူ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ခရီးစဉ်ဖျက်သိမ်းသူများထဲမှ အများစုမှာ ကိုရီးယားနိုင်ငံသို့ ခရီးစဉ် ပြောင်းလဲသွားရောက်ကြပြီး အချို့မှာ ရုရှားနှင့် ယူအေအီးနိုင်ငံများသို့ ပြောင်းလဲသွားရောက်ကြကြောင်း သိရှိရသည်။

"ဂျပန်သွားမယ့် လူ ၈၀လောက်မှာ ၃၀၊၄၀ လောက်ကတော့ ကိုရီးယားကို ပြောင်းသွားကြတယ်။ ကျန်တဲ့သူတွေက ဘန်ကောက်တို့ စီရမ်ရိ(ပ်)တို့သို့ ပြောင်းလဲကုန်ကြတယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

လက်ရှိ ဂျပန်နိုင်ငံတွင် နေထိုင်၍ အလုပ်လုပ်ကိုင်နေသူများပင် မြန်မာနိုင်ငံသို့ပြန်လာရန် လေယာဉ်လက်မှတ် စောင့်ဆိုင်းနေကြရကြောင်း သိရှိရသည်။

ယခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ဂျပန်နိုင်ငံသို့သွားရောက်မည့်သူမှာ ပုံမှန်နှစ်များထက် ပိုမိုများပြားခဲ့ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။

# ဗြိတိန်ဗီဇာထုတ်ပေးမှု ရပ်နားထားသည့်အတွက် ဥရောပသို့ လည်ပတ်မည့်သူများ ခရီးစဉ် ပြောင်းလဲစီစဉ်

အောင်သူရ

**ရန်ကုန်၊ မတ်-၁၉**

မြန်မာနိုင်ငံရှိ ဗြိတိန်သံရုံးက ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားမှု ခေတ္တရပ်နားလိုက်သဖြင့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း ဥရောပနိုင်ငံများသို့သွားရောက်ရန် စီစဉ်ထားသော ခရီးစဉ်များအား ဖျက်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ "မတ် ၁၀ ရက်က နှစ်ပတ်ရပ်ထားမယ်ဆိုတော့ ဗီဇာက တစ်လကြိုတင်ရတာ အချိန်မီရဖို့ သိပ်မလွယ်တော့လို့ ခရီးစဉ်တွေ ဖျက်လိုက်တာ" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ သွားရောက်လည်ပတ်ရာတွင် ဗြိတိန်နိုင်ငံပါမှသာ သွားရောက်လိုကြသဖြင့် ဥရောပခရီးစဉ် တစ်ခုလုံးကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ရှင်းပြသည်။

ထို့ကြောင့် ယခုနှစ်သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်တွင် နိုင်ငံရပ်ခြားသို့ သွားရောက်မည့်သူများသည် ထိုင်း - အမေရိက-ကိုရီးယားနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့သာ အဓိက သွားရောက်ကြကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံတွင်လည်း ငလျင်လှုပ်ခတ်မှုကြောင့် သင်္ကြန်ကာလ သွားရောက်ရန် ခရီးစဉ်ဝယ်ယူထားသူများသည် ခရီးစဉ်ဖျက်သိမ်းကြသဖြင့် ကိုရီးယားနှင့် ယူအေအီးနိုင်ငံများသို့ ပြောင်းရွှေ့စီစဉ်ပေးခဲ့ကြရသည်။

ထို့ကြောင့် နှစ်သစ်ကူး ရုံးပိတ်ရက်အတွင်း ထိုင်းနှင့် ကမ္ဘောဒီးယားခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ရရှိရန် မလွယ်ကူကြောင်း သိရှိရသည်။

# အဲပုဂံက ရန်ကုန် - ဖူးခက်တစ်ပတ်နှစ်ရက် ပျံသန်းမည်

အောင်သူရ

**ရန်ကုန်၊ မတ်-၁၉**

အဲပုဂံလေကြောင်းလိုင်းက ၎င်း၏ဒုတိယမြောက် ပြည်ပပျံသန်းမှုအဖြစ် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေသို့ တိုက်ရိုက်စင်းလုံးငှား လေယာဉ်ပုံစံဖြင့် တစ်ပတ်နှစ်ရက်ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက တာဝန်ရှိသူက ပြောသည်။

ဧပြီ ၁၁ ရက်မှ စက်တင်ဘာလအထိ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့များတွင် ပျံသန်းရန်စီစဉ်ထားပြီး အသွားအပြန်လက်မှတ်တစ်စောင်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ခန့်ကျသင့်မည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါခရီးစဉ်အတွက် ရန်ကုန်မြို့မှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် အဲပုဂံလေကြောင်းလိုင်းပိုင် လူ ၉၀ ဦး စီးနင်းလိုက်လာနိုင်သော ဂျက်လေယာဉ်ဖြင့် ပျံသန်းမည်ဖြစ်ပြီး ဖူးခက်ကမ်းခြေမှ ညနေ ၇ နာရီ ၅၀ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

"TG နဲ့ ဖူးခက်ကိုတစ်ဆင့်သွားရင် ဒေါ်လာ ၄၀၀ လောက်ကုန်တယ်။ အဲပုဂံအနေနဲ့ တိုက်ရိုက်ကို ဒေါ်လာ ၂၀၀ ကျော်နဲ့ဆွဲမယ်ဆိုရင် တော်တော်သွားကြမှာ" ဟု လေယာဉ်လက်မှတ်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

အဲပုဂံလေကြောင်းလိုင်းသည် ပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံချင်းမိုင်မြို့သို့ ပျံသန်းပေးလျက်ရှိပြီး Sanbumi လေကြောင်းလိုင်းနှင့် အကျိုးတူပျံသန်းနေသော ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်ကိုပင် ၂၀၁၀ ပြည့်နှစ် နှောင်းပိုင်း ရပ်နားထားခဲ့သည်။

ထို့အပြင် အဲပုဂံသည် ပြည်တွင်းခရီးစဉ် ၁၈ ခုကိုလည်း ပျံသန်းပြေးဆွဲလျက်ရှိသည်။



# ရေနှင့်ပတ်သက်သည့် အားကစားပွဲကျင်းပမည်

အောင်သူရ

**ရန်ကုန်၊ မတ်-၁၉**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကော်မတီက ဧပြီလ ၉ ရက်တွင် အင်းလျားလိတ်ဟိုတယ်၌ Water Sports Day 2011 ကစားပွဲတော်ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အားကစားပွဲတော်တွင် ရေနှင့်ပတ်သက်သော ကစားနည်းနှစ်မျိုးပါဝင်ပြီး ယှဉ်ပြိုင်သူ ၁၀ ဦးပါဝင်သည့် အသင်းတစ်သင်းလျှင် ငွေကျပ်တစ်သိန်းဖြင့် စာရင်းပေးသွင်းရမည်ဖြစ်သည်။

အသင်းလိုက်ယှဉ်ပြိုင်မှုအတွက် ချန်ပီယံဆု၊ ဒုတိယနှင့် တတိယဆု စုစုပေါင်းဆု ၃ ဆုချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီသည် ၂၀၁၀-၁၁ ဘဏ္ဍာငွေရှာဖွေမှုအနေဖြင့် Golf Tournament နှင့် Fun Run ပြိုင်ပွဲများ ပြုလုပ်ခဲ့သည်။







The Cartoon Logo




















7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# ဥပဒေနှင့်ငြိစွန်းသဖြင့် သိမ်းဆည်းထားသော သမာကျမ်းစာများ မလေးရှားအစိုးရ ပြန်ထုတ်ပေး

ကွာလာလမ်ပူ၊ မတ် - ၁၆

မလေးရှားအစိုးရသည် ဥပဒေနှင့် ငြိစွန်းသဖြင့် သိမ်းဆည်းထားသော ခရစ်ယာန်သမ္မာကျမ်းစာ အုပ်ပေါင်း ၃၅,၀၀၀ ခန့်ကို ပြင်ဆင်ပြီးဖြစ်၍ ပြန်လည်ထုတ်ယူခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ အဆိုပါကျမ်းစာများသည် မလေးရှားဘာသာဖြင့် ရေးသားထားပြီး မူလအင်္ဂလိပ်ဘာသာ "God ဘုရားသခင်"ဟူသော ဝေါဟာရနေရာတွင် မလေးရှားဘာသာဖြင့် "အလ္လာရှင်မြတ်"ဟု ဘာသာပြန်ထားသဖြင့် မွတ်ဆလင်မလေးရှားလူမျိုးများကြား လက်ခံနိုင်ဖွယ်မရှိ၍ သိမ်းယူထားခဲ့ခြင်းဖြစ်သည်။



မလေးရှားမှ စတားသတင်းစာ၏ ဖော်ပြချက်အရ အစိုးရအာဏာပိုင်များသည် ၂၀၀၉ တွင် ပြည်ပမှတင်ပို့သော သမ္မာကျမ်းစာ ၅,၀၀၀ နှင့် ယခုနှစ် ဇန်နဝါရီလတွင် တင်ပို့ခဲ့သော ကျမ်းစာစာအုပ် ၃,၀၀၀ ခန့်ကို ဘာသာစကားအသုံးအနှုန်းကြောင့် ပြန်လည်ပြင်ဆင်ရေးသားရန် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မလေးရှားဥပဒေအရ နိုင်ငံတွင်း၌ ခရစ်ယန်သမ္မာကျမ်းစာများကို ဖြန့်ဝေလျှင် "ခရစ်ယာန်များအတွက်သာ"ဟု တံဆိပ်ရိုက်နှိပ်ဖြန့်ဝေရမည်ဖြစ်သည်။ မလေးရှားလူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ ဆွန်နီမွတ်ဆလင်များဖြစ်ပြီး ၁၉ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာ၊ ၉ ရာခိုင်နှုန်းမှာ ခရစ်ယာန်နှင့် ၆ ရာခိုင်နှုန်းမှာ ဟိန္ဒူဘာသာဝင်များ ဖြစ်သည်။

—*Ref: UPI*




**TRADEMARK CAUTION**

SCHOTTEL GmbH & Co.KG, a company incorporated in Germany at Mainzer Str. 99, 56322 Spay / Rhein Germany is the Owner and Sole Proprietor of the following Trademarks:-



SCHOTTEL

Reg:No.4/6892/2006 Reg:No.4/6893/2006
Reg:No.4/5642/2008 Reg:No.4/5643/2008

In respect of : Int'l Class 7: Motors and engines, inclusive motors and engines for supplying and driving water vehicles, as well as parts and fittings for all the aforesaid goods;
propeller and ship's screw drives as well as parts and fittings for all the aforesaid goods; propulsors, inclusive steerable propulsions, as well as parts and fittings for all the aforesaid goods; thrusters and jet engines for water vehicles as well as parts and fittings for all the aforesaid goods;
podded and external drives for water vehicles as well as parts and fittings for all the aforesaid goods;
pumps as well as parts and fittings for all the aforesaid goods;
In respect of : Int'l Class 12 : Propellers and ship's screws,twin propellers and twin ship's screws, fixed pitch and controllable pitch propellers, fixed pitch and controllable pitch ship's screws as well as steerable propellers and rudderpropellers for driving water vehicles as well as parts and fittings for all the aforesaid goods;
propeller and ship' screw shafts, propeller and ship's screw blades as well as rudders and parts and fittings for all the aforesaid goods;
rudder, propeller and ship's screw control mechanics as well as parts and fittings for all the aforesaid goods;
steering mechanics and drive mechanics, inclusive propulsion systems, for water vehicles as well as parts and fittings for all the aforesaid goods;
stabilisation mechanics and stabilisation control mechanics for water vehicles as well as parts and fittings for all the aforesaid goods;
steering gears, rudders and wheels for water vehicles as well as parts and fittings for all the aforesaid goods;
In respect of : Int'l Class 9 : electrical and eletronical motor, engine, rudder, propeller and ship's screw controls as well as parts and fittings for all the aforesaid goods;
electrical and electronical steerings and drive controls, inclusive propulsion controls, for water vehicles as well as parts and fittings for all the aforesaid goods;
navigation apparatuses as well as parts and fittings for all the aforesaid goods;
magnetical, electrical, electromagnetical, electronical, optical, electrooptical, magnetooptical, mechanical, magnetomechanical and electromechanical nautical goods, instruments and apparatuses, inclusive such for measurement and control purposes, as well as parts and fittings for all the aforesaid goods;
electrical systems for water vehicles as well as parts and fittings for all the aforesaid goods;
In respect of : Int'l Class 37 : repair and maintainance of magnetical, electrical, electromagnetical, electronical, optical, electrooptical, magnetooptical, mechanical, magnetomechanical and electromechanical nautical goods, instruments, apparatuses and systems for water vehicles.

Fraudulent imitation or unauthorised use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24March 2011

7Day News ဂျာနယ်
ကြော်ငြာဌာန – ၀၉၇၃၀၇၉၄၂၉

## နောက်ကျောဖုံး - အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများကို အီဂျစ်အတည်ပြု မှ

ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားသော အခြေခံဥပဒေဆိုင်ရာကြေညာချက်ကို မကြာမီပြုလုပ်မည်ဖြစ်ကြောင်း လောလောဆယ် နိုင်ငံ့အာဏာကို ရယူထားသည့် အီဂျစ်စစ်ဘက်ကောင်စီ၏ အခြေခံဥပဒေ ပြောင်းလဲရေးကော်မတီအကြီးအကဲ အယ်လ်ဘစ်ရှရီက ပြောကြားသည်။

အခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများ အတည်ပြုခြင်းသည် လွတ်လပ်၍တရားမျှတသော ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများ ယခုနှစ်အတွင်း ဖြစ်ပေါ်လာရန် လမ်းပွင့်သွားစေခဲ့ပြီး စစ်ဘက်ကောင်စီက ချမှတ်ထားသောအစီအစဉ်အရ လာမည့်စက်တင်ဘာလတွင် သမ္မတရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်သည်။ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများအရ သမ္မတသက်တမ်းကိုခြောက်နှစ်မှ လေးနှစ်သို့ လျှော့ချခြင်းနှင့် သမ္မတနှစ်ကြိမ်သာ ရွေးချယ်ခံရန် ကန့်သတ်ချက်များပါဝင်သည်။

*—Ref: Xinhua*

## နောက်ကျောဖုံး - နျူကလီးယားစက်ရုံတွင် ရေဖြင့်အအေးခံရန် ဂျပန်ဆက်လက်ကြိုးပမ်း မှ

တစ်စိတ်တစ်ပိုင်း အရည်ပျော်ကျခဲ့သည်ဟု ယုံကြည်ရကြောင်း Tepco ကဆက်လက်ပြောကြားသည်။

အမှတ် (၂)၊ (၃)နှင့် (၄)ဓာတ်ပေါင်းဖိုများ၏ အဆောက်အအုံများ ဆိုးဆိုးရွားရွားပျက်စီးခဲ့၍ ဓာတ်ပေါင်းဖိုများ၏ လောင်စာကန်များမှာ အကာအကွယ်မဲ့နေခဲ့ကြောင်း Tepco ကပြောသည်။

*—Ref: Xinhua*







# ထပ်မံတိုက်ခိုက်မှုများရှိနေစဉ် အပစ်အခတ်ရပ်စဲကြောင်း လစ်ဗျားကြေညာ



**ထရီပိုလီ၊ မတ် - ၂၁**

အရပ်သားအများအပေါ် မွမ်မာကဒါဖီ၏ တိုက်ခိုက်မှုများ အဆုံးသတ်စေရန် အနောက်နိုင်ငံများက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ လစ်ဗျားနိုင်ငံမြို့တော်၌ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အနောက်နိုင်ငံများမှ စစ်လေယာဉ်များ အီတလီအခြေစိုက်စခန်းများမှ ပျံတက်နေသည်နှင့် အမျှ လစ်ဗျားမြို့တော် ထရီပိုလီတွင်လည်း လေယာဉ်ပစ်အမြောက်သံများဖြင့် ဆူညံနေကြောင်း သိရသည်။ ထိုအတောအတွင်းမှာပင် ကဒါဖီ၏ စစ်တပ်က အပစ်အခတ်ရပ်စဲကြောင်း မတ်လ ၂၀ ရက်တွင် ကြေညာခဲ့သည်။ အမုန်းပွားတိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် အာဖရိက သမဂ္ဂ၏ တောင်းဆိုမှုကို လိုက်နာခြင်းဖြစ်ကြောင်း စစ်ဘက်ကပြောကြားသည်။

ယင်းမှာ လူမဆန်သော ဖုံးကွဲတိုက်ခိုက်မှုဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ၎င်းနေရာမှ မီတာ ၄၀၀ ခန့်သာ ကွာဝေးသည့် ကဒါဖီ၏ နေအိမ်တွင် စုဝေးရောက်ရှိနေသော အရပ်သား ရာပေါင်းများစွာကို ထိမှန်ခဲ့ကြောင်း လစ်ဗျား ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

Odyssey Dawn (အရုဏ်ဦးစွန့်စားမှု ခရီးရှည်) ဟုမှည့်ခေါ်ထားသော စစ်ဆင်ရေးအတွင်း အမေရိကန် စစ်သင်္ဘောများနှင့် ဗြိတိသျှရေငုပ်သင်္ဘောတစ်စီးမှ တွမ်ဟော့ပဲ့ထိန်း ဒုံးကျည် ၁၂၀ ကျော်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုများကြောင့် မြို့တော်ထရီပိုလီတွင် လူပေါင်း ၄၈ ဦးသေဆုံးပြီး ၁၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် မဲမပေးခဲ့သော ရုရှားနိုင်ငံက သတ်မှတ်ချက်မရှိသော အင်အားသုံးမှုကို ရပ်တန့်ရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွင် မဲမပေးခဲ့သည့် တရုတ်နိုင်ငံကလည်း လေကြောင်း တိုက်ခိုက်မှုများကို ဝေဖန်ပြောကြားပြီး နိုင်ငံတကာ ဆက်ဆံရေးတွင် အင်အားသုံးခြင်းကို ဆန့်ကျင်ကြောင်း ပြောသည်။ အဖွဲ့ဝင် ၂၂ နိုင်ငံပါဝင်သည့် အာရပ်အဖွဲ့ချုပ်ကြီးကလည်း အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပရန် ပြင်ဆင်နေကြောင်း သိရသည်။

*—Ref: AFP*

## စာ(၃၆)- ဖူကူရှီးမားမှ ပေါ်ထွက်လာသော နျူကလီးယား ပြဿနာ မှ

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ ရှာမတွေ့သေးမီလောလောဆယ်လက်ခံထားရသည့် နည်းပညာဟု ဆိုလိုခြင်းဖြစ်ပါသည်။

အမှန်တကယ်တွင်လည်း ၁၉၇၀ နှစ်များက တည်ဆောက်ခဲ့သော ဖူကူရှီးမားသက်တော်ရှည်ဓာတ်ပေါင်းဖိုများကို ယခုနှစ်အတွင်းပိတ်သိမ်းရန် ဂျပန်နိုင်ငံကရည်ရွယ်ထားသည်။ တစ်ဖက်၌လည်း ယင်းနျူဓာတ်ပေါင်းဖိုစက်ရုံများတွင် ဘေးကင်း လုံခြုံရေးစနစ်များ အပြည့်အဝ တပ်ဆင်ထားသည်။ မြေငလျင်လှုပ်ခတ်သော အချိန်တွင်လည်း လူသားများထက် စက်များ၏ တုံ့ပြန်မှုက ပို၍မြန်ဆန်ခဲ့သည်။

မတ်လ ၁၁ ရက်တွင်လည်း ကြီးမားသော ငလျင်လှိုင်းများ ဖြစ်ပေါ်သည်ကို ဖူကူရှီးမားနိုင်အိချိနျူဓာတ်အားပေး စက်ရုံတွင် တပ်ဆင်ထားသော မြေငလျင် တိုင်းတာရေးဆင်ဆာများက စက္ကန့်ပိုင်းအတွင်း သိရှိခဲ့သည်။ မြေငလျင်ဖြစ်ပေါ်ပြီး နှစ်မိနစ်အကြာမှာပင် ဓာတ်ပေါင်းဖို ထိန်းသိမ်းရေး စနစ်က ဓာတ်ပေါင်းဖို အလိုအလျောက်ပိတ်ခြင်းအစီအစဉ်ကို အသက်ဝင်စေခဲ့သည်။ ထိုအချိန်ကလည်ပတ်နေသော ဓာတ်ပေါင်းဖို ၃ လုံးကို အလျင်အမြန်ရပ်တန့်စေခဲ့သည်။ သို့သော် နျူဓာတ်ပေါင်းဖိုတစ်လုံးအား အရေးပေါ်ရပ်တန့်လိုက်ချိန်မှာပင် နျူဓာတ်ပြုစဉ်က ပေါ်ထွက်လာသည့် ရေဒီယိုသတ္တုကြွပစ္စည်းများမှနေ၍ အပူရှိန်အမြောက်အမြားထုတ်လွှတ်နေပါသေးသည်။

အင်ဂျင်နီယာများက ဓာတ်ပေါင်းဖိုအား ရက်ပေါင်းများစွာ အအေးခံရန် လိုအပ်ပါသည်။ ယင်းသို့ ဓာတ်ပေါင်းဖိုအား အအေးခံမထားနိုင်ပါက အပူလွန်ကဲ၍ အရည်ပျော်ကျမှု ဖြစ်နိုင်သည်။ ယင်းမှာ ၁၉၇၉ ခုနှစ် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ၃ မိုင်ကျွန်းနှင့် ၁၉၈၆ ခုနှစ် ဧပြီလက ဆိုဗီယက်ပြည်ထောင်စု ယခုယူကရိန်းနိုင်ငံ ချာနိုဘိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေမျိုးပင် ဖြစ်ပါသည်။

ယင်းသို့ အပူလွန်ကဲ၍ အရည်ပျော်ကျမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန် ဖူကူရှီးမားရှိ အအေးခံစနစ်အတွက် ရေပန့်ကြီးများ လည်ပတ်လာပါသည်။ သို့သော် ထိုအချိန်မှာပင် မြေငလျင်ကြောင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများ ပြိုပျက်ခဲ့ရပြီဖြစ်သည်။ အရန်ဂျင် နရေတာများ ရှိပါသေးသည်။ ဓာတ်ပေါင်းဖိုတစ်လုံးစီတွင် ဒီဇယ်ဆီသုံး အရန်ဂျင်နရေတာကြီးများ ၃ လုံးမှ ၄ လုံးအထိရှိပါသည်။ သို့ရာတွင် ဆူနာမီလှိုင်းများနှင့် ရေများ စက်ရုံသို့ဝင်ရောက်ခဲ့ရာတွင် ဓာတ်ပေါင်းဖိုနှစ်လုံးမှ ဂျင်နရေတာစနစ်များ အလုပ်မလုပ်တော့ပေ။ လျှပ်စစ်ဓာတ်အားပေး အဆောက်အအုံ ရေမြုပ်သွားခဲ့ပြီဖြစ်သည်။

ဓာတ်အားပေးစနစ်အတွက် အင်ဂျင်နီယာများက အရေးပေါ်ဘက်ထရီများနှင့် ချိတ်ဆက်လိုက်နိုင်ပါသည်။ သို့သော် ယင်းဘက်ထရီများမှာ မိနစ်အနည်းငယ်သာ စွမ်းအင်ပံ့ပိုးပေးထားနိုင်ရန် ရည်ရွယ်ပုံဖော်ထားခြင်း ဖြစ်သည်။ စွမ်းအင် ရင်းမြစ်တစ်ခုမှ အခြားပြင်ပရင်းမြစ်တစ်ခုသို့ ပြောင်းလဲချိတ်ဆက်ချိန်တွင် ကြားခံအသုံးပြုရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ၎င်းအားနည်းသော စွမ်းအင်ရင်းမြစ်များကပင် မတ်လ ၁၁ ရက်တွင် ချက်ချင်းလက်ငင်း နျူကလီးယားဘေးဆိုးကြီး ဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ခဲ့ပါသည်။

စစ်ဘက်ရဟတ်ယာဉ်များဖြင့် ရေများသယ်ဆောင်၍ နျူကလီးယားဓာတ်ပေါင်းဖိုများအား ဖျန်းပက်၍ ကြိုးစားခဲ့သော်လည်း ရေဒီယိုသတ္တုကြွမှုများ ရှိနေ၍ ယင်းမှာအန္တရာယ်များသော နည်းလမ်းဟုဆုံးဖြတ်ခဲ့ပြီး အခြားနည်းလမ်းများရှာကြံနေကြရာ ဖူကူရှီးမားမှပေါ်ထွက်လာသော နျူကလီးယားပြဿနာ မည်သည့်အချိန်တွင် အဆုံးသတ်မည်နည်းဆိုသည်ကိုမူ . . .။

*—Ref: Speigel, BBC, Internet, Fox news*

## နောက်ကျောဖုံး - ငလျင်နှင့် ဆူနာမီကြောင့် ကန်ဒေါ်လာ ၂၃၅ ဘီလီယံခန့် ကုန်ကျစေနိုင် မှ

သမိုင်းကြောင်းအရ နိုင်ငံ၏ ဂျီဒီပီ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၁ ခုနှစ်၊ နှစ်လယ်ပိုင်းအထိ ဆိုးရွားစွာသက်ရောက်မှုရှိနေမည်ဟု ကမ္ဘာ့ဘဏ်က အရှေ့အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးအစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်လာသည့် သုံးလပတ်များတွင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရလာမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် နိုင်ငံစီးပွားရေးအရှိန်မြင့်တက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် အစီရင်ခံစာကဖော်ပြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ငါးနှစ်ခန့်ကြာမြင့်နိုင်ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်များကြောင့် ကျန်အာရှနိုင်ငံများကိုလည်းထိခိုက်နိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ ဒေသဆိုင်ရာ စီးပွားရေးပညာရှင်အကြီးအကဲ ဗစ်ကရမ်နေရှူးက ပြောသည်။ သို့သော် ဒေသအတွက် ကုန်ကျစရိတ်ခန့်မှန်းစာရင်းထုတ်ပြန်ရန် အချိန်စောလွန်းနေသေးကြောင်း ၎င်းကပြောသည်။

လတ်တလော သက်ရောက်မှုမှာ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ဖြစ်ကြောင်း ကမ္ဘာ့ဘဏ် စီးပွားရေးပညာရှင်ကဆက်လက်ပြောကြားသည်။

*—Ref: AFP*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

ပြီးခဲ့တဲ့ မတ်လ ၁၁ ရက်၊ သောကြာနေ့မှာ ပြင်းအား ၈ ဒသမ ၉ မဂ္ဂနီကျူဒ်ရှိတဲ့ ငလျင်ကြီး တစ်ရပ်ဟာ ဂျပန်ကမ်းရိုးတန်း ဒေသကိုဖျက်ဆီးခဲ့ပါတယ်။ မှတ်တမ်းတွေအရတော့ ဒီငလျင်ဟာ ဂျပန်မှာ လှုပ်ခဲ့သမျှ အကြီးမားဆုံးငလျင်လည်းဖြစ်ခဲ့ရပါပြီ။ ဒါ့ကြောင့် နယူးစ်ဝိခ်မဂ္ဂဇင်းဟာ ၎င်းငလျင်ရဲ့အကြောင်းနဲ့ နောက်ဆက်တွဲအကျိုးဆက်တွေအကြောင်း သိရအောင် ငလျင်ဗေဒပညာရှင် (Seismologist)တစ်ဦးဖြစ်တဲ့ အဲလစ်ဝေါလ်ကာနဲ့တွေ့ဆုံမေးမြန်းထားပါတယ်။ ဝေါလ်ကာဟာ ကမ္ဘာလုံးဆိုင်ရာ ငလျင်လှုပ်ရှားမှုတွေကို စောင့်ကြည့်နေတဲ့ ဗြိတိသျှဘူမိဗေဒတိုင်းတာရေးဌာန (British Geological Survey) က ဖြစ်ပါတယ်။



# ဂျပန်မှာ ငလျင်တွေလှုပ်တတ်တာကို အမြဲတမ်းမျှော်လင့်ထားရမယ်

## ဗြိတိသျှ ငလျင်ဗေဒပညာရှင်အဲလစ်ဝေါလ်ကာနှင့် ဂျပန်ငလျင်အကြောင်း မေးမြန်းခြင်း

ကျော်မျိုး

**(ဂျပန်မှာလှုပ်ခဲ့တဲ့) ဒီငလျင်ဟာ ဘယ်လို မြေငလျင်မျိုးပါလဲ။**

ဒီငလျင်ဟာ subduction zone လို့ခေါ်တဲ့မြေလွှာတစ်ခုက အခြားမြေလွှာတစ်ခုအောက်မှာ လှုပ်ရှားနေတဲ့ဇုန်မှာဖြစ်ပြီး ကျွန်မတို့က 'ရုတ်တရက် တိုးထွက်လာတဲ့ငလျင်'(Thrust Earthquake) လို့ခေါ်တဲ့ ငလျင်တစ်ရပ်ဖြစ်ခဲ့တယ်။ ဆိုလိုတာက ကမ္ဘာ့အပေါ်ယံမြေမျက်နှာပြင်ဟာ အပေါ်ကိုကြွတက်ခဲ့ပြီး ပင်လယ်ကြမ်းပြင်ရဲ့ မြေမျက်နှာပြင်ကို အချိုးမညီဖြစ်စေခဲ့တယ်။ ဒီပုံစံပျက်ယွင်းမှုကြောင့်ဖြစ်ရတဲ့ အပေါ်ယံမျက်နှာပြင်နေရာရွေ့မှုဟာ ဆူနာမီဆိုတဲ့ ရေလှိုင်းကြီးတွေကိုဖြစ်ပေါ်စေတော့တာပေါ့။ ဂျပန်မှာ အခုဖြစ်ခဲ့တာဟာ ၂၀၀၄ အိန္ဒိယသမုဒ္ဒရာ ဆူနာမီကိုဖြစ်စေခဲ့တဲ့ ငလျင်နဲ့ သိပ်တူညီပါတယ်။ ဖြစ်စဉ်ကလည်း အတူတူပဲ။

**ဒီငလျင်ကို ခန့်မှန်းရခဲ့ပါသလား။**

ဂျပန်မှာ ငလျင်တွေလှုပ်တတ်တာကို အမြဲတမ်းမျှော်လင့်ထားရမယ်လေ။ အမှန်ကတော့ Subduction ဇုန်တစ်ခုနဲ့ နီးစပ်တဲ့ ဘယ်နေရာမဆို ဥပမာ-ကယ်လီဖိုးနီးယား ဒါမှမဟုတ် နယူးဇီလန် စသဖြင့်ဒီနေရာတွေက အန္တရာယ်ရှိနေတတ်ကြတာပါ။ ပြီးခဲ့တဲ့နှစ်ရက်(မတ် ၉) လောက်က ဂျပန်မှာ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူဒ်ရှိတဲ့ငလျင်တစ်ခုလှုပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို ပြင်းအား ၇ ဒသမ ၂ ဆိုတာ ဒါနဲ့ပဲ ပြီးသွားမယ်လို့ထင်ပြီး နောက်ထပ်နှစ်ရက်အကြာမှာကျတော့ ပြင်းအား ၈ ဒသမ ၉ မဂ္ဂနီကျူဒ်နဲ့ ငလျင်ကြီး တစ်ခုကို မျှော်လင့်မထားခဲ့ဘူး မဟုတ်လား။ ကျွန်မတို့ဟာ ဒီလိုပြင်းအား ၈ ဒသမ ၉ မဂ္ဂနီကျူဒ်ရှိတဲ့ငလျင်မျိုးကို သာမန်အားဖြင့်တော့ ဆယ်နှစ်မှ တစ်ခါလောက်ဖြစ်ဖို့ မျှော်လင့်နိုင်တာပါ။ ဒါကြောင့် အခုဖြစ်တာ ထုံးစံမဟုတ်တာ ဖြစ်ခဲ့တာပဲ။



**ဒီငလျင်ကို အခြားငလျင်တွေနဲ့ နှိုင်းယှဉ်နိုင်မလား။**

ဒီငလျင်နဲ့ပတ်သက်လို့ ကောင်းတဲ့တစ်ချက်က ဂျပန်ရဲ့ ဆန်ဒိုင်းကမ်းရိုးတန်းအပြင်ဘက် ကီလိုမီတာ ၁၃၀ (၈၁ မိုင်) အကွာမှာဖြစ်ခဲ့တာပဲ။ အဲဒါကြောင့် ကျွန်မတို့မှာ ဆူနာမီဖြစ်နိုင်ခြေအခြေအနေကြုံရပေမယ့် အနည်းဆုံးတော့မြို့တွေကို တိုက်ရိုက်မထိဘူး။ လူအသေအပျောက်နဲ့ ပျက်စီးဆုံးရှုံးမှု များများမဖြစ်စေဘူးပေါ့။ ဘက်စုံမြင် အောင်ပြောရရင် ပြီးခဲ့တဲ့လက နယူးဇီလန်မှာ လှုပ်ခဲ့တဲ့ ခရစ္စချာ့ပ် ငလျင်ဟာ ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူဒ်ပဲ ရှိခဲ့တယ်။ ဒါပေမဲ့ အဲဒါကမြို့ကို တိုက်ရိုက်ထိမှန်ခဲ့တော့ ပိုပြီးအပျက်အစီးများစေခဲ့တယ်။

**ဒီတော့ အခုကိစ္စမှာ တကယ်အန္တရာယ်ရှိတာက ဆူနာမီရေလှိုင်းဒဏ်ပေါ့။**

ဟုတ်ပါတယ်။ အကြောင်းက ဒီငလျင်ဟာ တိမ်တဲ့နေရာဖြစ်တဲ့ ကမ္ဘာ့အပေါ်ယံမြေမျက်နှာပြင်ကနေ ၂၅ ကီလိုမီတာ(၁၅ ဒသမ ၅ မိုင်) လောက်သာနက်တဲ့နေရာမှာ ဖြစ်ခဲ့တယ်။ ဒါဟာ ရုတ်တရက် ဆူနာမီကိုဖြစ်စေတတ်ပါတယ်။ ဒါပေမဲ့ ဆူနာမီနဲ့ပတ်သက်လို့ ကောင်းတဲ့တစ်ချက်ကတော့ မြို့တစ်မြို့ကို မြေငလျင်ကတိုက်ရိုက်လှုပ်ခတ်သွားတာနဲ့ယှဉ်ရင် လူတွေကို သတိပေးဖို့အချိန်ပိုရတာပါပဲ။ မြေငလျင်လှိုင်းတွေက တစ်စက္ကန့်ကို ၃ မိုင်နှုန်းနဲ့ရွေ့လျားတာပါ။ ဆူနာမီလှိုင်းတွေက တစ်နာရီ မိုင် ၅၀၀ နှုန်းလောက်ပဲရွေ့နိုင်တယ်။ ဒီတော့ဆူနာမီကိုရင်ဆိုင်ဖို့ ပိုပြင်ဆင်နိုင်ပြီး အပျက်အစီးလျော့နည်းအောင်လုပ်လို့ရတယ်။ ဂျပန်ကနေ ချီလီကို ဆူနာမီလှိုင်းတွေရောက်ဖို့ ၁၅ နာရီလောက်ကြာမယ်။ ဒါဟာ လူတွေအတွက် ရှောင်ပြေးဖို့ လုံလောက်တဲ့ အချိန်ပါ။ ပစိဖိတ်သမုဒ္ဒရာတစ်ခုလုံး ဆူနာမီသတိပေးချက်ကိုလည်း လုပ်ထားပြီးပါပြီ။ ချီလီ၊ ပီရူးနဲ့ အမေရိကန်လိုနိုင်ငံတွေရဲ့ ကမ်းရိုးတန်းဒေသတွေကိုလည်း အမြင့်ဆုံးတပ်လှန့်ထားပါတယ်။

**ဒီလိုမျိုး ပြင်းအား မဂ္ဂနီကျူဒ်နဲ့ လှုပ်ခဲ့တဲ့ နောက်ဆုံးငလျင်ဟာ ဘယ်အချိန်က လှုပ်ခဲ့တာပါလဲ။**

ပြီးခဲ့တဲ့နှစ်က ချီလီမှာ လှုပ်ခဲ့တဲ့ငလျင်ဟာ ၈ မဂ္ဂနီကျူဒ်ရှိခဲ့ပြီး အဲဒီမှာ အကြီးမားဆုံးအဖြစ် စံချိန်တင်ဖြစ်ထားတာကတော့ ၁၉၆၀ ပြည့်နှစ်တုန်းက ၉ ဒသမ ၉ မဂ္ဂနီကျူဒ်ရှိတဲ့ငလျင်ပါ။ ဂျပန်ကိုထိခိုက်ခဲ့တဲ့ ဖျက်အားအပြင်းဆုံးငလျင်ကတော့ ၁၉၂၃ ခုနှစ်က ဖြစ်ပြီး၊ ပြင်းအားမဂ္ဂနီကျူဒ် ၇ ဒသမ ၉ဖြစ်ပါတယ်။ ငလျင်ကြောင့် လူတစ်သိန်းကျော်သေဆုံးပြီး တိုကျိုပတ်ဝန်းကျင်နဲ့ ငလျင်လှုပ်ရာနေရာတွေ ပျက်စီးခဲ့တယ်။ အဲဒီငလျင် ဘာကြောင့်ဆိုးရွားသွားရသလဲဆိုတော့ မြို့ကိုတိုက်ရိုက်ထိလိုက်လို့ပါ။ ဒါ့ကြောင့် အခုငလျင်မှာတော့ ကမ်းလွန်ပင်လယ်ဘက်မှာ ဖြစ်ခဲ့တာမို့ ကျွန်မတို့ ကံကောင်းတယ်လို့ပြောနိုင်ပါတယ်။ ၈ ဒသမ ၉ မဂ္ဂနီကျူဒ်ရှိတဲ့ ငလျင်မျိုးသာ မြေပေါ်မှာဖြစ်မယ်ဆိုရင် အခြေအနေပိုဆိုးသွားမှာပါ။

**ဒီငလျင်ဟာ လက်ရှိအချိန်မှာပဲ လှုပ်တာလား။ ဒါမှမဟုတ် နောက်ဆက်တွဲလှုပ်ခတ်မှုတွေရှိလာဦးမလား။**

ဟုတ်ကဲ့။ နောက်ဆက် တွဲလှုပ်ခတ်မှုတွေ ရှိလာ နိုင်ပါတယ်။ ဒီလိုအရွယ်အစားမျိုး ငလျင်လှုပ်ရင်နောက်ဆက်တွဲလှုပ်ခတ်မှုတွေ ထပ်ရှိမှာပါ။ ဒါပေမဲ့ အဲဒါတွေက ၈ ဒသမ ၉ မဂ္ဂနီကျူဒ်ထက်တော့ သေးမယ်။ မဂ္ဂနီကျူဒ်အရာမှာတော့ ကျဆင်းသွားမယ်မျှော်လင့်ပါတယ်။ ဒါမှ အဲဒီငလျင်တွေကြီးရင်တောင်မှ ကမ်းလွန်နေရာမှာပဲ ဖြစ်မယ်။ ထိခိုက်မှုပိုနည်းသွားပါမယ်။

—*Ref: Reuters*

TRADEMARK CAUTION
THE TIEN CHU (HONG KONG) COMPANY LIMITED a company incorporated in HONG KONG China at 5/F, BLOCK B, 52-62 TSING YI ROAD, TSING YI, N.T. HONG KONG is the Owner and Sole Proprietor of the following Trademarks:-
天廚
TIEN CHU
Reg : No. 4/8337/2009
六合牌
LUCKY HOPE
(in color)
Reg : No. 4/8336/2009
In respect of : Int'l Class : 30
Chicken essence (condiment); Beef powder (condiment), Pork powder (condiment), Monosodium glutamate; Relish (condiment), Sauces (condiment); Soya Sauce; Vinegar, Chicken powder (condiment); Especially fresh flavor powder (condiment).
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24 March 2011

TRADEMARK CAUTION
SanDisk Corporation, a Company incorporated in USA, at 601 McCarthy Boulevard, Milpitas, California, 95035 USA is the Owner and Sole Proprietor of the following Trade mark:-
SANDISK
Reg : No. 4/9129/2010
In respect of "semiconductors; semiconductor apparatus and instruments; semiconductor memory devices; semiconductor wafers and chips; integrated circuits, electronic circuit cards and cartridges, flash memory cards, cartridges, adapters, converters, controllers, players, readers, storage modules, and computer peripherals; portable digital recording and data storage units; computer hardware and software; data storage apparatus and devices; memory apparatus and devices; memory cards; integrated card writers."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24 March 2011

Ph. 09 86 32105
09 73082589
548885

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.3 ▪ MARCH 24, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ရည်းစားမရှိဘူးလို့ ပရိသတ်ကို မညာလိုကြောင်း အေသင်ချိုဆွေ ပြောကြား

အေးသူစံ

**ရန်ကုန်၊ မတ် ၁၉**

ဖခင်မွေးနေ့အတွက် စိတ်ကျန်းမာရေး ဆေးရုံကြီးရှိ ဝေဒနာရှင်များကို ကြာဆံကြော်နှင့် အအေးများ လှူဒါန်းခဲ့ကြောင်း ပြောလာသည့် အေသင်ချိုဆွေကလက်ရှိ အချစ်ရေးနှင့် ပတ်သက်၍ ယခုကဲ့သို့ ပြောကြားသည်။

"အချစ်ရေးက ဒီလိုပါပဲ။ လူတိုင်းဟာ ချစ်တတ်ကြပါတယ်။ အသက်အရွယ်နဲ့မဆိုင်ပါဘူး။ နှလုံးသားရှိတဲ့လူတိုင်း ချစ်တတ်ကြပါတယ်။ ရည်းစားရှိရဲ့သားနဲ့ လည်းမရှိဘူးလို့ ပရိသတ်ကို မညာချင်ပါဘူး။ အေသင် အရှိကိုအရှိတိုင်းပဲပြောပြထားတာပါ။ အနုပညာအသိုင်းအဝိုင်းထဲက လုံးဝ မဟုတ်ပါဘူးအပြင်ကပါ" ဟု ပြောကြားသည်။

ဒုတိယစီးရီးကို ခြောက်လပိုင်းခန့်တွင် ထွက်ရှိရန်မှန်းထားပြီး စီးရီးခေါင်းစဉ်ကို သူမကိုယ်တိုင် ရေးသားထားသည့်သီချင်း၏ အမည်ဖြင့်ပေးထားပြီးစီးရီးထွက်ခါနီးချိန်မှသာ အသိပေးလိုကြောင်း အေသင်ချိုတွေက ပြောကြားသည်။ စိုးလင်း၊ ပုဏ္ဏက၊ ဟဲလေး၊ Ar T၊ ရဲလေး၊ စိုင်းစိုင်း၊ ဩရသနှင့် မင်းကိုတို့ပါဝင်ပြီး Featuring ကို ရဲလေး၊ စိုင်းစိုင်း၊ ဂျေမီ၊ဩရသတို့သီဆိုထားသည်။ ချိုပြုံး၏ 'မိတော့မိတယ်' သီချင်းကို လည်း ပုံစံပြောင်း၍ ပြန်လည်ထည့်သွင်းသီဆိုထားသည်။


စာ(၄၉)သို့

ပွင့်လင်းရာသီရောက်ပြီ၊ သင်္ကြန်ချိန်ခါနီးပြီဆိုရင် ပွဲဆက်တွေများနေကျ အဆိုတော်တွေရဲ့ ထုံးစံအတိုင်း ရန်ကုန်မှာနေရချိန်တောင်နည်းနေတဲ့ အဆိုတော်သရုပ်ဆောင်ချစ်သုဝေက ဒီတစ်ပတ်မှာ သူမ လေးစားအားကျရတဲ့ မာသာထရီဆာ အကြောင်းပြောပြသွားပါတယ်။ မာသာထရီဆာဟာ ပရဟိတ လူမှုရေးလုပ်ငန်းတွေ၊ လူသားချင်းစာနာထောက်ထားရန် နှိုးဆော်မှုတွေကြောင့် ကမ္ဘာသိ ကျော်ကြားခဲ့တဲ့ ကက်သလစ်ဘာသာဝင် သီလရှင်တစ်ပါး ဖြစ်ပါတယ်။ ကဲ ထရီဇာပြောတဲ့ မာသာထရီဇာအကြောင်း နားထောင်ကြည့်ရအောင်.....

## C talk ချစ်သုဝေပြောပြတဲ့ မာသာထရီဆာ အကြောင်း

■ချမ်းခိုက်ခိုက်

(ချစ်သုဝေ)ထရီဇာက မာသာထရီဆာကို သူဘယ်မှာမွေးလို့၊ သူ့ရဲ့ဘယ်လိုလုပ်ရပ်တွေကြောင့်၊ သူ့ရဲ့သမိုင်းကြောင်းကို ပြောပြတာထက်စာရင် မာသာထရီဆာက သူ့တစ်ဘဝလုံးကို ဒီပရဟိတလုပ်ငန်းထဲမှာ နစ်မြှုပ်ထားနိုင်တယ်။ သူ့မှာ 'ငါ' ဆိုတဲ့အရာ ဘာမှ မရှိဘူး။ အဲဒါ သိပ်အားကျဖို့ကောင်းတယ်လေ။ အဲဒါကြောင့်လည်း သူSaint (သူတော်စင်)ဖြစ်တာပေါ့လို့ ၁၉၇၉ ခုနှစ်မှာ ပရဟိတလုပ်ငန်းတွေကြောင့် ကမ္ဘာ့သိငြိမ်းချမ်းရေး နိုဗယ်ဆုကြီးကို ရရှိခဲ့တဲ့ မာသာထရီဆာအပေါ် ထားတဲ့သူမရဲ့ အားကျလေးစားမှုကို ပြောပြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သူမရဲ့ ဘာသာရေးနာမည်က ထရဇာဖြစ်နေတဲ့ ချစ်သုဝေဟာ သူတော်စင်မာသာထရီဆာနဲ့ နာမည်ချင်းဆင်တူနေတာကိုလည်း ကျေနပ်ပြုံးလေးနဲ့ နှစ်သက်လို့နေပါတယ်။



မာသာထရီဆာ

ထရီဇာ့ကို ထရီဇာလီလီယံဆိုတဲ့ဘာသာရေးနာမည်ကို ဘုရားကျောင်းက ဘုန်းတော်ကြီးပေးခဲ့တာပါ။ ထရီဇာ့နာမည်က အကြောင်း တိုက်ဆိုင်သွားလို့ မာသာထရီဇာ နာမည်လေးနဲ့ တိုက်ဆိုင်သွားတာပါ။ အဲဒီအတွက်လည်းအရမ်းကျေနပ်တယ်။ ထရီဇာ့နာမည်လေးကို ချစ်လည်းချစ်တယ်။ မာသာထရီဆာရဲ့ အတ္ထုပ္ပတ္တိစာအုပ်ကို ထရီဇာ ဖတ်ဖူးခဲ့တာ အတော်ကြာပါပြီ။ တချို့အချက်တွေထရီဇာ မမှတ်မိတော့ပေမယ့် မာသာထရီဆာနဲ့ ပတ်သက်ရင် ထရီဇာ့စိတ်ထဲ စွဲနေတဲ့အချက်က တစ်ချက်တည်း ရှိပါတယ်။ အဲဒါကတော့ နှစ်ပေါင်းများစွာကြာမြင့်သည့်အထိ၊ သူအိုမင်းသေဆုံးသွားတဲ့အထိ ဒုက္ခအတိ ရောက်နေတဲ့လူတွေကြားမှာပဲ ကုန်ဆုံးသွားခဲ့တဲ့သူ့ရဲ့ဘဝကသိပ်ကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။ မိဘမဲ့ကလေးတွေ၊ ဆင်းရဲနွမ်းပါးသူတွေ၊ နာမကျန်းဖြစ်နေသူတွေ၊ ရောဂါဝေဒနာသည်တွေကြားမှာ သူမရဲ့နုပျိုကာလများကို ဖြတ်သန်းခဲ့တဲ့မာသာထရီဆာဟာ

စာ(၄၉)သို့



ဓာတ်ပုံ - လမင်းနိုင်



ဓာတ်ပုံ - လမင်းနိုင်

## နောက်ထပ် ရည်းစားထားဖို့ အစီအစဉ်မရှိသေးတဲ့ စိုင်းစိုင်းခမ်းလှိုင်

အေးသူစံ

**ရန်ကုန်၊ မတ် ၁၉**

စိုင်းစိုင်းခမ်းလှိုင်သည် ယခုနှစ် ဧပြီလ ၁၀ရက်နေ့တွင် ပြုလုပ်မည့် မွေးနေ့ရှိုးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး လက်ရှိ ၎င်း၏ အချစ်ရေးနှင့်ပတ်သက်၍ယခုကဲ့သို့ ပြောကြားခဲ့သည်။

"အချစ်ဆိုတာလွယ်လွယ်နဲ့ တစ်ယောက်ကနေ နောက်တစ်ယောက်ကိုပြောင်းချစ်ဖို့မလွယ်တဲ့အတွက် လောလောဆယ်တော့ ကျွန်တော်နောက်ရည်းစားထားဖို့ အစီအစဉ်မရှိပါဘူး"ဟု ၎င်းစီစဉ်သည့်စီးရီးမိတ်ဆက်ပွဲတွင် ပြောကြားသည်။

ယခုနှစ်မွေးနေ့ပွဲကိုလည်း မျှော်စင်ကျွန်းတွင်ပင် ကျင်းပမည်ဖြစ်ပြီး "မွေးနေ့အတွက် အားလုံးပြင်ဆင်ပြီးသွားပါပြီ။ ကျွန်တော် ခါတိုင်းနှစ်တွေမှာ မလုပ်ဖူးတဲ့ Concept၊ မလုပ်ဖူးတဲ့ Theme လေးတွေနဲ့လုပ်ဖို့ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်းလိုပဲ ပျော်စရာကောင်းမယ်လို့ ကျွန်တော် ကတိပေးနိုင်ပါတယ်။ မွေးနေ့ရှိုးမှာ ကြိုးကြာလိုမျိုး အသစ်တွေကိုပွဲထုတ်ဖို့ရှိပါတယ်။ ကျွန်တော်ဉထားတယ်။ မပြောသေးဘူး။ မွေးနေ့ရှိုးမှာ သီချင်းအသစ်တော်တော်များများဆိုပါမယ်။ ပြီးတော့ ကျွန်တော်တို့ဆီကနေထပ်ထွက်မယ့် မျိုးဆက်သစ်လူငယ်တွေကို ထပ်မိတ်ဆက်ဖို့ရှိပါတယ်" ဟု စိုင်းစိုင်းက မွေးနေ့ရှိုးပွဲစီစဉ်ထားမှုကိုပြောသည်။

စိုင်းစိုင်းသည် ဖရန်ဇိုထုတ်လုပ်ရေးအမည်ဖြင့် ရုပ်ရှင်နှင့် ဒီဗီဒီဇာတ်ကားများ၊ ဗီဒီယိုဇာတ်ကားများကိုလည်း ဆက်တိုက်စီစဉ်ရိုက်ကူးလျက်ရှိပြီး ယခင်က ဒီဗီဒီဗားရှင်းအဖြစ် ရိုက်ကူးထားသော 'အာဒံဧဝဒဿ' ဇာတ်ကားကို ရုပ်ရှင်ဖလင်အဖြစ်သို့ ပြောင်းလဲပြီးဖြစ်၍ ဇွန်(သို့)ဇူလိုင်လတွင် ရုံတင်ရက်ရမည်ဖြစ်သည်ဟုသိရသည်။



## ဧပြီလမှာ သမီးရှင်ဖြစ်မယ့် ဘက်ခမ်းမောင်နှံ

**လန်ဒန်၊ မတ် - ၁၄**

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းဒေးဗစ်ဘက်ခမ်းနှင့် ဇနီးသည် ဗစ်တိုးရီးယားတို့သည် ၎င်းတို့၏ စတုတ္ထမြောက်ကလေးကို မကြာမီ မွေးဖွားတော့မည်ဖြစ်ကြောင်း သိရသည်။ ဘက်ခမ်းမိသားစု၏ ပြောခွင့်ရပုဂ္ဂိုလ်က အသက် ၃၆နှစ်အရွယ်ရှိ ဗစ်တိုးရီးယားသည် ၎င်းတို့မိသားစု၏ ပထမဆုံးသမီးမိန်းကလေးကို လာမည့် ဇူလိုင်လတွင် မွေးဖွားမည်ဟု မျှော်လင့်ထားကြောင်း အတည်ပြုသည်။

ဘက်ခမ်းဇနီးမောင်နှံသည် ၁၉၉၉ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသုံးယောက်ဖြစ်သော ဘရွတ်ကလင်း၊ ရိုမီယိုနှင့် ခရုဇ်တို့ကို မွေးဖွားထားသည်။ ဘက်ခမ်းတို့စုံတွဲသည်လာမည့် ဧပြီလတွင် တော်ဝင်မင်းသားဝီလီယံ၏ လက်ထပ်ပွဲကိုတက်ရောက်ပြီးနောက် သမီးမွေးဖွားရန် အမေရိကန်နိုင်ငံသို့ပြန်မည်ဖြစ်သည်။ ဘက်ခမ်းသည် ယခုအခါ အင်္ဂလန်နိုင်ငံတွင် စပါးအသင်းနှင့် လေ့ကျင့်ရေးဆင်းပြီးနောက် အမေရိကန် မေဂျာလိဂ်ဘောလုံးပွဲ၌ အယ်လ်အေဂလက်ဇီအသင်းအတွက် ကစားပေးနိုင်ရန် ပြင်ဆင်နေသည်။

—Ref: Dailymail

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# လျှော့ဒဏ်ခံ ဂျပန်ပြည်သူများအား ကိုရီးယားစတားများ ကူညီ

ဆိုးလ်၊ မတ် – ၁၅

တောင်ကိုရီးယား သရုပ်ဆောင်များနှင့် အဆိုတော်များသည် မတ်လ ၁၁ရက်က ဂျပန်နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော ငလျင်နှင့် ဆူနာမီဒဏ်ခံစားခဲ့ရသူ ပြည်သူများကို ကူညီခဲ့ကြကြောင်းသိရသည်။

ဂျပန်နှင့် အာရှတစ်လွှားတွင် Boys Over Flowers ဇာတ်ကားဖြင့် လူကြိုက်များသူ ကင်မ်ယွန်ဂျွန်းသည် ဂျပန်အစိုးရသို့ဝမ်ငွေသန်း ၁၀၀ (ကန်ဒေါ်လာ ၉၀,၀၀၀) လှူဒါန်းခဲ့သည်။ ထို့ပြင် နာမည်ကျော် ကိုရီးယားမင်းသား ဘေယောင်ဂျွန်းမှာလည်း ဂျပန်ရှိကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ထံသို့ ဝမ်ငွေတစ်ဘီယံလီယံ (ကန်ဒေါ်လာ ၉၀၀,၀၀၀) လှူဒါန်းထားသည်။

Winter Drama ဇာတ်ကားဖြင့် နာမည်ကြီးသည့် ယင်းမင်းသားက "ငလျင်နဲ့ ဆူနာမီဒဏ်ခံခဲ့ရတဲ့ ဒုက္ခသည်တွေကို စာနာမိပါတယ်။ ကူညီနိုင်ဖို့ အကောင်းဆုံးနည်းလမ်းကို ရှာဖွေသွားမှာပါ"ဟု ၎င်း၏ ဂျပန်ဘာသာဝက်ဘ်ဆိုက်တွင်လည်း ရေးသားဖော်ပြထားသည်။





အဆိုတော်မင်းသားတစ်ဦးဖြစ်သည့် ရုရှိဝန်ကလည်း ၎င်းသည်ဝမ်သန်း ၂၀၀ လှူဒါန်းသွားမည်ဖြစ်ကာ ငလျင်ဒဏ်အဆိုးဆုံးခံခဲ့ရသည့် ဆန်ဒိုင်းဒေသသို့ သွားရောက်ကြည့်ရှုရန် စီစဉ်ထားကြောင်းဆိုသည်။

ကိုရီယားဆူနာ မီရုပ်ရှင်ကား Haeundae မှ မင်းသားပက်ဂျွန်ဟွန်းကလည်း ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်တွင် ဂျပန်ဆူနာမီသည် ရုပ်ရှင်ထက်ပင် ကြောက်စရာကောင်းကြောင်း၊ ဒုက္ခသည်များအတွက် ဆုတောင်းပေးပါကြောင်း ရေးသားခဲ့သည်။

—Ref: Xinhua






7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011



## စာ-၄၇၊ ချစ်သုဝေပြောပြတဲ့ မာသာထရီဆာအကြောင်းမှ

တစ်ဖက်မှာလည်း သာသနာပြုအသင်းကို ကာလကတ္တားမြို့မှာ တည်ထောင်ခဲ့သူဖြစ်တာကြောင့် ဘာသာရေးနဲ့ ပရဟိတကို ကိုယ်ကျိုးစွန့်လုပ်နိုင်တဲ့အပြင် နောက်ထပ်ထရီဇာအားကျတဲ့အချက်ကတော့ လူသားအချင်းချင်း အဆင့်အတန်းတွေ၊ ရာထူးရာခံတွေ၊ နေရာတွေ၊ စည်းစိမ်ဥစ္စာတွေ၊ ဆင်းရဲချမ်းသာတွေကို ထည့်မတွက်ဘဲ လူသားအားလုံးကို တန်းတူအခွင့်အရေးပေးတဲ့ မာသာထရီဆာဟာ အရမ်းလေးစားစရာ စိတ်ဓာတ်ပိုင်ရှင်ပါ။

မာသာထရီဆာဟာ ဥပေက္ခာစိတ်မရှိဘူး။ လူကို လူလိုသိတယ်။ လူစိတ်ရှိတဲ့ လူကတော့ အနည်းနဲ့အများ ပရဟိတဆိုတာ နေ့စဉ် ကြုံတွေ့နေရမှာပဲ။ ဒါပေမဲ့ ထရီဇာတို့က ကိုယ့်အတ္တကို ကိုယ်စွန့်ပြီး လုပ်နိုင်လားဆိုရင် မလုပ်နိုင်ဘူးပေါ့နော်။ ငါ့မိဘအတွက်၊ ငါ့အစ်မအတွက်၊ ငါ့အမျိုးအတွက်၊ ငါ့အတွက် အဲဒီလို ငါငါငါတွေ အများကြီးနဲ့ တောင့်တချက်တွေအရမ်းများတယ်။ အဲဒီထဲကနေ ရုန်းမထွက်နိုင်ဘူး။ ကိုယ့်တစ်ဘဝလုံးပေးဖို့ ကိုယ် မလုပ်နိုင်ဘူး။


လူတွေတော်တော်များများ ၊ အခုထိလုပ်နေတဲ့လူတွေ တော်တော်များများကိုလက်ညှိုးထိုးပြီး လိုက်ကြည့်ရင် ငါဆိုတဲ့ ငါစွဲလေးကတော့ အနည်းနဲ့အများရှိတတ်ကြတယ်။ မာသာထရီဆာကျတော့ ဒါမျိုးမရှိဘူး။ သူ့တစ်ဘဝလုံးကိုပေးထားတယ်။ တစ်ဘဝလုံးကို ဒီလူတွေနဲ့ပဲကုန်ဆုံးခဲ့တယ်လေ။ အဲဒါလေးကို ကြိုက်တာ။ သူ့လောက်လိုက်မလုပ်နိုင်ရင်တောင် သူ့ရဲ့တစ်သောင်းပုံပုံ တစ်ပုံလောက်ပေါ့ လိုက်လုပ်နိုင်ရင် ကောင်းမယ်နော်။

ထရီဇာ့ စိတ်ထဲမှာ Current ဖြစ်နေတဲ့အရာက မာသာထရီဆာရဲ့ စိတ်ထားလိုပါပဲ။ လူတွေကို လူလိုဆက်ဆံပါ။ ပြီးတော့ Sharing (မျှဝေခြင်း) လုပ်ပါ။ ဘဝမှာ ဒီလောကကြီးထဲမှာ ဘယ်အရာမှမမြဲဘူး။ ကျော်ကြားမှုလည်းမမြဲဘူး။ စည်းစိမ်ဥစ္စာလည်း မမြဲဘူး။ ဒါကြောင့် ကိုယ့်မှာရှိတဲ့ အရာလေးတွေကို လိုအပ်နေတဲ့သူလေးတွေကို Sharing လုပ်လိုက်လို့ရှိရင် ဘဝမှာဘာနဲ့မှ မတူတဲ့ ငြိမ်းချမ်းသာယာမှုလေးကို ခံစားရပါမယ်လို့။ လူတွေ အားလုံးလည်း အဲဒီအရာလေးမှာ ငြိမ်းချမ်းသာယာတတ်ကြရင် ကမ္ဘာကြီး အေးချမ်းမယ်ထင်တယ်။ အခုတော့လူတွေအားလုံးဟာ ငွေတွေနောက်၊ ကျော်ကြားမှုတွေ နောက်၊ အလုပ်တွေနောက်၊ အဲဒီဘဝမှာ မတည်မြဲတဲ့အရာတွေနောက်လိုက်ပြီး ဖတ်ဖတ်ကိုမောနေသလားလို့။

ထရီဇာ လေးစားချစ်ခင် အားကျရတဲ့ မာသာထရီဆာဟာ ၁၉၉၇ခုနှစ် စက်တင်ဘာ ၅ရက်နေ့က ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာကျော်ပရဟိတလုပ်ငန်းတွေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းတွေကြောင့် လူသေပေမယ့်နာမည်မသေသူတစ်ဦးဖြစ်ပါတယ်။

C-talk ပရိသတ်အတွက် ထရီဇာ့ရဲ့စကားလက်ဆောင်လေးကတော့ နာမည်ချင်းလည်း တူနေတဲ့မာသာထရီဆာနဲ့ လူချင်းတစ်သောင်းပုံပုံရင်တစ်ပုံလောက်တော့တူအောင် ကြိုးစားနေထိုင်နေပါတယ်လို့။

## ၅၁ နှစ်အရွယ်တွင် ကလေးအဖေအဖြစ်ခံယူရန် ဘိုင်ယန်အဒမ် ပြင်ဆင်



ဘေဂျင်း၊ မတ် - ၁၅

ကနေဒီယန်ရော့ခ်အဆိုတော် ဘရိုင်ယန်အဒမ်သည် အသက် ၅၁ နှစ်အရွယ်တွင် ပထမဆုံးအကြိမ်အဖြစ် ကလေးအဖေဘဝကို ခံယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ သတင်းများအရ အဆိုတော် အဒမ်ကိုယ်တိုင်က ယင်းသတင်းကို အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့် သူ၏ ကိုယ်ရေးလက်ထောက်အဲလစ်စီယာ ဂရီမယ်လ်ဒီသည် ၎င်းတို့၏ ပထမဆုံးကလေးကို လာမည့် မေလတွင် မွေးဖွားမည်ဖြစ်ကြောင်းဆိုသည်။

အဆိုတော် အဒမ်က မီဒီယာများသို့ ထုတ်ပြန်သော ကြေညာချက်တွင် "အဲလစ်စီယာနဲ့ ကျွန်တော်တို့ဟာ ကလေးမွေးဖို့ မျှော်လင့်နေပါတယ်။ သူမဟာ မိသားစုတစ်စုကို ထူထောင်ဖို့ စတင်နေပါပြီ" ဟုပြောသည်။ သို့သော်အဒမ်၏ ပြောခွင့်ရပုဂ္ဂိုလ်က အဒမ်နှင့် အဲလစ်စီယာတို့၏ ပုဂ္ဂိုလ်ရေးဆက်ဆံမှု အကြောင်း ပြောကြားရန် ငြင်းဆန်ထားပြီး အဒမ်သည် ကိုယ်ရေးကိုယ်တာဘဝနှင့်ပတ်သက်၍ ဆက်လက်လျှို့ဝှက်ထားလိုကြောင်းပြောသည်။

ဗြိတိန်သူတစ်ဦးဖြစ်သော အဲလစ်စီယာဂရီမယ်လ်ဒီသည် ၂၀၀၄ ခုနှစ်တွင် ဘရိုင်ယန်အဒမ် ဖောင်ဒေးရှင်းကို တည်ထောင်ရန် ကူညီပေးခဲ့သည်။ ဂရမ်မီဆုရ အဆိုတော်အဒမ်သည် ယခုအခါ ၎င်း၏ဝက်ဘ်ဆိုက်မှနေ၍ ပရိသတ်များကို ကလေးမွေးဖွားနိုင်ရန်ဆုတောင်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားထားသည်။

—Ref: Xinhua

## အွန်လိုင်းပေါ်ကို သီချင်းအသစ်တွေတင်ဖို့ အစီအစဉ်ရှိကြောင်း ဩရသပြောကြား

**အေးသူစံ**

**ရန်ကုန်၊ မတ် ၁၉**

သီချင်းများကို ပရိသတ်နှင့် ကြိုတင်ထိတွေ့နိုင်ရန် စီးရီးမထွက်ခင် အွန်လိုင်းပေါ်တွင် လွှင့်တင်သွားမည်ဖြစ်ကြောင်း တေးရေးတေးဆို ဩရသက ပြောကြားသည်။

"ပရိသတ်ကို သီချင်းအများကြီးနားထောင်စေချင်တယ်။ ပရိသတ်နားထဲရောက်နေတဲ့သီချင်းတွေရှိတာကိုကျေနပ်တယ်။ ဒုတိယစီးရီး လုပ်ရင်တောင် အွန်လိုင်းမှာ သုံးလေးပုဒ်လောက် တင်ဖို့ စဉ်းစားထားတယ်။ ပရိသတ်လည်းကြိုပြီး နားထောင်လို့ ရတယ်"ဟု ပြောသည်။

အွန်လိုင်းရှိ သီချင်းအများစုသည် ပိုင်ဆိုင်မှု၊ မူပိုင်ခွင့်အငြင်းပွားမှု ပြဿနာများဖြင့် ကြုံတွေ့ရတတ်သောကြောင့်မိမိ၏သီချင်းဖြစ်ကြောင်း မည်သို့ကာကွယ်ထားမည်လဲဆိုသည့်မေးခွန်းကို "အွန်လိုင်းပေါ်တင်ရင် ဒီသီချင်းက သူပိုင်တယ် ငါပိုင်တယ် ဖြစ်လာရော။ ဒါပေမဲ့ ကာယကံရှင်ကတော့သိတာပေါ့။ ဒီသီချင်းက ငါရေးတာ ဟုတ်တယ်။ ငါ့ရင်ထဲက တကယ်ထုတ်လာတာဖြစ်တယ်ဆိုရင်တော့ သူပြောပေါ့။အတုအယောင်လုပ်ရင်တော့ အဲဒီလူဟာ ဘယ်တော့မှ မအောင်မြင်ဘူး။ ကျွန်တော် သီချင်းတွေကို တင်မယ်ဆိုရင်လည်း စာပေစိစစ်ရေးကိုတင်ပြီးတော့မှပဲတင်မှာ"ဟုပြောသည်။

ဩရသသည် ၎င်း၏ အအောင်မြင်ခဲ့ဆုံးသော 'လမ်းမခွဲကြေး' သီချင်း၏ အမည်ကိုယူ၍ 'လမ်းမခွဲကြေး' လုံးချင်း ဝတ္ထုကို ရေးသားလျက်ရှိသည်။ ဂီတအလုပ်များကို ဆက်တိုက်လုပ်ဖြစ်နေကာ ဝတ္ထုအတိုလေးများကိုသာ စဉ်ဆက်မပြတ်ရေးသားမည်ဟု သိရသည်။

N ကိုင်ရာ၊ စန္ဒီမြင့်လွင်၊ ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်း စသည့် မိန်းကလေးအဆိုတော်များအတွက် ကိုယ်ပိုင်သံစဉ်သီချင်းများ ရေးသားပေးလျက်ရှိပြီး ၎င်း၏တစ်ကိုယ်တော်ခွေ 'ထွက်ပေါက်' ကို ဧပြီလပိုင်းကုန်တွင် ထွက်ရှိမည်ဟု သိရသည်။

## စာ-၄၇၊ ရည်းစားမရှိဘူးဟု ပရိသတ်ကို မညာလိုကြောင်း အေသင်ချိုဆွေပြောကြား မှ

လက်ရှိတွင် ဗီဒီယိုဇာတ်ကားများလည်း ရိုက်ကူးဖြစ်နေပြီး လမင်းမိုမို၏ဝတ္ထုကို ဒါရိုက်တာဟိန်းစိုးရိုက်ကူးသော 'နှလုံးသားများ မီးလောင်နေသည်' ဇာတ်ကားတွင် ရန်အောင်၊ သီဂီထွန်း၊ ခင်ဇာခြည်ကျော်၊ စိုင်းစိုင်းခမ်းလှိုင်တို့နှင့် တွဲဖက်သရုပ်ဆောင်ထားသည်။

"အဲဒီကားက နည်းနည်း ဇာတ်အိမ်ကြီးတယ်။ အေသင်က ဦးရန်လေးနဲ့ အန်တီတို့ရဲ့သမီး၊ အန်တီခင်ဇာခြည်ကျော်နဲ့ ကိုစိုင်းနဲ့ကသားအမိ၊ ကိုယ့်အဖေနဲ့ စိုင်းစိုင်းတို့အမေကတွဲနေတာကို သိသွားတော့ ကိုယ်ရောသူပါစိတ်ဆိုးကြတာ။ အေသင်က အဖေကိုချစ်ရက်နဲ့ ကလန်ကဆန်လုပ်ရတာ။ အေသင့်အတွက်အများကြီးအတွေ့အကြုံရပြီး အရမ်းလည်း ခက်တဲ့ကားလေးပါ။ အေသင်နဲ့ ကိုစိုင်းနဲ့ကျတော့ ရှိုးတွေဆိုရင်လည်း တွေ့နေကျဆိုတော့ မောင်နှမတွေလိုခင်နေပြီ။ အစ်ကိုရေ အေသင့်ကို ဒါလေးဘေးကနေ ကူပြောပေး။ အေသင့်ကို ဝိုင်းကူညီပေးပါလို့ ပြောရင် ကိုစိုင်းကလည်း အေး ငါ့ကိုလည်း ပြန်ကူညီပေါ့ဆိုပြီး တိုင်ပင်ပြီးလုပ်ကြပါတယ်"ဟု ရိုက်ကွင်းအတွေ့အကြုံများကိုလည်းမျှဝေပြောကြားသည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Battle: Los Angeles | Sony Picture Releasing | ၃၅,၅၇၃,၁၈၇ | ၁ |
| ၂။ | Rango | Paramount Pic: | ၆၈,၂၀၆,၁၀၁ | ၂ |
| ၃။ | Red Riding Hood | Warner Bros Pic: | ၁၄,၀၀၅,၃၃၅ | ၁ |
| ၄။ | The Adjustment Bureau | Universal Pic: | ၃၈,၅၈၉,၅၉၅ | ၂ |
| ၅။ | Mars Needs Moms | Walt Disneye | ၆,၉၁၄,၄၈၈ | ၁ |
| ၆။ | Beastly | CBS Films | ၁၆,၉၁၁,၆၁၃ | ၂ |
| ၇။ | Hall Pass | N/A | ၃၄,၈၄၂,၂၈၉ | ၃ |
| ၈။ | Just Go With It | Columbia Tristar Motion Pic: | ၉၄,၀၀၀,၈၄၇ | ၅ |
| ၉။ | Gnomeo & Juliet | Touchstone Pic: | ၈၉,၁၀၂,၃၆၅ | ၅ |
| ၁၀။ | The King's Speech | The Weinstein | ၁၂၉,၀၁၀,၂၃၅ | ၁၆ |

## Movie Review

### Sucker Punch



မိန်းမငယ်လေးတစ်ယောက်၏ အိပ်မက်များက သူမအား လက်တွေ့ဘဝအမှောင်ကမ္ဘာမှ လွတ်မြောက်စေရန် ကူညီနိုင်မည်ဖြစ်သည်။ အချိန်နှင့် နေရာအကန့်အသတ်မရှိသော ကမ္ဘာသစ်တွင် မိန်းကလေးသည်သူမ၏ စိတ်ခေါ်ဆောင်ရာနောက်သို့ လိုက်နိုင်ပြီဖြစ်သည်။ အလိုမတူဘဲ ဖမ်းဆီးခံထားရသော်လည်း မိန်းကလေး၏ ဆက်လက်ရှင်သန်လိုစိတ်မှာ လျော့ပါးမသွား။ သူမကဲ့သို့ စွန့်စားလိုသော အခြားအမျိုးသမီးငယ် လေးဦးကိုလည်း ၎င်းတို့ကို ဖမ်းဆီးထားသူများလက်မှ လွတ်မြောက်အောင် ရုန်းထွက်ရန်တိုက်တွန်းပြီး ၎င်းတို့သည် ရန်သူအသွယ်သွယ်၊ စွန့်စားမှုအမျိုးမျိုးကို ကျော်လွှားကြရာတွင် လမ်းမှန်ပြမည့်လူတစ်ဦးနှင့် ဆုံတွေ့ပြီး . . . ။

အက်ရှင်၊ စွန့်စားခန်း၊ သိပ္ပံ စိတ်ကူးယဉ်ဇာတ်လမ်းတွင် Emily Browning, Venes sa Hudgens, Ahhie Cornish, Jena Malone တို့ဦးဆောင်ပါဝင်ထားပြီး ဒါရိုက်တာ Zack Snyeler ကရိုက်ကူးထားသည်။ မတ်လ ၂၅ ရက်တွင် Warner Bros ကဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဌဖလား အုပ်စု(ခ)ပွဲစဉ်များကို အိမ်ရှင်အဖြစ် မြန်မာကျင်းပခွင့်ရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ်-၁၆

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဌ ဖလား 2011 AFC President's Cup ပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

၎င်းပြိုင်ပွဲ၏ အုပ်စုများမဲခွဲခြင်း အခမ်းအနားကို ပြီးခဲ့သည့် မတ် ၁၄ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်း(မြန်မာ)သည် အစ်တီက လိုက်အသင်း(တာဂျစ်ကစ္စတန်)၊ ရက်ဇင်းအသင်း(ဘူတန်)၊ မူကာဘာ အသင်း(ပါလက်စတိုင်း)တို့နှင့် အုပ်စု(ခ)တွင် ကျရောက်လျက်ရှိကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC)သည် အဆိုပါ အုပ်စုအဆင့် ပွဲစဉ်များကို လာမည့်မေလ ၁၃ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်ရန် သတ်မှတ်ထားပြီး အုပ်စု (ခ)ပွဲစဉ်များကို အိမ်ရှင်အဖြစ် ရန်ကုန်မြို့တွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရတနာပုံအသင်းသည် ပြီးခဲ့သည့်နှစ် 2010 AFC President's Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် နောက်ဆုံးအဆင့်ပွဲစဉ်များကိုလည်း ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ကာဂျစ္စတန်ကလပ်အသင်း ဒိုဒွိုင်း ဗိုင်နမိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ဗိုလ်စွဲခဲ့သည်။

2011 AFC President's Cup ပြိုင်ပွဲ၌ အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စု(က)တွင် ဖနွမ်းပင် FC (ကမ္ဘောဒီးယား)၊ နက်ဖ်ချီ(ကာဂျစ္စတန်)၊ အဘာဟာနီ(ဘင်္ဂလားဒေ့ရှ်)၊ ဒွန်ဘော့စ်ကို (သီရိလင်္ကာ) တို့ပါဝင်နေပြီး ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

နီပေါနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အုပ်စု(ဂ)၌ နီပေါပူးလစ်(နီပေါ)၊ ထိုင်းဝမ်ပါဝါ(တရုတ်တိုင်ပေ)၊ နီဘစ်ချီ(တာ့ခ်မင်နစ္စတန်)နှင့် WAPDA (ပါကစ္စတန်)အသင်းများပါဝင်ကြောင်း သိရသည်။

အုပ်စုတစ်ခုစီမှ ပထမ၊ ဒုတိယရရှိသော အသင်းများသည် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

# ဖီဖာက ဂိုးပရောဂျက် (၅) ချထားပေးပါက တောင်ကြီးတွင် ဘောလုံးအကယ်ဒမီ ဖွင့်မည်




ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ကမြန်မာနိုင်ငံအား ဂိုးပရောဂျက် (၅) ချပေးခဲ့ပါက တောင်ကြီးမြို့တွင် ဘောလုံးအကယ်ဒမီကျောင်းဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖီဖာသည် ၂၀၀၁ ခုနှစ်အတွင်းက မြန်မာနိုင်ငံအား ဂိုးပရောဂျက် (၁) အဖြစ်ချ ထားပေးခဲ့ရာ လက်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဂိုးပရောဂျက်(၂)အဖြစ် ဖီဖာမှ ချပေးခဲ့ရာတွင် မန္တလေးမြို့၌ ဘောလုံးအကယ်ဒမီကျောင်းကို တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံအား ဂိုးပရောဂျက်(၃)အဖြစ် ချထားပေးခဲ့ရာ MFF သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ဘောလုံးအကယ်ဒမီကျောင်းတစ်ခုကို ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဂိုးပရောဂျက်(၄)အဖြစ် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းအရှေ့ဘက်တန်း ပွဲကြည့်စင်တစ်ခုလုံးအား ထိုင်ခုံများတပ်ဆင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဖီဖာသည် အဆိုပါ ပရောဂျက်တစ်ခုချင်းစီအတွက် အမေရိကန်ဒေါ်လာ လေးသိန်းပံ့ပိုးပေးခဲ့ရကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဌ ဆပ်ဘလတ္တာသည် ပြီးခဲ့သည့် မတ်လ ၁၅ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၎င်းရောက်ရှိခဲ့သည့် နှစ်ရက်အတွင်း ဖီဖာ၏ ဂိုးပရောဂျက်အစီအစဉ်ဖြင့် တည်ဆောက်ထားသော မန္တလေးမြို့ရှိ ဘောလုံးအကယ်ဒမီအား ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် ဖီဖာဥက္ကဌသည် ဂိုးပရောဂျက်(၄) အစီအစဉ်အရ ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းအတွင်း၌ ထိုင်ခုံများ စမ်းသပ်တပ်ဆင်မှုပြသသည့်အခမ်းအနားသို့လည်း တက်ရောက်ခဲ့ပြီး နေပြည်တော်ရှိ ၂၀၁၃ ခုနှစ်၊ ဆီးဂိမ်းပြိုင်ပွဲအတွက်ရည်ရွယ်ဆောက်လုပ်နေသော အားကစားကွင်းသစ်များကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဖီဖာဥက္ကဌ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်တွင် MFF သည် ဂိုးပရောဂျက်(၅)အား တင်ပြခဲ့ပြီး ဖီဖာမှချထားပေးရန် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

ဆပ်ဘလတ္တာ၏ မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်သည် ဖီဖာဥက္ကဌတစ်ဦးနေဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်မြောက်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ၎င်းမတိုင်မီ ၁၉၇၂ ခုနှစ်က ဖီဖာဥက္ကဌဖြစ်သူ ဆာစတန်လေရော့ခ်သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးကြောင်း သိရသည်။

# ထိုင်းဘုရင့်သမီးတော်ဖလား ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် မြန်မာစက်ဘီးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၈

စုစုပေါင်းဆုကြေးငွေ ကန်ဒေါ်လာတစ်သိန်းချီးမြှင့်မည့် ထိုင်းဘုရင့်သမီးတော်ဖလား တာဝေးခရီးရှည်စက်ဘီးပြိုင်ပွဲ (The Maha Chakri Sirindhon's Cup Tour of Thailand 2011) သို့မြန်မာစက်ဘီးအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧပြီလ ၁ ရက်မှစတင်၍ ထိုင်းနိုင်ငံ၊ ပတ္တရားမြို့မှ စတင်တာလွှတ်မည့် အဆိုပါတာဝေးခရီးရှည် စက်ဘီးပြိုင်ပွဲသည် Rayoung မြို့နှင့် Changhaburi မြို့များကို ဖြတ်ကျော်ကာ ဧပြီလ ၆ ရက်တွင် ပတ္တရားမြို့သို့ ပြန်လည်ပန်းဝင်မည်ဖြစ်ပြီး စုစုပေါင်းခရီးရှည်ကီလိုမီတာ ၇၄၀ ကျော်ရှိကြောင်း သိရသည်။

အမျိုးသားသီးသန့်ပြိုင်ပွဲ ဖြစ်သည့် ၎င်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ လက်ရွေးစင်စက်ဘီးအားကစားသမားများဖြစ်ကြသည့် ဖြိုးဝေဇင်၊ မျိုးလွင်၊ ချစ်ကိုကို၊ အောင်ဖြိုးဝေနှင့်အေဘယ်စသည့် ငါးဦးဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းသိရသည်။

"ဒီပြိုင်ပွဲက တစ်ဦးချင်းစံချိန်ရော၊ အသင်းလိုက်စုစုပေါင်းစံချိန်တွေပါ ကြည့်ပြီးဆုတွေချီးမြှင့်မယ်လို့သိရပါတယ်။ မြန်မာစက်ဘီးအဖွဲ့မှာ အတွေ့အကြုံရှိ အားကစားသမားနှစ်ဦးနဲ့ ကျန်သုံးဦးက လူငယ်မျိုးဆက်သစ်တွေပါ လာမယ့် ဆီးဂိမ်းပြိုင်ပွဲတွေအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေရန်ရည်ရွယ်ပြီး စေလွှတ်ခြင်းဖြစ်ပါတယ်" ဟုမြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Forever Sports Journal အင်္ဂါနေ့တိုင်း ထွက်ပါသည်
အားကစား သတင်းဦး သတင်းထူးများ လိုတိုရှင်း အချက်အလက်ကောင်းများ
ထိရောက်သည့်ပွဲကြိုများ ပြည့်စုံသည့် ပွဲကြိုသုံးသပ်ချက်များ ဖတ်ချင်စရာဆောင်းပါးကောင်းများ
ဆာအဲလက်စ်ဖာဂူဆန်ရဲ့ အခန်းဆက်ဆောင်းပါးတို့ ပါဝင်ပါသည်
ကောင်းလိုက်တဲ့ Forever



# ဆုငွေဘတ်တစ်သိန်းချီးမြှင့်မည့် ထိုင်းအိုးပင်း စစ်တုရင်ပြိုင်ပွဲ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၈

ပထမဆု ဘတ်ငွေတစ်သိန်းချီးမြှင့်မည့် ၁၁ ကြိမ်မြောက် ထိုင်းအိုးပင်းတစ်ဦးချင်း တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲသို့ မြန်မာစစ်တုရင်အဖွဲ့သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ပတ္တရားမြို့တွင် လာမည့်ဧပြီလ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စစ်တုရင်ကစားသမားသုံးဦးဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် စစ်တုရင်ကစားသမားများဖြစ်သည့် ဂရင်းမာစတာ ဇော်ဝင်းလေး၊ အင်တာနေရှင်နယ် မာစတာများဖြစ်ကြသည့် မျိုးနိုင်၊ အောင်မျိုးလှိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

“ထိုင်းအိုးပင်းပြိုင်ပွဲကို ကမ္ဘာ့ထိပ်တန်း စစ်တုရင်ကစားသမားတွေဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် မြန်မာစစ်တုရင် ကစားသမားတွေအတွက် အတွေ့အကြုံကောင်းတွေ အများကြီးရရှိမှာပါ။ ဒီပြိုင်ပွဲမှာ ပထမဆုကို ထိုင်းဘတ်ငွေတစ်သိန်းချီးမြှင့်မယ်လို့ သိရပြီး သတ္တမဆုအထိ ဆုငွေချီးမြှင့်မယ်လို့လည်း သိရပါတယ်”

“ဧပြီလ ၇ ရက်ကနေ ၉ ရက်အထိကျင်းပမယ့် ဒီပြိုင်ပွဲအကြိုပြိုင်ပွဲငယ်ကိုလည်း မြန်မာစစ်တုရင်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

နှစ်စဉ်ကျင်းပသည့် ထိုင်းအိုးပင်းတစ်ဦးချင်း တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ယခင်နှစ် ၂၀၁၀ ပြိုင်ပွဲ၌ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှ စစ်တုရင်ကစားသမား ၂၈၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

# မြန်မာလက်ဝှေ့အဖွဲ့ တရုတ်အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ်- ၁၆

ပထမဆု ကန်ဒေါ်လာသုံးထောင်ချီးမြှင့်မည့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာလက်ဝှေ့အဖွဲ့သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

အဆိုပါ ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Guiyang ပြိုင်ကွင်းတွင် လာမည့်မေ ၂၇ ရက်မှ ဇွန်လ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀ ခန့်မှ လက်ဝှေ့အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“တရုတ်နိုင်ငံ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲက ဒီနှစ်ဒုတိယအကြိမ်လုပ်တာပါ။ ၂၀၀၈ ခုနှစ်မှာ ပထမအကြိမ်ပြိုင်ပွဲလုပ်ခဲ့တုန်းက မြန်မာနိုင်ငံက အမျိုးသားငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တတိယကြေးတံဆိပ်တစ်ခု ရရှိခဲ့ပါတယ်။ ဒီနှစ် ဒုတိယအကြိမ်ပြိုင်ပွဲကိုတော့ အမျိုးသားရော၊ အမျိုးသမီးပါ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ပြိုင်ပွဲတွင် အမျိုးသားဝိတ်တန်း ၁၀ တန်းနှင့် အမျိုးသမီးဝိတ်တန်း ၃ တန်း ထည့်သွင်းကျင်းပသွားမည်ဟု သိရပြီး ဝိတ်တန်းတစ်တန်းစီအတွက် ပထမဆု ကန်ဒေါ်လာ ၃,၀၀၀၊ ဒုတိယဆု ကန်ဒေါ်လာ ၂,၀၀၀ နှင့် တတိယဆု ကန်ဒေါ်လာ ၁,၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် ဧပြီလပထမပတ်အတွင်း ရန်ကုန်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲအတွက် လူရွေးပွဲမှ ထူးချွန်သည့် အားကစားသမားများကိုလည်း ရွေးချယ်ကာ ၎င်းဖိတ်ခေါ်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ဒဏ်ရာကြောင့် မီယာမီမာစတာ တင်းနစ်ပြိုင်ပွဲမှ ဗီးနပ်စ်ဝီလီယံ နုတ်ထွက်

ဝါရှင်တန်၊ မတ် - ၁၉

အမေရိကန်မှ ကမ္ဘာ့အဆင့်ရှစ် တင်းနစ်မယ် ဗီးနပ်စ်ဝီလီယံသည် လာမည့်အပတ်တွင် ကျင်းပမည့် မီယာမီမာစတာ တင်းနစ်ပြိုင်ပွဲ၌ ယခင်ရရှိခဲ့သော ဝမ်းဗိုက်ဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပွဲစီစဉ်သူများက အတည်ပြုပြော ကြားလိုက်သည်။

ဗီးနပ်စ်ကိုယ်တိုင် ထုတ်ပြန်သည့် ကြေညာချက်ထဲတွင်လည်း “မကစားနိုင်တဲ့အတွက် ကျွန်မ အလွန်ဝမ်းနည်းမိပါတယ်။ မီယာမီပွဲဟာ ကျွန်မစိတ်ကြိုက်ပြိုင်ပွဲတွေထဲက တစ်ခုပါပဲ။ ကျွန်မ နေရပ်တောင်ပိုင်း ဖလော်ရီဒါနဲ့ လည်းနီးပါတယ်။ ပြိုင်ပွဲတွေဆီ မကြာမီပြန်လာနိုင်ဖို့ ကျွန်မမျှော်လင့်နေပါတယ်” ဟု ဖော်ပြထားသည်။ ဗီးနပ်စ်နှင့် ဆရီနာဝီလီယံ ညီအစ်မသည် ယခုအခါဒဏ်ရာကိုယ်စီရရှိနေကြပြီး ပြိုင်ပွဲများမှ အနားယူထားရသည်။ ဗီးနပ်စ်သည် ဒဏ်ရာမရမီ နောက်ဆုံးပွဲကိုဇန်နဝါရီ ၂၁ ရက်က ကစားခဲ့သည်။

—Ref: Xinhua



# AFC Challenge Cup အုပ်စု(က) နောက်ဆုံးပွဲစဉ်များ ပြိုင်တူကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၁၆

အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလားပြိုင်ပွဲ AFC Challenge Cup အုပ်စု(က)၏ နောက်ဆုံးပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲ၏ အုပ်စု(က)တွင် မြန်မာ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ပါလက်စတိုင်းအသင်းများ ပါဝင်နေပြီး မတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်သည်။

တစ်ရက်လျှင် နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည့် ယင်းပွဲစဉ်များတွင် မတ်လ ၂၁ရက် ပထမပွဲစဉ်အဖြစ် မြန်မာနှင့် ဖိလစ်ပိုင်၊ ဒုတိယပွဲစဉ်အဖြစ် ပါလက်စတိုင်းနှင့်ဘင်္ဂလားဒေ့ရှ် မတ်လ ၂၃ ရက် ပထမပွဲစဉ်အဖြစ် ဖိလစ်ပိုင်နှင့် ပါလက်စတိုင်း၊ ဒုတိယပွဲစဉ်အဖြစ် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားမည့် အဆိုပါပြိုင်ပွဲများ၏ ပထမပွဲစဉ်အား ညနေ ၃ နာရီခွဲတွင် စတင်မည်ဖြစ်ပြီး ဒုတိယပွဲစဉ်အား ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်းသိရသည်။

အုပ်စု(က)၏ နောက်ဆုံးပွဲစဉ်များဖြစ်သည့် မြန်မာနှင့် ပါလက်စတိုင်းပွဲစဉ်ကို သုဝဏ္ဏကွင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်အသင်းပွဲစဉ်ကို အောင်ဆန်းကွင်းတွင်လည်းကောင်း မတ်လ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လန်ဒန်အိုလံပစ်တွင် တားမြစ်ဆေးသုံးစွဲခြင်းသည် အကြီးမားဆုံး ခြိမ်းခြောက်မှုဟုဆို

တွစ်ကင်ချန်၊ မတ် - ၁၉

ဗြိတိန် အားကစားဝန်ကြီး ဟူ့ချ်ရောဘတ်ဆန်က တားမြစ်ဆေးသုံးစွဲမှုကိစ္စသည် လာမည့်လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။ သို့သော်ဝန်ကြီး ရောဘတ်ဆန်က လာမည့်နှစ်တွင် ကျင်းပမည့် အိုလံပစ်သည် တရားမျှတသော ပြိုင်ပွဲသာဖြစ်ရမည်ဟု ကတိပေးပြောကြားခဲ့သည်။

လန်ဒန်အိုလံပစ်တွင် အာဏာပိုင်များသည် ပြိုင်ပွဲ၌ တားမြစ်ဆေးသုံးစွဲမှုပေါင်း ၅,၀၀၀ ခန့်ကိုစမ်းသပ်စစ်ဆေးသွားနိုင်မည်ဟုမျှော်လင့်ထားသည်။ ပြီးခဲ့သည့် ၂၀၀၈ ဘေဂျင်းအိုလံပစ်ကမူ အာဏာပိုင်များသည် တားမြစ်ဆေးသုံးစွဲခြင်းရှိ၊ မရှိစစ်ဆေးမှု ၄,၅၀၀ ခန့်ကို ပြုလုပ်ခဲ့သည်။

—Ref: AP



# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်

နိုင်ယွန်၊ မတ် - ၁၉

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ၊ နိုင်ယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့ရာ မန်ယူ၊ ချယ်လ်ဆီထိပ်တိုက်တွေ့ဆုံမှုအပါအဝင် ပွဲစဉ်များ ထွက်ပေါ်ခဲ့သည်။ ပွဲစဉ်များနှင့် အချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဧပြီ ၅/၁၃

၁။ ရီးရဲလ်မက်ဒရစ် - တော့တင်ဟမ်ဟော့စပါး
အင်တာမီလန် - ရှော်ကေး

ဧပြီ ၆/၁၂

၂။ ချယ်လ်ဆီး - မန်ယူ
ဘာစီလိုနာ - ရှတ်တာဒိုးနက်

—Ref: ESPN

## စင်ကာပူတွင် ပုဂ္ဂလိကပညာသင်ကြားရေးတွင်ကျောင်းသားများအား ကာကွယ်စောင့်ရှောက်ရေးကို

# အင်အားဖြည့်တင်းထားခြင်း

**ဘဝတစ်လျှောက်လုံး** [illegible]

[illegible]

**စင်ကာပူ - ပုဂ္ဂလိကပညာရေးကောင်စီ (CPE)**

[illegible]

[illegible]

**Edu Trust Certification**

**ထောက်ခံစာလက်မှတ်သည် ပုဂ္ဂလိကပညာရေး ကျောင်းတစ်ခုစီ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပညာရေး ဝန်ဆောင်မှု အရည်အသွေးအပေါ် ပြည့်စုံကျယ်ပြန့် သော စံသတ်မှတ်ချက်ပေါ်တွင် အခြေခံသည့် ယုံကြည်လက်ခံမှု အမှတ်အသားဖြစ်သည်။**


[illegible]

**Edu Trust ထောက်ခံစာလက်မှတ်သည် အရည်အချင်းပြည့်ဝကြောင်း အမှတ်အသားဖြစ်သည်။**

[illegible]

**Edu Trust Certification** [illegible]

[illegible]



**CPE** [illegible]

1 Orchard Road (YMCA Building)

Singapore 238836

[illegible]

# စင်ကာပူတွင် တောက်ပသောအနာဂတ်လမ်းကို လျှောက်လှမ်းရန် စတင်ပါ!



## SINGAPORE EDUCATION DAY 2011

မတ်လ ၂၆ ရက် (စနေ)၊ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ

Myanmar Ballroom, Traders Hotel Yangon.

**Singapore** လို ကမ္ဘာနှင့်တစ်ဝန်း လူသိများခြင်းအကြောင်းကတော့ နိုင်ငံရဲ့ပုံရိပ်မှာ ရာသီဥတုသာယာတဲ့ ခေတ်မီလှပမှု နိုင်မာတိုးတက်သော စီးပွားရေးနှင့် ကမ္ဘာ့အဆင့်မီပညာရေးစနစ်တွေကြောင့်ပါ။ နေထိုင်ဖို့ အလုပ်လုပ်ဖို့နှင့် ပညာလေ့လာဆည်းပူးဖို့အတွက် **Singapore** ဟာအကောင်းဆုံးနဲ့ အသင့်တော်ဆုံးနေရာတစ်ခုပါ။ **Singapore** နိုင်ငံအတွင်း ပညာသင်ယူခြင်း၊ အလုပ်အကိုင် နှင့် နေထိုင်အသက်မွေးမှုများအတွက် သိသင့်သိထိုက်သော အကြောင်းအရာများကို ပြည့်စုံစွာဆွေးနွေးသိရှိနိုင်ရန် **Singapore Tourism Board** နှင့် **Contact Singapore** တို့မှ ပူးပေါင်း၍ **Singapore Education Day** ကို ကျင်းပပေးလိုက်ပါသည်။

**Singapore** နိုင်ငံအတွင်း အဓိကကျ ဖွံ့ဖြိုးတိုးတက်နေသော ကဏ္ဍများ (ဥပမာ၊ ဘဏ္ဍာရေး၊ အင်ဂျင်နီယာ၊ IT အစရှိတဲ့ကဏ္ဍများ)မှ စိတ်ဝင်စားဖွယ်ကောင်းသော အလုပ်အကိုင်အခွင့်အလမ်းများကို လေ့လာရန် **Contact Singapore** အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနိုင်ပါတယ်။ ပုဂ္ဂလိကပညာရေးအတွက် **Edu Trust certification** ပိုင်ရောက်ထားပြီး ပုဂ္ဂလိကပညာရေးအကြံပေးအဖွဲ့များနှင့် **Singapore** တွင်ဦးဆောင်လျှက်ရှိသော ပညာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အသုံးဝင်တဲ့ သတင်းအချက်အလက်များစွာကို ရယူနိုင်ပါသည်။

- East Asia Institute of Management
- ERC Institute Pte Ltd
- Informatics Academy Pte Ltd
- James Cook Australia Institute of Higher Learning Pte Ltd
- Management Development Institute of Singapore
- Marketing Institute of Singapore
- PSB Academy
- Singapore Institute of Management
- TMC Academy
- Tourism Management Institute of Singapore

အသေးစိတ်အချက်အလက်များ သိရှိလိုပါက **Singapore Tourism Board - Bangkok** ၏ **stbbkk@truemail.co.th** သို့ e-mail ပို့၍စုံစမ်းနိုင်ပါသည်။ မြန်မာနိုင်ငံရှိ Singapore Education အထူးအကြံပေးအဖွဲ့များသို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **Advance Technologies & Solutions** | (01) 521 125 or (01) 652 288 or (09) 506 2161 |
| **Crown Education** | (01) 211 888 or (09) 730 40 688 |
| **RVI Centre Yangon** | (01) 242 410 or (01) 541 886 or (01) 250 388-ext-333 |
| **Smart Resources** | (01) 374 747 or (01) 374 748 or (01) 381 610 or (09) 542 8848 |

Contact Singapore
contactsingapore.sg

Council for Private Education SINGAPORE cpe

singapore education

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# ဂျပန်ငလျင်ကြောင့် ကမာမြေကြီးသည် ဝင်ိုးပေါ်တွင် အနည်းငယ်တိမ်းစောင်းသွား

ကယ်လီဖိုးနီးယား၊ မတ် - ၁၅

ပြင်းအား ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိသော ဂျပန်ငလျင်ကြောင့် ကမ္ဘာမြေကြီးသည် ၎င်း၏ဝင်ရိုးပေါ်တွင် အနည်းငယ်တိမ်းစောင်းသွားပြီး ဆံခြည်မျှင်တစ်မျှင်ခန့် နေ့တာတိုတောင်းမှု ဖြစ်ပေါ်စေခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များကပြောကြားသည်။ ငလျင်ဒဏ်ကြောင့် ဂျပန်ကမ်းရိုးတန်းလည်း ရွေ့လျားသွားကြောင်း အမေရိကန် ဘူမိဗေဒ တိုင်းတာရေးအဖွဲ့က ပြောသည်။

ငလျင်၏ အရှိန်ကြောင့် ကမ္ဘာမြေကြီးသည် ၎င်း၏ဝင်ရိုးပေါ်တွင် ၆ ဒသမ ၅ လက်မ တိမ်းစောင်းသွားပြီး တစ်စက္ကန့်၏ ၁ ဒသမ ၈ သန်းပုံ တစ်ပုံစာ နေ့တာတိုသွားခဲ့ကြောင်း နာဆာ Jet Propulsion Laboratory က ပြောကြားသည်။

ငလျင်ကြောင့် ဂျပန်နိုင်ငံသည် ယခင်ကထက် ၁၃ ပေ ပို၍ ကျယ်သွားကြောင်းလည်း ဘူမိဗေဒတိုင်းတာရေးအဖွဲ့ကပြောသည်။ ထို့အပြင် ဂျပန်ကမ်းရိုးတန်းပိုင်းသည် အမြင့် ၂ ပေနိမ့်ကျသွားခဲ့ကြောင်း၊ ယင်းအခြင်းအရာကြောင့် ဆူနာမီလှိုင်းများ ဂျပန်နိုင်ငံတွင်းသို့ အလျင်အမြန်ဝင်ရောက်သွားနိုင်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒ တိုင်းတာရေးအဖွဲ့မှ ဘူမိရူပပညာရှင်ရော့စ် စတိန်းအား ကိုးကား၍ နယူးယောက်တိုင်းမ်သတင်းကဖော်ပြသည်။

—*Ref: UPI*



# ချူကလီးယား ဘေးကင်းလုံခြုံရေး အစီအစဉ်သစ်များ အီးယူဖော်ထုတ်

ဘေဂျင်း၊ မတ် - ၁၇

ဂျပန်နိုင်ငံ၌ ချူကလီးယားအကျပ်အတည်းဆက်လက် ကြုံတွေ့နေစဉ်မှာပင် ဥရောပရှိ ချူကလီးယားဓာတ်အားပေး စက်ရုံအားလုံးတွင် ကြံ့ခိုင်ရေးစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ကြေညာသည်။ ဂျာမနီနိုင်ငံက ထို့ထက် တစ်ဆင့်တိုးကာ သက်တမ်းကြာမြင့်နေပြီဖြစ်သော ဓာတ်ပေါင်းဖို ၇ လုံးအား ပိတ်သိမ်းသွားမည်ဟု ကြေညာခဲ့သည်။

အစိုးရဝန်ကြီးများ၊ ဓာတ်အားပေးကုမ္ပဏီများနှင့် စည်းမျဉ်းစည်းကမ်းချမှတ်သူများ ပါဝင်သည့် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ဘရပ်ဆဲလ်မြို့တွင် ကျင်းပနေရာ ၎င်းအစည်းအဝေးမှအထက်ပါ ကြေညာချက်များ ပေါ်ထွက်လာခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ချူကလီးယား လုံခြုံရေးအရန်စနစ်များ ဆိုးဆိုးရွားရွား ပျက်စီးမှုကိုပြန်လည်သုံးသပ်ကြပြီးနောက် ကြံ့ခိုင်မှု စစ်ဆေးရေးများ ပြုလုပ်ရန် သဘောတူညီချက်ကို အလျင်အမြန်ရရှိခဲ့သည်။ အစည်းအဝေး မစတင်မီကပင် ၁၉၈၀ ခုနှစ်မတိုင် မီတည်ဆောက်ခဲ့သော ဓာတ်ပေါင်းဖို ၇ လုံးအား ပိတ်သိမ်းသွားမည် ဟုဂျာမနီနိုင်ငံက ကြေညာခဲ့သည်။

ဥရောပ တစ်ဝန်းတွင် ချူကလီးယားဓာတ်ပေါင်းဖို ၁၄၀ ကျော်ရှိပြီး ၎င်းတို့အား နှစ်ကုန်ပိုင်းတွင် ကြံ့ခိုင်မှု စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ ချူကလီးယား ဆန့်ကျင်ရေး အုပ်စုများက ယခုဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြသော်လည်း ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့တွင် ကြီးမားသော လူထုဆန္ဒပြပွဲများ ဖြစ်ပေါ်ခြင်းကို မတားဆီးနိုင်ခဲ့ကြောင်း သိရသည်။

—*Ref: Xinhua*




**TRADEMARK CAUTION**

Dansang Corporation a Company incorporated in Republic of Korea (South Korea) at 96-48 Sinsul-Dong, Dongdaemun-ku, Seoul, Korea is the Owner and Sole Proprietor of the following Trademark:

Reg: No.4/1353/2007
Reg: No.4/8480/2008

In respect of : Int'l Class 29 : "Beans, preserved; vegetables, preserved; meat; meat, preserved; vegetable juices for cooking; vegetables, cooked; vegetables, dried; tofu; frozen fruits; frosted fruits; fruit, preserved; sausages; milk; milk products; butter; buttercream; edible oils; margarine; silkworm chrysalis, for human consumption; fish, not live; fish, preserved; foods prepared from fish; canned marine products, namely canned fish and seafood and bottled marine products, namely bottled fish and seafood; shellfish, not live; for food; brown seaweed; laver".

In respect of : Int'l Class 30 : "Flour for food; starch for food; husked barley; almond paste; capers; cereal-based snack food; cereal preparations; noodles; pizzas; pasta; leaven; yeast; baking powder; malt for human consumption; confectionery; bread; candy for food; chocolate; sugar; rice cakes; soya bean paste [condiment]; chemical seasoning; mayonnaise; vinegar; sauces [condiments]; ketchup [sauce]; cinnamon [spice]; curry [spice]; ginger [spice]; peppers [seasonings]; aromatic preparations for food; cooking salt; tea; coffee; cocoa; tea-based beverages; edible ices; meat tenderizers, for household purposes; binding agents for ice cream [edible ices]; stiffening whipped cream (preparations for-); thickening agents for cooking foodstuffs".

In respect of : Int'l Class 32 : Non-alcoholic beverages; fruit juices; vegetable juices [beverages]; colas; preparations for making effervescent beverages; aerated water; mineral water [beverages]; waters [beverages]; hops (extracts of -) for making beer; beer; malt wort".

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate.
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mlpadvocate.com
Ph : 371990

24 March 2011

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

# ဓာတ်ရောင်ခြည်သင့်ပါက ကလေးသူငယ်များနှင့် သန္ဓေသားများတွင် အနရာယ်အများဆုံး ကျရောက်နိုင်

**နယူးဂျာစီ၊ မတ် - ၁၄**

ဂျပန်နိုင်ငံ နျူကလီးယားဓာတ်ပေါင်းဖိုများမှ ဓာတ်ရောင်ခြည်ပြန့်ပွားမှုများရှိပါက ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် အန္တရာယ်အများဆုံးကျရောက်နိုင်ကြောင်း အမေရိကန် ဓာတ်ရောင်ခြည်ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။




သို့သော် ဓာတ်ရောင်ခြည်နှင့်ထိတွေ့သည့် လူအားလုံးတွင် အန္တရာယ်ရှိကြောင်း အနောက်မီချီဂန်တက္ကသိုလ် ဓာတ်ရောင်ခြည်ပျံ့နှံ့မှုနှင့် ပြည်သူ့ကျန်းမာရေးစီမံကိန်းမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဂျဲ နက်ရှားမန်းက ပြောကြားသည်။

သန္ဓေသားနှင့် ကလေးသူငယ်များသည် လူကြီးများထက် ဓာတ်ရောင်ခြည်သင့်မှုကိုခံစားရရန် အန္တရာယ်ရှိကြောင်း၊ အကြောင်းမှာ ၎င်းတို့၏ ရောဂါခုခံကာကွယ်ရေး စနစ်သည် အပြည့်အဝမဖွံ့ဖြိုးသေးကြောင်း၊ ထို့အတွက် ဓာတ်ရောင်ခြည်သင့်မှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးမှုကိုပြန်လည်ပြုပြင်နိုင်မှုအခြေအနေနည်းပါးကြောင်း သုတေသီများကပြောသည်။ ဒုတိယတစ်ချက်မှာ ကလေးသူငယ်များတွင် ဆဲလ်များ အလျင်အမြန်ကွဲထွက်နေကြောင်း၊ ထို့ကြောင့် သန္ဓေသားများနှင့် ကလေးငယ်များ၏ဆဲလ်များ ဓာတ်ရောင်ခြည်သင့်ခံရပါက မွေးရာပါချို့ယွင်းမှုနှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေပိုများကြောင်း သုတေသီများက ပြောသည်။

ရုရှားနိုင်ငံတွင် ချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲခဲ့စဉ်က ဓာတ်ရောင်ခြည်သင့်ခဲ့သော အပင်များ၊ ငှက်များ၊ တိရစ္ဆာန်များနှင့် လူများ၏မှတ်တမ်း မှတ်ရာများ အပြည့်အစုံရှိ၍ ယခုအချက်အလက်များကို ပြောနိုင်ခြင်းဖြစ်ကြောင်း ဒေါက်တာဂျဲ နက်ရှားမန်းက ဆက်လက်ပြောကြားသည်။ —*Ref: UPI*

# ကဒါဖီသားက ဆာကိုဇီအား ခြိမ်းခြောက်

**ပါရီ၊ မတ် - ၁၆**



ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီအား ရာထူးမှပြုတ်ကျသွားစေနိုင်သည့်သတင်းများ ၎င်းရရှိထားကြောင်း လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ၏ သားတစ်ယောက်က သတိပေးလိုက်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံရှိ ကဒါဖီမိသားစု၏ ပိုင်ဆိုင်မှုများ ပိတ်ပင်ထားခြင်းကို ဖယ်ရှားမပေးပါက ၂၀၀၇ ခုနှစ်ရွေးကောက်ပွဲတွင် ဆာကိုဇီသည် ကဒါဖီမိသားစုထံမှ ရန်ပုံငွေများ ရယူခဲ့သည့်အကြောင်းကို ထုတ်ပြန်လိုက်မည်ဟု ဆာအစ်အယ်လ်အစ္စလာမ်က ခြိမ်းခြောက်လိုက်ကြောင်း နိုင်ငံတကာ ပြင်သစ်ရေဒီယိုက သတင်းပေးပို့ခဲ့သည်။ ပြင်သစ်သည် လစ်ဗျားသူပုန်များအား လူထု၏ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုထားသည်။

"ကျွန်တော်တို့ ရန်ပုံငွေတွေထောက်ပံ့ခဲ့ပါတယ်။ ကျွန်တော်တို့မှာ အသေးစိတ်အချက်အလက်အကုန်လုံးရှိပြီး ဒါတွေကို ထုတ်ပြန်ဖို့အသင့်ပါပဲ" ဟု ဆာအစ်က ပြောကြားသည်။

ဆာကိုဇီကမူ ကဒါဖီမိသားစုထံမှ ငွေကြေးရယူထားသည်ဆိုခြင်းကို ငြင်းဆိုထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက လစ်ဗျားအစိုးရအပေါ် ပိတ်ဆို့တားဆီးမှုများ ချမှတ်ရန်အတည်ပြုပေးထားသည်။ အစိုးရကိုသစ္စာခံသောတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများကြောင့် လစ်ဗျားနိုင်ငံတွင် သွေးထွက်သံယိုမှုများ မြင့်တက်လာခဲ့သည်။ —*Ref: UPI*

# ဂျပန်စားသောက်ကုန်များတွင် ဓာတ်ရောင်ခြည်သင့်မှု ရှိ၊ မရှိ စမ်းသပ်

**ပူထရာဂျာယာ၊ မတ် - ၁၅**

ဂျပန်နိုင်ငံရှိ ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံ၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် ဂျပန်နိုင်ငံမှတင်သွင်းသော စားသောက်ကုန်များတွင် ဓာတ်ရောင်ခြည်သင့်မှုနှင့် စွန်းထေးမှုရှိ မရှိကို စစ်ဆေးစမ်းသပ်နေကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးကပြောကြားသည်။



နျူစက်ရုံပေါက်ကွဲမှုများကြောင့် ဂျပန်နိုင်ငံမှ တင်ပို့သည့်စားသောက်ကုန်များတွင် ဓာတ်ရောင်ခြည်သင့်နေမည်ကိုစိုးရိမ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးလွှတ်တိုင်လိုင်ကပြောကြားသည်။

မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ကြောင့် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်၍ အန္တရာယ်ရှိသော ဓာတ်ရောင်ခြည်သင့်နိုင်သည့်အန္တရာယ်ရှိကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားပြီး အခြေအနေကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မလေးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးနှင့် စည်သွတ်ဘူး တန်ပေါင်း ၄၈,၁၃၆ တန် တင်သွင်းခဲ့ကြောင်း မလေးရှားဝန်ကြီးက ပြောကြားသည်။

အဆိုပါ ဂျပန်နျူကလီးယားစက်ရုံတွင် ဟိုက်ဒရိုဂျင်ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် လူအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူပေါင်း ၂၀၀,၀၀၀ ခန့်ကို ရွှေ့ပြောင်းနေရာချထားပေးရကြောင်းသိရသည်။

—*Ref: The Star*

## ကမ္ဘာနှင့်လ အနီးဆုံးဖြစ်သည့် Supermoon ဖြစ်စဉ်ကြောင့် ငလျင်လှုပ်ခြင်းများမှာ ဆက်စပ်မှုမရှိဟု ပညာရှင်များပြောကြား

**လန်ဒန်၊ မတ် - ၁၅**

ကမ္ဘာကို လှည့်ပတ်နေသောလသည် မတ်လ ၁၉ ရက်တွင် ကမ္ဘာနှင့် အနီးဆုံးအနေအထားကို ရောက်ရှိမည်ဖြစ်သော်လည်း ယင်းဖြစ်စဉ်ကြောင့် မြေငလျင်လှုပ်ခတ်ရသည်ဆိုသော သတင်းများမှာမူ ဆက်စပ်မှုမရှိကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များက ပယ်ချလိုက်သည်။

နည်းပညာပိုင်းအရဆိုလျှင် လသည် မတ်လ ၁၉ ရက်တွင် ၎င်း၏ ပတ်လမ်းအတိုင်း လှည့်ပတ်နေရာမှ ကမ္ဘာမြေနှင့်အနီးဆုံးနေရာ ရောက်လာနိုင်ကြောင်း၊ သို့သော် လဆွဲအားကြောင့် ကမ္ဘာပေါ်တွင်ငလျင်နှင့် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်နိုင်ကြောင်း အင်တာနက်သတင်းများမှာမူ အခြေအမြစ်မရှိကြောင်း ဗြိတိန်တော်ဝင်နက္ခတ်ဗေဒအသင်းမှ လက်ထောက်အတွင်းရေးမှူးဒေါက်တာ ရောဘတ်မတ်ဆေးကဖြေသည်။ သို့သော် ကမ္ဘာနှင့်လတို့ ယခုကဲ့သို့ ၃၆၀,၀၀၀ ကီလိုမီတာသာ ကွာဝေးသည့် အနီးဆုံးဖြစ်စဉ်မှာ ပြီးခဲ့သည့် နှစ်လေးရာအတွင်း ၁၅ ကြိမ်ခန့်သာရှိခဲ့ကြောင်း ၎င်းကဆိုသည်။

—*Ref: Dailymail*

# ဘာရိန်းတွင် နိုင်ငံခြားတပ်ဖွဲ့များ ရောက်ရှိလာခြင်းကို အီရန်ကန့်ကွက်

**တီဟီရန်၊ မတ် - ၁၆**

ဘာရိန်းနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပုန်ကန်ထကြွမှုကို ငြိမ်သက်စေရေးအတွက် နိုင်ငံခြားတပ်ဖွဲ့များချထားခြင်းနှင့်ပတ်သက်၍ အီရန်နိုင်ငံက ဆော်ဒီအာရေးဗီးယားနှင့် ၎င်း၏မဟာမိတ်ဝါရှင်တန်တို့ကို သတိပေးပြောကြားခဲ့ပြီး နိုင်ငံခြားတပ်ဖွဲ့ဝင်များကြောင့် ပင်လယ်ကွေ့ဒေသအား အန္တရာယ်ကြီးသော နောက်ဆက်တွဲဖြစ်ရပ်များဆီသို့ ဦးတည်သွားစေနိုင်ကြောင်း ပြောကြားသည်။

ဘာရိန်းနိုင်ငံကမူ အီရန်နိုင်ငံ၏ ပြောကြားမှုများကို ရှုတ်ချလိုက်ပြီး အီရန်နိုင်ငံဆိုင်ရာ ဘာရိန်းသံအမတ်ကြီးအား ဆွေးနွေးမှုများပြုလုပ်ရန် ပြန်လည်ဆင့်ခေါ်ထားသည်။

ဘာရိန်းနိုင်ငံအား ကူညီရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ ကြိုးပမ်းချက်အဖြစ် ဆော်ဒီအာရေးဗီးယားနိုင်ငံက တပ်ဖွဲ့ဝင်တစ်ထောင်ခန့်ကို ဘာရိန်းနိုင်ငံသို့စေလွှတ်ခဲ့သည်။ ဆွန်နီအုပ်ချုပ်သူများကို မကျေနပ်၍ လူများစု ရှီးယိုက်များက ပုန်ကန်ထကြွရာမှ ဘာရိန်းနိုင်ငံတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေးဗီးယားက တပ်ဖွဲ့များ စေလွှတ်ခဲ့ခြင်းအတွက် အီရန်နိုင်ငံအား အထိတ်တလန့်ဖြစ်စေခဲ့သည်။ အီရန်မှာ ပင်လယ်ကွေ့ဒေသတွင် အင်အားကြီး ရှီးယိုက်နိုင်ငံဖြစ်ပြီး အခြား ပင်လယ်ကွေ့နိုင်ငံအများစုကို ဆွန်နီအာရပ် မိသားစုများက အုပ်ချုပ်သည်။ အရေးယူဆောင်ရွက်မှုကြောင့် ဆော်ဒီအာရေးဗီးယားနှင့် အီရန်နိုင်ငံအကြား တင်းမာမှုမြင့်တက်လာနိုင်ပြီး အန္တရာယ်ရှိသော အဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း ဝေဖန်ဆန်းစစ်သူများကပြောကြားသည်။

"နိုင်ငံခြားတပ်ဖွဲ့တွေ ရောက်ရှိနေတာနဲ့ ဘာရိန်းပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်တာဟာ လက်ခံနိုင်စရာမရှိပါဘူး။ အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေနိုင်ပါတယ်"ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရာမင်မေမန်ပါရက်စ်က အပတ်စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ —*Ref: Reuters*

7DAY NEWS JOURNAL

# International

Vol.10, No.3 • MARCH 24, 2011

Interview စာမျက်နှာ(၄၆)သို့



## ဂျပန်မှာ ငလျင်တွေလှုပ်တတ်တာကို အမြဲတမ်းမျှော်လင့်ထားရမယ်

ဗြိတိသျှ ငလျင်ဗေဒပညာရှင်အဲလစ်ဝေါလ်ကာနှင့် ဂျပန်ငလျင်အကြောင်း မေးမြန်းခြင်း

News Analysis စာမျက်နှာ(၃၆)သို့



## ဖူကူရှီးမားမှ ပေါ်ထွက်လာသော နျူကလီးယား ပြဿနာ

## ငလျင်နှင့် ဆူနာမီကြောင့် ကန်ဒေါ်လာ ၂၃၅ ဘီလီယံခန့် ကုန်ကျစေနိုင်

စင်ကာပူ၊ မတ် - ၂၁

မတ်လ ၁၁ ရက်က ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်နှင့် ဆူနာမီကြောင့် ဂျပန်စီးပွားရေးကို ကန်ဒေါ်လာ ၂၃၅ ဘီလီယံခန့် ကုန်ကျစေနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကပြောကြားသည်။ ယင်းပမာဏမှာ နှစ်စဉ်ဂျပန်ပြည်တွင်းကုန်ထုတ်လုပ်မှုစုစုပေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းရှိသည်။

စာမျက်နှာ(၄၅)သို့



## အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများကို အီဂျစ်အတည်ပြု

ကိုင်ရို၊ မတ် - ၂၁

အခြေခံဥပဒေတွင် အပြောင်းအလဲများပြုလုပ်ရေး၊ သဘောထားခံယူရေး ဆန္ဒမဲပေးရာ၌ ၇၇ ဒသမ ၂ ရာခိုင်နှုန်းသော အီဂျစ်မဲဆန္ဒရှင်များက ထောက်ခံအတည်ပြုပေးလိုက်ကြောင်း မဲဆန္ဒခံယူမှုကို ကြီးကြပ်ပေးသည့် တရားရေးကော်မရှင်က မတ်လ ၂၀ ရက်တွင် ကြေညာခဲ့သည်။

မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၄၁ ရာခိုင်နှုန်း (သို့မဟုတ်) အီဂျစ်နိုင်ငံသား ၁၈ ဒသမ ၅ ရာခိုင်နှုန်းက မဲပေးခဲ့ကြောင်း မတ်လ ၂၀ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အီဂျစ်တရားရေးကော်မရှင်အကြီးအကဲ မိုဟာမက်အက်တီယာက ပြောကြားသည်။ ဆန္ဒမဲပေးသူ ၂၂ ဒသမ ၈ ရာခိုင်နှုန်းက အပြောင်းအလဲများကို ပယ်ချခဲ့သည်။ စာမျက်နှာ(၄၅)သို့



## နျူကလီးယားစက်ရုံတွင် ရေဖြင့်အအေးခံရန် ဂျပန်ဆက်လက်ကြိုးပမ်း

တိုကျို၊ မတ် - ၂၁

ဂျပန်ကာကွယ်ရေး တပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့များသည် အသုံးပြုပြီးလောင်စာကန်များတွင် အပူလွန်ကဲမှုနှင့် ဓာတ်ပေါင်းဖိုများအား အအေးခံရန် ဖူကူရှီးမားနျူခတ်အားပေး စက်ရုံအား ရေဖြင့်ဖျန်းပက်အအေးခံခြင်းကို မတ်လ ၂၁ ရက်နံနက်ပိုင်းတွင် ပြန်လည်စတင်လိုက်ကြောင်း သိရသည်။


ဓာတ်ပေါင်းဖိုအမှတ် (၄) ကို မတ်လ ၂၀ ရက်မှ စတင်၍ ရေဖြင့်ဖျန်းပက်ခြင်းကို စတင်ခဲ့ပြီး ဓာတ်ပေါင်းဖို အမှတ်(၃) ကိုလည်း လွန်ခဲ့သော ၄ ရက်မှ စတင်ကာ ရေဖြင့်ဖျန်းပက်အအေးခံခြင်းကို ပြုလုပ်ခဲ့ရာ ရေတန်ချိန် ၃၇၀၀ ကို ဖျန်းပက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အမှတ် (၂) နှင့် အမှတ် (၅) ဓာတ်ပေါင်းဖိုများသို့ မတ်လ ၂၀ ရက်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်သွယ်တန်းနိုင်ခဲ့ကြောင်း တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ(Tepco)ကပြောကြားသည်။ သို့ရာတွင် ဓာတ်ပေါင်းဖိုများ အပြည့်အဝ ပြန်လည် လည်ပတ်နိုင်ရန် အခြားသောအစိတ်အပိုင်းများသို့လည်း လျှပ်စစ်သွယ်တန်းရဦးမည်ဖြစ်ကြောင်း Tepco က ပြောကြားသည်။

ငလျင်လှုပ်ခတ်ချိန်တွင် ဓာတ်ပေါင်းဖိုအမှတ် (၁)၊ (၂) နှင့် (၃)သာ လည်ပတ်နေပြီး ငလျင်လှုပ်သောအခါ ၎င်းဓာတ်ပေါင်းဖိုများ အလိုအလျောက်ရပ်တန့်သွားခဲ့သော်လည်း အအေးခံစနစ်များ အလုပ်မလုပ်တော့၍ အချို့ဓာတ်ပေါင်းဖိုများ၏ အတွင်းအမာခံ အစိတ်အပိုင်းများ

စာမျက်နှာ(၄၅)သို့




RANBAXY
ရိုဗိုက်တယ်ချစ်သူများ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများ ရရှိစေနိုင်ရန်
ရည်သန်လျက် REVITAL ရဲ့ ကောင်းမြတ်တဲ့စေတနာ ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးစဉ် (၁၀)ဦး
Sedona Hotel ၌ (10-3-2011)


Galanz
AIR CONDITIONER
နှစ်အာမခံ
Floor Standing Type
Floor - Ceiling Type
Wall Mounted Type
Ceiling Cassette Type
Compressor 2 Years Warranty
Ducted Type
Outdoor Unit
Air Curtain with Remote Control
TETRA TIGER


Thai
Education Fair
2011
Park Royal Hotel (Grand Ball Room)
• Suratthani Rajaphat University • Assumption University • Huachiew Chalermprakiet School
• Keerapat International School • Dhurakij Pundit University • Mae Fah Luang University
• Mahidol University • Siam University • Saint John Mary International School
• British International School, Phuket • King Mongkut's University of Technology Thonburi
• Khonkaen University • Nakornpayap International School


The Highest Performance Standards of American Petroleum Institute
HEAVY DUTY
NASA
TOTAL LUBRICATING SOLUTIONS™

7 DAY NEWS JOURNAL
Vol.10, No.3 • MARCH 24, 2011

**ဂျပန်ဆူနာမီရဲ့ နောက်ဆက်တွဲတွေ**

မတ်လ ၁၁ ရက် (၁၁. ၃. ၂၀၁၁)ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲလောက်မှာ အင်အားရစ်ချ်တာစကေး ၉ ဒသမ ၀ ပြင်းထန်တဲ့ ရေအောက် မြေငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့ပါတယ်။ ဒီမြေငလျင်ကြီးဟာ ကမ္ဘာမှာ စတုတ္ထအပြင်းထန်ဆုံး မြေငလျင်ကြီးဖြစ်ခဲ့ပြီး ဂျပန်နိုင်ငံမှာတော့ အပြင်းထန်ဆုံးမြေငလျင်ကြီးဖြစ်ခဲ့ပါတယ်။ မြေငလျင်ဒဏ်နဲ့ ဆူနာမီရေလှိုင်းများရဲ့ဒဏ်ကြောင့် ဂျပန်နိုင်ငံ၊ Miyagi Prefacture မှာရှိတဲ့ Fukushima Power ရဲ့ Radiation Reactor ၆ ခုရှိတဲ့ အနက် လေးခုဟာ ပေါက်ကွဲသွားခဲ့ပါတယ်။ အခြေအနေတွေကတော့ ထိန်းမနိုင်တော့တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကို အကြောင်းပြုပြီး

# အတုယူရမယ့် ဂျပန်စိတ်ဓာတ်

**မောင်ထွန်းလွင်(မိုးလေဝသ)**


ရေဒီယိုသတ္တိကြွရောင်ခြည်ထိ၊မထိကို အခင်းဖြစ်ပွားရာဝန်းကျင်တွင် နေထိုင်သူများအား စစ်ဆေးစဉ်။

ဓာတ်ပုံ - AFP

တိုကျိုမြို့ရဲ့မြောက်ဘက်ဒေသတွေမှာ ရေဒီယိုသတ္တိကြွမှု Level တွေ မြင့်တက်လာတာတွေ့ရတယ်လို့ (၁၃. ၃. ၂၀၁၁)ရက် မနက်အစောကြီး သတင်းတွေမှာ ကြေညာသွားခဲ့ပါတယ်။ ဒါနဲ့ တစ်ဆက်တည်း ညကပဲ ဂျပန်နိုင်ငံ၊ အဏုမြူထိန်းသိမ်းရေးအေဂျင်စီအကြီးအကဲက နိုင်ငံတကာ အဏုမြူအေဂျင်စီအဖွဲ့ IAEA နဲ့ အမေရိကန်ပြည်ထောင်စုတို့ကို ကျွမ်းကျင်မှုအကူအညီတွေပေးဖို့ တရားဝင်တောင်းဆိုကြောင်း ကြေညာသွားပြန်ပါတယ်။

**ပြဿနာအစ**

ဒီပြဿနာရဲ့ အစကတော့ Nuclear Plant တွေဟာ မတ် ၁၁ ရက် ညနေပိုင်းကဖြစ်ပေါ်ခဲ့တဲ့ ရေအောက်မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းတွေထိရိုက်တာခံခဲ့ရလို့ Nuclear Plant တွေမှာ တပ်ဆင်ထားတဲ့ Cooling System တွေ ချို့ယွင်းသွားရတာကစပါတယ်။ အဲဒီအအေးခံစနစ်တွေဟာ Nuclear Plant တွေမှာ သုံးထားတဲ့ အရေးကြီးအစိတ်အပိုင်းတွေဖြစ်ကြတဲ့ လောင်စာအချောင်းတွေ (Fuel Rods )ကို အပူချိန်တွေ တက်မလာရအောင် အအေးပေးတဲ့စနစ်တွေ ဖြစ်ပါတယ်။ Fuel Rod တွေဆိုတာက အရှည် ၄ မီတာလောက်ရှိကြတဲ့ ရေဒီယိုသတ္တိကြွပစ္စည်းဖြစ်တဲ့ ယူရေနီယမ်(Uranium) သတ္တုချောင်းတွေဖြစ်ပါတယ်။ သူတို့ဟာ အအေးခံမထားရင် အပူချိန် 1100 ˚C လောက်အထိ အပူချိန် မြင့်တက်လာနိုင်ကြပြီး အရည်ပျော်ကျ (meltdown) သွားနိုင်ပါတယ်။ အဲဒီလိုဆိုရင် ရေဒီယိုသတ္တိကြွရောင်ခြည်တွေ (Radioactive Radiations)တွေ အပြင်ကို ပျံ့လွင့်ရောက်ရှိလာနိုင်ကြပါတယ်။

**ဖြစ်နိုင်တဲ့ အကျိုးဆက်တွေ**

တကယ်တော့ ရေဒီယိုသတ္တိကြွရောင်ခြည်တွေဟာ လူတွေနဲ့ စိမ်းလှတာမဟုတ်ပါဘူး။ CT Scan ရိုက်တာတွေ၊ X-Ray ရိုက်တာတွေကအစ လေယာဉ်ပျံစီးတာအဆုံး ဒီရောင်ခြည်တွေက လူတွေနဲ့ ယဉ်ပါးပြီးသားပါ။ အဲဒီလို ရေဒီယိုသတ္တိကြွတဲ့ ရောင်ခြည်တွေဟာ သတ်မှတ်တန်ဖိုးတွေထက် ကျော်လွန်သွားရင်တော့ လူသားတွေအတွက် အန္တရာယ်အလွန်ကြီးပါတယ်။ လူသားတွေကို ထိတွေ့မိရင် မအီမသာဖြစ်ခြင်း (Nausea)၊ ဖျားနာခြင်း(Fever)၊ ခန္ဓာကိုယ် အစိတ်အပိုင်းများထိ ခိုက်ပျက်စီးခြင်း (Organ failure)၊ အသက်သေဆုံးနိုင်ခြင်း(Death) စတာတွေကို ဓာတ်ရောင်ခြည်သင့်မှု အတိုင်းအတာ၊ ဓာတ်ရောင်ခြည် လေထုအတွင်း ပျံ့လွင့်မှုအတိုင်းအတာ၊ ထိတွေ့မှုအချိန်ကာလ ကြာမြင့်မှုအတိုင်းအတာ စတာတွေအပေါ် မူတည်ပြီး ဖြစ်စေနိုင်ပါတယ်။

**ဘေးပတ်ဝန်းကျင်ကို ဘယ်လောက်ထိခိုက်စေနိုင်သလဲ။**

အမှန်တော့ ဒီလိုဓာတ်ရောင်ခြည်သင့်မှုဖြစ်ရပ်တွေဟာ ဖြစ်ပေါ်ရာဒေသ ပတ်ဝန်းကျင်သာဖြစ်စေတတ်တဲ့ ဖြစ်စဉ် (Localized Incidence) တွေသာဖြစ်ပါတယ်။ အလွန်ဆုံးဖြစ်တဲ့နေရာနဲ့ ၁၀၀ ကီလိုမီတာ အကွာအဝေးလောက်သာ အလွန်ဆုံးလောက်ပဲ ပျံ့နှံ့လေ့ရှိပါတယ်။ အထူးသဖြင့် ဒီနေရာမှာ မိုးလေဝသဖြစ်စဉ်တွေက အလွန်အရေးပါလာပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ဖြစ်တဲ့ဒေသမှာ ရာသီဥတုဟာ မိုးရွာလို့ဖြစ်စေ၊ ဆီးနှင်းတွေကျနေလို့ဖြစ်စေ စွတ်စိုနေရင် ဒီဓာတ်ခြည်တွေက မိုးပေါက်တွေ၊ ဆီးနှင်းတွေနဲ့အတူ မြေပြင်ကိုကျသွားပြီး မပျံ့နှံ့နိုင်တော့ပါဘူး။ ဒါမှမဟုတ် ရာသီဥတုက ခြောက်သွေ့နေရင်လည်း တိုက်ခတ်နေတဲ့ လေစီးကြောင်းတွေနဲ့ မျောပါသွားမယ်ဆိုလည်း သွားနိုင်ပါတယ်။ ဥပမာ အတိတ်မှာ ဒီလိုဖြစ်စဉ်တွေရှိခဲ့ဖူးပါတယ်။ အိန္ဒိယက Bopal (1984) နျူကလီးယားဓာတ်ပေါင်းဖို ယိုစိမ့်မှု၊ ရုရှားနိုင်ငံ Chernoby (1986) နျူကလီးယားဓာတ်ပေါင်း ဖိုယိုစိမ့်မှု ဒါတွေအားလုံးဟာ ပတ်ဝန်းကျင်ဒေသများအထိ ပျံ့နှံ့ မှုတွေမရှိခဲ့ကြပါဘူး။ ဒါကြောင့် ဒီလိုဓာတ်ငွေ့ယိုစိမ့်မှုတွေဟာ အများအားဖြင့် ကိုယ့်ဒေသတွင်းဖြစ်ရပ်တွေ Localised သာ ဖြစ်ကြပါတယ်။

**အနီးဆုံးနိုင်ငံရဲ့ သဘောထား**

အခု နျူကလီးယား ဓာတ်ရောင်ခြည်ယိုစိမ့်မှုတွေဖြစ်တဲ့ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနဲ့ အနီးဆုံးနိုင်ငံဟာ ရုရှနိုင်ငံဖြစ်ပြီး အနီးဆုံးဒေသဟာ Sankhalin ဒေသဖြစ်ပါတယ်။ ဒီဒေသမှာ ပြည်သူတွေကို ဓာတ်ရောင်ခြည် ပျံ့လွင့်လာနိုင်မှုနဲ့ပတ်သက်ပြီး နှိုးဆော်ချက် Alert တော့ လုပ်ထားပါတယ်။ ဒါပေမဲ့ ဒီဓာတ်ရောင်ခြည်တွေရဲ့ ထိခိုက်မှုကတော့ နယ်စပ်ဒေသတွေမှာတောင် မပြောပလောက်နိုင်ပါဘူး (minimal) လို့ ခန့်မှန်းထားပါတယ်။

**လက်ရှိ ဂျပန်နိုင်ငံမြောက်ပိုင်းရဲ့ ရာသီဥတုအခြေအနေ**

နျူကလီးယားဓာတ်ပေါင်းဖို ဓာတ်ရောင်ခြည်တွေ ယိုစိမ့်နေတဲ့ ဒေသမှာ ရာသီဥတုက အေးနေပြီး မိုးတွေ၊ နှင်းတွေနဲ့ လေပြင်းတွေ တိုက်နေပါတယ်။ အပူချိန်တွေက ရေခဲမှတ်အပူချိန်ဖြစ်တဲ့ သုညဒီဂရီစင်တီဂရိတ်နဲ့ ဂဏန်းတစ်လုံးအပူချိန် (Single Digit Temperatures) တွေသာ ရှိနေပါတယ်။ နှင်းတွေလည်း ကျနေပါတယ်။ အထူးသဖြင့် လေပြင်းတွေတိုက်နေပါတယ်။ တိုက်တဲ့ လေပြင်းတွေက အနောက်လေပြင်းတွေ (Westerly Winds ) တွေပါ။ ဒီတော့ အေးပြီးလေးနေတဲ့ လေထုကြောင့် ရောင်ခြည်တွေဟာ ဘေးကိုသိပ်ဝေးဝေး မပျံ့နိုင်ကြပါဘူး။ လေယူရာနဲ့သွားမယ်ဆိုရင်လည်း ဂျပန်နိုင်ငံရဲ့ အရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာ ရေပြင်ကျယ်ကြီးရှိရာကိုပဲ ရွေ့သွားမှာ ဖြစ်ပါတယ်။

**ဒီဖြစ်ရပ်က သင်ခန်းစာနဲ့ အတုယူစရာတွေ . . .**

အခုဖြစ်ပေါ်ခဲ့တဲ့ ဂျပန်နိုင်ငံ ဆူနာမီဖြစ်ရပ်ကြီးမှာ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ သင်ခန်းစာတွေကို တွေ့ရပါတယ်။ ပထမတစ်ချက်ကတော့ အခုဖြစ်တဲ့ ဒေသတွေမှာ ဆူနာမီ အတွေ့အကြုံမရှိလို့၊ ကြိုတင်အကာအကွယ်မပြုလုပ်ကြလို့ ဒီလိုဖြစ်ရတာလို့ထင်ရင် အများကြီး မှားပါလိမ့်မယ်။ ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ကြိုတင်သတိပေးစနစ်တွေ၊ လေ့ကျင့်မှုတွေ အားလုံး ခေတ်မီတဲ့ နောက်ဆုံးပေါ်နည်းပညာတွေနဲ့ ကြိုကြိုတင်တင် လုပ်ထားခဲ့ကြပါတယ်။ ၁၀ မီတာလောက်မြင့်တဲ့ ရေတားနံရံကြီး (Retarding Walls) တွေကိုလည်း ဆောက်လုပ်ထားပါတယ်။ ဒါပေမဲ့ တကယ်ဖြစ်လာတော့ မကာကွယ်နိုင်ခဲ့ပါဘူး။ အကြောင်းကတော့ ဒါတွေကြောင့် ဖြစ်ပါတယ်။ (၁) ရေထိန်းနံရံတွေကို ယခင်က တွေ့ကြုံဖူးတဲ့ ဆူနာမီရေလှိုင်း အမြင့်နဲ့သာ တွက်ချက်ဆောက်လုပ်ထားတာ ဖြစ်တဲ့အတွက် အခု အပြင်းဆုံး မြေငလျင်နဲ့ကြုံတဲ့အခါ မထိန်းနိုင်တော့တာကို တွေ့ရပါတယ်။ (၂)မြေငလျင်ဗဟိုချက်ဟာ ယခင်က ဖြစ်ပေါ်ခဲ့ဖူးတဲ့ မြေငလျင်ဒေသထက် ပိုကြီးပြီး ပိုနီးတဲ့အတွက် ဆူနာမီရေလှိုင်းက အသွားနှုန်းပိုမြန်လာတဲ့အတွက် မြေငလျင်လှုပ်အပြီး သုံးမိနစ်လောက်အတွင်း ရေတွေ စဝင်လာပါတယ်။ ၁၀ မိနစ်လောက်မှာ ရေတွေစတက်လာပါတယ်။ (၃) ရေတွေက အလွန်မြန်ဆန်တဲ့ အသွားနှုန်းနဲ့ဝင်လာတဲ့အခါ ကမ်းမြေအောက်ခံမြေပြင်ရဲ့ အနေအထားကြောင့် ရုတ်တရက် အမြင့် နှစ်ဆခန့် မြင့်တက်လာပြီး ကမ်းခြေကိုဝင်လာခဲ့တဲ့အတွက် ရေကာနံရံတွေကို ကျော်တက်သွားခဲ့ပါတယ်။ (၄) ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းရဲ့ အထူးခြားဆုံးအချက်ကတော့ အသွားနှုန်း အလွန်မြန်တာဖြစ်ပါတယ်။ တစ်နာရီကို ကီလိုမီတာ ၇၀၀ မှ ၁၀၀၀ လောက်အထိ ရှိတယ်လို့ခန့်မှန်းရပါတယ်။ (၅)အသွားနှုန်းမြန်လေ၊ ရေတိမ်လေ အန္တရာယ်ကြီးလေဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ရခိုင်ကမ်းရိုးတန်း ကွာသလိုပေါ့ဗျာ။

သဘာဝကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး စီမံချက်တွေ ချမှတ်ရာမှာ ယူသင့်တဲ့ သင်ခန်းစာကတော့ သဘာဝဘေးကျရောက်တဲ့ ဒေသတွေမှာ အခု Nuclear Plant လို ဘေးဥပဒ် အန္တရာယ်အလွန်ကြီးမားတဲ့ အဆောက်အအုံတွေ ရှိနေတာဖြစ်ပါတယ်။ ဒီလိုနေရာတွေဟာ အလွန်အန္တရာယ်ကြီးမားလွန်းလို့ ဦးစားပေးကာကွယ်ရမယ့် နေရာတွေအဖြစ် သတ်မှတ်ထားရပါမယ်။ အလားတူပဲ လူအများနဲ့ဆိုင်တဲ့ ဆေးရုံတွေ၊ ကျောင်းတွေ၊ အလုပ်ရုံတွေဟာလည်း ဦးစားပေး ကယ်တင်ရမယ့် နေရာတွေဖြစ်ပါတယ်။

**အတုယူကြရမယ့် ဂျပန်တို့ရဲ့ စံပြစိတ်ဓာတ်**

အတုယူရမယ့်အရာ၊ လေးစားအားကျရမယ့် အရာလည်း ရှိပါသေးတယ်။ ဒါကတော့ ဂျပန်လူမျိုးတွေရဲ့ စည်းကမ်းသေဝပ်မှု၊ လူမျိုးကြီးပီသမှု၊ ယဉ်ကျေးသိမ်မွေ့မှုတွေပဲ ဖြစ်ပါတယ်။ အခုဖြစ်ရပ်ကြီးလို သဘာဝဘေးကြီးတွေ ကမ္ဘာအရပ်ရပ်မှာ ဖြစ်ဖူးပါတယ်။ ရက်နည်းနည်းကြာလာတဲ့အခါ အစာရေစာမစားရတာ ကြာလာ



သဘာဝဘေးကြီးအပြီး အစားအသောက်ဝယ်ယူရန် တန်းစီးစောင့်ဆိုင်းနေသည့် ဂျပန်ပြည်သူများ။

တော့ "ငတ်မရှက်" ဖြစ်လာကြပြီး လုကြ၊ ယက်ကြတွေ ဖြစ်လာကြတာချည့်ပါပဲ။ ဂျပန်မှာတော့ ဒါတွေဘာမှ မရှိကြဘူးတဲ့။ အစားအသောက် မစားကြရတာအချို့ဆို ၃-၄ ရက်တောင် ရှိနေကြပါပြီတဲ့။ ဒါပေမဲ့ အစားအသောက်ဝေငှတဲ့ နေရာတွေ၊ ရောင်းချတဲ့ဆိုင်တွေမှာ လူတွေတန်းစီနေကြတာ အရှည်ကြီးပဲတဲ့။ နာရီပေါင်းများစွာ တန်းစီစောင့်ကြတယ်။ သည်းခံကြတယ်။ အခြားကလေးတွေ နိုင်ငံခြားသားတွေကိုတောင် သူတို့ဝေစုထဲက အစားအစာတွေကို သူတို့ကပြန်ဝေငှပေးနေသေးတယ်တဲ့။ လေးစားစရာကောင်းလိုက်တာဗျာ။ အတုရော မယူသင့်ဘူးလားဗျာ။

### မြန်မာပြည်မှာ အက်ဆစ်မိုးတွေ ရွာမယ်ဆို

ဒါကတော့ ကျွန်တော့်အလုပ်ဖြစ်လာပြီ။ သာဂိတို့ဆီကတော့ အရေးဆို လုပ်ချလိုက်ပြန်ပြီ။ ဓာတ်ရောင်ခြည်ယိုစိမ့်မှုကြောင့် အက်ဆစ်မိုးမရွာနိုင်ပါဘူး။ ဓာတ်ရောင်ခြည်တွေဟာရေငွေ့တွေနဲ့ထိရင် အက်ဆစ်ဖြစ်လာအောင် ဓာတ်ပြုနိုင်ကြတဲ့ ပစ္စည်းတွေလည်း မဟုတ်ကြပါဘူး။ မိုးရေတွေနဲ့အတူ ရောပါသွားနိုင်ကြပေမယ့် အက်ဆစ်မိုးမဖြစ်စေနိုင်ပါဘူး။ အရေးအကြီးဆုံးကတော့ အဲဒီယိုစိမ့်ထွက်လာကြတဲ့ ဓာတ်ရောင်ခြည်တွေဟာ မြန်မာနိုင်ငံဘက်ကို ရောက်ရှိလာကြဖို့ သယ်ဆောင်ပေးမယ့် ပို့ဆောင်ရေးယာဉ်(ဖြစ်စဉ်)တွေ မရှိတာပါဘဲ။ အေးဆေးပါဗျာ။ သူတို့ကို သယ်ဆောင်ပေးမယ့် လေတွေကလည်း လောလောဆယ်မှာ အနောက်လေတွေလေဗျာ။ နောက်ပိုင်းလာမယ့် လေတွေကလည်း အနောက်တောင် မုတ်သုံလေတွေလေဗျာ။ လေကြောင်းမသင့်ပါဘူးဗျာ။

တကယ်တော့ ကျွန်တော်တို့ လုပ်ရမှာက ဘေးအန္တရာယ် ကြုံတွေ့နေကြရတဲ့ ဂျပန်ပြည်သူတွေကို ကိုယ်ချင်းစာကြဖို့၊ လူသားချင်းစာနာထောက်ထားကြဖို့၊ အားပေးနှစ်သိမ့်ကြဖို့၊ တတ်နိုင်တဲ့ အကူအညီတွေ ဝိုင်းဝန်းပေးကြဖို့ကသာ အရေးကြီးဆုံး မဟုတ်ဘူးလားဗျာ။ အခုပဲ ဂျပန်နိုင်ငံကို ကယ်ဆယ်ရေးကို အကူအညီတွေ ပေးဖို့ ကမ်းလှမ်းထားတဲ့ နိုင်ငံပေါင်း မတ်လ ၁၄ ရက်က စာရင်းအတိုင်းဆို ၉၁ နိုင်ငံရှိနေပါပြီ။

မြန်မာအစိုးရကလည်း ဂျပန်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအနေနဲ့ ဂျပန်အစိုးရကို မတ် ၁၇ ရက်က အမေရိကန်ဒေါ်လာတစ်သိန်းပေးအပ်လှူဒန်းလိုက်ပါပြီ။ အလုပ်သင့်ဆုံး အလုပ်တစ်ခု လုပ်လိုက်တာမို့ ဝမ်းသာမိပါတယ်။ မြန်မာလူထုက လုပ်သင့်တာကတော့ နိုင်ငံကြီးသားပီသတဲ့ ဂျပန်စိတ်ဓာတ်ကို အတုယူဖို့ပါပဲ။

# ဂျပန်နျူကလီးယား အကျပ်အတည်း အချိန်ဇယား

ကြည်နေဝင်းမင်း


ဓာတ်ပုံ - AFP

ဂျပန်နိုင်ငံတွင် ကြီးမားသောမြေငလျင်နှင့် ဆူနာမီကြောင့် နျူကလီးယား အကျပ်အတည်းဖြစ်ပေါ်လာခဲ့ရာ နျူကလီးယားစွမ်းအင်ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးက စူးစူးစိုက်စိုက်နားစွင့်ထားကြသည်။ အချိန်နှင့်အမျှ ဖြစ်ပေါ်နေသော အကျပ်အတည်းအား ဂျပန်အချိန်များဖြင့် ဖော်ပြထားပါသည်။


ဓာတ်ပုံ - AFP

**မတ် ၁၁ သောကြာနေ့**

၁၉ : ၄၆ - နိုင်ငံအရှေ့မြောက်ကမ်းခြေရှိ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား စွမ်းအင်စက်ရုံတွင် ဓာတ်ပေါင်းဖိုများကို အအေးခံရေးပြဿနာကြုံတွေ့နေရကြောင်း ဂျပန်အစိုးရက ထုတ်ဖော်ပြောကြား။ အရေးပေါ်အခြေအနေကြေညာထားသော်လည်း ရေဒီယိုသတ္တုကြွဓာတ်ငွေ့ ယိုစိမ့်မှုမရှိဟုဝန်ကြီးအဖွဲ့အတွင်းရေးမှူးချုပ် ယူကီအိုအီဒါနိုပြောကြား။

၂၀ : ၅၅ - ဓာတ်ပေါင်းဖိုတစ်ခုမှဓာတ်ငွေ့ယိုစိမ့်မှု ရှိလာကြောင်း အစိုးရအတည်ပြု။

၂၂ : ၄၅ - ဂျပန်အစိုးရ အနေဖြင့် နှိုးဆော်အသင့်ရှိမှုအနေအထားကို မြှင့်တင်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) ကအကြံပေး။ အိုနာဂါဝါ၊ ဖူကူရှီးမားဒိုင်နီနှင့် တိုကိုင်းနျူစွမ်းအင်စက်ရုံများကိုလည်း အလိုအလျောက်စနစ်ဖြင့် ဂျပန်က ပိတ်ထားပြီးဟု IAEA ကပြောကြား။

**မတ် ၁၂ စနေနေ့**

၀၀ : ၄၀ - ဂျပန်နျူကလီးယားစက်ရုံအတွက် အအေးခံပစ္စည်းများပေးပို့လိုက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန် ပြောကြား။

၀၁ : ၄၆ - ဓာတ်ပေါင်းဖိုအမှတ် (၁) တွင်ဖိအားများ အလွန်အမင်းမြင့်မားလာကြောင်း တိုကျိုလျှပ်စစ်စွမ်းအား ကုမ္ပဏီ (Tepco) က ပြောကြား။

၀၇ : ၁၉ - ဒုတိယဓာတ်ပေါင်းဖိုတစ်ခုတွင် ဖိအားများအလွန်အ မင်းမြင့်တက်လာခြင်းကို မထိန်း ချုပ်နိုင်တော့ကြောင်း Tepco ကဆို။

၀၉ : ၃၄ - နျူကလီယားစက်ရုံအနီးမှ လူပေါင်း ၂၀,၀၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း ကျိုဒိုသတင်းအေဂျင်စီကကြေညာ။

၁၇ : ၄၇ - ဖူကူရှီးမားဒိုင်အိချိစက်ရုံတွင် ပေါက်ကွဲမှုဖြစ်၍ ဓာတ်ရောင်ခြည် ယိုစိမ့်မှုများ ဖြစ်ပေါ်လာကြောင်း မစ္စတာအီဒါနိုကအတည်ပြု။ အပြင်အဆောက်အအုံပျက်စီးသွားသော်လည်း အတွင်းပိုင်း မပေါက်ကွဲဟုပြောကြား။

၂၂ : ၂၀ - နျူကလီးယားစက်ရုံအနီး နေထိုင်သူများအား အိုင်အိုဒင်း ဖြန့်ဝေရန် ဂျပန်အစိုးရကပြင်ဆင်နေသည်ဟု အိုင်အေအီးအေက ပြောကြား။ ရေဒီယိုသတ္တုကြွမှု အဆိပ်သင့်ပါက အိုင်အိုဒင်းက ကူညီကာကွယ်ပေးနိုင်။

**မတ် ၁၃ တနင်္ဂနွေ**

၀၀ : ၄၉ - ဂျပန်နျူကလီးယားမတော်တဆမှု (ပေါက်ကွဲမှု) မှာ ၁၉၇၉ ခုနှစ် အမေရိကန် ၃ မိုင်ကျွန်းအဖြစ်အပျက်နှင့် ၁၉၈၆ ခု နှစ် ဆိုဗီယက်ပြည်ထောင်စုချာ နိုဘိုင်းလ် နျူပေါက်ကွဲမှုများလောက်မပြင်းထန်ကြောင်း ဂျပန်နျူကလီးယား လုံခြုံရေးအေဂျင်စီကပြောကြား။

၀၅ : ၄၁ - ဖူကူရှီးမား နျူစက်ရုံ ကီလိုမီတာ ၂၀ ပတ်လည်တွင် လူပေါင်း ၁၁၀,၀၀၀ ခန့်အားပြောင်းရွှေ့နေရာချထားပြီး ဖြစ်ကြောင်း အိုင်အေအီးအေပြောကြား။

၂၃ : ၃၇ - အမှတ် (၂) ဓာတ်ပေါင်းဖိုအား ပင်လယ်ရေများ မောင်းတင်၍ အအေးခံရန် ပြင်ဆင်နေကြောင်း Tepco ကပြောကြားသည်ဟု ဂျီဂျီသတင်းအေဂျင်စီကကြေညာ။ အမှတ် (၁) နှင့် အမှတ် (၃) ဓာတ်ပေါင်းဖိုများလည်း ပင်လယ်ရေများဖြင့် အအေးခံနေပြီဖြစ်။

**မတ် ၁၄ တနင်္လာနေ့**

၀၇ : ၂၉ - ဖူကူရှီးမားစက်ရုံအနီးတွင် ဓာတ်ရောင်ခြည်ပျံ့နှံ့မှုများပြားလာကြောင်း အစိုးရကို သတင်းပို့ထားပြီဟု Tepco ကဆို။

၁၁ : ၂၀ - ဖူကူရှီးမားစက်ရုံတွင်ပေါက်ကွဲမှု ထပ်မံဖြစ်ပွားကြောင်းဂျပန်နျူကလီးယား လုံခြုံရေးအေဂျင်စီအတည်ပြု။ ဓာတ်ပေါင်းဖို အမှတ် (၃) အတွင်းပိုင်း မပျက်စီးဟု Tepco ပြောကြား။

၁၆ : ၁၇ - အမှတ် (၂) ဓာတ်ပေါင်းဖိုတွင် ရေအမြင့်ပေ လျော့ကျလာပြီး အအေးခံစနစ်ရပ်တန့်သွားပြီဖြစ်ကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ်မစ္စတာအီဒါနိုက အတည်ပြုပြောကြား။

၁၉ : ၅၂ - အမှတ် (၂) ဓာတ်ပေါင်းဖိုမှ နျူကလီးယားလောင်စာတောင့်များ ပေါ်ထွက်လာကြောင်း Tepco အား ကိုးကား၍ ဂျီဂျီသတင်းဌာနက ကြေညာ။

**မတ်လ ၁၅ အင်္ဂါနေ့**

၀၈ : ၄၅ - အပူလွန်ကဲမှုကြောင့် အမှတ် (၂) ဓာတ်ပေါင်းဖို၏ အမိုးပျက်စီးသွားကြောင်းနှင့် ဓာတ်ပေါင်းဖိုအနီးတွင် အပူငွေ့များမြင့်တက်နေကြောင်း ဂျီဂျီသတင်းအေဂျင်စီပြောကြား။

၀၉ : ၀၁ - ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စက်ရုံအနီးလေထုတွင် ရေဒီယိုသတ္တုကြွမှု ဓာတ်ငွေ့များ ၄ ဆမြင့်တက်လာကြောင်း Tepco ပြောကြား။

၁၁ : ၀၈ - နျူကလီးယားယိုစိမ့်မှုအန္တရာယ်မြင့်တက်လာကြောင်းနှင့်ကီလိုမီတာ ၃၀ အဝန်းအဝိုင်းမှလူများ မိမိနေအိမ်တွင်း၌သာ နေကြရန် ဂျပန်ဝန်ကြီးချုပ်နာအိုတိုကန်က ပြောကြား။

၁၁ : ၅၇ - ဒေသခံအစိုးရများအနေဖြင့် ဓာတ်ရောင်ခြည်သင့်မှုကိုမကြာခဏတိုင်းတာ စစ်ဆေးကြရန် ဂျပန်သိပ္ပံပညာဝန်ကြီးက ညွှန်ကြား။

၁၂ : ၃၇ - တိုကျိုမြို့တွင် ရေဒီယိုသတ္တုကြွမှု အနည်းအကျဉ်းစမ်းသပ်တွေ့ရှိရကြောင်း ကျိုတိုသတင်းအေဂျင်စီက ပြောကြား။

၁၄ : ၀၇ - ဖူကူရှီးမား စက်ရုံကီလိုမီတာ ၃၀ ပတ်ပတ်လည်တွင်လေယာဉ်မပျံသန်းရဇုန်အဖြစ်သတ်မှတ်။

၁၇ : ၃၁ - ရေဒီယိုသတ္တုကြွဓာတ်များကို လေထုထဲသို့ တိုက်ရိုက်ထုတ်လွှတ်နေပြီဖြစ်ကြောင်း ဂျပန်နိုင်ငံက အိုင်အေအီးအေအားအသိပေး။

၁၈ : ၀၆ - တိုကျိုအနီး ချီဘားစီရင်စုတွင် ရေဒီယိုသတ္တုကြွမှု သာမန်ထက် ၁၀ ဆရှိကြောင်း တွေ့ရှိရသည်ဟု ကျိုတိုသတင်းဌာနက သတင်းပေးပို့။

၂၀ : ၅၀ - တိုကျိုတွင် ရေဒီယိုသတ္တုကြွမှု သာမန်ထက် ၁၀ ဆရှိကြောင်း၊ သို့သော် ယင်းပမာဏမှာ လူတို့၏ ကျန်းမာရေးအတွက် အန္တရာယ်မရှိကြောင်း တိုကျိုအစိုးရပြောကြား။

**မတ် ၁၆ ဗုဒ္ဓဟူး**

၁၀ : ၁၀ - ဓာတ်ပေါင်းဖိုအမှတ် (၃) မှလောင်စာကန်တွင် အပူလွန်ကဲ၍ အငွေ့များ ထွက်ပေါ်လာ၊ အဖြူရောင်မီးခိုးများထွက်လာသည်ကို မြင်တွေ့ရ။

၁၀ : ၃၈ - ဖူကူရှီးမား နျူကလီးယားစက်ရုံ အကျပ်အတည်းအတွက်အမေရိကန်စစ်ဘက်ထံမှ တိုက်ရိုက် အကူအညီတောင်းခံဖွယ်ရှိကြောင်း ဂျပန်အစိုးရပြောခွင့်ရပုဂ္ဂိုလ်ကပြောကြား။

*—Ref: Reuters*

### ရာစုနှစ်တစ်စုကျော်အတွင်း ကမ္ဘာ့အကြီးဆုံး မြေငလျင် ၁၀ ခု

၁။ ချီလီ။ မေ ၂၂၊ ၁၉၆၀ ။ ပြင်းအား ၉ ဒသမ ၅ မဂနီကျူဒ်။
၂။ ပရင့်စ်ဝီလီယံဆောင်း၊ အလာစကာပြည်နယ်။ မတ် ၂၇၊ ၁၉၆၄။ ၉ ဒသမ ၂ မဂနီကျူဒ်။
၃။ အက်ဒရီယန်နော့ဖ်ကျွန်းစု၊ အလူတီယန်ကျွန်းစု။ မတ် ၉၊ ၁၉၅၇။ ၉ ဒသမ ၁ မဂနီကျူဒ်။
၄။ ကမ်ချတ်တ်ကာ။ နိုဝင်ဘာ ၄၊ ၁၉၅၂။ ၉ ဒသမ ၀ မဂနီကျူဒ်။
၅။ ဆူမတြားကျွန်းစု အနောက်ဘက်ကမ်းခြေ။ အင်ဒို။ ဒီဇင်ဘာ ၂၆၊ ၂၀၀၄။ ၉ ဒသမ ၀ မဂနီ ကျူဒ်။
၆။ အီကွေဒေါ ကမ်းခြေအလွန် ငလျင်။ ဇန်နဝါရီ ၃၁၊ ၁၉၀၆။ ၈ ဒသမ ၈ မဂနီကျူဒ်။
၇။ မော်လီကမ်းခြေအလွန်၊ ချီလီ။ ဖေဖော်ဝါရီ ၂၇၊ ၂၀၁၀။ ၈ ဒသမ ၈ မဂနီကျူဒ်။
၈။ ရတ်ကျွန်းစု၊ အလူတီယန် ကျွန်းစု၊ ဖေဖော်ဝါရီ ၄၊ ၁၉၆၅။ ၈ ဒသမ ၇ မဂနီကျူဒ်။
၉။ မြောက်ပိုင်းဆူမတြား။ အင်ဒိုနီးရှား။ မတ် ၂၈၊ ၂၀၀၅။ ၈ ဒသမ ၇ မဂနီကျူဒ်။
၁၀။ အိန္ဒိယ-တ ိုတ်နယ်စပ်။ ဩဂုတ် ၁၅၊ ၁၉၅၀။ ၈ ဒသမ ၆ မဂနီကျူဒ်။
(မှတ်ချက်။ ။ ပြင်းအားအနည်းအများအလိုက် နံပါတ်စဉ်ထားပါသည်။)

*—Ref: Wiki, USGS*


YChannel
Electronic
Natural
Y Channel
Wall Fan
Y Channel
Orbit Fan
Natural
Y Channel
Tabel Fan
YChannel
YCR 702
YChannel
YCR 701
YChannel
YCR 502
YChannel
Electronic
Natural
မင်္ဂလာဈေးသစ် ၊ ယုဇနပလာဇာ နှင့် အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်


Ginsetin
My Life, My Ginsetin.


Myanmar Modern Furnishings Co.,Ltd.
ROYAL
MODERN FURNITURE
SPECIAL PRICE AVAILABLE
Yangon
Mandalay